http://www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်သော

# သိကောင်းစရာ

# ဓမ္မပဒဒေသနာ

## အတွဲ (၂)

ဒုတိယအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၇

http://www.dhammadownload.com

## ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

၁။ ယုံကြည်လျှပါ၊ ဖြစ်လေရာ၊ လွန်စွာဆင်းလှသည်။

၂။ ရှိသေလျှပါ၊ ပြောတိုင်းမှာ၊ ကောင်းစွာနားထောင်သည်။

၃။ ချိန်ခါလျှပါ၊ ငယ်စဉ်မှာ၊ ချမ်းသာကြွယ်ဝသည်။

၄။ လွတ်လွတ်လျှပါ၊ မွန်မြတ်ရာ၊ ကောင်းစွာစိတ်ညွတ်သည်။

၅။ မထိပါးကာ၊ ပေးလျှပါ၊ ငါးဖြာရန်ကင်းသည်။

၆။ ကျန်းမာခြင်းသာ၊ လာဘ်ထဲမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

၇။ ရောင့်ရဲခြင်းသာ၊ ပစ္စည်းမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

၈။ ကျွမ်းဝင်ခြင်းသာ၊ ဆွေမျိုးမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

၉။ နိဗ္ဗာန်သည်သာ၊ ချမ်းသာမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

၁၀။ မိဘနှစ်ဖြာ၊ အိုမင်းလာ၊ ပြန်ကာလုပ်ကျွေးကြလိမ့်မည်။

၁၁။ မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူကာလုပ်ပေးကြလိမ့်မည်။

၁၂။ မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊ တည်ရာပြုကြပေလိမ့်မည်။


၁၃။ မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊ ကျင့်ကာမွေခံကြလိမ့်မည်။

၁၄။ ကွယ်လွန်သောခါ၊ လှူဖွယ်ရာ၊ လှူကာမျှဝေကြလိမ့်မည်။

ဤဆောင်ပုဒ်များနှင့် အလားတူ သိကောင်းစရာများကို
ထည့်သွင်း ဖော်ပြထားပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်၊ ရေးသားစီရင်သော၊ သိကောင်းစရာ ဓမ္မပဒေသာ (အတွဲ-၂)

http://www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

http://www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်သော

# သိကောင်းစရာ

# ဓမ္မပဒေသာ

အတွဲ(၂)

ဒုတိယအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၇

http://www.dhammadownload.com


ပုံနှိပ်မှတ်တမ်း

**စာသားစာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်**
၃၂၀၆၄၇၀၆၀၉

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၂၀၆၃၂၀၆၁၀

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်

အုပ်ရေ – ၃၀၀၀


တန်ဖိုး –

**ပုံနှိပ်ပြီးသည့်လ**
ဇန်နဝါရီလ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂ ဓနုသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ခ-မိုလ်မှူးကြီး တင်အောင် (လေ-အငြိမ်းစား)၊ (၀၃၃၆၆)
သစ္စာမှန်သီတာဆေး အမှတ်-၇၊ ဇေယျာသောမလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

http://www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရဟန်းတော်ကြွလာ ကျိုးငါးဖြာ | ၁ |
| ၂။ | ဥပုသ်သီလ မြတ်နိုးကြ | ၇ |
| ၃။ | ပညာရှိမိဘများ မျှော်လင့်ချက်ထား | ၁၅ |
| ၄။ | ငါးမျိုးပြည့်မှ မြတ်အလှူ | ၂၂ |
| ၅။ | သိကောင်းစရာ သင်္ကြန်မင်္ဂလာ | ၂၈ |
| ၆။ | ငရဲမှာအပ ဝဋ်မှာအမြဲ | ၃၄ |
| ၇။ | သိကောင်းစရာ ကဆုန်လပြည့်နေ့အမှာ | ၃၉ |
| ၈။ | ပုထုဇဉ် သောတာပန် ထူးခြားဟန် | ၄၈ |
| ၉။ | ကောင်းခြင်းလေးသွယ် ရယူဖွယ် | ၅၄ |
| ၁၀။ | အမြတ်ဆုံးလေးဖြာ သိဖွယ်ရာ | ၆၁ |
| ၁၁။ | မုဒ္ဒမြတ်စွာ နောက်ဆုံးအမှာ | ၆၈ |
| ၁၂။ | ကောင်းမှုပြုရာ ဝါဆိုလပြည့်နေ့အခါ | ၇၂ |
| ၁၃။ | လေးမျိုးတားမရ သိသင့်လှ | ၈၈ |
| ၁၄။ | ပုဂ္ဂိုလ်လေးဖြာ သိဖွယ်ရာ | ၁၀၂ |
| ၁၅။ | မြတ်နိုးဖွယ်ရာ မြတ်ပညာ | ၁၀၈ |
| ၁၆။ | ကြည်နူးဖွယ်ရာ အဘိဓမ္မာအခါ | ၁၁၇ |
| ၁၇။ | သိမ်အကြောင်း သိကောင်းစရာ | ၁၂၄ |
| ၁၈။ | တရားစောင့်က ချမ်းသာရ | ၁၃၂ |
| ၁၉။ | လောကီလောကုတ္တရာ အောင်မြင်ရာ | ၁၃၈ |
| ၂၀။ | လိုက်နာဖွယ်ရာ ဩဝါဒကထာ (၁၃၅၀) | ၁၄၅ |

http://www.dhammadownload.com

# မာတိကာ

၂၁။ တန်ဆောင်မုန်းလ မြတ်နိုးကြ ၁၅၂
၂၂။ ဘဝကူးပြောင်း သိကောင်းစရာ ၁၆၁
၂၃။ အိပ်မက်အကြောင်း သိကောင်းစရာ ၁၆၉
၂၄။ မြတ်မြို့တစ်နေရာ သာသနာ ၁၇၅
၂၅။ တရားရှုဖွယ် ကြောင်းလေးသွယ် ၁၈၂
၂၆။ ဩဝါဒကထာ (၁၃၅၁) ၁၈၉
၂၇။ ကံအကြောင်း သိကောင်းစရာ ၁၉၄
၂၈။ အမြတ်ဆုံးလေးသွယ် ရယူဖွယ် ၂၀၂
၂၉။ ဘုရားဖြစ်ရန် အမျိုးသမီးများ ခုဝထူးပန် ၂၀၈
၃၀။ လောကီနယ်ဝယ် ချမ်းသာဖွယ် ၂၁၅

http://www.dhammadownload.com

# နိဒါန်း

ယခု ဖတ်ရှုကြရမည့် စာအုပ်သည် လစဉ်ထုတ်ဝေလျက်ရှိသော မြတ်မင်္ဂလာစာစောင်၌ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ဓမ္မလက်ဆောင်အဖြစ်ဖြင့် ရေးသားချီးမြှင့်ခဲ့သော တရားဆောင်းပါးများကို ပြန်လည်စုပေါင်းကာ ထုတ်ဝေလိုက်သော ဒုတိယတွဲစာအုပ် ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ရေးသားတော်မူခဲ့သော တရားဆောင်းပါးများကို မဖတ်ရှုရသေးသော စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်နှင့် ဖတ်ရှုပြီးကြသော စာဖတ်ပရိသတ်များလည်း ပြန်လည် လေ့လာကြည့်ရှုနိုင်ကြရန်အတွက် တရားဆောင်းပါးပေါင်း သုံးဆယ်ပုဒ်ကို စုပေါင်း၍ ဤဒုတိယတွဲစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ဟူ၍ များပြားလှပေသည်။ ထိုတရားတော်တို့ကို လူ့ဘောင်လူ့လောက၌ နေထိုင်ကြကုန်သောပုဂ္ဂိုလ်များ ပြည့်စုံအောင် သင်ယူလေ့လာနိုင်ဖို့ရာ မလွယ်ကူကြပေ၊ ခဲယဉ်းလှပေသည်။ ဤကဲ့သို့ သင်ယူလေ့လာနိုင်ဖို့ရာ ခဲယဉ်းကြသော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တို့မှ မှတ်သားဖွယ်ရာများကို ရှာဖွေထုတ်နုတ်၍ ဤစာအုပ်၌ ရေးသားဖော်ပြထားပါသည်။

http://www.dhammadownload.com

# နိဒါန်း

ဤစာအုပ်ကို ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား က "သိကောင်းစရာ ဓမ္မပဒေသာ"ဟူ၍ အမည်ပေးလိုက်ပါသည်။ ပဒေသာဟူသောအမည်သည် ကပ္ပရုက္ခဟူသောပါဠိမှ ပေါက်ပွားဆင်းသက်လာသောအမည် ဖြစ်ပေသည်။

ရှေးအခါက ဘုန်းကံကြီးမားသူများအတွက် "ကပ္ပရုက္ခ"ဟုခေါ်သော ပဒေသာပင်များ မြေမှ ထွက်ပေါ်လာကြပေသည်။ ယင်းပဒေသာပင်များမှ အဝတ်အထည်နှင့် စားဖွယ်သောက်ဖွယ် စသည်များကို အလိုရှိသလို ဆွတ်ခူးသုံးစွဲနိုင်ကြသကဲ့သို့ ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဒုတိယတွဲ စာအုပ်၌လည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်တရားတော်များမှ သိကောင်းစရာ အနှစ်သာရတို့ကို စာဖတ်သူပရိသတ်များ ဆွတ်ခူးထုတ်ယူနိုင်ကြလိမ့်မည်ဟု ဆိုလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဒုတိယတွဲစာအုပ်မှ ဆွတ်ခူးထုတ်ယူနိုင်သော အနှစ်သာရများမှာ -

(၁) လောကီဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှလာရှိသော လူမှုရေးရာ၊ စားဝတ်နေရေး၊ ကျန်းမာသက်ရှည်ရေး စသည့် အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

(၂) လောကုတ္တရာဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှ လာရှိသော ငယ်ရွယ်သည်မှစ၍ အိုမင်းသည့်တိုင်အောင် ကောင်းတဲ့သီလတရား၊ မိမိတို့သန္တာန်မှာ အမြဲတည်ရှိနေဖို့ရာ ကောင်းတဲ့သဒ္ဓါတရား၊ နှစ်သက်စရာအကောင်းဆုံးဖြစ်တဲ့ ပညာတရား၊ သူတစ်ပါးတို့ မဖျက်ဆီးနိုင်တဲ့ ပုညကောင်းမှု ကုသိုလ်တရား စသည့်အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com

# နိဒါန်း

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဒုတိယတွဲစာအုပ်မှ ထုတ်နုတ်၍ ဟောကြားလိုသော တရားဟော၊ တရားပြ ဆရာတော် သံဃာတော်များအတွက်လည်း လွယ်ကူစွာ လေ့လာနိုင်ဖို့ရာ ပါဠိတော်၊ အဋ္ဌကထာများ၏ စာမျက်နှာနံပါတ်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ပါဠိတော်၊ အဋ္ဌကထာများမှလာရှိသော တရားတော်များ၏ အနှစ်သာရများကိုထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော ဤ"သိကောင်းစရာ ဓမ္မပဒေသာ" ဒုတိယတွဲစာအုပ်ကို ကြည့်ရှုလေ့လာကြသူ၊ ဟောပြောပြသကြသူ၊ လိုက်နာကျင့်ကြံကြသူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိမိတို့ အလိုရှိအပ် တောင့်တအပ်သည့် လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း။

အရှင်ဥက္ကံသ (ဓမ္မာစရိယ)
ဂန္ဓာရုံကျောင်းတိုက်၊
ကျိုက်ဝိုင်း။ သမိုင်း။ ရန်ကုန်မြို့။

http://www.dhammadownload.com

http://www.dhammadownload.com

# ရဟန်းတော်ကြွလာ ကျိုးငါးဖြာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သံဃာတော်များကို မိမိတို့နေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကျွေးခြင်း၊ ပရိတ်တရားနာခြင်း စသည်များကို မကြာခဏ ပြုလုပ်လေ့ ရှိကြပေသည်။ သီလရှိသော ရဟန်းတော် သံဃာတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ အလွန်ကြည်နူးဝမ်းမြောက်ကြပေသည်။ သီလရှိသော ရဟန်းတော် သံဃာတော်များ ကြွလာခြင်းကြောင့် ဘေးရန် အန္တရာယ်များ ကင်းကြရပေသည်၊ ကောင်းကျိုးချမ်းသာ စီးပွားဥစ္စာများ တိုးတက်လာတတ်ကြပေသည်ဟု ယုံကြည်လျက် ရှိကြပေသည်။

ယုံကြည်ကြသည့်အတိုင်း သီလရှိသော ရဟန်းတော်များ မိမိတို့ နေအိမ်သို့ ကြွလာသောအခါ ဝတ္ထုရားကျေပွန်စွာ အကြောင်းတရားငါးပါး ကို ပြုလုပ်ကြရပေသည်။ အကြောင်းတရားငါးပါးကို ပြုလုပ်ခြင်းကြောင့် အကျိုးတရားငါးပါး ရရှိနိုင်ကြပေသည်ဟု မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသည်။ (အံ-၂/၂၁၃)

## အကြောင်းတရားငါးပါး ပြုလုပ်ခြင်း

သီလရှိသော ရဟန်းတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ-

(၁) ကြည်ညိုကြရပေသည်။
(၂) ကြိုဆိုကြရ၊ ရှိခိုးကြရ၊ မွန်မြတ်သော နေရာထိုင်ခင်းများ ပေး ကြရပေသည်။

http://www.dhammadownload.com



(၃) ဝန်တိုနမြောခြင်း ကင်းပျောက်သွားကြရပေသည်။
(၄) လှူဒါန်းဖွယ်ရာများကို လှူဒါန်းလိုက်ကြရပေသည်။
(၅) တရားဟောပါရန် လျှောက်ထားကြရပေသည်။
"ဤအကြောင်းငါးပါးကို ပြုလုပ်ကြရမည်" ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

## အကျိုးတရားငါးပါး ရရှိခြင်း

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် -

(၁) သီလရှိသော ရဟန်းတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ ဤရဟန်းတော်တို့သည် မြတ်စွာဘုရားလက်ထက်တော်အခါက အရိယာသံဃာတော်များမှ သက်ဆင်းလာသော ရဟန်းတော်များ ဖြစ်ကြပေသည်။ ဝတ်ရုံထားခြင်းသည်လည်း အရိယာသံဃာတော်များ၏ ဝတ်ရုံထားခြင်းမျိုးပင် ဖြစ်ပေသည်။ ကိုယ်အမူအရာ နှုတ်အမူအရာတို့သည်လည်း အရိယာသံဃာတော်များ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာမျိုးတို့ပင် ဖြစ်ကြပေသည် စသည်ဖြင့် အရိယာသံဃာတော်များ၏ အမူအရာတို့ကို အာရုံပြုကာ ကြည်ညိုကြရပေသည်။

ဤကဲ့သို့ ကြည်ညိုကြရသောကြောင့် အိမ်သူအိမ်သား မိသားစုတို့မှာ နတ်ပြည်၌ဖြစ်ကြောင်း ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ နောင်ဘဝများ၌ အပါယ်ငရဲသို့ မကျရောက်ကြဘဲ ချမ်းသာခြင်းအမျိုးမျိုးတို့နှင့်ပြည့်စုံသော နတ်ပြည်၌ဖြစ်ရခြင်းအကျိုးများကို ရရှိနိုင်ကြပေသည်။

(၂) သီလရှိသော ရဟန်းတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ အိမ်သူအိမ်သား မိသားစုတို့သည် ချာန်သမာပတ်မှထလာသော အရိယာသံဃာတော်များ ကြွလာသကဲ့သို့ အလေးဂရုပြုကာ ကြိုဆိုကြရပေသည်။ ရှိခိုးကန်တော့ကြရပေသည်။ မွန်မြတ်သော နေရာထိုင်ခင်းတို့ကို ပေးကြရပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ ကြိုဆိုရ၊ ရှိခိုးကန်တော့ကြရ၊ မွန်မြတ်သော နေရာထိုင်ခင်းတို့ကို ပေးကြရသောကြောင့် အိမ်သူအိမ်သား မိသားစုတို့မှာ မြင့်မြတ်သော အမျိုးအနွယ်တို့၌ဖြစ်ကြောင်း ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌ ယုတ်နိမ့်သော ဒွန်းစဏ္ဍားမျိုး စသည်တို့၌ မဖြစ်ကြပါဘဲ မြင့်မြတ်သော မင်းမျိုး၊ သူဌေးသူကြွယ်မျိုး စသည်တို့၌ ဖြစ်ရခြင်းအကျိုးများကို ရရှိနိုင်ကြပေသည်။

(၃) သီလရှိသော ရဟန်းတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ အိမ်သူအိမ်သား မိသားစုတို့သည် -

(က) အာဝါသမစ္ဆရိယ = နေရာထိုင်ခင်းတို့၌ ဝန်တိုခြင်း ကင်းပျောက်သွားကြရပေသည်။

(ခ) ကုလမစ္ဆရိယ = သားသမီး ဆွေမျိုးတို့နှင့် မဆက်ဆံစေလိုခြင်းတည်းဟူသော ဆွေမျိုးတို့၌ ဝန်တိုခြင်းလည်း ကင်းပျောက်သွားကြရပေသည်။

(ဂ) လာဘမစ္ဆရိယ = မိမိတို့နေအိမ်၌ရှိသော စားဖွယ်သောက်ဖွယ်စသော ပစ္စည်းဥစ္စာတို့၌ ဝန်တိုခြင်းလည်း ကင်းပျောက်သွားကြရပေသည်။

(ဃ) ဝဏ္ဏမစ္ဆရိယ = မိမိတို့နေအိမ်၌ မွမ်းမံပြင်ဆင်ထားသော လှပတင့်တယ်ခြင်းတို့၌ ဝန်တိုခြင်းသည်လည်း ကင်းပျောက်သွားကြရပေသည်။

(င) ဓမ္မမစ္ဆရိယ = မိမိသိထားသော တရားသဘောများကို မသိစေလိုခြင်းဟူသော တရား၌ ဝန်တိုခြင်းလည်း ကင်းပျောက်သွားကြရပေသည်။

ဤကဲ့သို့ ဝန်တိုခြင်းများ ကင်းပျောက်သွားသောကြောင့် အိမ်သူအိမ်သား မိသားစုတို့မှာ ဘုန်းကံကြီးမားကြောင်း ကုသိုလ်တရားများ

http://www.dhammadownload.com



တိုးပွားရရှိကြပေသည်။ ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌ ဘုန်းကံနည်းပါးသော လူ့ဘဝ၊ နတ်ဘဝတို့၌ မဖြစ်ရဘဲ ဘုန်းကံကြီးမားသော လူ့ဘဝ၊ နတ်ဘဝတို့၌သာ ဖြစ်ရခြင်းအကျိုးများကို ရရှိနိုင်ကြပေသည်။

(၄) သီလရှိသော ရဟန်းတော် သံဃာတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ အိမ်သူအိမ်သား မိသားစုတို့သည် ရဟန်းတော်များ၌ လိုအပ်သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းများနှင့် လိုအပ်သော ထီး၊ ဖိနပ်၊ ယပ်၊ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါစသော ပစ္စည်းများကို လှူဒါန်းလိုက်ကြရပေသည်။ ဤကဲ့သို့ လှူဒါန်းလိုက်ရသောကြောင့် အိမ်သူအိမ်သား မိသားစုတို့မှာ ပစ္စည်းဥစ္စာပေါ်များကြောင်း ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်း၌ ပစ္စည်းဥစ္စာရတနာများ ပေါ်များကြွယ်ဝခြင်းအကျိုးများကို ရရှိနိုင်ကြပေသည်။

(၅) သီလရှိသော ရဟန်းတော် သံဃာတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ အိမ်သူအိမ်သား မိသားစုတို့သည် တရားဟောရန် လျှောက်ထားကြရပေသည်။ မလျှောက်ထားသော်လည်း ရဟန်းတော်များက အလိုက်သိစွာ တရားဟောလေ့ရှိကြပေသည်။ ဘုရားကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ရပုံ၊ တရားကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ရပုံ၊ သံဃာကို ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်ရပုံနှင့် ကောင်းမြတ်သော ဒါနဖြစ်အောင် လှူဒါန်းပုံ၊ ကောင်းမြတ်သော သီလဖြစ်အောင် ဆောက်တည်ပုံ၊ သမာဓိ ဉာဏ်များ မြန်မြန်ဖြစ်လာအောင် ဘာဝနာတရားအားထုတ်ပုံ တရားများကို ဟောကြားလေ့ရှိကြပေသည်။

ဤကဲ့သို့ ဟောကြားသည့်တရားများကို နာကြားရသောကြောင့် အိမ်သူအိမ်သား မိသားစုတို့မှာ ပညာဉာဏ်ကြီးမားကြောင်း ကုသိုလ်တရားများ တိုးပွားရရှိကြပေသည်။ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌

http://www.dhammadownload.com



ပညာဉာဏ်ထက်မြက်ခြင်း၊ ပညာဉာဏ်ကြီးမားခြင်းအကျိုးများကို ရရှိနိုင်ကြပေသည်။

မြတ်စွာဘုရားလက်ထက်တော် ရှေးအခါက မထေရ်မြတ်တို့သည် မြို့ထဲရွာထဲသို့ ဝင်ကြရာတွင် ဒကာ၊ ဒကာမတို့ကို ချီးမြှောက်ဖို့ရာ နိရောဓသမာပတ်ဝင်စား၍လည်း ဝင်တော်မူကြလေသည်။ မေတ္တာဈာန်ဝင်စား၍လည်း ဝင်တော်မူကြလေသည်။

အရှင်သာရိပုတ္တရာမထေရ်သည် မြို့ထဲရွာထဲသို့ ဝင်ရောက်၍ ဆွမ်းခံရာတွင် ဒကာ၊ ဒကာမများကို ချီးမြှောက်ရန် နိရောဓသမာပတ်ဝင်စားပြီးမှ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ခံယူတော်မူလေ့ရှိပါသည်။

အရှင်သုဘူတိမထေရ်သည် မြို့ထဲရွာထဲသို့ ဝင်ရောက်၍ ဆွမ်းခံရာတွင် ဒကာ၊ ဒကာမများကို ချီးမြှောက်ရန် မေတ္တာဈာန်ဝင်စားပြီးမှ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို ခံယူတော်မူလေ့ရှိပါသည်။ ရှေးမထေရ်မြတ်တို့၏ အကျင့်မြတ်တို့မှာ နည်းယူဖွယ်ကောင်းလှပါသည်။

ယခုခေတ်အခါမှာ သီလနှင့်ပြည့်စုံကြသော ဆရာတော် သံဃာတော်အရှင်မြတ်တို့သည်လည်း မြို့ထဲရွာထဲသို့ ဝင်ရောက်ခါနီးတွင် ဒကာ၊ ဒကာမတို့ကို ချီးမြှောက်ရန် သီလစင်ကြယ်အောင် အာပတ်ကို ဒေသနာကြားပြီးမှ မေတ္တာပွား၍ အမှတ်သတိဖြင့် မြို့ထဲရွာထဲသို့ ဝင်ရောက်တော်မူလေ့ရှိကြပါသည်။ ဒကာ၊ ဒကာမများ အကျိုးများရန် ချီးမြှောက်ခြင်းပင် ဖြစ်ပေသည်။

ယခုခေတ်အခါမှာ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတို့သည်လည်း သီလရှိသော ရဟန်းတော်များ မိမိတို့နေအိမ်သို့ ကြွလာသောအခါ ကလေးသူငယ်များမှစ၍ ကြည်ညိုသော အမူအရာများဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေ့ရှိကြပေသည်။ မွန်မြတ်သော နေရာထိုင်ခင်းများကို ပေးကြ၍ ရှိခိုးကန်တော့လေ့ရှိကြပေသည်။ တစ်အိမ်သားလုံး ဝန်တိုနမြောခြင်း

http://www.dhammadownload.com



ကင်းပျောက်၍ လှူဖွယ်ပစ္စည်းများကို ပေးလှူလေ့ရှိကြပေသည်။ ရဟန်းတော်များ ဟောကြားသောတရားတော်များကိုလည်း နာကြားလေ့ရှိကြပေသည်။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မိမိတို့နေအိမ်သို့ သီလရှိသော ရဟန်းတော်များ ကြွရောက်လာကြသောအခါ လိုက်နာပြုကျင့်ရသောကြောင့် -

၁။ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ အပါယ်ရေဲသို့ မကျရောက်ကြပါဘဲ၊ နတ်ပြည်၌ဖြစ်ရခြင်းအကျိုးကို ရရှိကြမည် ဖြစ်ပေသည်။
၂။ နောင်ဖြစ်လေရာ ဘဝတိုင်းတို့တွင် မြင့်မြတ်သောအမျိုး၌ ဖြစ်ရခြင်းအကျိုးကို ရရှိကြမည် ဖြစ်ပေသည်။
၃။ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ဘုန်းကံကြီးမားခြင်းအကျိုးကို ရရှိကြမည် ဖြစ်ပေသည်။
၄။ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာ ပေါများကြွယ်ဝခြင်းအကျိုးကို ရရှိကြမည် ဖြစ်ပေသည်။
၅။ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ဉာဏ်ပညာထက်မြက်ကြီးမားခြင်းအကျိုးကို ရရှိကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဥပုသ်သီလ မြတ်နိုးကြ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဥပုသ်သီလစောင့်သုံးခြင်းကို အလွန်မြတ်နိုးကြပေသည်။ ဥပုသ်နေ့မရောက်မီ အဖိတ်နေ့(အကြိုနေ့)ကပင် ကြိုတင်၍ ဥပုသ်နေ့မှာ အသုံးပြုဖို့ရာ စင်ကြယ်သော အဝတ်အထည်၊ သင့်လျော်သော စားဖွယ်သောက်ဖွယ်များကို အမြတ်တနိုး စီစဉ်ကြပေသည်။ ရှေးခေတ်ရှေးအခါက အချို့သောမြို့ရွာများမှ ဥပုသ်သည်တို့သည် ဘုန်းတော်ကြီးကျောင်းတွင်းရှိ တည်းခိုဇရပ်များ၌ ညဉ့်အိပ်ကြ၍ တရားမေ့မနာကြားကြ၊ အားထုတ်ကြပေသည်။ ဥပုသ်အထွက်နေ့နံနက် ဥပုသ်ဆွမ်းများ ကပ်လှူပြီးမှ မိမိတို့အိမ်သို့ ပြန်ကြပေသည်။ အိမ်မှာရှိကြတဲ့ သားသမီး မြေးမြစ် မိသားစုများကလည်း ဥပုသ်သည် မိဘဘိုးဘွားများကို အမြတ်တနိုး လာရောက်၍ ကြိုဆိုလေ့ရှိကြပေသည်။

ဘုန်းကြီးကျောင်းသား ကလေးသူငယ်များကလည်း အဖိတ်နေ့ ညနေကပင် ကျောင်းသန့်ရှင်းရေးများကို တပျော်တပါး ပြုလုပ်ကြပေသည်။ ဥပုသ်နေ့၌ စာသင်မှုများ ရပ်ထားအနားယူ၍ ဥပုသ်သည်များနှင့် အတူတကွနေရသည်ကိုလည်း ကလေးတို့သဘာဝ အလွန်ပျော်မွေ့ကြပေသည်။ ဤကဲ့သို့ ကလေးသူငယ်များကပါ ဥပုသ်နေ့ကို မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ မြတ်နိုးကြသော ဥပုသ်သီလစောင့်ထိန်းခြင်း၌ သီလတို့သည် (၄)မျိုးရှိပေသည်။

http://www.dhammadownload.com



(၁) ဟာနဘာဂိယသီလ = ယုတ်သောအဖို့ရှိသောသီလ၊
(၂) ဌိတိဘာဂိယသီလ = တည်ရုံမျှအဖို့ရှိသောသီလ၊
(၃) ဝိသေသဘာဂိယသီလ = ထူးသောအဖို့ရှိသောသီလ၊
(၄) နိဗ္ဗေဓဘာဂိယသီလ = ဖောက်ခွဲခြင်းအဖို့ရှိသောသီလ ဟူ၍ (၄)မျိုးရှိပေသည်။

(၁) ဟာနဘာဂိယသီလ = ယုတ်သောအဖို့ရှိသောသီလဟူသည် -

အကြင်သူသည် ဥပုသ်သီလ ဆောက်တည်ပြီးသောအခါ သီလရှိသော သူတော်ကောင်းများထံ မချဉ်းကပ်၊ မဆည်းကပ်ပါဘဲ ဒုဿီလ = သီလမရှိသူ၊ အကျင့်ပျက်သူတို့ထံ ချဉ်းကပ်၍နေထိုင်၏။ သီလသိက္ခာပုဒ်များကို လွန်ကျူးရာ၌ အပြစ်ကိုမသိ၊ လွန်ကျူး၍နေတတ်၏။ ကောင်းသောအာရုံအမျိုးမျိုးတို့ကို ခံစားဖို့ရာ ကြံစည်၍နေ၏။ ကြောင့်ကြပူပန်မှု အမျိုးမျိုးတို့ကို ကြံစည်၍နေ၏။

မျက်စိကိုလည်းမစောင့်၊ ကြည့်စရာအမျိုးမျိုးတို့ကို ကြည့်၏။ နားကိုလည်းမစောင့်၊ နားထောင်စရာအမျိုးမျိုးတို့ကို နားထောင်၏။ နှာခေါင်းကိုလည်းမစောင့်၊ မွှေးစရာအမျိုးမျိုးတို့ကို ရှူရှိုက်၏။ လျှာကိုလည်းမစောင့်၊ စားသောက်ဖွယ်အမျိုးမျိုးတို့ကို စားသောက်နေ၏။ ကိုယ်ကိုလည်းမစောင့်၊ အတွေ့အထိအမျိုးမျိုးတို့ကို တွေ့ထိသာယာနေ၏။ စိတ်ကိုလည်းမစောင့်၊ ကြံစည်စိတ်ကူးစရာအမျိုးမျိုးတို့ကို ကြံစည်စိတ်ကူးနေ၏။ ထိုသူ၏ဥပုသ်သီလသည် ဟာနဘာဂိယ = ယုတ်သောအဖို့ရှိသောသီလမည်၏။

(၂) ဌိတိဘာဂိယသီလ = တည်ရုံမျှအဖို့ရှိသောသီလဟူသည် -

အကြင်သူသည် ဥပုသ်သီလ ဆောက်တည်ပြီးသောအခါ ဓုတင်တည်ဆောက်ခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်း၊ တရားဂုဏ်တော်ပွားများခြင်း၊ သံဃာဂုဏ်တော်များပွားများခြင်း၊ သီလအကျိုးများကိုဆင်ခြင်ခြင်း စသော သမထကမ္မဋ္ဌာန်းတရားတို့ကို ပွားများအားထုတ်ခြင်းလည်းမရှိ၊

http://www.dhammadownload.com



သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ပွားများအားထုတ်ခြင်းလည်း မရှိပါဘဲ ဆောက်တည်ထားသော သီလမပျက်ရုံ တည်ရုံမျှသာ ကျင့်သုံးနေထိုင်၏။ ထိုသူ၏ဥပုသ်သီလသည် ဌိတိဘာဂိယ = တည်ရုံမျှအဖို့ရှိသော သီလမည်၏။

(၃) ဝိသေသဘာဂိယသီလ = ထူးသောအဖို့ရှိသောသီလဟူသည် -

အကြင်သူသည် သီလဆောက်တည်ပြီးသောအခါ သမထကမ္မဋ္ဌာန်းတစ်ခုခုကို သမာဓိဖြစ်အောင် ပွားများအားထုတ်၍ နေ၏။ ထိုသူ၏ ဥပုသ်သီလသည် ဝိသေသဘာဂိယ = ထူးသောအဖို့ရှိသောသီလမည်၏။

တိုင်းသူပြည်သားတို့သည် မိမိတို့၏တိုင်းပြည်၌ အကျိုးများကြသော ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများ၏ လုံခြုံရေးအတွက် အစောင့်ရဲသား၊ စစ်သားများကို ထားပေးရသကဲ့သို့ ထို့အတူ မိမိတို့၏ခန္ဓာကိုယ်၌ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာရန်သူများ လုံခြုံရေးအတွက် ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိဟူသော ကိုယ်စောင့်သမထကမ္မဋ္ဌာန်းတရား(၄)ပါးတို့တွင် တစ်ပါးပါးကို ပွားများအားထုတ်ကြရပေသည်။

ဥပုသ်သီလဆောက်တည်ရာ၌ မေတ္တာကမ္မဋ္ဌာန်း ပွားများအားထုတ်ခြင်းသည် သီလမြဲကြောင်းဖြစ်၍ သင့်လျော်လှပေသည်။ မေတ္တာပွား၍ သူတစ်ပါးတို့အား ချမ်းသာစေချင်သော ပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့ ဆင်းရဲသွားကြမည့် သတ်ခြင်း၊ ခိုးခြင်း၊ ပြစ်မှားကျူးလွန်ခြင်း စသည်များကို မပြုလုပ်နိုင်၍ သီလလုံခြုံကြပေသည်။ သီလမြဲကြပေသည်။ သို့ဖြစ်၍ ဥပုသ်သီလစောင့်ထိန်းထားသောအခါ၌ မေတ္တာကမ္မဋ္ဌာန်း ပွားများခြင်းသည် သင့်လျော်လှပေသည်။

မေတ္တာပွားများခြင်းသည် -

(က) ကာယိလ်ဖြစ် မေတ္တာပွားများခြင်း။

(ခ) ရှာန်ရအောင် မေတ္တာပွားများခြင်းဟူ၍ နှစ်မျိုးရှိပေသည်။

http://www.dhammadownload.com



(က) ကုသိုလ်ဖြစ် မေတ္တာပွားများခြင်းဟူသည် -

သွားလာလုပ်ကိုင်နေရင်းဖြင့်ပင် မိမိနှင့်တွေ့ကြုံရသမျှသောသူတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု မေတ္တာစိတ်ကို ဖြစ်စေခြင်းသည် မနောကံမေတ္တာမည်၏။ မိမိနှင့်တွေ့ကြုံရသမျှသောသူတို့အား ချမ်းသာစေကြောင်း စကားကောင်းတို့ကို ပြောဆိုညွှန်ပြပေးခြင်းသည် ဝစီကံမေတ္တာမည်၏။ မိမိနှင့်တွေ့ကြုံရသမျှသောသူတို့အား ချမ်းသာစေကြောင်း ကိုယ်အမူအရာတို့ဖြင့် ပြုလုပ်ပေးခြင်းသည် ကာယကံမေတ္တာမည်၏။ ဤကဲ့သို့ သွားလာလုပ်ကိုင်ရင်းဖြင့်ပင် မေတ္တာစိတ်ကိုဖြစ်စေ၍ ပြောဆိုပြုလုပ်ပေးခြင်းတို့သည် ကုသိုလ်ဖြစ် မေတ္တာပွားများခြင်းပင် ဖြစ်ပေသည်။

(ခ) စျာန်ရအောင် မေတ္တာပွားများခြင်းဟူသည် -

ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ကာ တင်ပလ္လင်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ကြာကြာထိုင်နိုင်သော ဣရိယာပုထ်ဖြင့်ထိုင်ကာ စျာန်သမာဓိဖြစ်အောင် ပွားများခြင်းပင် ဖြစ်ပေသည်။

မေတ္တာမပွားမီ အမျက်ထွက်ခြင်းဒေါသသည် မိမိကိုလည်း ဆင်းရဲစေ၏။ သူတစ်ပါးကိုလည်း ဆင်းရဲစေ၏။ သည်းခံခြင်းခန္တီသည် မိမိကိုလည်း ချမ်းသာစေ၏။ သူတစ်ပါးကိုလည်း ချမ်းသာစေ၏ဟု ဒေါသ၏ အပြစ်နှင့် ခန္တီ၏အကျိုးတို့ကို ရှေးဦးစွာ ဆင်ခြင်ရပါသည်။ ထို့နောက် မေတ္တာပွားအပ်၊ မပွားအပ်သော ပုဂ္ဂိုလ်တို့ကို ရွေးချယ်ကာ မိမိကိုယ်ကစ၍ မေတ္တာပွားရပါသည်။

မေတ္တာမပွားအပ်သော ပုဂ္ဂိုလ်တို့မှာ -

(က) စျာန်မရနိုင်သောကြောင့် သေသွားသောပုဂ္ဂိုလ်တို့ကို မေတ္တာမပွားအပ်။

(ခ) ရာဂဖြစ်လာတတ်သောကြောင့် လိင်အသွင်မတူသူ အမျိုးသား၊ အမျိုးသမီးတစ်ဦးတစ်ယောက်ကို ရည်မှန်း၍ မေတ္တာမပွားအပ်။

http://www.dhammadownload.com



(ဂ) စိုးရိမ်သောကဖြစ်လာတတ်သောကြောင့် အလွန်ချစ်ခင်သော သူကို ရှေးဦးစွာ မေတ္တာမပွားအပ်။

(ဃ) မေတ္တာစာတ်ဖြစ်တာ နေးတတ်သောကြောင့် မချစ်လွန်း မမုန်းလွန်း အလယ်အလတ်ဖြစ်သူကိုလည်း ရှေးဦးစွာ မေတ္တာ မပွားအပ်။

(င) ဒေါသဖြစ်လာတတ်သောကြောင့် ရန်သူဖြစ်သူကိုလည်း ရှေးဦးစွာ မေတ္တာမပွားအပ်။ ဤပုဂ္ဂိုလ်ငါးယောက်တို့သည် အခါ အားလျော်စွာ မေတ္တာမပွားအပ်သောပုဂ္ဂိုလ်တို့ ဖြစ်ကြပေ သည်။

## ဆောင်ပုဒ်။ ။ သေသူသွင်မတူ၊ ချစ်လွန်းသူနှင့်၊ အလယ်ဖြစ်သူ၊ ရန်သူကိုပါ၊ ဤငါးဖြာ၊ ဦးစွာမပွားရ။

မေတ္တာပွားအပ်သော ပုဂ္ဂိုလ်တို့တွင် ရှေးဦးစွာ မိမိကိုယ်ကို အာရုံ ပြု၍ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ စိုးရိမ်ခြင်းကင်း ပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာ ဝန်ကို ရွက်ဆောင်နိုင်ပါစေဟု မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရပါသည်။

ထို့နောက် ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့ကို အာရုံပြု၍ ချစ်ခင်အပ် သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့၏ ခန္ဓာ ဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့ကို ဒုတိယ မေတ္တာပွားရမည်။

ထို့နောက် မချစ်လွန်း မမုန်းလွန်း အလယ်အလတ်ဖြစ်သောပုဂ္ဂိုလ် တို့ကို အာရုံပြု၍ မချစ်လွန်း မမုန်းလွန်းသောပုဂ္ဂိုလ်တို့သည် ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ် စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု မချစ်လွန်း မမုန်းလွန်းသောပုဂ္ဂိုလ်တို့ကို တတိယ မေတ္တာပွားရပါသည်။

http://www.dhammadownload.com



ထို့နောက် ရန်သူဖြစ်သောပုဂ္ဂိုလ်တို့ကို အာရုံပြု၍ ရန်သူဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု ရန်သူဖြစ်သောပုဂ္ဂိုလ်တို့ကို စတုတ္ထ မေတ္တာ ပွားရပါသည်။

မိမိနှင့် ချစ်ခင်အပ်သူ၊ မချစ်လွန်းမမုန်းလွန်းဖြစ်သူ၊ ရန်သူဖြစ်သူတို့၌ မေတ္တာစာတ်အညီအမျှဖြစ်အောင် ပွားရပါသည်။ အညီအမျှဖြစ်အောင် ပွားများနိုင်သောအခါ စတုတ္ထဈာန်အထိ ဈာန်ရရှိသွားနိုင်ကြပေသည်။

နို့တစ်ညှစ်မျှ တစ်နေ့သုံးကြိမ် မေတ္တာကမ္မဋ္ဌာန်းပွားများခြင်းသည် ပစ္စည်းဥစ္စာတွေ များစွာအကုန်အကျခံ၍ ထမင်းအိုးတစ်ရာတို့ဖြင့် တစ်နေ့သုံးကြိမ် ထောင်ပေါင်းများစွာသောလူတို့ကို ချက်ပြုတ်ကျွေးမွေးခြင်းအလှူဒါနထက် ပိုလွန်၍ အကျိုးကြီးပေသည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ မေတ္တာကမ္မဋ္ဌာန်းပွားသူတို့သည် သီလလည်းလုံခြုံကြ၏။ အကျိုး(၁၁)မျိုးကိုလည်း ရရှိကြပေသည်။

မေတ္တာအကျိုး(၁၁)မျိုးမှာ -

(၁) ချမ်းသာစွာအိပ်ရခြင်း။ (၂) ချမ်းသာစွာနိုးရခြင်း။ (၃) ကောင်းသောအိပ်မက်မြင်မက်ရခြင်း။ (၄) လူတို့ချစ်ခင်ခြင်း။ (၅) နတ်တို့ချစ်ခင်ခြင်း။ (၆) နတ်ကောင်းနတ်မြတ်တို့၏ အစောင့်အရှောက်ကို ခံယူရခြင်း။ (၇) မီးမလောင်ခြင်း။ အဆိပ်မသင့်ခြင်း။ ဓားလှံလက်နက်တို့ မထိမှန်ခြင်း။ (၈) တရားအားထုတ်သောအခါ လျင်မြန်စွာ စိတ်တည်ငြိမ်ခြင်း။ (၉) မျက်နှာရှင်ပြကြည်လင်ခြင်း။ (၁၀) မတွေမဝေသေရခြင်း။ (၁၁) သေသွားပြီးသောအခါ ဗြဟ္မာ့ပြည်သို့ရောက်ရခြင်း။ ဤအကျိုး(၁၁)မျိုးကို ရရှိကြပေသည်။

http://www.dhammadownload.com



(၄) နိဗ္ဗေဓဘာဂိယသီလ = ဖောက်ခွဲခြင်းအဖို့ရှိသောသီလဟူသည် -

အကြင်သူသည် ဥပုသ်သီလဆောက်တည်ပြီးသောအခါ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် မိမိသန္တာန်၌ရှိသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာအမှောင်ထုကို ဖောက်ခွဲ၏။ ထိုသူ၏ဥပုသ်သီလသည် နိဗ္ဗေဓဘာဂိယသီလ = ဖောက်ခွဲခြင်းအဖို့ရှိသောသီလမည်၏။

ဝိပဿနာတရားအားထုတ်သော ပုဂ္ဂိုလ်တို့သည် သတိပဋ္ဌာန်လေးပါးဖြင့် အားထုတ်ကြရပေသည်။ သတိပဋ္ဌာန်တရားလေးပါးတို့တွင် ကာယာနုပဿနာသည် အထင်ရှားဆုံးဖြစ်သည်။ ထို့ကြောင့် များသောအားဖြင့် ကာယာနုပဿနာမှစ၍ ရှုမှတ်အားထုတ်ကြရပေသည်။ ကာယာနုပဿနာကိုလည်း သွား၊ ရပ်၊ ထိုင်၊ လျောင်း ဣရိယာပုထ်လေးပါးတို့၌ ရှုမှတ်ကြရပေသည်။

ထိုင်ခြင်းဣရိယာပုထ်ဖြင့် ရှုမှတ်သောအခါ တင်ပလ္လင်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ရှုမှတ်ရပါသည်။ ခါးနှင့်ခေါင်းကို တည့်တည့်မတ်မတ်ထားရပါသည်။ မျက်လုံးကိုမှိတ်ထားရပါသည်။ ဝမ်းဗိုက်၌ စိတ်ကို စိုက်ထားရပါမည်။ အသက်ရှူသွင်း၍ ဝမ်းဗိုက်ဖောင်းတက်လာသောအခါ အတွင်းက အဆင့်ဆင့် တောင့်တင်းတွန်းကန်မှုကို သိအောင်စူးစိုက်၍ ဖောင်းတယ်ဟု မှတ်ရပါသည်။ အသက်ရှူထုတ်လိုက်၍ ဝမ်းဗိုက်ပိန်ကျသွားသောအခါ အတွင်းက အဆင့်ဆင့် ရွေ့ကျလျော့ကျသွားသောသဘောကို သိအောင်စူးစိုက်၍ ပိန်တယ်ဟု မှတ်ရပါသည်။ သမာဓိဉာဏ်များ ရင့်သန်လာသောအခါ တောင့်တင်းတွန်းကန်ခြင်း ဖောင်းမှုနှင့် ရွေ့ကျလျော့ကျခြင်း ပိန်မှုတို့သည် အဆင့်ဆင့် လျင်မြန်စွာ ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန်ပျက်ပျက်သွားသည်ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

အခြား သွား၊ ရပ်၊ လျောင်း ဣရိယာပုထ်သုံးပါးတို့၌ ရှုမှတ်လိုက်တဲ့အခါမှာလည်း အဆင့်ဆင့် အလျင်အမြန် ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ အလျှင်အမြန် ဖြစ်ပျက်နေသည်ကို သိအောင်ရှုမှတ်နေသောအခါ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအမှောင်များ ဖြစ်ခွင့်မရခြင်းသည် ဝိပဿနာဖြင့် ကိလေသာအမှောင်တို့ကို ဖောက်ခွဲခြင်းပင် ဖြစ်ပေသည်။

ဥပုသ်သီလ(၄)မျိုးတို့တွင် နိဗ္ဗေဓဘာဂိယ = ဖောက်ခွဲခြင်းအဖို့ရှိသော သီလဖြစ်အောင် ဝိပဿနာရှု၍ ဖြစ်ပျက်သိသော ဥဒယဗ္ဗယဉာဏ်ဖြင့် ကိလေသာကို ဖောက်ခွဲနိုင်သော ပုဂ္ဂိုလ်တို့သည် ဆက်ကာဆက်ကာ ရှုမှတ်သည်ရှိသော် မိမိတို့၏ပါရမီအားလျော်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ နိဗ္ဗေဓဘာဂိယ = ဖောက်ခွဲခြင်းအဖို့ရှိသော ဥပုသ်သီလသည် အမြတ်နိုးအပ်ဆုံး ဥပုသ်သီလ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

## ပညာရှိမိဘများ မျှော်လင့်ချက်ထား

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် သားယောက်ျားသမီးမိန်းကလေးကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည်သွားနိုင်သည် အထိ ကြီးမားသောမေတ္တာစေတနာဖြင့် ကျွေးမွေးပြုစု စောင့်ရှောက်ကြရပေသည်။ ဤကဲ့သို့ ကျွေးမွေးပြုစု စောင့်ရှောက်ကြရာတွင် သားယောက်ျား သမီးမိန်းကလေးအပေါ်၌ အကြောင်း(၅)ပါးကိုမြင်၍ မျှော်လင့်ချက်(၅)မျိုး ထားရှိကြပေသည်။

၁။ ဘတော ဝါ နော ဘရိဿတိ = မိဘတို့ကို ပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်လိမ့်မည်။

၂။ ကိစ္စံ ဝါ နော ကရိဿတိ = မိဘတို့၏ကိစ္စကို ပြန်၍ပြုပေးလိမ့်မည်။

၃။ ကုလဝံသော စိရံ ဌဿတိ = မိဘတို့၏ အမျိုးအနွယ်ကို ရှည်မြင့်စွာတည်အောင် စောင့်ရှောက်လိမ့်မည်။

၄။ ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ = အကျင့်သီလနှင့်ပြည့်စုံ၍ အမွေခံယူလိမ့်မည်။

၅။ ပေတာနံ ဒက္ခိဏံ အနုပ္ပဒဿတိ = မိဘများ ကွယ်လွန်သွားသော အခါ အလှူဒါနပြု၍ အမျှဝေလိမ့်မည် ဟူသော မျှော်လင့်ချက်(၅)မျိုး ထားရှိကြပေသည်။

http://www.dhammadownload.com



၁။ မိဘတို့ကို ပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်ကြလိမ့်မည်ဟူသည် -

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် နောင်သောအခါ မိမိတို့ အိုမင်းမစွမ်းဖြစ်လာမည်ကို မြင်ကြပေသည်။ မိမိတို့ စားဖွယ်သောက်ဖွယ်များကိုပင် ကိုယ်တိုင် မချက်ပြုတ် မစီမံနိုင်လောက်အောင်၊ မိမိတို့ အဝတ်အထည်များကိုပင် ဖြူစင်စွာ မဖွပ်လျှော်နိုင်လောက်အောင်၊ မိမိတို့၏ ကျင်ကြီးကျင်ငယ်ကိစ္စများကိုပင် သန့်ရှင်းစွာ မပြုလုပ်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာရလိမ့်မည်ဟု သိမြင်ကြပေသည်။

ဤကဲ့သို့ အိုမင်းမစွမ်းဖြစ်လာကြသောအခါ ငယ်ရွယ်စဉ်က ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ ပညာတတ်မြောက်ကာ လူ့လောကတွင် ရပ်တည်နိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် အိုမင်းမစွမ်းဖြစ်နေကြသော မိဘများကို ငယ်ရွယ်စဉ်က မိမိတို့ကို ကျွေးမွေးပြုစု စောင့်ရှောက်သကဲ့သို့ မိဘတို့ကို ပြန်၍ ကျွေးမွေးပြုစု စောင့်ရှောက်ကြလိမ့်မည်ဟု မျှော်လင့်ချက်ကို ထားရှိကြပေသည်။

## ဆောင်ပုဒ် ။ ။ မိဘနှစ်ဖြာ၊ အိုမင်းလာ၊ ပြန်ကာလုပ်ကျွေးကြလိမ့်မည်။

၂။ မိဘတို့၏ကိစ္စကို ပြန်၍ ပြုပေးကြလိမ့်မည်ဟူသည် -

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် နောင်သောအခါ မိမိတို့ အိုမင်းမစွမ်းဖြစ်လာကြမည်ကို သိမြင်ကြပေသည်။ အကြောင်းညီညွတ်၍ အသက်ရှင်နေခဲ့သော် မိမိတို့၏ အိမ်ရာတိုက်တာကိစ္စ၊ သာရေးနာရေးကိစ္စ၊ ဘာသာရေး သာသနာရေးကိစ္စတို့ကို မရွက်ဆောင်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာကြမည်ကို သိမြင်လာကြပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ လူမှုရေးကိစ္စတို့ကို မဆောင်ရွက်နိုင်လောက်အောင် အိုမင်းမစွမ်းဖြစ်လာသောအခါ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည်နိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် အိုမင်းမစွမ်းဖြစ်နေကြသော မိဘများ၏ အိုးအိမ်ကိစ္စ၊ ရပ်ရွာကိစ္စ၊ ဘာသာရေး သာသနာရေးကိစ္စတို့ကို လာရောက်ကူညီကာ ဆောင်ရွက်လုပ်ကိုင်ပေးကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြပေသည်။

## ဆောင်ပုဒ် ။ ။ မိဘတို့မှာ၊ ပြုဖွယ်ရာ၊ ကူကာလုပ်ပေးကြလိမ့်မည်။

၃။ မိဘတို့၏ အမျိုးအနွယ်ကို ရှည်မြင့်စွာတည်အောင် စောင့်ရှောက်ကြလိမ့်မည်ဟူသည် -

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် တစ်နေ့သောအခါ မိမိတို့ ကေန်မုချကွယ်လွန်ကြရမည်ဟု သိမြင်ကြပေသည်။ ကွယ်လွန်သွားသောအခါ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည်သွားနိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် မိဘတို့၏ အမျိုးအနွယ်များ မနိမ့်ကျ မပျက်စီးသွားရအောင် ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြပေသည်။

## ဆောင်ပုဒ် ။ ။ မျိုးရိုးစဉ်လာ၊ ရှည်မြင့်ကြာ၊ တည်ရာပြုကြပေလိမ့်မည်။

မိဘတို့၏ အမျိုးအနွယ်တို့သည် နှစ်မျိုးရှိပေသည်။

(က) လောကီစီးပွားရေး ကြီးပွားရေးအမျိုးအနွယ်၊

(ခ) မိဘတို့ တည်ထားကိုးကွယ်ဆည်းကပ်ခဲ့သော ဘာသာရေး သာသနာရေးအနွယ်ဟူ၍ နှစ်မျိုးရှိပေသည်။

http://www.dhammadownload.com



(ဂ) အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိဘတို့ လုပ်ကိုင်ခဲ့သော သမ္မာအာဇီဝလုပ်ငန်းများကို မနိမ့်ကျ မပျက်စီးသွားရအောင်၊ ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြရပေသည်။ မိဘတို့က ကုန်သည်မျိုးဖြစ်ခဲ့လျှင် ကုန်သည်အဆင့်အတန်းများ မနိမ့်ကျသွားရအောင်၊ မပျက်စီးသွားရအောင်၊ ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။ မိဘတို့က အမှုထမ်းအရာထမ်းများဖြစ်ခဲ့လျှင် အမှုထမ်းအရာထမ်း အဆင့်အတန်းများ မနိမ့်ကျသွားရအောင်၊ မပျက်စီးသွားရအောင်၊ ကြာရှည်စွာ တည်တံ့နေရအောင် စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

(ခ) အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိမိတို့မိဘများ တည်ထားကိုးကွယ်ဆည်းကပ်ခဲ့သော ကျောင်းဘုရားစေတီနှင့် တည်ထားခဲ့သော ဆွမ်းကွမ်းစသောဝတ်များကို မချွတ်မယွင်းရအောင် မပျက်စီးသွားရအောင်၊ ကြာရှည်စွာ တည်တံ့နေရအောင် မိမိတို့၏ ပစ္စည်းအင်အား၊ လူအင်အားရှိသလောက် စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

၄။ အကျင့်သီလနှင့်ပြည့်စုံ၍ အမွေခံယူကြလိမ့်မည်ဟူသည် -

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသောမိဘတို့သည် တစ်နေ့သောအခါ မိမိတို့ ကေန်မုချကွယ်လွန်ကြရမည်ဟု သိမြင်ကြပေသည်။ မိမိတို့ ကွယ်လွန်သွားသောအခါ တစ်သက်ပတ်လုံး ရှာဖွေစုဆောင်းထားခဲ့သော ပစ္စည်းဥစ္စာရတနာများကို ဖဝါးလက်နှစ်လုံး ပခုံးလက်နစ်သစ်အရွယ်မှစ၍ ပညာတတ်မြောက် လူလားမြောက်ကာ လူ့လောကတွင် ရပ်တည်နေနိုင်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သော သားသမီးတို့သည် အကျင့်သီလနှင့် ပြည့်စုံကြ၍ အမွေခံယူနိုင်ကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြပေသည်။

ဆောင်ပုဒ် ॥ မွေခံထိုက်ရာ၊ ကျင့်ဖွယ်ရာ၊
ကျင့်ကာမွေခံကြလိမ့်မည်။

http://www.dhammadownload.com



အမွေခံထိုက်သော သားသမီးတို့သည် ၃-မျိုးရှိပေသည်။

(က) အတိဇာတပုတ္တ = မိဘတို့ထက် သာလွန်သော သားသမီး၊
(ခ) အနုဇာတပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီး၊
(ဂ) အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီး
ဟူ၍ ၃-မျိုးရှိပေသည်။

(က) အတိဇာတပုတ္တ = မိဘတို့ထက် သာလွန်သော သားသမီးဟူသည်-

အကြင်သားသမီးသည် လောကရေးရာဖက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကျောင်းပညာအားဖြင့်လည်း မိဘတို့ထက် သာလွန်တတ်မြောက်ပေသည်။ လောကုတ္တရာရေးရာ တရားမွေဖက်မှ သီလ၊ သမာဓိ၊ ပညာအားဖြင့်လည်း မိဘတို့ထက် သာလွန်၍ ပြည့်စုံပေသည်။ ထိုသားသမီးသည် အတိဇာတပုတ္တ = မိဘတို့ထက် သာလွန်သော သားသမီးမျိုး ဖြစ်ပေသည်။

(ခ) အနုဇာတပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီးဟူသည်-

အကြင်သားသမီးတို့သည် လောကရေးရာဖက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကျောင်းပညာအားဖြင့်လည်း မိဘတို့နှင့် တန်းတူပင် ဖြစ်ပေသည်။ လောကုတ္တရာရေးရာ တရားမွေဖက်မှ သီလ၊ သမာဓိ၊ ပညာအားဖြင့်လည်း မိဘများနှင့် တန်းတူပင် ဖြစ်ပေသည်။ ထိုသားသမီးသည် အနုဇာတပုတ္တ = မိဘတို့နှင့် တန်းတူဖြစ်သော သားသမီးမျိုး ဖြစ်ပေသည်။

(ဂ) အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီးဟူသည်-

အကြင်သားသမီးတို့သည် လောကရေးရာဖက်မှ စီးပွားရေး ကြီးပွားရေး အသက်မွေးဝမ်းကျောင်းပညာအားဖြင့်လည်း မိဘများလောက် မတတ်မြောက် မကျွမ်းကျင်ပေ။ လောကုတ္တရာရေးရာ တရားမွေဖက်မှ သီလ၊ သမာဓိ၊ ပညာအားဖြင့်လည်း မိဘများလောက် မပြည့်စုံပေ။ နိမ့်ကျနေ

http://www.dhammadownload.com



ပေသည်။ ထိုသားသမီးသည် အဝဇာတပုတ္တ = မိဘတို့အောက် နိမ့်ကျသော သားသမီးမျိုး ဖြစ်ပေသည်။

ဤသားသမီး ၃-မျိုးတို့တွင် သီလမှတစ်ပါး အခြားသော လောကဓမ္မ နှစ်ဌာနတို့၌ မိဘများလောက် မပြည့်စုံပါသော်လည်း အကျင့်သီလ ပြည့်စုံပါက အမွေခံထိုက်သော သားသမီးများပင် ဖြစ်ပေသည်။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသည်ဖြင့် အကျင့်သီလ အလွန်ပျက်နေပါက အမွေမခံထိုက်သော သားသမီးများ ဖြစ်ကြပေသည်။ ဤကဲ့သို့ မဖြစ်ကြပါဘဲ အကျင့်သီလနှင့် ပြည့်စုံကြပြီး အမွေခံယူနိုင်ကြပါစေဟု ပညာရှိမိဘများက သားသမီးများအပေါ်၌ မျှော်လင့်ချက် ထားရှိကြပေသည်ဟု ဆိုလိုပါသည်။

၅။ မိဘများကွယ်လွန်သွားသောအခါ အလှူဒါနပြု၍ အမျှဝေကြလိမ့်မည်ဟူသည် -

အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံကြသော မိဘတို့သည် ကိစ္စများမြောင် လူတို့ဘောင်၌ နေကြရသည်ဖြစ်၍ တရားပြည့်စုံအောင် အားမထုတ်နိုင်ကြသဖြင့် ကွယ်လွန်သွားသောအခါ ယုတ်နိမ့်သော ဘုံဘဝများသို့ ရောက်သွားနိုင်ပေသည်ဟု သိမြင်ကြပေသည်။ အကယ်၍ ကွယ်လွန်ခါနီးမှာ တရားဓမ္မကို အာရုံမပြုနိုင်သောကြောင့် ယုတ်နိမ့်သော ဘုံဘဝများသို့ ရောက်သွားခဲ့သည်ရှိသော် ငယ်ရွယ်စဉ်မှ လူလားမြောက်သည်အထိ ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည့် သားသမီးတို့သည် ကွယ်လွန်သွားသော မိဘများအတွက် အလှူဒါနစသော ကောင်းမှုကုသိုလ်များပြု၍ အမျှဝေကြလိမ့်မည်ဟု မျှော်လင့်ချက်ကိုလည်း ထားရှိကြပေသည်။

**ဆောင်ပုဒ်။ ။ ကွယ်လွန်သောခါ၊ လှူဖွယ်ရာ၊ လှူကာမျှဝေကြလိမ့်မည်။**

http://www.dhammadownload.com

## ပညာရှိမိဘများ မျှော်လင့်ချက်ထား ၂၃

ပညာရှိမိဘများ ထားရှိခဲ့ကြသော မျှော်လင့်ချက်(၅)ပါးကိုပင် သိင်္ဂါလောဝါဒသုတ္တန်၌ သားသမီးကျင့်ဝတ်(၅)ပါးဖြစ်သည်ဟု မြတ်စွာဘုရားက သတ်မှတ်ကာ ဟောကြားတော်မူခဲ့ပါသည်။ ဤမိဘတို့ မျှော်လင့်ချက်(၅)ပါးတည်းဟူသော သားသမီးကျင့်ဝတ်(၅)ပါးတို့နှင့် ပြည့်စုံကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ယခုဘဝ၌လည်း ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာနှင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြလိမ့်မည် ဖြစ်ပေသည်။ နောက်နောင်ဘဝများ၌လည်း မိကောင်း၊ ဖကောင်းများနှင့် တွေ့ကြရပြီး လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတရားတို့ကို တိုးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်တိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ခံစားရရှိကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ငါးမျိုးပြည့်မှ မြတ်အလှူ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလှူဒါနကို အလေးဂရုပြု၍ လှူဒါန်းလေ့ ရှိကြပေသည်။ အလှူရေစက်လက်နှင့်မကွာ လှူဒါန်းလိုကြပေသည်။ အလှူဒါနသည် မိမိတို့၏ အားကိုးရာအမှန် ဖြစ်ပေသည်ဟု ယုံကြည် အားကိုးလျက် ရှိကြပေသည်။ ကောင်းသောအဖြစ် ဣဋ္ဌာရုံများနှင့် တွေ့ကြုံရတဲ့အခါမှာလည်း ဒါနကုသိုလ်ကောင်းမှုများကို ပြုလေ့ရှိကြပေသည်။ မကောင်းသောအဖြစ် အနိဋ္ဌာရုံများနှင့် တွေ့ကြုံရတဲ့အခါမှာလည်း ဒါနကုသိုလ်ကောင်းမှုကိုပင် ပြုလေ့ရှိကြပေသည်။

ဤကဲ့သို့ ဒါနကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြတဲ့အခါမှာ ကောင်းမြတ်သော ဒါနကုသိုလ်ကောင်းမှုဖြစ်အောင် ပြုလုပ်ဖို့ရာ ရှေးသူတော်ကောင်းများ ပြုလုပ်ကြတဲ့ အလှူဒါန(၅)မျိုးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) သဒ္ဓါဒါန = ယုံကြည်သောအားဖြင့် ပေးလှူခြင်း။
(၂) သက္ကစ္စဒါန = ရိုသေစွာ ပေးလှူခြင်း။
(၃) ကာလဒါန = အချိန်ကာလအားလျော်စွာ ပေးလှူခြင်း။
(၄) အနဂ္ဂဟိတဒါန = လှူဖွယ်ပစ္စည်းများ၌ မငြိကပ်ဘဲ ပေးလှူခြင်း။
(၅) အနုပဟစ္စဒါန = မိမိနှင့်သူတစ်ပါးတို့ကို မထိခိုက်စေဘဲ ပေးလှူခြင်းဟူ၍ ကောင်းမြတ်သော

http://www.dhammadownload.com



အလှူဒါန (၅)မျိုးကို ဟောကြားတော်မူပါသည်။

(၁) အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ အလှူခံပုဂ္ဂိုလ်ကိုလည်း ကြည်ညိုခြင်းမရှိ၊ ဒါနကုသိုလ်ကံနှင့် ဒါနကုသိုလ်ကံ၏ အကျိုးပေးကိုလည်း ယုံကြည်ခြင်းမရှိ၊ လောကရေးရာ အကြောင်းများကြောင့်သာ လှူဒါန်းလိုက်၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာများတော့ ပေါများကြွယ်ဝ၏။ သို့သော် ရုပ်ရည်အဆင်းမပြည့်စုံဘဲ ဖြစ်နေတတ်၏။ သူတစ်ပါးတို့ မကြည့်ချင်လောက်အောင် ရုပ်ဆိုးနေတတ်၏။

အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ အလှူခံပုဂ္ဂိုလ်ကို ကြည်ညိုသောစိတ်လည်းရှိ၏။ ဒါနကုသိုလ်ကံနှင့် ဒါနကုသိုလ်ကံ၏ အကျိုးပေးကိုလည်း ယုံကြည်ခြင်းရှိ၏။

## ဒါနကုသိုလ်ကံကို ယုံကြည်ပုံ

လှူဒါန်းဖွယ်ရုပ်ဝတ္ထုပစ္စည်းသည် အလှူခံပုဂ္ဂိုလ်တို့၏ လက်ထဲသို့ ရောက်သွားသောအခါ ပေးလှူသူ အလှူရှင်၏သန္တာန်မှာ ကုသိုလ်စေတနာကံများ ကျန်နေခဲ့၏။ ယင်းကုသိုလ်စေတနာကံများသည် နာမ်တရားများဖြစ်၍ ပကတိသောမျက်စိဖြင့် မမြင်ကောင်းပေ။ မမြင်ကောင်းသော်လည်း အကျိုးမပေးရသေးသမျှကာလပတ်လုံး မိမိသန္တာန်မှာ အမှန်စင်စစ်ရှိနေပေသည်ဟု ယုံကြည်ခြင်းသည် ဒါနကုသိုလ်ကံကို ယုံကြည်ခြင်းပင် ဖြစ်ပေသည်။

## ဒါနကုသိုလ်ကံ၏ အကျိုးပေးကို ယုံကြည်ပုံ

ဤဒါနကုသိုလ်ကံတို့တွင် ပထမဇောစေတနာကံသည် ယခုမျက်မှောက်ဘဝမှာပင် အကျိုးပေး၏။ သတ္တမဇောစေတနာကံသည် ဒုတိယဘဝမှာ လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ ဖြစ်စေခြင်းဖြင့် အကျိုးပေးသည်။ အလယ်ဇောစေတနာကံ(၅)ပါးတို့သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်

http://www.dhammadownload.com



သည့်တိုင်အောင် အကျိုးပေးသည်ဟု ယုံကြည်ခြင်းသည် ဒါနကုသိုလ်ကံ၏ အကျိုးပေးကို ယုံကြည်ခြင်းပင် ဖြစ်ပေသည်။

ဒါနကုသိုလ်ကံနှင့် ဒါနကုသိုလ်ကံ၏ အကျိုးပေးကို ယုံကြည်၍ ပေးလှူသော ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိနိုင်၏။ သူတစ်ပါးတို့ အထူး ကြည့်ချင်လောက်အောင် အလွန်လှပတင့်တယ်သော ရုပ်အဆင်းနှင့် ပြည့်စုံခြင်းအကျိုးကိုလည်း ရရှိနိုင်၏။

**ဆောင်ပုဒ် ။ ။ ယုံကြည်လှူပါ၊ ဖြစ်လေရာ၊ လွန်စွာဆင်းလှသည်။**

(၂) အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ လှူဖွယ်ပစ္စည်းများကို ကောင်းမွန်အောင် တင့်တယ်သန့်ရှင်းအောင် ရိုရိုသေသေ ပြုလုပ်ပြုပြင်ခြင်းလည်းမရှိ၊ အလှူခံပုဂ္ဂိုလ်ကို ရိုသေခြင်းလည်းမရှိ၊ ပစ်ချ၍သော်လည်းကောင်း ပေးလှူလေ့ရှိ၏။ ကိုယ်တိုင် လက်ဖြင့်မပေးပါဘဲ သူတစ်ပါးကို ခိုင်းစေ၍သော်လည်းကောင်း ပေးလှူလေ့ရှိ၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာများတော့ ပေါကြွယ်ဝ၏။ သို့သော် သူပြောသော စကားကို သားသမီး၊ အိမ်သူအိမ်သားနှင့် အလုပ်သမား တပည့်များ က နားမထောင်ကြ၊ မရိုမသေ ဆန့်ကျင်ဘက်ပြုတတ်ကြပေသည်။

အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ လှူဖွယ်ပစ္စည်းများကို ကောင်းမွန်အောင် တင့်တယ်သန့်ရှင်းအောင် ရိုရိုသေသေ ပြုလုပ်ပြုပြင်၍ လှူဒါန်း၏။ အလှူခံပုဂ္ဂိုလ်ကိုလည်း ရိုရိုသေသေ လက်နှစ်ဖက်ဖြင့် ကိုယ်တိုင်လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်း၌ ပစ္စည်းဥစ္စာရတနာများ ပေါများကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိ၏။ သူပြောစကားကို သားသမီး၊ အိမ်သူအိမ်သားများနှင့် အလုပ်သမား တပည့်များက ရိုရိုသေသေ လိုက်နာခြင်းအကျိုးကိုလည်း ရရှိနိုင်၏။

http://www.dhammadownload.com



## ဆောင်ပုဒ် ။ ။ ရှိသေလှူပါ၊ ပြောတိုင်းမှာ၊ ကောင်းစွာနားထောင်သည်။

(၃) အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ သင့်လျော်သောအချိန်၌ အလှူခံပုဂ္ဂိုလ်နှင့် သင့်လျော်သောပစ္စည်းများကို ရွေးချယ်ကာ လှူဒါန်းလေ့မရှိ။ အချိန်အခါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရရာပစ္စည်းကိုသာ လှူဒါန်းလေ့ရှိသည်။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ငယ်ရွယ်စဉ်အခါမှာ ကြွယ်ဝချမ်းသာခြင်းမရှိပါဘဲ အသက်အရွယ် အိုမင်းမစွမ်းရှိသောအခါမှ ပစ္စည်းဥစ္စာရတနာ ကြွယ်ဝနေတတ်၏။ မလိုချင်မနှစ်သက်သော ပစ္စည်းဥစ္စာများကိုပင် ရရှိနေတတ်၏။

အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ သင့်လျော်သောအချိန်ကာလ၌ အလှူခံပုဂ္ဂိုလ်နှင့် သင့်လျော်သော လှူဒါန်းဖွယ်ပစ္စည်းများကို ရွေးချယ်၍လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ငယ်ရွယ်စဉ်အခါမှစ၍ ပစ္စည်းဥစ္စာရတနာများ ပေါများကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိ၏။ သင့်လျော်သောအခါ၌ သင့်လျော်သည့်နှစ်သက်ဖွယ်ပစ္စည်းဥစ္စာရတနာများကို ရရှိခြင်းအကျိုးကိုလည်း ရရှိနိုင်၏။

## ဆောင်ပုဒ် ။ ။ ချိန်ခါလှူပါ၊ ငယ်စဉ်မှာ၊ ချမ်းသာကြွယ်ဝသည်။

(၄) အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ လှူဖွယ်ပစ္စည်းများ၌ နှမြောတပ်မက်သောစိတ်ဖြင့် လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်း၌ ပစ္စည်းဥစ္စာရတနာများတော့ ပေါများကြွယ်ဝ၏။ သို့သော် မွန်မြတ်သော စားသောက်ဖွယ်၊ အဝတ်အထည် စသည်များကို (သုံးဆောင်လိုသောစိတ်ဆန္ဒ မရှိသည်ဖြစ်၍) မသုံးဆောင်နိုင်ဘဲ ဖြစ်နေတတ်၏။ ဆန်ကွဲထမင်း၊ ဆန်ပုန်းရည်ဟင်း (အချဉ်ဟင်း)များနှင့် ဖျဉ်ကြမ်းအဝတ်အထည်များကိုသာ သုံးဆောင်နေရတတ်၏။

http://www.dhammadownload.com



အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ လှူဖွယ်ပစ္စည်းများ၌ ကပ်ငြိနှမြောခြင်း လုံးဝမရှိ၊ လွတ်လွတ်လပ်လပ် လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာများ ပေါ်များကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိ၏။ မွန်မြတ်သော စားသောက်ဖွယ်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို သုံးဆောင်လိုသော စိတ်ဆန္ဒရှိသည့်အတိုင်း သုံးဆောင်နိုင်ခြင်းအကျိုးကိုလည်း ရရှိနိုင်၏။

**ဆောင်ပုဒ် ။ ။ လွတ်လွတ်လှူပါ၊ မွန်မြတ်ရာ၊ ကောင်းစွာစိတ်ညွှတ်သည်။**

(၅) အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ သူတစ်ပါးတို့၏ အလှူဒါနကို နှိမ့်ချကာ ယုတ်ညံ့သော အရာမှာထား၍ မိမိ၏ အလှူဒါနကို ချီးမွမ်းကာ မြင့်မြတ်ရာမှာထား၍ လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာများတော့ ပေါ်များ၏။ သို့သော် သူ၏ပစ္စည်းဥစ္စာတို့သည် မီးလောင်ခြင်းကြောင့်၊ ရေကြီးခြင်းကြောင့်၊ မင်းဘဏ္ဍာဖြစ်သွားခြင်းကြောင့်၊ ခိုးသူစားပြတို့ လုယူခြင်းကြောင့်၊ အမွေခံသားသမီးဆိုးတို့ကြောင့် မကြာခဏ ပျက်စီးသွားတတ်ကြ၏။

အကြင်ပုဂ္ဂိုလ်သည် လှူဖွယ်ပစ္စည်းများကို ပေးလှူသောအခါ သူတစ်ပါးတို့၏ အလှူဒါနကိုလည်း မနှိမ့်ချမထိခိုက်စေဘဲ လှူဒါန်း၏။ မိမိ၏ အလှူဒါနကမှ သာလွန်မွန်မြတ်ကြောင်း အမွှမ်းတင်ပကာသနများလည်း မရှိပါဘဲ အလှူခံပုဂ္ဂိုလ်တို့ အကျိုးများစေရန် စိတ်စေတနာသန့်သန့်ဖြင့် လှူဒါန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာ ပေါ်များကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိ၏။ ထိုသူ၏ ပစ္စည်းဥစ္စာရတနာတို့သည် မီးကြောင့်၊ ရေကြောင့်၊ မင်းကြောင့်၊ ခိုးသူစားပြတို့ကြောင့်၊ အမွေခံသားသမီးဆိုးတို့ကြောင့် ပျက်စီးခြင်းမရှိပါဘဲ ခိုင်မြဲစွာ တည်တံ့ခြင်းအကျိုးကိုလည်း ရရှိနိုင်၏။

**ဆောင်ပုဒ် ။ ။ မထိပါးကာ၊ ပေးလှူပါ၊ ငါးဖြာရန်ကင်းသည်။**

http://www.dhammadownload.com



သို့ဖြစ်၍ ယခုခေတ်အခါ အလှူဒါနပြုကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး အလှူရှင်တို့သည်လည်း အလှူမြတ်အင်္ဂါ (၅)မျိုးနှင့် ပြည့်စုံအောင် လှူဒါန်းကြရပေသည်။

၁။ ယုံယုံကြည်ကြည်ဖြင့် ပေးလှူကြရပေသည်။
၂။ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်တို့ကို ရိုရိုသေသေ လှူဒါန်းကြရပေသည်။
၃။ သင့်လျော်သော အချိန်ကာလ၌ သင့်လျော်သော ပစ္စည်းများကို လှူဒါန်းကြရပေသည်။
၄။ လှူဖွယ်ပစ္စည်းများ၌ ငြိကပ်တွယ်တာ တပ်မက်ခြင်းမရှိဘဲ လှူဒါန်းကြရပေသည်။
၅။ မိမိ၏အလှူဒါနကို ချီးမြှောက်၊ သူတစ်ပါးအလှူဒါနကို နှိမ့်ချခြင်း မရှိစေဘဲ ကောင်းကျိုးကို ရည်မှန်းကာ စေတနာထက်သန်စွာဖြင့် လှူဒါန်းကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# သိကောင်းစရာ သင်္ကြန်မင်္ဂလာ

မြန်မာပြည်သူပြည်သားတို့သည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု တစ်ရပ်အနေဖြင့် သင်္ကြန်အခါကို အထူးပင် စိတ်ဝင်စားကြပေသည်။ သင်္ကြန်ကျသောအခါ ကလေးသူငယ်များနှင့် ပျော်ရွှင်တတ်သောပုဂ္ဂိုလ်များ ရေပက်ဖျန်း ရေကစားဖို့ရာ အထူးပင် စိတ်ဝင်စားကြပေသည်။ အသက် သိက္ခာကြီးသူများနှင့် ကုသိုလ်ကောင်းမှု တရားဓမ္မတို့ကို လိုလားကြသော ပုဂ္ဂိုလ်များက ကုသိုလ်ကောင်းမှုများပြုဖို့ရာ တရားဓမ္မများ အားထုတ်ဖို့ရာ အထူးပင် စိတ်ဝင်စားကြပေသည်။

ဤကဲ့သို့ စိတ်ဝင်စားကြသည့်အားလျော်စွာ ကလေးသူငယ်များနှင့် ပျော်ရွှင်တတ်သောပုဂ္ဂိုလ်များက သင်္ကြန်မကျမီ (၄)ရက်၊ (၅)ရက်ခန့်မှစ၍ သင်္ကြန်ရေကစားဖို့ရာ ရေကစားမဏ္ဍပ်များဆောက်လုပ်ကြ၊ ရေပက်ဖို့ရာ နေရာထိုင်ခင်းများစီစဉ်ကြ၊ ရေပက်ခံမော်တော်ယာဉ်များစီစဉ်ကြ၊ ရေပက် ကိရိယာပြွတ်တံများ ပိုက်များကို ကြိုတင်၍ တပျော်တပါး စီစဉ်ကြပေ သည်။ သင်္ကြန်အကြိုနေ့မှစ၍ ပျော်ရွှင်စွာ ရေပက်ဖျန်း ကစားကြပေသည်။ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ကခုန်တီးမှုတ်ကြပေသည်။

အသက်သိက္ခာကြီးသူများနှင့် ကုသိုလ်ကောင်းမှု တရားဓမ္မများကို လိုလားကြသော ပုဂ္ဂိုလ်များကလည်း သင်္ကြန်မကျမီ (၄)ရက်၊ (၅)ရက် ခန့်မှစ၍ ကျောင်းဘုရားစေတီ ရိပ်သာများသို့ သွားရောက်လှူဒါန်းဖို့ရာ၊ တရားဓမ္မအားထုတ်ဖို့ရာ စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို

http://www.dhammadownload.com



ကြိုတင်၍ ဝမ်းမြောက်ဝမ်းသာ စီစဉ်ကြပေသည်။ သင်္ကြန်အကြိုနေ့မှစ၍ ဥပုသ်သီလဆောက်တည်ကြပေသည်။ တတ်နိုင်သမျှ စားဖွယ်သောက်ဖွယ်များနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြပေသည်။

## သင်္ကြန်အဓိပ္ပါယ်

သင်္ကြန်အဓိပ္ပါယ်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတော့မည့် (၃)ရက်၊ (၄)ရက်မျှသောက်သော အချိန်ကာလ၌ ပညာရှိပုဂ္ဂိုလ်များက သင်္ကြန်အကျ၊ သင်္ကြန်အကြတ်၊ သင်္ကြန်အတက်ဟူ၍ သတ်မှတ်ပေးလိုက်သော နေ့ရက်များကိုပင် သင်္ကြန်ဟု ခေါ်ဆိုကြပေသည်။

ထို(၃)ရက်၊ (၄)ရက် အချိန်ကာလကို မြန်မာလို သင်္ကြန်ကျသည်ဟု ဆိုကြပေသည်။ ပါဠိလို သင်္ကန္တ = ပြောင်းရွှေ့သည်ဟု ဆိုရပါသည်။ နှစ်ဟောင်းအချိန်ကာလမှ နှစ်သစ်အချိန်ကာလသို့ ပြောင်းရွှေ့နေသည်ဟု အဓိပ္ပါယ်ရပါသည်။ သို့ဖြစ်၍ နှစ်ဟောင်းအချိန်ကာလမှ နှစ်သစ်အချိန်ကာလသို့ ပြောင်းရွှေ့နေသည့် နှစ်သစ်နှင့်အနီးကပ်ဆုံး (၃)ရက်၊ (၄)ရက် အချိန်ကာလလေးကို သင်္ကြန်ကျသည်ဟု ခေါ်ဆိုရပေသည်။

### ဆောင်ပုဒ် ။ ။ နှစ်ဟောင်းကုန်လာ၊ နှစ်သစ်ခါ၊ ပြောင်းတာသင်္ကြန်မည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သင်္ကြန်ကျလျှင် စိတ်ကောင်းစိတ်မြတ်များ မွေးကြရပေသည်။ စိတ်ကောင်းစိတ်မြတ်များ ထားကြရပေသည်။ အကောင်းဆုံးနေခြင်းဖြင့် နေကြရပေသည်။ လာမည့်နှစ်သစ်မှာ တစ်နှစ်ပတ်လုံး ကောင်းကျိုးများနှင့်တွေ့ရပြီး ချမ်းသာစွာနေနိုင်ဖို့ရာ ကုသိုလ်ကောင်းမှုများ ဆက်ကြရခြင်းပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သင်္ကြန်ရက်များသို့ ရောက်လာသောအခါ အကြိုနေ့မှစ၍ ကလေးသူငယ်များနှင့် ပျော်ရွှင်တတ်သောပုဂ္ဂိုလ်များက မေတ္တာစိတ်ဓာတ်ဖြင့် သင်္ကြန်ရေပက်ဖျန်း ကစားကြပေသည်။

http://www.dhammadownload.com



ရေပက်ခံကြရသူများကလည်း သည်းခံခြင်းစိတ်ကောင်းစိတ်မြတ်များ ထားကြရပေသည်။ အသက်သိက္ခာကြီးကြသောသူများနှင့် ကုသိုလ်ကောင်းမှုတရားဓမ္မများကို လိုလားကြသော ပုဂ္ဂိုလ်များက ကျောင်းဘုရားစေတီရိပ်သာများသို့ သွားရောက်ကာ အလှူဒါနပြုကြ၊ ဥပုသ်သီလဆောက်တည်ကြ၊ ဝိပဿနာတရားအားထုတ်ကြ၍ အကောင်းမြတ်ဆုံးနေခြင်းဖြင့် နေကြပေသည်။

## ရေပက်ဖျန်းခြင်း၏ ရည်ရွယ်ချက်

ရေပက်ဖျန်းခြင်း၏ ရည်ရွယ်ချက်မှာ ရေ၏ဂုဏ်သတ္တိအတိုင်း ဖြစ်စေချင်သော ရည်ရွယ်ချက်ပင် ဖြစ်ပေသည်။

ရေ၌ - (၁) အေးမြခြင်းဂုဏ်သတ္တိ၊
(၂) အညစ်အကြေးကို စင်ကြယ်စေခြင်းဂုဏ်သတ္တိဟူ၍ နှစ်မျိုးရှိပေသည်။

(၁) သင်္ကြန်အခါ ရေပက်ဖျန်းသူ၏ရည်ရွယ်ချက်မှာ ရေပက်ဖျန်းလိုက်ခြင်းဖြင့် ရေအပက်ခံရသူသည် နှစ်ဦးမှစ၍ တစ်နှစ်လုံးမှာ ရေကဲ့သို့ အေးချမ်းပါစေ၊ ဘေးရန်အန္တရာယ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ အေးချမ်းစွာ နေနိုင်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် မေတ္တာရေထားကာ သွန်းလောင်းပက်ဖျန်းခြင်းပင် ဖြစ်ပေသည်။

မေတ္တာရေထား၍ သွန်းလောင်းလိုက်ခြင်းဖြင့် ရေပက်သူမှာ ရေပက်လောင်းတိုင်း ပက်လောင်းတိုင်း မေတ္တာတရားပွားများရာ ရောက်ပေသည်။ ရေပက်ခံရသူကလည်း ရေပက်လောင်းသူသည် မိမိကို ချမ်းသာစေလို၍ ရေပက်ဖျန်းခြင်း ဖြစ်ပေသည်။ ရေပက်ဖျန်းသူသည်လည်း နှစ်ဦးမှစ၍ တစ်နှစ်လုံးမှာ ဘေးရန်အန္တရာယ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နေနိုင်ပါစေဟူသော မေတ္တာစိတ်များ ဖြစ်ပွားရပေသည်။

**ဆောင်ပုဒ် ။ ။ အေးချမ်းစေရာ၊ ရေဖြင့်သာ၊ မှန်စွာပက်ဖျန်းသည်။**

http://www.dhammadownload.com



(၂) သင်္ကြန်အခါ ရေပက်ဖျန်းသူ၏ ဒုတိယရည်ရွယ်ချက်မှာ ရေပက်ဖျန်းလိုက်သဖြင့် ရေအပက်ခံရသူသည် နှစ်ဦးမှစ၍ တစ်နှစ်ပတ်လုံးမှာ ရေသည့် အညစ်အကြေးများကို စင်ကြယ်စေသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟ စသော စိတ်အညစ်အကြေးများ စင်ကြယ်အောင် ကုသိုလ်ကောင်းမှု တရားဓမ္မများ ကျင့်ကြံအားထုတ်နိုင်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် မေတ္တာရေ့ထားကာ ရေပက်ဖျန်းလိုက်ခြင်း ဖြစ်ပေသည်။

မေတ္တာရေ့ထား၍ သွန်းလောင်းပက်ဖျန်းလိုက်ခြင်းဖြင့် ရေပက်သူမှာ ရေပက်လောင်းတိုင်း ပက်လောင်းတိုင်း မေတ္တာတရားပွားများရာ ရောက်ပေသည်။ ရေအပက်ခံရသူကလည်း ရေလောင်းသူသည် မိမိကို ဘဝသံသရာမှာ ဆင်းရဲဒုက္ခရောက်စေတတ်သည့် လောဘ၊ ဒေါသ၊ မောဟ စသော စိတ်အညစ်အကြေးတွေ ကင်းဝေးစင်ကြယ်စေနိုင်သော ကုသိုလ်ကောင်းမှုတရားများကို ပွားများစေလို၍ ပက်ဖျန်းခြင်းဖြစ်ပေသည်ဟု မေတ္တာစိတ်များ ဖြစ်ပွားရပေသည်။

**ဆောင်ပုဒ်။ ။ စင်ကြယ်စေရာ၊ ရေဖြင့်သာ၊ မုန်စွာပက်ဖျန်းသည်။**

အသက်သိက္ခာကြီးသူများနှင့် ကုသိုလ်ကောင်းမှု တရားဓမ္မများကို လိုလားကြသော ပုဂ္ဂိုလ်များက သင်္ကြန်ရက်အတွင်းမှာ အကောင်းဆုံး နေခြင်းဖြစ်အောင် ကျောင်းဘုရားစေတီ ရိပ်သာများသို့ သွားရောက်၍ ဒါနပြုကြ၊ သီလဆောက်တည်ကြ၊ ဝိပဿနာဘာဝနာ အားထုတ်ကြခြင်းတို့ဖြင့် အကောင်းဆုံးဖြစ်အောင် နေထိုင်ကြပေသည်။

သင်္ကြန်အခါ အလှူဒါနပြုနေခြင်းသည် ယခုဘဝမှစ၍ နောင်ဖြစ်လေရာဘဝတိုင်း၌ ပစ္စည်းဥစ္စာရတနာများ ပေါ်များကြွယ်ဝခြင်းအကျိုးကိုလည်း ရရှိပေသည်။ ယခုဘဝမှစ၍ နောင်ဖြစ်လေရာဘဝတိုင်း၌ -

http://www.dhammadownload.com



(က) အသက်ရှည်ခြင်း။
(ခ) အဆင်းသဏ္ဌာန် တင့်တယ်လှပခြင်း။
(ဂ) ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာတို့နှင့် ပြည့်စုံခြင်း။
(ဃ) အခြွေအရံ ပရိသတ်ပေါ်များခြင်း။
(င) အရာရာတွင် ပိုင်နိုင်အစိုးရခြင်းဟူသော အကျိုး(၅)မျိုးကိုလည်း ရရှိပေသည်။ သို့ဖြစ်၍ သင်္ကြန်အခါ အလှူဒါနပြုလုပ်နေခြင်းသည် ကောင်းသောနေခြင်းပင် ဖြစ်ပေသည်။

သင်္ကြန်အခါ သီလဆောက်တည်နေခြင်းသည် -

(က) ပစ္စည်းဥစ္စာရတနာများ ရလွယ်ပေါ်များခြင်း။
(ခ) ကောင်းသောဂုဏ်သတင်းဖြင့် ကျော်ကြားခြင်း။
(ဂ) ပရိသတ်အမျိုးမျိုးသို့ ဝင်ရောက်ရာတွင် မျက်နှာမငယ်ရပါဘဲ ရွှင်ပျဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း။
(ဃ) ကွယ်လွန်ခါနီးတွင် ကောင်းသောအာရုံတို့ကို တွေ့မြင်၍ မတွေမဝေ ကွယ်လွန်ရခြင်း။
(င) ကွယ်လွန်ပြီးသောနောက်ကာလ၌ နတ်ပြည်သို့ ရောက်ရခြင်းဟူသော အကျိုး(၅)ပါးကိုလည်း ရရှိပေသည်။

နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း စသည့်အကျိုးများနှင့် ဝိပဿနာတရားအားထုတ်သောအခါ သမာဓိကို လျင်မြန်စွာဖြစ်စေခြင်းအကျိုးကိုလည်း ရရှိနိုင်ပေသည်။ သို့ဖြစ်၍ သင်္ကြန်အခါ သီလဆောက်တည်၍နေခြင်းသည် ကောင်းသောနေခြင်းပင် ဖြစ်ပေသည်။

သင်္ကြန်အခါ ဝိပဿနာတရား ပွားများအားထုတ်၍နေခြင်းသည် မြတ်စွာဘုရားအလိုတော်ကျနေခြင်းဖြစ်၍ အကောင်းမြတ်ဆုံးနေခြင်းပင် ဖြစ်ပေသည်။ ဒါနပြု၍နေခြင်းမျှဖြင့် မြတ်စွာဘုရား၏အလိုတော်ကျနေခြင်း မဖြစ်သေးပေ။ သီလဆောက်တည်၍နေခြင်းမျှဖြင့်လည်း မြတ်စွာဘုရား၏

http://www.dhammadownload.com



အလိုတော်ကျ မဖြစ်သေးပေ။ သမထတရားအားထုတ်ခြင်းမျှဖြင့်လည်း မြတ်စွာဘုရား၏အလိုတော်ကျ မဖြစ်သေးပေ။ ဝိပဿနာတရား အားထုတ်၍နေခြင်းသည်သာလျှင် မြတ်စွာဘုရား၏အလိုတော်ကျဖြစ်၍ အကောင်းမြတ်ဆုံးနေခြင်းပင် ဖြစ်ပေသည်။

မြတ်စွာဘုရားသည် အလောင်းတော်ဖြစ်စဉ်က လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်းသည် ဝေနေယျပုဂ္ဂိုလ်သတ္တဝါတို့မှာ ဒါန၊ သီလ၊ သမထကုသိုလ်များပြည့်စုံကြ၍ လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ ဗြဟ္မာ့စည်းစိမ်ချမ်းသာတို့ကို ခံစားနိုင်စေရန်အတွက် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်းမဟုတ်ပေ။ ဝေနေယျပုဂ္ဂိုလ်သတ္တဝါများ အပါယ်သံသရာမှစ၍ အလုံးစုံသော သံသရာဝဋ်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်စေရန်အတွက်ကိုသာ ရည်ရွယ်၍ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ သင်္ကြန်ကျသောအခါ နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်ပွားများ၍နေခြင်းသည်သာလျှင် မြတ်စွာဘုရား၏ အလိုတော်ကျဖြစ်၍ အကောင်းမြတ်ဆုံးနေခြင်း ဖြစ်ပေသည်။

သင်္ကြန်အခါသည် ရေပက်ဖျန်းခြင်းဖြင့် မြန်မာလူမျိုးတို့၏ မွန်မြတ်သော မေတ္တာစိတ်ဓာတ်ကို တိုးတက်ကြီးပွားစေသော အချိန်ကာလလည်း ဖြစ်ပေသည်။ အကောင်းမြတ်ဆုံးနေခြင်းဖြစ်သော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရား ပွားများအားထုတ်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ ကုသိုလ်ကောင်းမှုတရားတို့ကို တိုးတက်ကြီးပွားစေသော အချိန်ကာလလည်း ဖြစ်ပေသည်။ သို့ဖြစ်၍ သင်္ကြန်အချိန်အခါသည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် အလှူပေးခြင်း၊ တရားကျင့်ခြင်း (ဒါနဥ္စဓမ္မစရိယာ)ဟူသော မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံသည့်အချိန်အခါ ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ငရဲမှာအပ ဝဋ်မှာအမြဲ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ငရဲဆင်းရဲကို အလွန်ပင်ကြောက်လန့်ကြပေသည်။ ငရဲဆင်းရဲကို ကိုယ်တိုင်ပင် မတွေ့မြင်ကြရသော်လည်း မြတ်စွာဘုရားတရားတော်အရ တကယ်ပင်ရှိသည်ဟု သိနေကြပေသည်။ ငရဲဆင်းရဲသည် ဘယ်ဆင်းရဲနှင့်မှ နှိုင်းစာလို့မရအောင် အလွန်ကြောက်လန့်ဖွယ်ကောင်းသော ဆင်းရဲဖြစ်သည်ဟု သိနေကြသောကြောင့် ငရဲသို့ကျရောက်စေတတ်သော ဒုစရိုက်အမှု အကုသိုလ်ကံများမှ ကင်းအောင် ရှောင်ကြဉ်၍ နေကြရပေသည်။

ငရဲဆင်းရဲမှ လွတ်မြောက်ကြောင်း ကောင်းမှုကုသိုလ်တရားများကိုတော့ ပြည့်စုံနိုင်သမျှပြည့်စုံအောင် ပြုလုပ်အားထုတ်ကြရပေသည်။ အထူးသဖြင့် ငရဲဆင်းရဲမှ ကေန်မုချ လွတ်မြောက်စေနိုင်သော သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို အားထုတ်ကြရပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရားအားထုတ်၍ သောတာပန်ဖြစ်သွားကြသောအခါ ငရဲသို့ ကျရောက်ခြင်းမရှိတော့ပါဘဲ ငရဲဆင်းရဲမှ အပြီးတိုင် လွတ်မြောက်ကြရပေသည်။ ငရဲမှအပ ဖြစ်ကြရပေသည်။

ကြီးလေးသော ဒုစရိုက်အမှု အကုသိုလ်ကံများ ပြုလုပ်မိကြသောကြောင့် ငရဲသို့ကျရောက်ကြရသောသူတို့သည် ငရဲမှလွတ်မြောက်ပြီး၍ လူ့ဘဝ စသည်သို့ ရောက်လာကြသောအခါ အကုသိုလ်ကံ၏ အကျိုးဆက်ဖြင့် ဖြစ်လေရာဘဝတိုင်းတို့၌ မကောင်းသောအဖြစ်ဆိုး ဝဋ်ကြွေးများကို

http://www.dhammadownload.com



နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ခံကြရပေသည်။ ဝဋ်ကြွေးများ ခံကြရပုံကို ဇာတ်နိပါတ်တော်များ၌ ထင်ရှားစွာ တွေ့ရှိနိုင်ကြပေသည်။ ထိုဝဋ်ကြွေးများမှ လွတ်မြောက်ဖို့ရာ ကောင်းမှုကုသိုလ်များကို တတ်နိုင်သမျှ ပြုလုပ်ကြရပေသည်။

ဝဋ်ကြွေးများမှ လွတ်မြောက်ဖို့ရာ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြပါသော်လည်း ကြီးလေးသော အကုသိုလ်ကံများ၏ ဝဋ်ကြွေးများမှတော့ မလွတ်မြောက်နိုင်ကြပေ။ အတိတ်ဘဝများက မပြစ်မှားထိုက်သော ပုဂ္ဂိုလ်များကို ပြစ်မှားမိသည့် ကြီးလေးသော အကုသိုလ်ကံများကို ပြုလုပ်ခဲ့သောသူတို့သည် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ကြပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြ၍ အပါယ်ငရဲမှ လွတ်မြောက်နိုင်ကြပေသည်။ ငရဲမှအပ ဖြစ်ကြရပေသည်။

သို့ပါသော်လည်း ကြီးလေးသော မကောင်းမှုအကုသိုလ်ကံများ၏ မကောင်းကျိုးဖြစ်သည့် ဝဋ်ကြွေးများကို ခံကြရခြင်းမှတော့ မလွတ်မြောက်နိုင်ကြပေ။ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် မကောင်းမှုကံများ၏ ဝဋ်ကြွေးဒဏ်များကို ခံကြရမည်သာ ဖြစ်ပေသည်။ ဝဋ်ကြွေးကို ရှောင်လွှဲ၍မရ၊ ခံကြရမြဲသာ ဖြစ်ပေသည်။

## သောတာပန်လည်း ဝဋ်ခံမြဲ

သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့သည် ပါရမီနုစဉ်ဘဝက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ နန်းတွင်းသူအမျိုးသမီးများ ဖြစ်ကြပေသည်။ တစ်နေ့သ၌ မြစ်ဆိပ်သို့သွားရောက်ကာ ရေချိုးရေကစားကြပြီး ကမ်းပေါ်သို့ တက်လာသောအခါ ချမ်း၍ မြက်ချုံတစ်ချုံကို မီးရှို့ကာ မီးလှုံကြလေသည်။

မီးငြိမ်းသွားသောအခါ ပြာပုံထဲတွင် မင်းနန်းတော်၌ ကြွရောက်၍ ဆွမ်းဘုဉ်းပေးသော ပစ္စေကဗုဒ္ဓကို တွေ့မြင်ကြလေသည်။ မင်းကြီးသိ၍

http://www.dhammadownload.com



အပြစ်ဒဏ်ပေးမည်ကို ထိတ်လန့်သောကြောင့် ရှင်ပစ္စေကဗုဒ္ဓကို မီးလောင်ကျွမ်းစေ၍ ပျောက်ကွယ်သွားရအောင် အရှင်ပစ္စေကဗုဒ္ဓ၏ ကိုယ်ပေါ်၌ ထင်းများပုံ၍ ထပ်မံ၍ မီးရှို့ခဲ့ကြလေသည်။ ဤကဲ့သို့ နောက်ထပ်ထင်းများဖြင့် မီးရှို့ခဲ့ကြသော မကောင်းမှုကံများကြောင့် အနှစ်တစ်သိန်းကျော် ငရဲသို့ကျရောက်ကာ ငရဲဆင်းရဲကို ခံခဲ့ကြရပေသည်။ ငရဲမှလွတ်လာပြီးသောအခါမှာလည်း ဘဝတစ်ရာမက အိမ်မီးလောင်ရာတွင် ပါဝင်၍ မီးလောင်သေဆုံးခဲ့ကြရပေသည်။ မကောင်းမှုကံ၏ ဝဋ်ကြွေးကို ခံခဲ့ကြရပေသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါသို့ ရောက်လာသောအခါ ခုဇ္ဇုတ္တရာထံမှတစ်ဆင့် မြတ်စွာဘုရား၏ တရားတော်များကို နာကြားကြရသောကြောင့် သောတာပန်ဖြစ်သွားကြရပေသည်။ အပါယ်ငရဲဆင်းရဲမှ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။ သို့သော် အရှင်ပစ္စေကဗုဒ္ဓကို မီးရှို့ခဲ့ကြသော မကောင်းမှုကံများ၏ ဝဋ်ကြွေးများမှတော့ မလွတ်မြောက်နိုင်ကြပေ။ ခံကြရသည်သာ ဖြစ်ပေသည်။

တစ်နေ့သ၌ အပြိုင်ဖြစ်သူ ရန်သူ မာဂဏ္ဍီ၏ညွှန်ကြားချက်ဖြင့် မာဂဏ္ဍီ၏ဦးလေး ပုဏ္ဏားကြီးသည် သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့နေရာအိမ်(ပြာသာဒ်)ကို လောင်စာဆီများဖြင့် လာ၍သုတ်လေ၏။ သာမာဝတီနှင့်အပေါင်းအဖော်တို့က မေးကြရာတွင် မင်းကြီးက အိမ် (ပြာသာဒ်)များ ခိုင်ခံ့စေရန်အတွက် စေခိုင်း၍ သုတ်ပေးရခြင်း ဖြစ်ပေသည်ဟု ပြောဆိုလေ၏။ လောင်စာဆီများ သုတ်ပြီးသောအခါ သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့ နေထိုင်ကြသည့် တိုက်ခန်းကို သော့ခတ်ကာ အလုံပိတ်ပြီးမီးရှို့လိုက်လေ၏။ သာမာဝတီနှင့် အပေါင်းအဖော်ငါးရာတို့ မီးလောင်ကျွမ်း၍ သေဆုံးသွားကြရလေသည်။

သာမာဝတီနှင့် အပေါင်းအဖော်ငါးရာတို့သည် သောတာပန်ဖြစ်ကြသောကြောင့် ငရဲမှအပြီးတိုင် လွတ်မြောက်နေကြပေသည်။ ငရဲမှအပ ဖြစ်ကြရပေသည်။ သို့သော် ဝဋ်ကမပြီသောကြောင့် အရှင်ပစ္စေကဗုဒ္ဓကို မီးရှို့

http://www.dhammadownload.com



ခဲ့ကြသည့် ကြီးလေးသော အကုသိုလ်ကံများ၏ ဝဋ်ကြွေးများမှ မလွတ်ကြရပါဘဲ မီးလောင်တိုက်အသွင်းခံကြရခြင်းဝဋ်ကို ခံကြရပေသည်။

သို့ဖြစ်၍ "ငရဲမှအပ၊ ဝဋ်မှာအမြဲ"ဟု ဆိုရိုးပြုကြခြင်းပင် ဖြစ်ပေသည်။

## ရဟန္တာလည်း ဝဋ်ခံမြဲ

အရှင်မဟာမောဂ္ဂလာန်သည် ပါရမီနုစဉ်ဘဝက ဇနီးမယားဆိုး၏ စကားကြောင့် မျက်မမြင်မိဘနှစ်ပါးကို ဆွေမျိုးများထံ သွားမည်ဟု လှည်းပေါ်တင်၍ ခေါ်ဆောင်သွားလေသည်။ တောအုပ်ထဲရောက်သွားသောအခါ ခိုးသားဓားပြဟန်ဆောင်၍ မိဘနှစ်ပါးကို ကိုယ်တိုင်ရိုက်နှက်၍ သတ်ဖြတ်ခဲ့လေသည်။ ဤကဲ့သို့ မိဘနှစ်ပါးကို သတ်ခဲ့သော မကောင်းမှုကံများကြောင့် အနှစ်တစ်သိန်းကျော် ငရဲ၌ကျရောက်၍ ခံခဲ့ရပေသည်။

ငရဲမှလွတ်လာပြီးသောအခါ မိဘနှစ်ပါးကို သတ်ခဲ့သည့် ကြီးလေးသော မကောင်းမှုကံများ၏ ဝဋ်ကြွေးများကို ခံရပေသည်။ ဘဝတစ်ရာမက သူတစ်ပါးတို့ ညက်ညက်ကြေအောင် ရိုက်နှက်၍ သေခဲ့ရပေသည်။ တန်ခိုးအရာမှာ အမြတ်ဆုံးတေဒဂ်ရ ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝ၌ပင် မိဘနှစ်ပါးကိုသတ်ခဲ့သည့် ကြီးလေးသော မကောင်းမှုကံများ၏ ဝဋ်ကြွေးကို ခံရပေသည်။

အခါတစ်ပါး အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်အနီး ဣသိဂိလိတောင်၏နံပါး ကာလမည်သော ကျောက်ဖျာကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တိတ္ထိတို့သည် လာဘ်လာဘ၌ ဝန်တိုကြ၍ ခိုးသားငါးရာတို့ကို ငွေတစ်ထောင်ပေးကာ အရှင်မဟာမောဂ္ဂလာန်ကို သတ်ခိုင်းကြလေ၏။

ခိုးသားငါးရာတို့သည် အရှင်မဟာမောဂ္ဂလာန်ကိုသတ်ဖို့ရာ ကျောင်းကိုလာဝိုင်းထားကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် သော့ပေါက်မှထွက်၍ ကြွသွားတော်မူ၏။ ဒုတိယအကြိမ် လာဝိုင်းကြပြန်

http://www.dhammadownload.com



သောအခါ ခေါင်မိုးအထွတ်ကထွက်၍ ကောင်းကင်မှ ကြွသွားတော်မူ၏။ တတိယအကြိမ် လာဝိုင်းပြန်သောအခါ ပါရမီနုစဉ်ဘဝက မိဘာနှစ်ပါးကို သတ်ခဲ့သည့် မကောင်းမှုကံများ၏ ဝဋ်ကြွေးမှ မလွတ်နိုင်တော့ပြီဟု သိတော်မူသောကြောင့် အမိခံလိုက်လေ၏။

ခိုးသားငါးရာတို့သည် မထေရ်မြတ်၏ ခန္ဓာကိုယ်၌ အရိုးတို့ကို ဆန်ကွဲကဲ့သို့ မှုန့်မှုန့်ညက်ညက်ကြေအောင် ထုရိုက်သတ်ဖြတ်ကြလေ၏။ အရှင်မဟာမောဂ္ဂလာန်သည် ပါရမီနုစဉ်ဘဝက မိဘာနှစ်ပါးကို သတ်ခဲ့သည့် မကောင်းမှုအကုသိုလ်ကံများ၏ ဝဋ်ကြွေးကို ရှောင်ကွင်း၍မရ၊ ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝမှာပင် ခိုးသားငါးရာတို့၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံတော်မူခဲ့ရလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် အနှစ်တစ်သိန်းကျော်သောအခါ ငရဲမှလွတ်ခဲ့ရပေသည်။ ငရဲမှအပ ဖြစ်ခဲ့ရပေသည်။ သို့ပါသော်လည်း မိဘာနှစ်ပါးကို သတ်ခဲ့သည့် ဝဋ်ကြွေးကတော့ မလွတ်မြောက်နိုင်ပေ။ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်သည့်ဘဝတိုင်အောင် အသတ်ခံရခြင်းဝဋ်ကို ခံရပေသည်။

(အပဒါနဋ္ဌကထာ-နှာ-၂၇၁)

သို့ဖြစ်၍ "ငရဲမှအပ၊ ဝဋ်မှာအမြဲ"ဟု ဆိုရိုးပြုကြခြင်းပင် ဖြစ်ပေသည်။

သစ္စမ္မရံသိရိပ်သာဆရာတော်

http://www.dhammadownload.com

# သိကောင်းစရာ ကဆုန်လပြည့်နေ့အမှာ

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ အထူးအလေး ဂရုပြုကြရသောနေ့လည်း ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာနှင့်စပ်၍ အထူးသိ မှတ်ဖွယ်ကောင်းသောနေ့လည်း ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏ ထူးခြားသော မိန့်ခွန်းစကားများကို မိန့်ကြားတော်မူသောနေ့လည်း ဖြစ်ပေသည်။ ဖွား ဖက်တော်လည်းဖြစ် ဘုရားအဖြစ်သို့ရောက်တော်မူသည့် နေရာလည်းဖြစ် သော ဗောဓိပင်ကို ရေသွန်းလောင်းကြသောနေ့လည်း ဖြစ်ပေသည်။ သို့ ဖြစ်၍ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍ပင် ခေါ်ဆိုသင့်ပေသည်။

ကဆုန်လပြည့်နေ့ကို အထူးအလေးဂရုပြုကြရခြင်းမှာ ကဆုန်လ ပြည့်နေ့သည် ဗုဒ္ဓမြတ်စွာအလောင်းတော် ဘုရားဖြစ်ဖို့ရန် နိယတဗျာဒိတ် ခံယူသောနေ့လည်း ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာအလောင်းတော် ဖွားမြင် တော်မူသောနေ့လည်း ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ ရောက် တော်မူသောနေ့လည်း ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူ သောနေ့လည်း ဖြစ်ပေသည်။ သို့ဖြစ်၍ အထူးအလေးဂရုပြုကြရခြင်း ဖြစ် ပေသည်။

ဗုဒ္ဓမြတ်စွာနှင့်စပ်၍ အထူးသိဖွယ်ရာများမှာ ဗုဒ္ဓမြတ်စွာအလောင်း တော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ဝယ် ဒီပင်္ကရာမြတ်စွာ

http://www.dhammadownload.com



ဘုရားလက်ထက်တော်အခါ သုမေဓာရသေ့ဖြစ်စဉ်က ဝိပဿနာတရား အားထုတ်လိုက်ပါလျှင် နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားနိုင်ပေသည်။ နိဗ္ဗာန်ချမ်းသာကို ရယူနိုင်ပေသည်။ သို့ပါသော်လည်း ဘုရားဖြစ်နိုင်သော မိမိ၏ စွမ်းအင်သတ္တိကို မြင်သိတော်မူသောကြောင့် တစ်ယောက်တည်း နိဗ္ဗာန်ကို ရယူသွားခြင်းဖြင့် ဘာအကျိုးရှိနိုင်မှာလဲ၊ သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကယ်တင်သွားမည်ဟူသော မဟာကရုဏာတော်ဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ခံ၍ အသက်နှင့်ခန္ဓာ မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ကိုယ်ကျိုးစွန့်ခွာ၍ သူတစ်ပါးအကျိုးဆောင်ရာတွင် ဘုရားလောင်းထံမှ နည်းယူဖွယ်ကောင်းလှပါပေသည်။

မဟာသက္ကရာဇ် (၆၇)ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၌ ဗုဒ္ဓမြတ်စွာအလောင်းတော် ဖွားမြင်ရာတွင် ဖခင်သုဒ္ဓေါဒနမင်းကြီး၏ နေပြည်တော် ကပိလဝတ်မှ မိခင်မယ်တော်မာယာ၏ နေပြည်တော်ဒေဝဒဟပြည်သို့အသွား လမ်းခရီးအကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့ပါသည်။ အင်ကြင်းပင်၏အခက်ကို လက်ယာလက်ဖြင့် ဆွဲကိုင်၍ ရပ်လျက်ပင် ဖွားမြင်တော်မူခဲ့ပါသည်။

မဟာသက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဗုဒ္ဓမြတ်စွာ ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် ညဉ့်ဦးယံ၌ ဘဝပေါင်းများစွာကို ပြန်လည်သိစွမ်းနိုင်သည့် (ပုဗ္ဗေနိဝါသ)ဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။ သန်းခေါင်ယံတွင် (၃၁)ဘုံ၌ ဖြစ်ပျက်နေကြသော သတ္တဝါအားလုံးတို့ကို သိစွမ်းနိုင်သည့် (ဒိဗ္ဗစက္ခု)ဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။ မိုးသောက်ယံ၌ ကိလေသာအညစ်အကြေးဟူသမျှကို ပယ်စွမ်းနိုင်သည့် (အာသဝက္ခယ) ဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။ အရုဏ်တက်သောအချိန်၌ အလုံးစုံသော တရားဟူသမျှကို သိစွမ်းနိုင်သည့် (သဗ္ဗညုတ)ဉာဏ်ကို ရရှိတော်မူခဲ့ပါသည်။

http://www.dhammadownload.com



မဟာသက္ကရာဇ် (၁၄၈)ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မိုးသောက်ယံ၌ ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။ ထိုဥယျာဉ်၌ မလ္လမင်းတို့ ခင်းထိုင်လေ့ရှိသော ညောင်စောင်းရှိလေသည်။ ယင်းညောင်စောင်းကို မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်အတိုင်း အရှင်အာနန္ဒာက အင်ကြင်းပင်နှစ်ပင်တို့၏အကြား မြောက်ဘက်ကို ခေါင်းရင်းထား၍ ခင်းထားပေးပါသည်။ ထိုညောင်စောင်း၌ လဲလျောင်းကာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါသည်။

## အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံခြင်း အကြောင်းသုံးပါး

ဇေတဝန်ကျောင်းတော်၊ ဝေဠုဝန်ကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော်စသည့် ကျောင်းတော်တို့၌ ပရိနိဗ္ဗာန်မစံပါဘဲ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူရခြင်းအကြောင်းမှာ -

(၁) လူ့ပြည်၌ပင် ဘုရားလောင်း၏ နတ်စည်းစိမ်ခံစားခဲ့ရခြင်းကိုပြသော လူတို့အတွက် အကျိုးများမည့် မဟာသုဒဿနသုတ္တန်ကို ဟောကြားလိုသောကြောင့်လည်း ဖြစ်ပေသည်။

(၂) မြတ်စွာဘုရား၏ အဆုံးအမတော်ကို ခံယူရမှ ရဟန္တာဖြစ်နိုင်သော သုဘဒ္ဒပရိဗိုဇ်ကို တရားဟောကြားလိုသောကြောင့်လည်း ဖြစ်ပေသည်။

(၃) အခြားဌာနများ၌ ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ခိုက်ရန်ဖြစ်ကြပြီး သွေးချောင်းစီးအောင် သတ္တဝါတွေ သေကြေပျက်စီးကြရမည် ဖြစ်ပေသည်။ ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံသည်ရှိသော် ဒေါနပုဏ္ဏားက ခိုက်ရန်မဖြစ်အောင် ဓာတ်တော်များကို သင့်လျော်စွာ ဝေဖန်ပေးလိမ့်မည်ဟု မြင်တော်မူသောကြောင့်လည်း ဖြစ်ပေသည်။

http://www.dhammadownload.com



ဤအကြောင်းသုံးပါးကြောင့် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခြင်း ဖြစ်ပေသည်။

ကဆုန်လပြည့်နေ့များတွင် ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူခဲ့သော စကားတော်များမှာ -

(၁) ဖွားမြင်တော်မူသောနေ့၌ မိန့်ကြားတော်မူသော စကားတော်၊
(၂) ဘုရားဖြစ်တော်မူသောနေ့၌ မိန့်ကြားတော်မူသော စကားတော်၊
(၃) ပရိနိဗ္ဗာန်မစံမီ (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော စကားတော်၊
(၄) ပရိနိဗ္ဗာန်စံဝင်ခါနီးမှာ မှာကြားတော်မူခဲ့သော စကားတော်များ ဟူ၍ (၄)မျိုးရှိပေသည်။ အလွန်ပင် အံ့ဩဖွယ်ရာ၊ လိုက်နာဖွယ်ရာ စကားတော်များ ဖြစ်ပါပေသည်။

၁။ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ဖွားမြင်ပြီးစ ထိုခဏ၌ပင် မြောက်အရပ်သို့ (၇)လှမ်းသွား၍ မည်သူတစ်ဦးတစ်ယောက်မျှ မပြောဝံ့၊ မပြောနိုင်သော အလွန်အံ့ဩဖွယ်ရာ စကားတော်များကို ပြောကြားတော်မူခဲ့ပါသည်။

(က) အဂ္ဂေါဟမသ္မိ = တစ်လောကလုံးတွင် မိမိသာ အမြတ်ဆုံး ဖြစ်ပေသည်။
(ခ) ဇေဋ္ဌောဟမသ္မိ = တစ်လောကလုံးတွင် မိမိသာ အကြီးဆုံး ဖြစ်ပေသည်။
(ဂ) သေဋ္ဌောဟမသ္မိ = တစ်လောကလုံးတွင် မိမိသာ အချီးမွမ်းအပ်ဆုံး ဖြစ်ပေသည်။
(ဃ) အယမန္တိမာ ဇာတိ = ဤယခုဘဝ ပဋိသန္ဓေနေရခြင်းသည် မိမိအတွက် နောက်ဆုံး ပဋိသန္ဓေနေရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



(င) နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = ယခုအခါ မိမိအတွက် နောက်တစ်ဖန် ဘဝသစ်ဖြစ်ရန် မရှိတော့ပြီဟူသော ဤစကားငါးခွန်းကို ဖွားမြင်ပြီးစ ထိုခဏ၌ပင် လျှင် အံ့သြဖွယ်ရာ ပြောကြားခဲ့ပါသည်။

ဖွားမြင်ခါစ သုံးဘဝ စကားပြောခြင်း -

(က) ဗုဒ္ဓမြတ်စွာအလောင်းတော်သည် မဟောသဓာဖြစ်စဉ်ဘဝက မယ်တော်ဝမ်းမှ ဖွားမြင်ခါနီးတွင် သိကြားမင်းက ဘုရားလောင်း၏လက်၌ စန္ဒကူးနံ့သာနှစ်တုံးကို လာ၍ထားပေးသောကြောင့် ဘုရားလောင်းသည် စန္ဒကူးနံ့သာနှစ်တုံးကို ဆုပ်ကိုင်၍ ဖွားမြင်လာ၏။ မယ်တော်က မြင်၍ "သား ... ဘာယူလာခဲ့သနည်း"ဟုမေး၏။ "အို-မိခင်၊ ဆေးကိုယူလာပါသည်"ဟု ဖွားမြင်ပြီးစ ထိုခဏ၌ပင် ပြောကြားလေသည်။

(ခ) ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ဝေဿန္တရာဖြစ်စဉ်ဘဝကလည်း မယ်တော်ဝမ်းမှ ဖွားမြင်ခါစ ထိုခဏ၌ပင် လက်ယာလက်ကိုဖြန့်၍ "မယ်တော် ... မယ်တော်၏နန်းတော်၌ တစ်စုံတစ်ခုသောပစ္စည်းဥစ္စာ ရှိပါသလော၊ အလှူဒါနပြုပါအံ့"ဟု ဖွားမြင်ပြီးစ ထိုခဏ၌ပင် ပြောကြားလေသည်။

(ဂ) မြတ်စွာဘုရားအလောင်းတော်သည် ယခု နောက်ဆုံး သိဒ္ဓတ္ထမင်းသားဖြစ်သည့် ဘဝမှာလည်း ဖွားမြင်ပြီးစ ထိုခဏ၌ အဂ္ဂေါဟမသ္မိ = တစ်လောကလုံးတွင် "မိမိသာ အမြတ်ဆုံးဖြစ်သည်" စသည်ဖြင့် အံ့သြဖွယ် စကားငါးခွန်းကို ပြောကြားတော်မူလေသည်။

၂။ ဗုဒ္ဓမြတ်စွာ ဘုရားဖြစ်တော်မူသောနေ့၌ မိန့်ကြားတော်မူခဲ့သော စကားတော်များမှာ -

http://www.dhammadownload.com



(က) အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသော တဏှာ ယောက်ျား လက်သမားကိုမြင်နိုင်သော အသိဉာဏ်ပညာကို မရခဲ့သောကြောင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည် ခဲ့ရပေသည်။

(ခ) ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်လာသော တဏှာ ယောက်ျား လက်သမားကို ရှာဖွေခဲ့သောငါသည် အဖန်ဖန် အထပ်ထပ် ပဋိသန္ဓေနေခဲ့ရ၍ ဆင်းရဲလှပေသည်။

(ဂ) ဂဟာကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
ယခုအခါ ငါဘုရားဖြစ်လာ၍ တဏှာယောက်ျား လက်သမား ကိုမြင်ရပြီ၊ နောက်တစ်ဖန် ခန္ဓာအိမ်ကို သင်မပြုရတော့အံ့။

(ဃ) သဗ္ဗာ တေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
တဏှာယောက်ျား လက်သမား၏ ကိလေသာ အခြင် နိုင်းမြား အဆောက်အအုံများကို ဖျက်ဆီးလိုက်ပြီ၊ အဝိဇ္ဇာတည်းဟူ သော အိမ်အထွတ်ကိုလည်း ဖျက်ဆီးလိုက်ပြီ။

(င) ဝိသင်္ခါရံ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။
ငါ၏စိတ်သည် သင်္ခါရတို့၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာ ၏ကုန်ရာ အရဟတ္တဖိုလ်ကို ငါရထားပြီဟု ပီတိအဟုန် ကြောင့်ဖြစ်သော ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်သော စကားကို မိန့်ကြားတော်မူပါသည်။ ယခုခေတ်အခါ ရုပ်ပွား တော်စေတီတော်များကို အနေကဇာတင်သော စကားတော် များ ဖြစ်ပေသည်။

၃။ ပရိနိဗ္ဗာန်မစံမီ (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော စကား တော်များမှာ -

(က) ဝိနည်းတရားစကားတော်၊
(ခ) သုတ္တန်တရားစကားတော်၊

http://www.dhammadownload.com



(ဂ) အဘိဓမ္မာတရားစကားတော်ဟူ၍ သုံးမျိုးဟောကြားတော်မူခဲ့ပါသည်။

(က) ဝိနည်းတရားစကားတော်ဟူသည် ရဟန်းတော် သံဃာတော်များ ကိုယ်နှုတ်တို့၌ဖြစ်သော လွန်ကျူးဖွယ်များကို မလွန်ကျူးမိအောင် အထူးအထူးအပြားပြားသော နည်းဥပဒေတို့ဖြင့် ဆုံးမတော်မူသော တရားစကားတော်များ ဖြစ်ပေသည်။ မြတ်စွာဘုရား၏ အာဏာတော်ဖြင့် ပညတ်ထားသော ဥပဒေတော်ကြီးပင် ဖြစ်ပေသည်။

(ခ) သုတ္တန်တရားစကားတော်ဟူသည် သင်ယူနာကြားသူတို့၏ လောကီချမ်းသာအကျိုး လောကုတ္တရာချမ်းသာအကျိုးတို့ကို ပြတတ် ဆောင်ပေးတတ်သောစကားတော် ဖြစ်ပေသည်။ ပါရမီအနုအရင့် ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အလိုများနှင့် လျော်ညီစွာ လိုက်နာကျင့်ကြံ အားထုတ်နိုင်အောင် ဟောကြားတော်မူအပ်သော တရားစကားတော် ဖြစ်ပေသည်။

(ဂ) အဘိဓမ္မာတရားစကားတော်ဟူသည် သုတ္တန်တရားစကားတော်များထက် အကျယ်ချဲ့ကာ ဝေဖန်လျက် ထူးကဲလွန်မြတ်စွာ ဟောကြားတော်မူသော စကားတော် ဖြစ်ပေသည်။ အဘယ်ပုဂ္ဂိုလ်၏ အလိုသို့မျှမလိုက်၊ မငဲ့ပါဘဲ အမှန်ဆုံးသောတရားများကို ဓမ္မဓိဋ္ဌာန်ကျကျ ဟောကြားတော်မူသောစကားတော် ဖြစ်ပေသည်။

ပရိနိဗ္ဗာန်မစံမီ (၄၅)ဝါပတ်လုံး ဟောကြားတော်မူအပ်သော တရားတော် စကားတော်တို့သည် အကျဉ်းချုပ်အားဖြင့် ဆင်းရဲခြင်း၊ ဆင်းရဲခြင်း၏အကြောင်း၊ ချမ်းသာခြင်း၊ ချမ်းသာခြင်း၏အကြောင်းဟူသော သစ္စာလေးပါးကိုသိစေရန် အကျယ်ချဲ့ကာ ဟောကြားတော်မူခဲ့သော တရားတော် စကားတော်များ ဖြစ်ပေသည်။

http://www.dhammadownload.com



၄။ ပရိနိဗ္ဗာန်စံဝင်ခါနီးမှာ နောက်ဆုံး မှာကြားတော်မူသော တရားတော်မှာ -

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထဟူသော စကားတော်ဖြစ်ပေသည်။ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကြကုန်၏။ ထို့ကြောင့် မမေ့လျော့သော သတိတရားတို့ဖြင့် ပျက်စီးခြင်းသဘောမရှိသော နိဗ္ဗာန်သို့ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ပြည့်စုံအောင် အားထုတ်ကြလော့ဟူသော စကားတော်ပင် ဖြစ်ပေသည်။

"မမေ့ကြနဲ့၊ ပြည့်စုံအောင်အားထုတ်ကြ"ဟူသော မြတ်စွာဘုရား၏ ဤအမှာစကားတော်သည် ဝေနေယျပုဂ္ဂိုလ်သတ္တဝါတို့အပေါ်၌ အလွန်သနားခြင်း မဟာကရုဏာတော်ဖြင့် နောက်ဆုံး မှာကြားခဲ့သော စကားတော် ဖြစ်ပေသည်။ (၄၅)ဝါပတ်လုံးပေးခဲ့သော ဆုံးမဩဝါဒအားလုံး ပါဝင်သည့် အမှာစကားတော် ဖြစ်ပေသည်။

မြတ်စွာဘုရားသည် အလောင်းတော်ဖြစ်စဉ်က လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အသက်နှင့်ခန္ဓာကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်းသည် ဝေနေယျပုဂ္ဂိုလ်သတ္တဝါတို့မှာ ဒါန၊ သီလ၊ သမထကာသိုလ်များကို ပြုလုပ်အားထုတ်ပြီး လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ၊ ဗြဟ္မာ့စည်းစိမ်ချမ်းသာတို့ကို ခံစားစံစားဖို့အတွက် အသက်နှင့်ခန္ဓာကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်း မဟုတ်ပေ။

တစ်လောကလုံး၌ရှိနေကြသော ဝေနေယျပုဂ္ဂိုလ်သတ္တဝါတွေ အပါယ်သံသရာမှစ၍ အလုံးစုံသော သံသရာဝဋ်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်အောင် ကယ်တင်သွားဖို့ရာသာ ရည်ရွယ်၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အသက်နှင့်ခန္ဓာကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



သို့ဖြစ်၍ "မမေ့ကြနဲ့ ပြည့်စုံအောင်အားထုတ်ကြ" ဟူသော စကားတော်၏ မှာတော်မူလိုရင်းအဓိပ္ပါယ်မှာ "နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို အားထုတ်ဖို့ရာ မမေ့ကြနဲ့ ပြည့်စုံအောင် အားထုတ်ကြ" ဟု မှာတော်မူလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

http://www.dhammadownload.com

# ပုထုဇဉ်သောတာပန် ထူးခြားပာန်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါးသို့ ကျရောက်ရမှာ အလွန်ပင် ကြောက်ရွံ့ကြပေသည်။ အပါယ်လေးပါးသို့ မကျရောက်အောင် ကောင်းမှုကုသိုလ်အမျိုးမျိုးတို့ကို ပြုလုပ်ကြရပေသည်။ ပုထုဇဉ်ဘဝ၌ ပြုလုပ်ကြသော ဒါန၊ သီလ၊ သမထ ကောင်းမှုကုသိုလ်တို့ဖြင့် အပါယ်လေးပါးမှ အပြီးတိုင် မလွတ်မြောက်နိုင်ကြပေ။ သောတာပန်ဖြစ်မှသာ အပါယ်လေးပါးမှ အပြီးတိုင် လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။ သောတာပန်ဖြစ်ဖို့ရာမှာလည်း ဒါန၊ သီလ၊ သမထ ကောင်းမှုကုသိုလ်မျှဖြင့် သောတာပန်မဖြစ်နိုင်ကြပေ။ ဝိပဿနာတရားအားထုတ်မှသာ သောတာပန် ဖြစ်နိုင်ကြပေသည်။

သို့ဖြစ်၍ အပါယ်လေးပါးမှ လွတ်မြောက်လိုကြသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ကြရပေသည်။ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါက သောတာပန်ဖြစ်နိုင်ကြပေသည်။ သောတာပန်ဖြစ်သွားသောအခါ အစမထင် သံသရာတစ်ခွင် အတိတ်ဘဝပေါင်းများစွာက မိမိတို့ မိုက်ခဲ့ ဆိုးခဲ့ ပြုလုပ်ခဲ့၍ အပါယ်လေးပါးသို့ ကျရောက်စေနိုင်သည့် ကံဆိုးကံပေါင်းများကို သောတာပတ္တိမဂ်ဉာဏ်က အကုန်ဖျက်ဆီးပယ်သတ်လိုက်ပေသည်။ အပါယ်လေးပါး အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။

http://www.dhammadownload.com



အပါယ်လေးပါး အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်ကြရသည်မှာ (၆)ပါးသောတရားတို့ကို ပယ်သတ်နိုင်သောကြောင့် ဖြစ်ပေသည်။ သောတာပန်ပုဂ္ဂိုလ်တို့ ပယ်အပ်ပြီးသော တရားများမှာ -

၁။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ငါဟုစွဲယူထားသော ဒိဋ္ဌိသံယောဇဉ်၊
၂။ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး စသည်တို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာသံယောဇဉ်၊
၃။ မဂ္ဂင်မပါသောအကျင့်၊ တိရစ္ဆာန်များ၏အကျင့်တို့ဖြင့် နိဗ္ဗာန်ချမ်းသာသို့ရောက်နိုင်သည်ဟု စွဲယူထားသော သီလဗ္ဗတပရာမာသ သံယောဇဉ်၊
၄။ အပါယ်သို့ကျရောက်စေတတ်သော လောဘကြမ်း၊
၅။ အပါယ်သို့ကျရောက်စေတတ်သော ဒေါသကြမ်း၊
၆။ အပါယ်သို့ကျရောက်စေတတ်သော မောဟကြမ်းဟူသော ဤတရား(၆)ပါးတို့ကို ပယ်သတ်ထားပြီးဖြစ်သောကြောင့် အပါယ်လေးပါး အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်ကြရခြင်း ဖြစ်ပေသည်။ **(အံ-၂/၃၂၈)**

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်မှတစ်ပါး အသက်လိပ်ပြာငါကောင်မရှိဟု ဆိုခြားသော်လည်း မိရိုးဖလာအနေဖြင့်လည်း အသက်လိပ်ပြာငါကောင်ရှိနေသည်ဟု ထင်မြင်ယူဆလျက်ရှိကြပေသည်။ အဟောအပြောကောင်းသူတို့က အသက်လိပ်ပြာငါကောင်ရှိသည့်အကြောင်း ဟောပြောလိုက်သောအခါ အသက်လိပ်ပြာငါကောင်ရှိသည်ဟု ယုံကြည်သွားတတ်ကြပေသည်။ ဘုရား၊ တရား၊ သံဃာတို့အပေါ်၌လည်း တစ်ခါတစ်ရံ ယုံမှားသံသယ ဖြစ်နေတတ်ကြပေသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံများ၏ အကျိုးပေးများ၌လည်း ယုံမှားသံသယ ဖြစ်နေတတ်ကြပေသည်။ အဟောအပြောကောင်းသူများက မဂ္ဂင်မပါသောအကျင့်၊ တိရစ္ဆာန်များ၏အကျင့်တို့ဖြင့် နိဗ္ဗာန်ချမ်းသာသို့ရောက်နိုင်သည်ဟု ဟောပြောလိုက်သောအခါ ယုံကြည်သွားတတ်ကြပေသည်။

http://www.dhammadownload.com



လူ့ဘောင်လူ့လောကဌ်နေကြသော သောတာပန်ပုဂ္ဂိုလ်တို့သည် ပုထုဇဉ်တို့ကဲ့သို့ပင် နေထိုင်လျက်ရှိကြပေသည်။ ဇနီးမယား လင်ယောကျာ်း သားသမီးများဖြင့် ပျော်မွေ့ကာ နေထိုင်လျက်ပင်ရှိကြပေသည်။ သို့သော် သောတာပန်ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်မှတစ်ပါး အသက်လိပ်ပြာငါကောင် မရှိဟု ခိုင်မြဲစွာသိမြင်လျက်ရှိကြပေသည်။ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏ အကျိုး စသည်တို့၌ ယုံမှားသံသယမရှိ၊ အသက်နှင့်လဲ၍ အကြွင်းမဲ့ ယုံကြည်လျက်ရှိကြပေသည်။ မဂ္ဂင်မပါသောအကျင့်၊ တိရစ္ဆာန်များ၏အကျင့် တို့ဖြင့် ဘယ်သောအခါမှ နိဗ္ဗာန်ချမ်းသာသို့ မရောက်နိုင်၊ မဂ္ဂင်ပါသော သတိပဋ္ဌာန်အကျင့်ဖြင့်သာ နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟူသော အယူကောင်း အယူမှန်၌ ခိုင်မြဲစွာတည်လျက်ရှိကြပေသည်။ ပုထုဇဉ်ပုဂ္ဂိုလ်များနှင့် မတူကြပေ၊ ထူးခြားလျက်ရှိကြပေသည်။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အပါယ်လေးပါးသို့ ကျရောက်စေတတ်သော လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းတို့ကို မပယ်သတ်ရသေးသော ကြောင့် သူ့အသက်ကိုသတ်ဖို့ရာ၊ လိမ်ပြောဖို့ရာ၊ အရက်သေစာများ သောက်စားဖို့ရာ ကြုံလာသောအခါ၌ ခိုးယူသော်လည်း သူတစ်ပါးတို့ မမြင်နိုင် မသိနိုင် အရေးမယူနိုင်သော တန်ဖိုးရှိသည့် ပစ္စည်းများကို ခိုးယူဖို့ရာ၊ ဖျက်ဆီးလွန်ကျူးသော်လည်း သူတစ်ပါးတို့ မသိနိုင် အရေးမယူနိုင်သော အလွန်နှစ်သက်ဖွယ်ကောင်းသည့် သူတစ်ပါးသားသမီး သားမယားတို့ကို လွန်ကျူးဖို့ရာ ကြုံလာသောအခါတို့၌ မလွန်ကျူးမိအောင် အလွန်ပင် ဆင်ခြင်ကြရပေသည်။ မဆင်ခြင်နိုင်လျှင် လွန်ကျူးမိတတ်ကြပေသည်။

## ပုထုဇဉ်ဘဝ ဆင်ခြင်ရ

မိမိကဲ့သို့သော မျိုးရိုးဇာတိအားဖြင့် မြင့်မြတ်သူ၊ အသက်အရွယ်အားဖြင့် ကြီးရင့်သူ၊ စိတ်ကောင်းစိတ်မြတ်ရှိ၍ ရဲရင့်သူ၊ အကြားအမြင် ဗဟုသုတရှိသူဖြစ်လျက် သူ့အသက်ကိုသတ်နေပါက၊ သူတစ်ပါးပစ္စည်းကို ခိုးယူနေပါက၊ သူတစ်ပါးသားသမီး သားမယားတို့ကို ဖျက်ဆီးနေပါက၊ လိမ်ပြောနေပါက၊ ရိုင်းပြသောကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ဖြစ်စေ

http://www.dhammadownload.com



တတ်သော အရက်သေစာများကို သောက်စားနေပါက မသင့်တော်ပေ၊ ရှက်စရာကောင်းလှပေသည်ဟု အလွန်ပင် ဆင်ခြင်ကြရပေသည်။ မဆင်ခြင်နိုင်လျှင် လွန်ကျူးမိတတ်ကြပေသည်။ လွန်ကျူးမိသောကြောင့် အပါယ်လေးပါးသို့ ကျရောက်ကြရပေသည်။ ဤဘဝမှာ မလွန်ကျူးမိကြသော်လည်း နောက်နောင်ဘဝများ၌ လွန်ကျူးမိတတ်ကြကုန်၏။ သို့ဖြစ်၍ အပါယ်လေးပါး အပါယ်သံသရာမှ အပြီးတိုင် မလွတ်မြောက်နိုင်ကြပေ။ အပါယ်လေးပါးသို့ ကျရောက်ကြရဦးမည်သာ ဖြစ်ပေသည်။

## သောတာပန်ဘဝ မဆင်ခြင်ရ

သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်တို့သည် အပါယ်လေးပါးသို့ ကျရောက်စေတတ်သော လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းတို့ကို သောတာပတ္တိမဂ်ဉာဏ်က အပြီးတိုင် ပယ်သတ်လိုက်ပြီးသောကြောင့် သူ့အသက်ကို သတ်ဖို့ရာ၊ သူတစ်ပါးပစ္စည်းကို ခိုးယူဖို့ရာ၊ သူတစ်ပါးသားသမီး သားမယားတို့ကို ဖျက်ဆီးဖို့ရာ၊ အရက်သေစာများကို သောက်စားဖို့ရာ ကြုံလာသောအခါ မလွန်ကျူးမိအောင် အထူးမဆင်ခြင်ရတော့ပေ။ အလိုလိုပင် ရှောင်ကြဉ်ပြီး ဖြစ်နေကြပေသည်။ နောက်နောင်ဘဝများသို့ ရောက်သွားသောအခါမှာလည်း လွန်ကျူးလိုသောစိတ်များ ဖြစ်မလာနိုင်ကြတော့ပေ။ ရှောင်ကြဉ်နိုင်လျက်ပင် ရှိကြပေသည်။ သို့ဖြစ်၍ အပါယ်တံခါးပိတ်၍ အပါယ်လေးပါး အပါယ်သံသရာမှ အပြီးတိုင် လွတ်မြောက်ကြရပေသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက သောတာပန်ဖြစ်သွားပြီးသောအခါမှာ သူ့အသက်ကိုမသတ်နိုင်၊ သူ့ပစ္စည်းကိုမခိုးနိုင်၊ သူတစ်ပါးသားသမီး သားမယားကို မဖျက်ဆီးနိုင်၊ လိမ်ညာ၍မပြောနိုင်၊ အရက်သေစာ မသောက်စားနိုင်သော ပုဂ္ဂိုလ်များ အထင်အရှား ရှိခဲ့ကြပေသည်။

အခါတစ်ပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရား၏ ပန်းအဝယ်တော်ကျွန်မဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း ပန်းဝယ်ကာ သာမာဝတီမိဖုရားကို

http://www.dhammadownload.com



ပန်းဆက်သရလေ၏။ ဥတေနမင်းကြီးသည် သာမာဝတီအား နေ့စဉ်နေ့တိုင်း ပန်းဖိုးငွေရှစ်ကျပ်ပေးလေ၏။ သာမာဝတီက ခုဇ္ဇုတ္တရာအား ငွေရှစ်ကျပ်ပေး၍ ပန်းဝယ်ခိုင်းလေ၏။

ခုဇ္ဇုတ္တရာသည် ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ ငွေလေးကျပ်ကို ခိုးယူထားပြီး ငွေလေးကျပ်ဖြင့် ပန်းဝယ်လေ၏။ ဝယ်ပြီးသောပန်းများကို သာမာဝတီမိဖုရားထံ သွားရောက်ဆက်သရာ၌ "ရှစ်ကျပ်ဖိုးပန်းများ ဖြစ်ပါသည်"ဟုဆိုကာ နေ့စဉ်နေ့တိုင်း ဆက်သခဲ့ပေသည်။

တစ်နေ့သ၌ ခုဇ္ဇုတ္တရာပန်းဝယ်နေကျ သုမနပန်းသည်အိမ်၌ မြတ်စွာဘုရားကို နောက်လိုက်သံဃာတော်များနှင့်တကွ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကြပေသည်။ ထိုဆွမ်းကျွေးပွဲ၌ ခုဇ္ဇုတ္တရာကို တရားနာဖိတ်ခေါ်သဖြင့် ခုဇ္ဇုတ္တရာသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာကြားရသောကြောင့် သောတာပန်ဖြစ်သွားလေ၏။

သောတာပန်ဖြစ်သွားပြီးသောအခါ ငွေရှစ်ကျပ်လုံးဖြင့် ပန်းဝယ်ပြီးမှ သာမာဝတီထံသွားရောက်၍ ဆက်သလေသည်။ သာမာဝတီက "ဒီနေ့ ပန်းတွေများလှပေသည်။ ဥတေနမင်းကြီးက ပန်းဖိုးငွေရှစ်ကျပ် ထပ်မံပေးလိုက်လား"ဟု မေးလေသည်။ "မဟုတ်ပါ။ ဒီနေ့ဝယ်ခဲ့သည်မှာ ရှစ်ကျပ်ဖိုးပင်ဖြစ်ပါသည်။ နေ့စဉ်နေ့တိုင်းတော့ ငွေလေးကျပ်ကို ကျွန်ုပ်ယူလိုက်ပါသည်။ လေးကျပ်ဖြင့်သာ ပန်းဝယ်၍ ဆက်သနေခြင်း ဖြစ်ပါသည်"ဟု အမှန်အတိုင်း ခုဇ္ဇုတ္တရာက ပြောကြားလေသည်။

ခုဇ္ဇုတ္တရာသည် ပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်စဉ်က နေ့စဉ်နေ့တိုင်း ငွေလေးကျပ်ကို ခိုးယူခဲ့ပေသည်။ ငွေလေးကျပ်ဖြင့်သာ ပန်းဝယ်၍ သာမာဝတီမိဖုရားထံသွားရောက်၍ ဆက်သသောအခါ "ရှစ်ကျပ်ဖိုးပန်းများ ဖြစ်ပါသည်" ဟု လိမ်ပြောခဲ့လေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားတရားတော်ကို နာကြားရ၍ သောတာပန်ဖြစ်ပြီးသော အခါ သောတာပတ္တိမဂ်ဉာဏ်က အပါယ်လေးပါးသို့ ကျရောက်စေနိုင်သည့် လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်းတို့ကို အပြီးတိုင် ပယ်သတ် လိုက်သောကြောင့် မခိုးနိုင်၊ မလိမ်နိုင်တော့ပါဘဲ အမှန်အတိုင်း သာမာ ဝတီထံ၌ ပြောပြနိုင်ခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ ပုထုဇဉ်နှင့် သောတာပန် တို့သည် မတူ ထူးခြားကွဲပြားကြပေသည်။

သစ္စမ္ဗုဓ်ရုံးသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ကောင်းခြင်းလေးသွယ် ရယူဖွယ်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် အားလုံးသော လူ့ဘဝသို့ ရောက်ရှိနေကြသော ပုဂ္ဂိုလ်တို့သည် သက်ရှိသက်မဲ့ ကောင်းတာများနှင့်သာ တွေ့လိုကြပေသည်။ ကောင်းတာများကိုသာ ရယူလိုကြပေသည်။ ယင်းကဲ့သို့ ကောင်းတာများနှင့်သာ တွေ့လိုကြ၊ ကောင်းတာများကိုသာ ရယူလိုကြသောပုဂ္ဂိုလ်တို့သည် ကောင်းသောတရားများကို လိုက်နာကျင့်ကြံကြရပေသည်။ သို့ဖြစ်၍ ယခုမျက်မှောက်ဘဝမှစ၍ နောင်နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ကောင်းတာများနှင့် တွေ့ဖို့ရာ၊ ကောင်းတာများကို ရယူနိုင်ဖို့ရာ ကောင်းခြင်းတရားလေးပါးကို နတ်သားတစ်ယောက် လျှောက်ထား၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ ကိုယ်နှုတ်ကို စောင့်ထိန်းရခြင်း သီလတရား။
၂။ ယုံကြည်ခြင်း သဒ္ဓါတရား။
၃။ အရာရာမှာ သိတတ်သော ပညာတရား။
၄။ ကောင်းမှုကုသိုလ်ဟူသော ပုညတရားဟူ၍ လေးပါး ဟောကြားတော်မူခဲ့ပါသည်။

ဟောကြားတော်မူပုံမှာ -

၁။ "သီလသည် ယော်ရွယ်သည်မှ အိုမင်းသည့်တိုင်အောင် ကျင့်ဖို့ရာ ကောင်းတဲ့တရားဖြစ်သည်"ဟု ဟောကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယား သားသမီးကို ဖျက်ဆီးခြင်း၊ အရက်သေစာ သောက်စားခြင်း စသည်ဖြင့် သီလပျက်သူ၊ သီလမရှိသောသူတို့သည် ဤဘဝအတွက်လည်း အပြစ်ဒဏ်များခံရ တတ်၍ မကောင်း၊ နောင်ဘဝအတွက်လည်း အပါယ်ငရဲသို့ ကျရောက်တတ်၍ မကောင်းဖြစ်ကြရပေသည်။

သီလပျက်သူ၊ သီလမရှိသောသူတို့သည် -

၁။ ပစ္စည်းဥစ္စာ ရှာဖွေသောအခါ ရခဲရှားပါးခြင်း၊
၂။ မကောင်းသော ဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း၊
၃။ ပရိသတ်အမျိုးမျိုးသို့ ဝင်ရောက်ရာတွင် မျက်နှာငယ်စွာဖြင့် ဝင်ရခြင်း၊
၄။ ကွယ်လွန်ခါနီးတွင် မကောင်းသော အာရုံနိမိတ်များ ထင်မြင်၍ တွေ့တွေ့ဝေဝေကွယ်လွန်ရခြင်း၊
၅။ ကွယ်လွန်ပြီးသော နောက်ကာလ၌ အပါယ်ငရဲသို့ ကျရောက်ရခြင်းဟူသော မကောင်းသည့် အကျိုးအပြစ် ငါးမျိုးကို ရရှိကြပေသည်။ သို့ဖြစ်၍ သီလမရှိသောသူတို့သည် ယခုဘဝလည်း မကောင်း၊ နောင်ဘဝလည်း မကောင်းဖြစ်ကြရပေသည်။

အဝတ်အထည် အမျိုးမျိုးတို့ကို ဝတ်ဆင်သောသူတို့သည် အရွယ် သုံးပါးနှင့် သင့်တော်အောင် ဝတ်ဆင်ကြရသကဲ့သို့ သီလကိုစောင့်ထိန်း ဝတ်ဆင်ရသည်မဟုတ်၊ အရွယ်မရွေး သီလအဝတ်ကို ဝတ်ဆင်စောင့် ထိန်းကြရပေသည်။

သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း စသည်ဖြင့် သီလကိုစောင့် ထိန်း ဝတ်ဆင်သောသူတို့သည် ငယ်ရွယ်သူများလည်း ဤဘဝ၊ နောင် ဘဝအတွက် ကောင်းကြပေသည်။ လူရွယ် လူလတ်များသည်လည်း ဤ ဘဝ၊ နောင်ဘဝအတွက် ကောင်းကြပေသည်။

http://www.dhammadownload.com



အသက်အရွယ်ကြီးသူများလည်း ဤဘဝ၊ နောင်ဘဝအတွက် ကောင်းကြပေသည်။ အရွယ်သုံးပါးလုံးကောင်းပါသည်။ မိမိအတွက်လည်း အပြစ်ကင်း၍ ကောင်းပေသည်။ သူတစ်ပါးအတွက်လည်း နှောင့်ယှက်ခြင်း ကင်း၍ ကောင်းပေသည်။

သီလစောင့်ထိန်းသူ၊ သီလရှိသောသူတို့သည် -

၁။ ပစ္စည်းဥစ္စာ ရှာဖွေသောအခါ ရလွယ်ပေါ်များခြင်း။
၂။ ကောင်းသောဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း။
၃။ ပရိသတ်အမျိုးမျိုးသို့ ဝင်ရောက်ရာတွင် မျက်နှာမငယ်၊ ရှင်လန်း ဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း။
၄။ ကွယ်လွန်ခါနီးတွင် ကောင်းသောအာရုံနိမိတ်များ ထင်မြင်၍ မတွေမဝေ ကွယ်လွန်ရခြင်း။
၅။ ကွယ်လွန်ပြီးသော နောက်ကာလ၌ နတ်ပြည်သို့ ရောက်ရခြင်း ဟူသော ကောင်းသောအကျိုးငါးမျိုးကို ရရှိကြပေသည်။ သို့ဖြစ်၍ ငယ်ရွယ်သည့်မှစ၍ အိုမင်းသည့်တိုင်အောင် ကောင်းသော တရားသည် သီလတရား ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ ငယ်ရွယ်သည့်မှ၊ အိုမင်းကျလာ၊ ကျင့်ဖို့ရာ၊ ကောင်းတာသီလတည်း။**

၂။ ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်ခြင်း သဒ္ဓါတရားသည် မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာ ကောင်းတဲ့တရားဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

ဘုရား၊ တရား၊ သံဃာ၊ ကံနှင့်ကံ၏အကျိုးတို့ကို မယုံကြည်သော သူတို့သည် အလှူဒါနလည်း မပေးလှူနိုင်၊ သီလလည်း မဆောက်တည်နိုင်၊ ဘာဝနာတရားလည်း အားမထုတ်နိုင်သောကြောင့် ကုသိုလ်တရားဖြစ်တာ နည်းကြမည် ဖြစ်ပေသည်။ အကုသိုလ်ဖြစ်တာ များကြမည် ဖြစ်ပေ

http://www.dhammadownload.com



သည်။ အကုသိုလ်ဖြစ်တာ များသောသူတို့သည် ဤဘဝ နောင်ဘဝများ၌ ချမ်းသာသုခနည်း၍ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့်သာ တွေ့ကြရမည် ဖြစ်ပေသည်။

ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုးတို့ကို ယုံကြည်ခြင်း သဒ္ဓါတရားရှိသောသူတို့သည် ပေးလှူခြင်းဒါနကိုလည်း ပြုလုပ်နိုင်၊ သီလကိုလည်း ဆောက်တည်နိုင်၊ သမထ၊ ဝိပဿနာ ဘာဝနာတရားတို့ကိုလည်း ပွားများအားထုတ်နိုင်ကြသောကြောင့် ကုသိုလ်ဖြစ်တာ များကြပါသည်။ ကုသိုလ်ဖြစ်တာ များသောသူတို့သည် ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝတိုင်အောင် ဆင်းရဲဒုက္ခနည်း၍ ချမ်းသာသုခအမျိုးမျိုးတို့နှင့် တွေ့ကြရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ "မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာ ကောင်းတဲ့တရားသည် သဒ္ဓါတရားဖြစ်သည်"ဟု ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

**ဆောင်ပုဒ်။ ။ ကိုယ်မှာမြဲစွာ၊ တည်ဖို့ရာ၊ ကောင်းတာသဒ္ဓါတည်း။**

ယုံကြည်ခြင်း သဒ္ဓါတရားသည် ပစ္စည်းဥစ္စာရတနာများနှင့်တူသည်ဖြစ်၍ မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာ ကောင်းသောတရား ဖြစ်ပေသည်။

ပစ္စည်းဥစ္စာရတနာရှိသောသူတို့သည် စားလိုရာကို ချမ်းသာစွာ စားနိုင်ကြပေသည်။ ဝတ်လိုရာကို ချမ်းသာစွာ ဝတ်နိုင်ကြပေသည်။ ကောင်းမွန်သော အိမ်ရာတိုက်တာတို့၌ ချမ်းသာစွာ နေနိုင်ကြပေသည်။ ကောင်းမွန်သော မော်တော်ကား ယာဉ်ရထားများကိုစီး၍ ချမ်းသာစွာ သွားလာနိုင်ကြပေသည်။ ထို့အတူ ယုံကြည်ခြင်း သဒ္ဓါတရားရှိသောသူတို့သည် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို ပြုလုပ်နိုင်ကြ၍ ဒါနကုသိုလ်ဥစ္စာ၊ သီလကုသိုလ်ဥစ္စာ၊ ဘာဝနာကုသိုလ်ဥစ္စာများ ရှိသောကြောင့် ယခုဘဝမှစ၍ နိဗ္ဗာန်ချမ်းသာ ရောက်သည့်ဘဝတိုင်အောင် ချမ်းသာသုခအမျိုးမျိုးတို့နှင့် တွေ့ကြရမည် ဖြစ်ပေသည်။ ချမ်းသာစွာ နေထိုင်ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ သဒ္ဓါတရားသည် ပစ္စည်းဥစ္စာရတနာများနှင့် တူသည်ဖြစ်၍

http://www.dhammadownload.com



မိမိတို့သန္တာန်မှာ အမြဲတည်ရှိနေဖို့ရာ ကောင်းတဲ့တရားဖြစ်သည်ဟု ဟော ကြားတော်မူခြင်း ဖြစ်ပါသည်။

၃။ စိန်ရွှေငွေစသော ရတနာအမျိုးမျိုးတို့ထက် ပညာသည် နှစ်သက်စရာ အကောင်းဆုံးရတနာဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

စိန်ရွှေငွေစသောရတနာတို့သည် ရတနာပိုင်ရှင်၏ စိတ်နှလုံးကို ကြည်နူးနှစ်သက်စေတတ်သောကြောင့် ရတနာမည်ပေသည်။ သားငယ် သမီးငယ်တို့သည် မိဘတို့၏ စိတ်နှလုံးကို ကြည်နူးနှစ်သက်စေတတ်သော ကြောင့် ရတနာမည်ပေသည်။ မင်္ဂလာဆင်မြင်းနှင့် မိဖုရားကြီးတို့သည် မင်းကြီး၏ စိတ်နှလုံးကို ကြည်နူးနှစ်သက်စေတတ်သောကြောင့် ရတနာ မည်ပေသည်။ ထိုရတနာတို့သည် အမြဲတမ်း ကြည်နူးနှစ်သက်စရာ မဖြစ် ကြပေ။ တစ်ခါတစ်ရံ ထိုရတနာတို့ကြောင့် စိတ်နှလုံးပူပန်စရာ၊ ထိတ် လန့်စရာ၊ မနှစ်သက်စရာများ ဖြစ်ကြရပေသည်။ သို့ဖြစ်၍ ထိုရတနာတို့ ကို နှစ်သက်စရာအကောင်းဆုံး ရတနာဟူ၍ ဟောတော်မမူခြင်း ဖြစ်ပေသည်။

ပညာသည် စိန်ရွှေငွေစသော ရတနာတို့ကဲ့သို့ မဟုတ်ပေ။ အမြဲ တမ်း နှစ်သက်စရာ ရတနာဖြစ်ပေသည်။ ပညာဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်တို့သည် မိမိအတွက် သူတစ်ပါးအတွက် အကျိုးများ၍ နှစ်သက်စရာများသာ ဖြစ်ကြပေသည်။ ဤဘဝအတွက် နောင်ဘဝများအတွက် အကျိုးများ၍ နှစ်သက်စရာများသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပညာသည် နှစ်သက်စရာအကောင်းဆုံးရတနာ ဖြစ်ပေသည်။

တစ်ချိန်သောအခါက ဘုရားလောင်းပညာရှိသည် ဗာရာဏသီပြည်၌ လုလင်မျိုးဖြစ်လေသည်။ တစ်နေ့သ၌ လုည်းကုန်သည်ငါးရာနှင့် ကုန်ရောင်း သွားလေသည်။ လမ်းခရီးတွင် မိုင် ၄၀၀-ရှိသည့် ရေမရှိသော သဲကန္တာရ ခရီးကို ကျော်ဖြတ်ကြရာ ရေကုန်ခန်း၍ လှည်းကုန်သည်အားလုံး သေကြ ရမည့်ဘေးနှင့် တွေ့ကြုံကြရလေ၏။

http://www.dhammadownload.com



ယင်းကဲ့သို့ သေရမည့်ဘေးနှင့် တွေ့ကြုံကြရာတွင် ဘုရားလောင်းပညာရှိသည် ရေရနိုင်သောအရပ်ဒေသကို ပညာဖြင့် ညွှန်ပြနိုင်ခဲ့ပေသည်။ ရေတွင်းတူးဖော်ရာတွင် ကျောက်ဖျာခံနေ၍ ရေမရနိုင်သောအခက်အခဲကို ပညာဖြင့် ရေရအောင် ညွှန်ပြနိုင်ခဲ့ပေသည်။ လှည်းကုန်သည်တို့သည် ရေဝတ်ပြတ်၍ သေရမည့်ဘေးမှ လွတ်မြောက်ကြရပြီး နှစ်ဆသုံးဆလေးဆတက်သော အကျိုးအမြတ်တို့ကို ရရှိကြသဖြင့် ဘုရားလောင်းပညာရှိကို အလွန်ကြည်ညို မြတ်နိုးနှစ်သက်ကြပေသည်။ သို့ဖြစ်၍ ပညာသည် နှစ်သက်စရာ အကောင်းဆုံးရတနာဖြစ်သည်ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

## ဆောင်ပုဒ်။ ။ လူ့လောကမှာ၊ နှစ်သက်စရာ၊ ကောင်းတာပညာတည်း။

၄။ မိမိတို့ပြုလုပ်ထားသော ပုည = ကုသိုလ်ကောင်းမှုများသည် ခိုးသားဓားပြစသော ရန်သူမျိုးငါးပါးတို့ မလုယက် မဖျက်ဆီးနိုင်သောကြောင့် အကောင်းမြတ်ဆုံး ပစ္စည်းဥစ္စာဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ရွှေငွေရတနာ၊ အိမ်ရာတိုက်တာ၊ မော်တော်ကား ယာဉ်ရထားစသောပစ္စည်းတို့သည် ရေ၊ မီး၊ မင်း၊ ခိုးသူစသော ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံနေသောကြောင့် မကြာခဏ ပျက်စီးသွားနိုင်ကြပေသည်။ နောင်ဘဝများသို့လည်း ယူဆောင်သွားလို့ မရကြပေ။ သို့ဖြစ်၍ ရွှေငွေရတနာစသောပစ္စည်းဥစ္စာတို့သည် အကောင်းမြတ်ဆုံး ပစ္စည်းဥစ္စာတို့ မဟုတ်ကြပေ။ ပျက်စီးလွယ်သော ပစ္စည်းဥစ္စာများသာ ဖြစ်ကြပေသည်။

မိမိတို့ပြုထားသော ပုည = ကုသိုလ်ကောင်းမှုတည်းဟူသော ပစ္စည်းဥစ္စာတို့သည် ပကတိသောမျက်စိဖြင့် မမြင်ကောင်းသော နာမ်တရားတို့ဖြစ်ကြပေသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုတည်းဟူသော ပစ္စည်းဥစ္စာတို့ကို ရေ၊ မီး၊ မင်း၊ ခိုးသူစသော ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ကြပေ။

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုတည်းဟူသော ပစ္စည်းဥစ္စာသည် နောက်နောင်ဘဝများသို့ လိုက်ပါ၍ မိဘသဖွယ် ကောင်းမြတ်ရာကောင်းမြတ်ရာ ဘုံဘဝများသို့ ပို့ပေးသည်။ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ကောင်းကျိုးချမ်းသာ အမျိုးမျိုးတို့ကို ခံစားရရှိစေနိုင်သည်။ သို့ဖြစ်၍ ပုည = ကုသိုလ်ကောင်းမှုတည်းဟူသော ပစ္စည်းဥစ္စာသည် အကောင်းမြတ်ဆုံး ပစ္စည်းဥစ္စာဖြစ်သည် ဟု ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

**ဆောင်ပုဒ် ။ ။ မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊ ဖြစ်တာကောင်းမှုတည်း။**

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော -

၁။ ငယ်ရွယ်သည့်မှစ၍ အိုမင်းသည့်တိုင်အောင်ကောင်းတဲ့ သီလတရား။

၂။ မိမိတို့မှာ အမြဲတည်ရှိနေဖို့ရာကောင်းတဲ့ သဒ္ဓါတရား။

၃။ နှစ်သက်စရာအကောင်းဆုံးဖြစ်တဲ့ ပညာတရား။

၄။ သူတစ်ပါးတို့ မဖျက်ဆီးနိုင်တဲ့ ပုည = ကောင်းမှုကုသိုလ်တရားဟူသော တရားလေးပါးတို့သည် ဤဘဝ၊ နောင်ဘဝကောင်းကျိုး လိုလားကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် ရယူဖွယ် ကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အမြတ်ဆုံးလေးဖြာ သိမှတ်ရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့်တကွ လူ့ဘဝသို့ ရောက်ရှိနေကြသော အားလုံးသောပုဂ္ဂိုလ်တို့သည် မိမိတို့ရယူဖွယ်များကို ရယူကြမည့်အခါမှာ အယုတ်အလတ်အမြတ်ဟူ၍ သုံးမျိုးရှိရာတွင် အမြတ်ဆုံးကိုသာ ရွေးချယ်၍ ရယူလိုကြပေသည်။ သို့ပါသော်လည်း မိမိတို့အမြတ်ဆုံးထင်၍ ရွေးချယ်လိုက်သော အရာဝတ္ထုတို့သည် တစ်ခါတစ်ရံ အမြတ်ဆုံး မဖြစ်ပါဘဲ အယုတ်အလတ်များလည်း ဖြစ်နေတတ်ကြပေသည်။ သို့ဖြစ်၍ အမြတ်ဆုံးကို ရယူနိုင်ဖို့ရာ အမြတ်ဆုံးတရားလေးပါးကို ပသေနဒီကောသလမင်းကြီးအား အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်သည်။
၂။ ရောင့်ရဲခြင်းသည် အမြတ်ဆုံးပစ္စည်းဖြစ်သည်။
၃။ အကျွမ်းဝင်သောသူသည် အမြတ်ဆုံးဆွေမျိုးဖြစ်သည်။
၄။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်သည်ဟူ၍ အမြတ်ဆုံးတရားလေးပါးကို ဟောကြားတော်မူခဲ့ပါသည်။

၁။ "ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်သည်"ဟု ဟောကြားရာ၌ သေရမည် ရှင်ရမည်အဖြစ်ကို မသိနိုင်လောက်အောင် ပြင်းထန်သော ရောဂါဝေဒနာများ စွဲကပ်၍ ဆင်းရဲဒုက္ခခံနေကြရသူတို့သည် သူ့အတွက် အလွန်ကောင်းမြတ်သော အဝတ်အထည်၊ စားဖွယ်သောက်ဖွယ်၊ စိန်ရွှေငွေ၊ အိမ်ရာဝတ္ထုက်တာစသော လာဘ်လာဘများကို ရရှိလာပါသော်လည်း သူ့မှာ စိတ်ချမ်းသာမှု ရရှိနိုင်တော့မည်

http://www.dhammadownload.com



မဟုတ်ပေ။ ဒုက္ခဝေဒနာကြောင့် နှစ်သက်ဝမ်းသာခြင်း ဖြစ်နိုင်တော့မည် မဟုတ်ပေ။ ဒုက္ခဝေဒနာကြောင့် စိတ်မချမ်းသာဖြစ်ခြင်းကပင် များနေမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ပြင်းထန်သော ရောဂါဝေဒနာများ စွဲကပ်၍ မကျန်းမမာဖြစ်နေမှ ရလာသော ပစ္စည်းလာဘ်လာဘတို့သည် ကောင်းမြတ်သော လာဘ်လာဘများဖြစ်သည်ဟု မဆိုနိုင်တော့ပေ။

ကျန်းမာခြင်းနှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်တို့သည် လောကီရေးရာအတွက် ပစ္စည်းဥစ္စာရှာဖွေလျှင်လည်း မိမိတို့၏ ကိုယ်အား၊ ဉာဏ်အားနှင့်လျော်ညီစွာ ပစ္စည်းဥစ္စာရတနာ လာဘ်လာဘများ ရရှိကြမည် ဖြစ်ပေသည်။ လောကုတ္တရာအတွက် တရားဓမ္မ ရှာမှီးအားထုတ်ကြလျှင်လည်း မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်များ ရရှိနိုင်ကြမည့် ဖြစ်ပေသည်။ သို့ဖြစ်၍ "ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်သည်"ဟု ဟောတော်မူခြင်း ဖြစ်ပေသည်။

အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိလိုသောပုဂ္ဂိုလ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော ကျန်းမာခြင်း၏ အကြောင်းတရားလေးပါးကို ကောင်းမွန်အောင် ပြုပြင်ကြရပေသည်။

အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိလိုသောပုဂ္ဂိုလ်တို့သည် ကံကိုလည်း ပြုပြင်ကြရပေသည်။ ကံသည် အတိတ်ဘဝများကပြုခဲ့ဖူးသော ကံနှင့် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝမှာ ပြုလုပ်သောကံဟူ၍ နှစ်မျိုးရှိပေသည်။ ထိုနှစ်မျိုးတို့တွင် အတိတ်ဘဝကပြုခဲ့ဖူးသော ကံကိုတော့ မမြင်ရ၍ ပြုပြင်လို့ မရနိုင်ကြတော့ပေ၊ ကျန်းမာဖို့ရာ ယခုမျက်မှောက် ပစ္စုပ္ပန်ကံကိုသာ ပြုပြင်ကြရပေသည်။

အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိလိုသောပုဂ္ဂိုလ်တို့သည် အချိန်မှန်မှန်အိပ်ခြင်း၊ အချိန်မှန်မှန်စားသောက်ခြင်း၊ စားနိုင်သည်မှ အနည်းငယ်လျှော့စားခြင်း၊ လမ်းလျှောက်ခြင်းစသော ကိုယ်လက်လှုပ်ရှားမှုများကို

http://www.dhammadownload.com



အချိန်မှန်မှန် ပြုလုပ်ခြင်း စသည်တို့ဖြင့် ပစ္စုပ္ပန်ကံကို ပြုပြင်ကြရပေသည်။ ဤကဲ့သို့ မှန်မှန်အိပ်၊ မှန်မှန်စား၊ အနည်းငယ်လျှော့စားခြင်း၊ မှန်မှန်ကိုယ်လက်လှုပ်ရှားခြင်းစသော ပစ္စုပ္ပန်ကံကို ပြုပြင်၍နေထိုင်ခြင်းတို့ဖြင့် အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိနိုင်ကြပေသည်။

အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိလိုကြသောပုဂ္ဂိုလ်တို့သည် စိတ်ကိုလည်း ပြုပြင်ကြရပေသည်။ စိတ်ချမ်းသာမှုကို ရရှိစေနိုင်သော အိမ်သူအိမ်သား၊ လင်ယောကျ်ား၊ ဇနီးမယား၊ သားသမီးကောင်းများနှင့် အတူတကွ ချမ်းသာစွာ နေထိုင်ခြင်းတို့ဖြင့်လည်း စိတ်ကို ပြုပြင်ကြရပေသည်။ မေတ္တာသုတ်၊ ဓမ္မစကြာသုတ်စသော ဘုရားဟောပါဠိတော်များကို ရွတ်ဖတ်ခြင်း၊ သမထဝိပဿနာတရား ပွားများအားထုတ်ခြင်းဟူသော တရားဓမ္မနှင့် မွေ့လျော်ခြင်းတို့ဖြင့်လည်း စိတ်ကို ပြုပြင်ကြရပေသည်။ ဤကဲ့သို့ မိသားစုများနှင့် ချမ်းသာစွာ နေထိုင်ခြင်း၊ တရားဓမ္မနှင့် မွေ့လျော်ခြင်းဟူသော စိတ်ကို ပြုပြင်၍ နေထိုင်ခြင်းတို့ဖြင့်လည်း အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိနိုင်ကြပေသည်။

အမြတ်ဆုံးကျန်းမာခြင်းလာဘ်ကို ရရှိလိုကြသောပုဂ္ဂိုလ်တို့သည် အအေးအပူ ဥတုနှင့် အစာအာဟာရတို့ကိုလည်း ပြုပြင်ကြရပေသည်။ မိမိတို့ခန္ဓာကိုယ်နှင့် သင့်တော်မျှတသော အအေးအပူတို့ကို ဉာဏ်မီသလောက် ပြုပြင်၍ နေကြရပေသည်။ ချိုချဉ်ဆိမ့်ငန်စပ်ခါးစသော အာဟာရများကိုလည်း သင့်လျော်သောအာဟာရဖြစ်အောင် ပြုပြင်၍ စားသောက်ကြရပေသည်။ ဤကဲ့သို့ သင့်လျော်သော ဥတုအာဟာရများဖြစ်အောင် ပြုပြင်၍ နေထိုင်ခြင်း၊ စားသောက်ခြင်းတို့ဖြင့်လည်း အမြတ်ဆုံး ကျန်းမာခြင်းလာဘ်ကို ရရှိနိုင်ကြပေသည်။

"ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင်တရားရကြောင်းတည်း"ဟူသော တရားထူးတရားမြတ် ရရှိကြောင်း အင်္ဂါ(၅)ပါးတို့တွင် ကျန်းမာခြင်းသည် နံပါတ် ၂-အင်္ဂါ ဖြစ်ပေသည်။ ကျန်းမာခြင်းရှိမှသာ အမြတ်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရရှိ

http://www.dhammadownload.com



နိုင်မည်ဖြစ်သောကြောင့် "ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်သည်" ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ ကျန်းမာခြင်းသာ၊ လာဘ်ထဲမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။**

၂။ "ရောင့်ရဲခြင်းသည် အမြတ်ဆုံးပစ္စည်းဖြစ်သည်"ဟု ဟောကြားရာ၌ တရားသဖြင့် ရှာဖွေရရှိသည့် ရရသမျှသောပစ္စည်းဥစ္စာဖြင့် မရောင့်ရဲနိုင်သောပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာ၌ တပ်မက်မောခြင်းလောဘ ထူထပ်များပြားနေသည်ဖြစ်၍ အလှူဒါနလည်း မပြုလုပ်နိုင်၊ သီလလည်း မဆောက်တည်နိုင်၊ သမထ ဝိပဿနာတရားလည်း အားမထုတ်နိုင်သဖြင့် မရောင့်ရဲနိုင်သောသူတို့၏ ပစ္စည်းဥစ္စာတို့သည် ဤဘဝအတွက် နောင်ဘဝများအတွက် အကျိုးမများသောကြောင့် ကောင်းမြတ်တန်ဖိုးရှိသော ပစ္စည်းဥစ္စာတို့ မဟုတ်ကြပေ။ ယုတ်ညံ့သော ပစ္စည်းဥစ္စာတို့ ဖြစ်ကြပေသည်။

တရားသဖြင့် ရှာဖွေရရှိသည့် ရရသမျှသော ပစ္စည်းဥစ္စာများဖြင့် ရောင့်ရဲနိုင်သောပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာ၌ တပ်မက်ခြင်း လောဘနည်းသည်ဖြစ်၍ အလှူဒါနလည်း ပြုလုပ်နိုင်ကြပေသည်။ သီလလည်း ဆောက်တည်နိုင်ကြပေသည်။ သမထ ဝိပဿနာတရားများကိုလည်း ပွားများအားထုတ်နိုင်ကြပေသည်။ သို့ဖြစ်၍ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲနိုင်သောပုဂ္ဂိုလ်တို့၏ ပစ္စည်းဥစ္စာတို့သည် ဤဘဝအတွက် နောင်ဘဝများအတွက် နိဗ္ဗာန်ချမ်းသာရောက်သည့်တိုင်အောင် အကျိုးများသောကြောင့် "အမြတ်ဆုံးပစ္စည်းဖြစ်သည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ ရောင့်ရဲခြင်းသာ၊ ပစ္စည်းမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။**

http://www.dhammadownload.com



၃။ "အကျွမ်းဝင်သောသူသည် အမြတ်ဆုံးဆွေမျိုးဖြစ်သည်"ဟု ဟောကြားရာ၌ တစ်မိဝမ်းတွင်းအတူဆင်းသော ညီအစ်ကိုမောင်နှမ ဆွေမျိုးရင်းပင် ဖြစ်ပါသော်လည်း စိတ်ထားသဘောထားချင်းမတူ၍ အကျွမ်းမဝင်ပါက လောကဓမ္မနှစ်ဌာန၌ အကျိုးရှိရာအကျိုးရှိကြောင်းများကိုပင် တိုင်ပင်ပြောဆို၍ မရသောသူတို့သည် ကောင်းမြတ်သော ဆွေမျိုးဟူ၍ မဆိုနိုင်ပေ၊ သာမန်ဆွေမျိုးမျှသာ ဖြစ်ပေသည်။

ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ စိတ်ထားသဘောထားချင်းတူသောသူတို့သည် အကြောင်းကိစ္စရှိလာသောအခါ ကောင်းဆိုးနှစ်မျိုးလုံး တိုင်ပင်လို့ ရရှိကြပေသည်။ လောကဓမ္မနှစ်ဌာနလုံးတို့၌ အကျိုးရှိရာအကျိုးရှိကြောင်းများကို တိုင်ပင်လို့ ရရှိကြပေသည်။ တစ်ဦး၏ချွတ်ယွင်းချက်ကို တစ်ဦးက လွယ်ကူစွာ ပြုပြင်လို့ရကြပေသည်။ တစ်ဦး၏ အပြောများ အပြုများတို့ကို တစ်ဦးက သည်းခံနိုင်ကြပေသည်။ ဤကဲ့သို့ တိုင်ပင်လို့လည်းရကြ၊ ပြုပြင်လို့လည်းလွယ်ကူကြ၊ သည်းလည်းခံနိုင်ကြသောကြောင့် "အကျွမ်းဝင်ဆုံးသူသည် အမြတ်ဆုံးဆွေမျိုးဖြစ်သည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## ဆောင်ပုဒ် ။ ။ ကျွမ်းဝင်ခြင်းသာ၊ ဆွေမျိုးမှာ၊ မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

၄။ "နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်သည်"ဟု ဟောကြားရာ၌ ချမ်းသာသည် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာဟူ၍ နှစ်မျိုး ရှိပေသည်။ ထိုနှစ်မျိုးတို့တွင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော လောကီချမ်းသာတို့သည် အမြဲတမ်းချမ်းသာနိုင်တဲ့ ချမ်းသာမှုမျိုးမဟုတ်ပေ။ ဈာန်သမာပတ်ရရှိ၍ အမြင့်ဆုံးဘဝဂ် = နေဝသညာနာသညာယတနဗြဟ္မာဘုံသို့ ရောက်သွားသော်လည်း ဈာန်အရှိန် ကောင်းမှုအရှိန်များ ကုန်သွားသောအခါ ဆင်းရဲဒုက္ခများသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံသို့

http://www.dhammadownload.com



ပြန်ရောက်ကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ လောကီချမ်းသာတို့သည် ဆင်းရဲမကင်းသောကြောင့် အမြတ်ဆုံးချမ်းသာတို့ မဟုတ်ကြပေ။ အညံ့စားချမ်းသာများသာ ဖြစ်ကြပေသည်။

ဝိပဿနာတရားအားထုတ်၍ သောတာပတ္တိမဂ်ဉာဏ်ဖြင့် လောကုတ္တရာနိဗ္ဗာန်ချမ်းသာသို့ တစ်ကြိမ်ရောက်သွားသော ပုဂ္ဂိုလ်တို့သည် ဆင်းရဲဒုက္ခ အလွန်များကြတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံသို့ ဘယ်သောအခါမှ ပြန်မရောက်ကြရတော့ပေ။ အပါယ်ဆင်းရဲမှ အပြီးတိုင် လွတ်မြောက်၍ အမြတ်ဆုံးချမ်းသာကို ရရှိကြပေသည်။

ဝိပဿနာတရားအားထုတ်၍ သကဒါဂါမိမဂ်ဉာဏ်ဖြင့် လောကုတ္တရာနိဗ္ဗာန်ချမ်းသာကို တစ်ကြိမ်ရောက်သွားသော ပုဂ္ဂိုလ်တို့သည် လူ့ပြည်နှင့် နတ်ပြည်(၆)ထပ်တို့၌ ဖြစ်၍ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ယခုဘဝနှင့် နောင်တစ်ဘဝသာ ခံကြရတော့မည် ဖြစ်ပေသည်။ ထိုနှစ်ဘဝမှ နောင်ဘဝများတွင် ကာမဘုံ၌ ဖြစ်၍ခံကြရမည့် ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ အပြီးတိုင် လွတ်မြောက်၍ အမြတ်ဆုံးချမ်းသာကို ရရှိကြပေသည်။

ဝိပဿနာတရားအားထုတ်၍ အနာဂါမိမဂ်ဉာဏ်ဖြင့် လောကုတ္တရာနိဗ္ဗာန်ချမ်းသာသို့ တစ်ကြိမ်ရောက်သွားသော ပုဂ္ဂိုလ်တို့သည် လူ့ပြည်နှင့် နတ်ပြည်(၆)ထပ်တို့၌ ဖြစ်၍ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ အပြီးတိုင် လွတ်မြောက်၍ အမြတ်ဆုံးချမ်းသာကို ရရှိကြပေသည်။

ဝိပဿနာတရားအားထုတ်၍ အရဟတ္တမဂ်ဉာဏ်ဖြင့် လောကုတ္တရာနိဗ္ဗာန်ချမ်းသာသို့ တစ်ကြိမ်ရောက်သွားသော ပုဂ္ဂိုလ်တို့သည် (၃၁)ဘုံ၌ ဖြစ်၍ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။

http://www.dhammadownload.com



နောင်ဘယ်သောအခါမှ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် မတွေ့ကြရတော့ပါဘဲ အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို ရရှိသွားကြပေသည်။ သို့ဖြစ်၍ "နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်သည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ နိဗ္ဗာန်သည်သာ၊ ချမ်းသာမှာ၊
မှန်စွာမြတ်ဆုံးဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဗုဒ္ဓမြတ်စွာ နောက်ဆုံးအမှာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓမြတ်စွာ (၄၅)ဝါပတ်လုံး ဟော ကြားတော်မူခဲ့သော အဆုံးအမစကားတော်တို့ကို အတတ်နိုင်ဆုံး လိုက် နာကျင့်ကြံ အားထုတ်နေကြရပေသည်။ ထိုကဲ့သို့ လိုက်နာကျင့်ကြံ အား ထုတ်နိုင်ကြမှသာ ယခုမျက်မှောက်ဘဝနှင့် နောင်သံသရာဘဝတို့၌ ဆင်းရဲ ဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။ ချမ်းသာသုခ အမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြမည် ဖြစ်ပေသည်။ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ရောက်ရှိသွားနိုင်ကြမည် ဖြစ်ပေသည် ဟု ယုံကြည်ကာ ဗုဒ္ဓမြတ်စွာ ဟောကြားဆုံးမ မှာကြားတော်မူခဲ့သော စကားတော်တို့ကို အတတ်နိုင်ဆုံး လိုက်နာကျင့်ကြံ အားထုတ်လျက်ရှိကြ ပေသည်။

ဤကဲ့သို့ ဆုံးမမှာကြားတော်မူခဲ့သော စကားတော်တို့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးတွင် မလ္လမင်းတို့၏ ဥယျာဉ်အတွင်း မြောက်ဘက်သို့ ခေါင်း ရင်းပြု၍ အရှင်အာနန္ဒာခင်းထားပေးသော ညောင်စောင်းပေါ်၌ လဲလျောင်း ကာ နောက်ဆုံးမှာကြားတော်မူခဲ့သော စကားတော်သည် (၄၅)ဝါပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သော စကားတော်များ၏ အနှစ်သာရချုပ်ဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် အထူးလိုက်နာဖွယ်ကောင်းလှပါပေသည်။

မှာကြားတော်မူခဲ့သော စကားတော်မှာ -

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ ဟူသော အမှာ စကားတော် ဖြစ်ပေသည်။ ပြုပြင်၍ ဖြစ်ပေါ်လာသည့် အားလုံးသော သင်္ခါရ

http://www.dhammadownload.com



တရားမှန်သမျှတို့သည် ပျက်စီးကြမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် မမေ့ကြနဲ့၊ သူတော်ကောင်းတရားတို့ကို ပြည့်စုံအောင် အားထုတ်ကြကုန်လော့ ဟူသော အမှာစကားတော်ပင် ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ (၄၅)ဝါပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သော အဆုံးအမတော်တို့သည် အပ္ပမာဒေန = မမေ့ကြနဲ့ဟူသော အဆုံးအမထဲသို့ အားလုံးပါဝင်သွားကြပေသည်။ မမေ့ဘဲနေပါက (၄၅)ဝါပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သည့် ကျင့်ကြံဖွယ်အားလုံးတို့ကို လိုက်နာကျင့်ကြံခြင်း ကိစ္စ ပြီးသွားပေသည်။

မမေ့ကြနဲ့ဟု ဗုဒ္ဓမြတ်စွာ မှာတော်မူရာ၌ မေ့နေသူ (၃)ယောက် ရှိပေသည်။

(၁) ဒုစရိုက်အမှုများ ပြုလုပ်၍ မေ့နေသူ၊
(၂) လောကီအာရုံများ၌ စိတ်ညွတ်၍ မေ့နေသူ၊
(၃) ကမ္မဋ္ဌာန်းအာရုံ၌ အမှတ်လွတ်၍ မေ့နေသူဟူ၍ (၃)ယောက် ရှိပေသည်။

(၁) ဒုစရိုက်အမှုများ ပြုလုပ်၍ မေ့နေသူဟူသည် -

အကြင်သူသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော ဒုစရိုက်အမှုတို့ကို ပြုလုပ်၍နေ၏။ ဒုစရိုက်အလုပ်တို့ဖြင့် အသက်မွေးနေ၏။ ထိုသူ၌ ကုသိုလ်တရားများ ဖြစ်ခွင့်မရှိ၍ ထိုသူသည် အမေ့ကြီးမေ့နေသူဖြစ်၏။ ဘဝသံသရာတွင် ကြီးစွာသောဒုက္ခများနှင့် တွေ့ရမည့်သူ ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဒုစရိုက်သာ၊ ပြုလုပ်ကာ၊
နေတာမေ့သည်မည်။

(၂) လောကီအာရုံများ၌ စိတ်ညွတ်၍ မေ့နေသူဟူသည် -

အကြင်သူသည် အဆင်းကောင်းကောင်း၊ အသံကောင်းကောင်း၊

http://www.dhammadownload.com



အနံ့ကောင်းကောင်း၊ အရသာကောင်းကောင်း၊ အတွေ့ကောင်းကောင်းဟူသော လောကီအာရုံကာမဂုဏ်တို့၌ စိတ်ညွတ်ကာ ပျော်မွေ့နေ၏။ ထိုသူသည် နိဗ္ဗာန်ရောက်ကြောင်း သမထ ဝိပဿနာတရားများ အားမထုတ်နိုင်၍ မေ့နေသူဖြစ်၏။ ဘဝသံသရာတွင် နစ်မွန်းကာ သံသရာရှည်မည့်သူဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ ကာမဂုဏ်မှာ၊ စိတ်ညွတ်ကာ၊ နေတာမေ့သည်မည်။**

(၃) ကမ္မဋ္ဌာန်းအာရုံ၌ အမှတ်လွတ်၍ မေ့နေသူဟူသည် -

အကြင်သူသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိရည်မှန်း၍ ဝိပဿနာတရားအားထုတ်နေရာတွင် တစ်ခါတစ်ရံ လောကီအာရုံအမျိုးမျိုးတို့ကြောင့် အမှတ်သတိလွတ်၍နေ၏၊ ထိုသူသည်လည်း မေ့နေသူပင်ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်များ အရနှေးမည့်သူ ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ ရှုမှတ်မှုမှာ၊ စိတ်လွတ်ကာ၊ နေတာမေ့သည်မည်။**

ဤမေ့နေသူ (၃)ယောက်တို့ကဲ့သို့ မမေ့ပါဘဲ အရာရာတွင် အမှတ်သတိဖြင့် နေကြရမည်။ အမှတ်သတိဖြင့်နေမှသာ ပျက်စီးခြင်းမရှိသည့် မသေရာနိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိနိုင်ကြမည် ဖြစ်ပေသည်ဟု မှာတော်မူလိုရင်း ဖြစ်ပေသည်။

အပ္ပမာဒေန သမ္ပာဒေထ = မမေ့ကြနဲ့၊ ပြည့်စုံအောင် အားထုတ်ကြဟူသော အမှာစကားတော်၏ အဓိပ္ပါယ်မှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို ရရှိခံစားနိုင်ဖို့ရန် ဒါန၊ သီလ၊ သမထစသော သာမန်ကုသိုလ်များ ပြည့်စုံအောင် အားထုတ်ဖို့ရာ မမေ့ကြနဲ့ဟု မှာတော်မူလိုရင်း အဓိပ္ပါယ်မဟုတ်ပေ။

http://www.dhammadownload.com



မမေ့ကြနဲ့၊ ပြည့်စုံအောင် အားထုတ်ကြပဟူသော အမှာစကားတော်၏ အဓိပ္ပါယ်မှာ အပါယ်ဆင်းရဲဒုက္ခမှစ၍ အလုံးစုံသောဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာ တရား ပွားများအားထုတ်ဖို့ရာ မမေ့ကြနဲ့၊ ပြည့်စုံအောင်အားထုတ်ကြပဟု မှာတော်မူလိုရင်း အဓိပ္ပါယ်ဖြစ်ပေသည်။

ဤအဓိပ္ပါယ်ကို ယူရခြင်းမှာ -

ဗုဒ္ဓမြတ်စွာသည် အလောင်းတော်ဖြစ်စဉ်က လေးအသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ကာလပတ်လုံး အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာပါဘဲ အနစ်နာ ခံ၍ ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့ခြင်းသည် တစ်လောကလုံး၌ ရှိနေကြသည့် ဝေနေယျပုဂ္ဂိုလ်သတ္တဝါတို့ သာမန်ကုသိုလ်များ ပြည့်စုံ၍ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်များကို ခံစားစံစားဖို့ရာ အသက် နှင့် ခန္ဓာကိုယ်ကို မငဲ့ညှာပါဘဲ အနစ်နာခံ၍ ပါရမီတော်တို့ကို ဖြည့်ကျင့် တော်မူခဲ့ခြင်း မဟုတ်ပေ။

မြတ်စွာဘုရားအလောင်းတော် အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာပါ ဘဲ အနစ်နာခံ၍ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်းသည် တစ်လော ကလုံး၌ရှိနေကြသည့် ဝေနေယျပုဂ္ဂိုလ်သတ္တဝါအားလုံးတို့ အပါယ်ဆင်းရဲဒုက္ခ မှစ၍ သံသရာဝဋ်ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်း သာသို့ ရောက်ဖို့ရန်ကိုသာ ရည်ရွယ်၍ အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာ ပါဘဲ အနစ်နာခံ၍ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ မမေ့ကြနဲ့၊ ပြည့်စုံအောင် အားထုတ်ကြပဟူသော အမှာ စကားတော်၏အဓိပ္ပါယ်မှာ နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာ ပွားများအားထုတ်ခြင်းကို "မမေ့ကြနဲ့၊ ပြည့်စုံအောင် အားထုတ်ကြ"ဟု နောက်ဆုံးမှာတော်မူလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ကောင်းမှုပြုရာ ဝါဆိုလပြည့်နေ့အခါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဝါဆိုလပြည့်နေ့ကို အထူးအလေးဂရုပြုကြပေသည်။ အလေးဂရုပြု၍ ကောင်းမှုအထူးပြုကြပေသည်။ ဝါဆိုလပြည့်နေ့မရောက်မီ (၄)ရက်၊ (၅)ရက်ခန့်မှစ၍ မုန့်ခဲဖွယ်များ၊ စားဖွယ်သောက်ဖွယ်များ၊ လှူဒါန်းဖွယ်ပစ္စည်းများကို ဝမ်းမြောက်ဝမ်းသာ စီစဉ်ကြပေသည်။ အောက်မြန်မာပြည် အချို့သောအရပ်ဒေသများ၌ လယ်ယာဦးကြီးတို့သည် ဝါဆိုလပြည့်နေ့အမီ ကောင်းမှုအထူးပြုလုပ်ဖို့ရာ လယ်ယာထွန်ယက်ခြင်းကိစ္စကို ပြီးစီးအောင်ကြိုးစား၍ ထွန်ယက်ကြပေသည်။

ဝါဆိုလပြည့်နေ့ရောက်သောအခါ ကလေးသူငယ်များမှစ၍ မိသားစုတို့သည် မိမိတို့ကိုးကွယ်ကြသော ဘုန်းတော်ကြီးကျောင်း၊ ရိပ်သာကျောင်း၊ တန်ခိုးကြီးဘုရားများသို့ တပျော်တပါး ဝမ်းမြောက်ဝမ်းသာ သွားရောက်ကြပေသည်။ စားဖွယ်သောက်ဖွယ် လှူဒါန်းဖွယ်ပစ္စည်းများကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပေသည်၊ ဥပုသ်သီလ ဆောက်တည်ကြပေသည်၊ သမထဝိပဿနာတရားများ ပွားများအားထုတ်ကြပေသည်။ ဆရာတော် သံဃာတော်များ ဟောကြားသော တရားမွေများကို နာကြားကြပေသည်။

၁၃၅၁-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ဝေယျာဝေမာလမ်း၊ သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက်မှ ဝေယျာဝစ္စအဖွဲ့သူအဖွဲ့သားများက အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဖိတ်ခေါ်၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ကြပေသည်။ နံနက်(၇)နာရီမှ (၉)နာရီအထိ

http://www.dhammadownload.com



ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပေသည်။ ဥပုသ်သည်များ ချမ်းသာစွာ ဥပုသ်သီလ ဆောက်တည်နိုင်ဖို့ရာ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို အထူး စီစဉ် ကျွေးမွေးကြပေသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အစီအစဉ်ပြီးသွားသောအခါ သဒ္ဓမ္မရံသီရိပ်သာဆရာတော်က ဝါဆိုလပြည့်နေ့နှင့်စပ်၍ သိကောင်းစရာနှင့် သံဝေဂတရားတော်ကို ဟောကြားတော်မူပါသည်။

ဝါဆိုလပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အထူးအလေးဂရု ပြုကြရပေသည်။ ဝါဆိုလပြည့်နေ့၌ အထူးအလေးဂရုပြု၍ ကောင်းမှုအထူး များ ပြုလုပ်ကြရပေသည်။ အထူးအလေးဂရုပြု၍ ကောင်းမှုအထူးများ ပြု လုပ်ကြရခြင်းအကြောင်းမှာ -

ဝါဆိုလပြည့်နေ့သည် -

(၁) ဗုဒ္ဓမြတ်စွာအလောင်းတော် မယ်တော်မာယာဝမ်းမှာ ကိန်းလာ ဖြစ်လာသောနေ့လည်း ဖြစ်ပေသည်။

(၂) ဗုဒ္ဓမြတ်စွာအလောင်းတော် တောထွက်တော်မူသောနေ့လည်း ဖြစ်ပေသည်။

(၃) ဗုဒ္ဓမြတ်စွာ ဓမ္မစကြာတရားဦး ဟောကြားတော်မူသောနေ့ လည်း ဖြစ်ပေသည်။

ဤကဲ့သို့ အလောင်းတော် လူ့ပြည်မှာ ဖြစ်တော်မူလာသောနေ့၊ တော ထွက်တော်မူသောနေ့၊ တရားဦး ဟောတော်မူသောနေ့ ဖြစ်သောကြောင့် အထူးအလေးဂရုပြု၍ ကောင်းမှုအထူးများ ပြုကြရခြင်းပင် ဖြစ်ပေသည်။

(၁) ဗုဒ္ဓမြတ်စွာအလောင်းတော် တုသိတာနတ်ပြည်၌ နတ်တို့၏ စည်း စိမ်ချမ်းသာကို ခံစားပြီး၍ နတ်သက်ကုန်ခါနီးတွင် နတ်ဗြဟ္မာအပေါင်း တို့က "လူ့ပြည်သို့သွားရောက်၍ ဘုရားဖြစ်ဖို့ရန် အချိန်တန်ပါပြီ" ဟု တောင်းပန်ကြပေသည်။ ထိုသို့တောင်းပန်သောကြောင့် အလောင်း

http://www.dhammadownload.com



တော်သည် မဟာသက္ကရာဇ်(၆၇)ခု၊ ဝါဆိုလပြည့်၊ သောကြာနေ့တွင် မယ်တော်မာယာဝမ်း၌ ကိန်းလာ ဖြစ်လာတော်မူပါသည်။

ဤကဲ့သို့ မိမိတို့နှင့်တကွ တစ်လောကလုံး၌ရှိကြသော ဝေနေယျ ပုဂ္ဂိုလ်သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ ကယ်တင်မည့်ပုဂ္ဂိုလ် လူ့ပြည်သို့ရောက်လာသောနေ့ဖြစ်၍ ဝါဆိုလပြည့်နေ့ကို အထူးအလေးဂရု ပြုကြရပေသည်။ အထူးအလေးဂရုပြု၍ အလှူဒါနပြုခြင်း၊ သီလဆောက် တည်ခြင်း၊ သမထ ဝိပဿနာတရား ပွားများအားထုတ်ခြင်းစသော ကောင်းမှုအထူးတို့ကို ပြုလုပ်ကြရခြင်းပင် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ ဝါဆိုပြည့်မှာ၊ လောင်းဗုဒ္ဓါ၊ ဝမ်းမှာကိန်းလာသည်။**

(၂) ဗုဒ္ဓမြတ်စွာအလောင်းတော်သည် မင်းသားငယ်အဖြစ်ဖြင့် မင်းစည်း စိမ်ကို (၁၆)နှစ်၊ မင်းကြီးအဖြစ်ဖြင့် မင်းစည်းစိမ်ကို (၁၃)နှစ် စံစား ပြီးသောအခါ မဟာသက္ကရာဇ်(၉၇)ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး(၄)ပါးကိုမြင်ရ၍ မအို၊ မနာ၊ မသေတဲ့တရားကို ရှာဖွေရန်အတွက် မြင်းစီးကာ တော ထွက်တော်မူခဲ့ပါသည်။

ဤကဲ့သို့ မိမိတို့နှင့်တကွ တစ်လောကလုံး၌ရှိကြသော ဝေနေယျ ပုဂ္ဂိုလ်သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ ကယ်တင်ဖို့ရာ ဒုက္ကရစရိယာ(၆)နှစ်ကြာအောင် ကျင့်ဖို့ရန် နန်းစည်းစိမ်များကို စွန့်ခွာပြီး တရားဓမ္မရှာဖွေရန်အတွက် တောထွက်တော်မူသောနေ့ဖြစ်၍လည်း ဝါဆို လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ အထူးအလေးဂရုပြုကြရပေသည်။ အလေးဂရုပြု၍ အလှူဒါန ပြုလုပ်ကြရပေသည်။ ဥပုသ်သီလ ဆောက် တည်ကြရပေသည်။ သမထ ဝိပဿနာတရား ပွားများအားထုတ်ကြရပေ သည်။

**ဆောင်ပုဒ် ။ ။ ဝါဆိုပြည့်မှာ၊ လောင်းဗုဒ္ဓါ၊ မှန်စွာတောထွက်သည်။**

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာအလောင်းတော် မင်္ဂလာဉယျာဉ်တော်သို့ ထွက်တော်မူစဉ် သူအို၊ သူနာ၊ သူသေတို့ကို တွေ့မြင်ရသောအခါ ထိတ်လန့်သံဝေဂ ဖြစ်ပုံ၊ သံဝေဂယူပုံတို့သည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် အတုယူဖွယ် နည်းယူဖွယ် ကောင်းလှပါပေသည်။

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ရထားထိန်းနှင့် မင်္ဂလာဉယျာဉ်တော်သို့ နန်းတော်မှ ထွက်တော်မူလေ၏။ ထိုအခါ လမ်းခရီးတွင် နတ်တို့ဖန်ဆင်းပြသော ဆံဖြူ၊ သွားကျိုး၊ နားထိုင်း၊ ခါးကိုင်းလျက် တောင်ဝှေးကိုင်ကာ တုန်တုန်ရီရီဖြင့် သွားနေသူကို တွေ့မြင်ရလေ၏။ တွေ့မြင်ရသောအခါ ရထားထိန်းကို "ဤသူသည် ဘယ်လိုလူဖြစ်ပါသနည်း" ဟု မေးလေ၏။ "ဤသူသည် သူအိုဖြစ်ပါသည်"ဟု ဖြေသော်လည်း ရှေးအခါက သူအိုကို မြင်လည်းမမြင်ဖူး၊ ကြားလည်းမကြားဖူးသောကြောင့် "သူအိုဆိုတာ ဘယ်လိုသဘောရှိပါသနည်း"ဟု ထပ်၍ မေးပြန်လေ၏။ ရထားထိန်းက "သူအိုဆိုတာ လူ့ဘဝမှာ ကြာမြင့်စွာ အသက်မရှည်နိုင်တော့သူ ဖြစ်ပါသည်"ဟု ဖြေကြားလေ၏။

"အကျွန်ုပ်မှာလည်း ဤအိုခြင်းသဘော ဖြစ်လာမှာလား"ဟု မေးပြန်လေ၏။ "အရှင်မင်းကြီး အိုခြင်းသဘောကို ဘယ်ပုဂ္ဂိုလ်မှ ရှောင်ကွင်း၍မရ၊ ဖြစ်လာမည်သာ ဖြစ်ပေသည်"ဟု ဖြေကြားလိုက်သောအခါ အလွန်ထိတ်လန့်သော သံဝေဂများ ဖြစ်သွားသဖြင့် မင်္ဂလာဉယျာဉ်တော်သို့ ရထားကို မသွားစေတော့ဘဲ နန်းတော်သို့ ရထားပြန်မောင်းစေ၏။

နန်းတော်သို့ ပြန်ရောက်သောအခါ သူအိုကို မြင်ရသော သံဝေဂကြောင့် မကြည်မသာဖြစ်နေသော ဗုဒ္ဓမြတ်စွာအလောင်းတော်ကို ဖခင် သုဒ္ဓေါဒနမင်းကြီး မြင်သည်ရှိသော် အခြံအရံပရိသတ်များကို ဆတက်တိုး၍ ဖျော်ဖြေစေ၏။ သို့ပါသော်လည်း ဗုဒ္ဓမြတ်စွာအလောင်းတော်သည် သူအိုကို မြင်ရသော ထိတ်လန့်သံဝေဂကြောင့် (၄)လကြာသည့်တိုင်အောင် မင်္ဂလာဉယျာဉ်တော်သို့ မထွက်ဘဲ နေတော်မူခဲ့လေ၏။

http://www.dhammadownload.com



သံဝေဂဖြစ်ပုံမှာ မူလပဏ္ဏာသ ပါသရာသိသုတ္တန်အလိုအားဖြင့် မိမိကိုယ်တိုင် အိုခြင်းသဘောရှိနေပါလျက် အိုတတ်တဲ့ သက်ရှိသက်မဲ့ ဝတ္ထုအာရုံများနှင့် ယသော်ဓရာမိဖုရားစသော နန်းတွင်းသူ အပေါင်းအဖော် အခြံအရံပရိသတ်များနှင့် ပျော်မွေ့နေတာ မသင့်လျော်ပေဟု ဗုဒ္ဓမြတ်စွာ အလောင်းတော်မှာ ထူးခြားသော ထိတ်လန့်သံဝေဂများ ဖြစ်တော်မူလာပေသည်။

**ဆောင်ပုဒ်။ ။ အိုခြင်းကိုယ့်မှာ၊ ရှိနေပါလျက်၊ အိုတာကိုသာ၊ ရှာနေတာ၊ မှန်စွာမသင့်ပြီ။**

မိမိကိုယ်မှာရှိနေ၍ နောင်အခါ ကေန်မုချ ထင်ရှားစွာ ဖြစ်ပေါ်လာမည့် အိုခြင်းသဘောကို နီးကပ်စွာ မြင်တော်မူသော ဗုဒ္ဓမြတ်စွာအလောင်းတော်သည် အိုခြင်းသဘော ရှိနေကြသည့် သက်ရှိသက်မဲ့ ဝတ္ထုအာရုံတို့ကို သိမ်းပိုက်လို ရှာမှီးလိုသော စိတ်ဆန္ဒများ လုံးဝ ကင်းပျောက်သွားပေသည်။ အိုခြင်းသဘောရှိနေကြသည့် ယသော်ဓရာမိဖုရားစသော နန်းတွင်းသူ အပေါင်းအဖော်တို့နှင့် နှစ်ခြိုက်ပျော်မွေ့စွာ နေထိုင်လိုသော စိတ်ဆန္ဒများလည်း မရှိတော့ပေ။ လုံးဝ ကင်းပျောက်သွားပေသည်။ အိုခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို ရှာမှသာ သင့်တော်မည်ဟူသော စိတ်ဆန္ဒများသာ အဖန်ဖန်အခါခါ ဖြစ်တော်မူလာပေသည်။

**ဆောင်ပုဒ်။ ။ အိုခြင်းကိုယ့်မှာ၊ ရှိနေတာကြောင့်၊ အိုခြင်းကင်းရာ၊ ရှာမှသာ၊ မှန်စွာသင့်တော်မည်။**

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် သူအိုကို တွေ့မြင်ရ၍ ထိတ်လန့်သံဝေဂ ဖြစ်ခဲ့သည်မှာ (၄)လကြာသွားလေ၏။ (၄)လအတွင်းမှာ မွေ့လျော်ဖွယ်ရာ နန်းတော်၏ အဆောင်အယောင်များဖြင့် နန်းတွင်းသူ ပရိသတ်များက ဖျော်ဖြေကြသောကြောင့် ထိတ်လန့်သံဝေဂများ တဖြည်းဖြည်း ပျက်ပြယ်သွားသဖြင့် ဒုတိယအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ရထားထိန်းနှင့်

http://www.dhammadownload.com



ထွက်တော်မူခဲ့လေ၏။ လမ်းခရီးတွင် နတ်တို့ဖန်ဆင်းပြသည့် ပြင်းထန်သော ရောဂါဝေဒနာကို ခံစားနေရသော သူနာကို တွေ့မြင်ရပြန်လေ၏။

ရှေးအခါက သူနာကို မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူးသောကြောင့် "ဤသူသည် ဘယ်လိုလူဖြစ်သနည်း"ဟု ရထားထိန်းကို မေးလေ၏။ "ဤသူသည် သူနာဖြစ်ပါသည်"ဟု ဖြေကြားပါသော်လည်း နားမလည်သဖြင့် ရထားထိန်းက ထပ်မံ၍ ရှင်းပြရလေ၏။ "သူနာဆိုသည်မှာ စွဲကပ်နေသည့်ရောဂါ ပျောက်မည် မပျောက်မည်ကို မသိနိုင်၊ သေရမည် ရှင်ရမည်ကို မသိနိုင်သောသူ ဖြစ်ပါသည်"ဟု ရှင်းပြလေ၏။

"ဤနာခြင်းသဘောသည် အကျွန်ုပ်မှာလည်း ဖြစ်လာမည်လား"ဟု မေးပြန်လေ၏။ "အရှင်မင်းကြီး နာခြင်းသဘောကို ဘယ်ပုဂ္ဂိုလ်မှ ရှောင်ကွင်း၍မရပါ။ နာခြင်းသဘောနှင့် မုချကေန် တွေ့ရမည်သာ ဖြစ်ပေသည်" ဟု ရထားထိန်းက ဖြေကြားလိုက်သောအခါ အလွန်ထိတ်လန့်သော သံဝေဂများ ဖြစ်သွားသဖြင့် မင်္ဂလာဥယျာဉ်တော်သို့ မသွားတော့ဘဲ နန်းတော်သို့ ရထားကို ပြန်မောင်းစေ၏။

နန်းတော်သို့ ပြန်ရောက်သောအခါ ထူးခြားသော ထိတ်လန့်သံဝေဂများ ဖြစ်လေ၏။ မိမိကိုယ်တိုင် နာခြင်းသဘောရှိနေပါလျက် နာတတ်တဲ့သက်ရှိသက်မဲ့ ဝတ္ထုအာရုံများနှင့် အပေါင်းအဖော် အခြံအရံပရိသတ်တွေကို ရှာမှီးနေတာ မသင့်တော်ပေ။ နာခြင်းသဘောရှိသည့် ယသော်ဓရာ မိဖုရားစသော နန်းတွင်းသူ အခြံအရံပရိသတ်များနှင့် ပျော်မွေ့နေတာ မသင့်တော်ပေဟု ဗုဒ္ဓမြတ်စွာအလောင်းတော်မှာ ထူးခြားသော ထိတ်လန့်သံဝေဂများ ဖြစ်တော်မူလာပေသည်။

**ဆောင်ပုဒ်။ ။ နာခြင်းကိုယ့်မှာ၊ ရှိနေပါလျက်၊ နာတာကိုသာ၊ ရှာနေတာ၊ မှန်စွာမသင့်ပြီ။**

http://www.dhammadownload.com



မိမိကိုယ်မှာ ရှိနေ၍ နောင်အခါ ကေန်မုချဖြစ်လာမည့် နာခြင်း သဘောကို နီးကပ်စွာ မြင်တော်မူသော ဗုဒ္ဓမြတ်စွာအလောင်းတော်သည် နာခြင်းသဘောရှိသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံတို့ကို သိမ်းပိုက်ရာမှီးလို သော စိတ်ဆန္ဒများ လုံးဝပျောက်ကင်းသွားပေသည်။ ယသော်ဓရာမိဖုရား စသော နန်းတွင်းသူ အပေါင်းအဖော်တို့နှင့် နှစ်ခြိုက်ပျော်မွေ့စွာ နေထိုင် လိုသော စိတ်ဆန္ဒများလည်း မရှိတော့ပေ။ လုံးဝပျောက်ကင်းသွားပေသည်။ နာခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို ရှာမှသာ သင့်တော်မည်ဟူသော စိတ် ဆန္ဒများသာ အဖန်ဖန်အခါခါ ဖြစ်တော်မူလာပေသည်။

## ဆောင်ပုဒ် ။ ။ နာခြင်းကိုယ့်မှာ၊ ရှိနေတာကြောင့်၊ နာခြင်းကင်းရာ၊ ရှာမှသာ၊ မှန်စွာသင့်တော်မည်။

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် သူနာကို တွေ့မြင်ရ၍ ထိတ်လန့် သံဝေဂဖြစ်ခဲ့သည်မှာ (၄)လကြာသွားလေ၏။ (၄)လအတွင်းမှာ မွေ့လျော် ဖွယ်ရာ နန်းတော်၏ အဆောင်အယောင်များဖြင့် နန်းတွင်းသူ ပရိသတ် များက ဖျော်ဖြေကြသောကြောင့် ထိတ်လန့်သံဝေဂများ တဖြည်းဖြည်း ပျက်ပြယ်သွားသဖြင့် တတိယအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ရထားထိန်း နှင့် ထွက်တော်မူခဲ့လေ၏။ လမ်းခရီးတွင် နတ်တို့ ဖန်ဆင်းပြသည့် လူတွေ ဝိုင်းအုံ၍ ကြည့်နေသော သူသေကို တွေ့မြင်ရပြန်လေသည်။

ရှေးအခါက သူသေကို မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြား ဖူးသောကြောင့် "ဤသူသည် အဘယ်လိုလူဖြစ်သနည်း"ဟု ရထားထိန်း ကို မေးလေ၏။ "ဤသူသည် သူသေဖြစ်ပါသည်"ဟု ပြောကြားပါသော် လည်း နားမလည်သဖြင့် ရထားထိန်းက ထပ်မံ၍ ရှင်းပြလေ၏။ "သူသေ ဆိုသည်မှာ သူ့ကို ဆွေမျိုးမိဘတွေက နောင်ဘယ်သောအခါမှ ပြန် မတွေ့မြင်ရတော့သောသူ ဖြစ်ပါသည်"ဟု ရှင်းပြလေ၏။

"ဤသေခြင်းသဘောသည် အကျွန်ုပ်မှာလည်း ဖြစ်လာမည်လား"ဟု မေးပြန်လေ၏။ "အရှင်မင်းကြီး သေခြင်းသဘောတရားကို ဘယ်ပုဂ္ဂိုလ်မှ

http://www.dhammadownload.com



ရှောင်ကွင်း၍ မရပါ။ သေခြင်းသဘောနှင့် မုချကေန် တွေ့ကြမည်သာ ဖြစ်ပေသည်"ဟု ရထားထိန်းက ဖြေကြားလိုက်သောအခါ အလွန်ထိတ်လန့်သံဝေဂများ ဖြစ်သွားသဖြင့် မင်္ဂလာဥယျာဉ်တော်သို့ မသွားတော့ဘဲ နန်းတော်သို့ ရထားကို ပြန်မောင်းစေ၏။

နန်းတော်သို့ ပြန်ရောက်သောအခါ ထူးခြားသော ထိတ်လန့်သံဝေဂများ ဖြစ်လေ၏။ မိမိကိုယ်တိုင် သေခြင်းသဘောရှိနေပါလျက် သေတတ်တဲ့ ပျက်စီးတတ်တဲ့ သက်ရှိသက်မဲ့ ဝတ္ထုအာရုံများနှင့် အပေါင်းအဖော် အခြံအရံပရိသတ်များကို ရှာမှီးနေတာ မသင့်တော်ပေ။ သေတတ် ပျက်စီးတတ်သည့် သဘောရှိသော ယသော်ရောမိဖုရားစသော နန်းတွင်းသူ အခြံအရံပရိသတ်များနှင့် ပျော်မွေ့နေတာ မသင့်တော်ပေဟု ဗုဒ္ဓမြတ်စွာ အလောင်းတော်မှာ ထူးခြားသော ထိတ်လန့်ဖွယ် သံဝေဂများ ဖြစ်တော်မူလာလေ၏။

**ဆောင်ပုဒ် ။ ။ သေခြင်းကိုယ့်မှာ၊ ရှိနေပါလျက်၊ သေတာကိုသာ၊ ရှာနေတာ၊ မှန်စွာမသင့်ပြီ။**

မိမိကိုယ်မှာရှိနေ၍ နောင်အခါ ကေန်မုချတွေ့ရမည့် သေခြင်းသဘောကို နီးကပ်စွာ မြင်တော်မူသော ဗုဒ္ဓမြတ်စွာအလောင်းတော်သည် သေခြင်းသဘောရှိသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံတို့ကို သိမ်းပိုက်ရှာမှီးလိုသော စိတ်ဆန္ဒများ လုံးဝပျောက်ကင်းသွားပေသည်။ ယသော်ရောမိဖုရားစသော နန်းတွင်းသူ အပေါင်းအဖော်တို့နှင့် နှစ်ခြိုက်ပျော်မွေ့စွာ နေထိုင်လိုသော စိတ်ဆန္ဒများလည်း မရှိတော့ပေ။ လုံးဝပျောက်ကင်းသွားပေသည်။ သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို ရှာမှသာ သင့်တော်မည်ဟူသော စိတ်ဆန္ဒများသာ အဖန်ဖန်အခါခါ ဖြစ်တော်မူလာပေသည်။

**ဆောင်ပုဒ် ။ ။ သေခြင်းကိုယ့်မှာ၊ ရှိနေတာကြောင့်၊ သေခြင်းကင်းရာ၊ ရှာမှသာ၊ မှန်စွာသင့်တော်မည်။**

http://www.dhammadownload.com



ဗုဒ္ဓမြတ်စွာအလောင်းတော်သည် သူသေကို တွေ့မြင်ရ၍ ထိတ်လန့်သံဝေဂ ဖြစ်ခဲ့သည်မှာ (၄)လကြာသွားလေ၏။ (၄)လအတွင်းမှာ မွေ့လျော်ဖွယ်ရာ နန်းတော်၏ အဆောင်အယောင်များဖြင့် နန်းတွင်းသူ ပရိသတ်များက ဖျော်ဖြေကြသောကြောင့် ထိတ်လန့်သံဝေဂများ တဖြည်းဖြည်း ပျက်ပြယ်သွားသဖြင့် စတုတ္ထအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ရထားထိန်းနှင့် ထွက်တော်မူခဲ့လေ၏။ လမ်းခရီးတွင် နတ်တို့ဖန်ဆင်းပြသည့် ခေါင်းတုံးပြီး ဖန်ရည်ဆိုးထားသော အဝတ်ကိုဝတ်ရုံထားသည့် ရဟန်းကို တွေ့မြင်ရလေ၏။

ရှေးအခါက ရဟန်းကို မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူးသောကြောင့် "ဤသူသည် ဘယ်လိုလူဖြစ်သနည်း"ဟု ရထားထိန်းကို မေးလေ၏။ "ဤသူသည် ရဟန်းဖြစ်ပါသည်"ဟု ဖြေကြားပါသော်လည်း နားမလည်သဖြင့် ရထားထိန်းက ထပ်မံ၍ ရှင်းပြရလေ၏။ "ရဟန်းဆိုသည်မှာ လူ့ဘောင်မှာ လူအများနှင့် မနေတော့ပါဘဲ တစ်ယောက်တည်း နေတတ်သူဖြစ်ပေသည်။ သူတစ်ပါးကို မညှဉ်းဆဲတတ်သူ၊ သူတစ်ပါးကို အကျိုးရှိအောင် ဆောင်ရွက်ပေးတတ်သူ ဖြစ်ပါသည်"ဟု ရှင်းပြလေ၏။

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် ရဟန်းအဖြစ်ကို အလွန်နှစ်သက်သဘောကျလေသည်။ ယနေ့ပင်လျှင် တောထွက်၍ ရဟန်းပြုတော့မည်ဟူသော အကြံအစည်များ ဖြစ်တော်မူလေသည်။ ဗုဒ္ဓမြတ်စွာအလောင်းတော်သည် မင်္ဂလာဥယျာဉ်သို့သွားရောက်ကာ ဥယျာဉ်၏ အရသာအမျိုးမျိုးတို့ကို ခံစားလေ၏။ မင်္ဂလာရေကန်၌ ရေချိုးပြီးသောအခါ ညနေချမ်းမှာ နန်းတော်သို့ပြန်ဖို့ရာ အလောင်းတော် ရထားပေါ်သို့ တက်ရောက်နေခိုက်တွင် ယသော်ဓရာမိဖုရားမှ သားတော်ဖွားမြင်သည်ဟူသော သတင်းစကား ရောက်လာလေ၏။ အလောင်းတော်က "ငါ့ကိုဖမ်းစားမည့်သူ ရာဟုအသူရိန် မွေးဖွားလာပြီ"ဟု ကြီးစွာထိတ်လန့်သံဝေဂဖြစ်ကာ နန်းတော်သို့ ပြန်လာခဲ့လေ၏။

http://www.dhammadownload.com



ထိုညတွင် ယခင်ညများကဲ့သို့ပင် နန်းတွင်းသူများက ကခုန်တီးမှုတ်သီဆိုခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာအလောင်းတော်ကို ဖျော်ဖြေကြပါသော်လည်း ရှေးကကဲ့သို့ ပျော်ရွှင်နှစ်ခြိုက်ခြင်းများ မရှိတော့ပါဘဲ မကြာမီ အိပ်ပျော်သွားလေ၏။ သန်းခေါင်ယံ တစ်ရေးနိုး၍ ကြည့်လိုက်သောအခါ နန်းတွင်းသူတို့ မဖွယ်မရာ ဖရိုဖရဲ အိပ်ပျော်နေကြသည်ကို မြင်ရသည်ရှိသော် သုသာန်တစ သင်္ချိုင်းဝပမာ အလောင်းတော်၏စိတ်မှာ ထင်လာလေ၏။ ယခုပင် တောထွက်တော့မည်ဟု ဆုံးဖြတ်ပြီးလျှင် ဆန္နအမတ်ကိုခေါ်ကာ ကဏ္ဍကမြင်းကိုစီး၍ တောထွက်တော်မူ၏။ အနော်မာမြစ် တစ်ဖက်ကမ်းသို့ ရောက်လာသောအခါ ဆံတော်ကိုပယ်၍ ရဟန်းပြုလိုက်လေ၏။

ဤကဲ့သို့ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို တွေ့မြင်ရ၍ တောထွက်ရာ၌ ဗုဒ္ဓမြတ်စွာအလောင်းတော်၏ သူအို၊ သူနာ၊ သူသေတို့ကို တွေ့မြင်သောအခါ ထိတ်လန့်သံဝေဂဖြစ်ပုံများမှာ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် အားကျဖွယ်၊ နည်းယူဖွယ်၊ အတုယူဖွယ် ကောင်းလှပါပေသည်။ ထိတ်လန့်ဖွယ် သံဝေဂများကိုယူ၍ မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို အားထုတ်ဖွယ်ကောင်းလှပါပေသည်။

## အိုရခြင်းသဘောကို ဆင်ခြင်ပုံ

သက်တမ်းပြည့်နေရလျှင် သူတစ်ပါးတို့အကူအညီဖြင့် နေရလောက်အောင် ကိုယ့်ခန္ဓာ ကိုယ့်ကိစ္စကို ကိုယ်မဆောင်ရွက်နိုင်လောက်အောင် အိုရလိမ့်မည်ဟု အိုခြင်းသဘောတရားကို နီးကပ်စွာ ဉာဏ်ထဲမှာ ထင်မြင်လာအောင် နှလုံးသွင်းဆင်ခြင်ရပေမည်။ ဆင်ခြင်နိုင်ပါက အရွယ်ကောင်းခြင်းကို မှီ၍ဖြစ်သော မာန်မာနများ ကျဆင်းသွားနိုင်ပေသည်။ သို့မှသာ မအိုခင်ကြိုတင်၍ အားထုတ်ဖို့ရာ သတိရပြီး တရားအားထုတ်ဖြစ်ကြပေမည်။

**ဆောင်ပုဒ် ။ ။ အိုရမည့်အေး မရောက်သေး မျှော်တွေးဆင်ခြင်ပါ။**

http://www.dhammadownload.com



အိုခြင်းတွင် ရုပ်ကအိုခြင်း၊ နာမ်ကအိုခြင်းဟူ၍ နှစ်မျိုးရှိပေသည်။ အသက်အရွယ် အိုမင်းလာသောအခါ ခန္ဓာကိုယ်က လေးလံထိုင်းမှိုင်းပြီး သွားရတာပင်ပန်း၊ ထိုင်ရတာပင်ပန်း၊ ထရတာပင်ပန်းနေခြင်းတို့သည် ရုပ်ကအိုခြင်း ဖြစ်ပေသည်။ ပြုဖွယ်ရာကိစ္စများကို မေ့မေ့နေခြင်းသည် နာမ်ကအိုခြင်း ဖြစ်ပေသည်။ မအိုသေးခင် ခန္ဓာကိုယ် ပေါ့ပါးသွက်လက် နိုင်ခံ့နေခိုက် သတိကောင်းနေခိုက် ငယ်ရွယ်စဉ်မှာ တရားအားထုတ်မှ တရားမြန်မြန်တွေ့၊ တရားမြန်မြန်တက်၍ အဆင်ပြေလှပေသည်။

**ဆောင်ပုဒ်။ ။ မအိုသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။**

အသက်အရွယ် (၇၀)ကျော်၊ (၈၀)ခန့်ရှိ၍ အိုသောအခါမှ ရိပ်သာသို့ဝင်၍ ဝိပဿနာတရားအားထုတ်ခဲ့သော် ခန္ဓာကိုယ်ကလည်း မခိုင်ခံ့၍ ကြာကြာမထိုင်နိုင်၊ သတိကလည်း မေ့မေ့နေ၍ ပေါ်ရာပေါ်ရာ အာရုံများကို မီအောင် မမှတ်နိုင်သောကြောင့် သမာဓိမဖြစ်၊ သမာဓိမဖြစ်လျှင် ဝိပဿနာဉာဏ်လည်း မဖြစ်သဖြင့် ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းဖြစ်တာကပင် များနေကြပေမည်။ သို့ဖြစ်၍ အိုသောအခါကျမှ တရားအားထုတ်ရသည်မှာ အဆင်မပြေ ဖြစ်ကြရပေသည်။

**ဆောင်ပုဒ်။ ။ အိုသောခါတွင်၊ တရားဝင်၊ အဆင်မပြေပြီ။**

အိုသောအခါမှ တရားလက်ဆုပ်လက်ကိုင် မရရှိထားခဲ့ပါလျှင် သတိအလွန်မေ့လာသည်ဖြစ်၍ စားပြီးသော်လည်း မစားရသေး၊ ပြောပြီးသော်လည်း မပြောရသေးဟု ထင်မြင်နေခြင်း စသည်ဖြင့် အများများအယွင်းယွင်း ဖြစ်ကြရပေသည်။ ကလေးသူငယ်များ၏စိတ်မျိုး ဖြစ်လာတတ်ကြပေသည်။ သူငယ်ပြန်တတ်ကြပေသည်။ သို့ဖြစ်၍ မအိုသေးခင် အရွယ်ကောင်းစဉ်မှာ ဝိပဿနာတရား အားထုတ်ကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ အိုသောခါမှ၊ တရားမရ မှားကြဲဖါလိမ့်မည်။**

http://www.dhammadownload.com



## နာရခြင်းသဘောကို ဆင်ခြင်ပုံ

နာရမည့်အဖြစ်ကိုလည်း နီးကပ်စွာ ဉာဏ်ထဲမှာထင်အောင် ဆင်ခြင်ကြရပေသည်။ များစွာသော ရောဂါဝေဒနာများနှင့် ဆက်ဆံနေသော ဤခန္ဓာကိုယ်သည် တစ်နေ့သောအခါ ကိုယ့်ခြေကိုယ့်လက်ကိုမှ မလှုပ်နိုင် မသယ်နိုင်လောက်အောင် နာရခြင်းသဘောတရားနှင့် မုချကေန် တွေ့ရမည့်မှာ နလုံးသွင်းဆင်ခြင်နိုင်ပါက ကျန်းမာခြင်းကို မှီ၍ဖြစ်နေသော မာန်မာနများ ကျဆင်းသွားနိုင်ပေသည်။ သို့မှသာ မနာခင်က ကြိုတင်၍ အားထုတ်ဖို့ရာ သတိရပြီး တရားအားထုတ်ဖြစ်ကြမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ နာရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။**

မနာသေးခင် ကျန်းမာရေးနှင့် ပြည့်စုံနေခိုက်မှာ ဝိပဿနာတရား အားထုတ်ပါက ခန္ဓာကိုယ်ခံ့ကျန်း ကျန်းမာသည်နှင့်အမျှ စိတ်တည်ငြိမ်မှု သမာဓိ ဖြစ်လာပေသည်။ သမာဓိအားကောင်းသည်နှင့်အမျှ ဝိပဿနာဉာဏ်များ ဖြစ်လာပေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်များ ဖြစ်လာ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားကြရပေသည်။ သို့ဖြစ်၍ မနာသေးခင် တရားဝင်ရခြင်းသည် အဆင်ပြေလှပေသည်။

**ဆောင်ပုဒ် ။ ။ မနာသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။**

အလွန်ပြင်းထန်သော သေလောက်သည့် ရောဂါဝေဒနာများ ဖြစ်လာသောအခါမှ တရားအားထုတ်ခဲ့သော် ရောဂါဝေဒနာက စိတ်ကို လွှမ်းမိုးထားသောကြောင့် စိတ်ဆင်းရဲခြင်းများဖြစ်၍ စိတ်တွေတုန်လှုပ်နေတတ်ပေသည်။ စိတ်တွေတုန်လှုပ်နေပါက သမာဓိမဖြစ်၊ သမာဓိမဖြစ်ပါက ဝိပဿနာဉာဏ်လည်းမဖြစ်၊ ဝိပဿနာဉာဏ်မဖြစ်ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်များလည်းမဖြစ်နိုင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မဖြစ်ပါက နိဗ္ဗာန်ချမ်းသာသို့ မရောက်နိုင်၊ သို့ဖြစ်၍ နာသောအခါမှ တရားအားထုတ်ပါလျှင် တရားမရသဖြင့် အဆင်မပြေခြင်း ဖြစ်ကြရပေသည်။

http://www.dhammadownload.com



**ဆောင်ပုဒ် ။ ။ နာသောခါတွင်၊ တရားဝင်၊ အဆင်မပြေပြီ။**

မနာသေးခင်က ကြိုတင်၍ ဒုက္ခဝေဒနာကို လွှမ်းမိုးနိုင်အောင် တရားအားထုတ်ထားသော ပုဂ္ဂိုလ်တို့သည် ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ကြရပေသည်။

တစ်ချိန်သောအခါ နကုလပိတာသူဌေးကြီးသည် အသက်အရွယ်က အလွန်အိုမင်း၍ ရောဂါဝေဒနာက ဖိစီးလာသဖြင့် အသက်ရှင်နေခိုက်မှာ လိုက်နာကျင့်ကြံဖို့ရာ မြတ်စွာဘုရားထံသွား၍ တရားတောင်းလေ၏။ မြတ်စွာဘုရားက "သူဌေးကြီး ... ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင်ကျင့်ရမည်"ဟု ဟောကြားတော်မူလိုက်လေ၏။

သူဌေးကြီးသည် အလွန်သဘောကျ၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး လက်အုပ်ချီကာ ထွက်လာခဲ့ပြီးလျှင် အရှင်သာရိပုတ္တရာထံ သွားရောက်၍ ရှိခိုးဦးချလေ၏။ အရှင်သာရိပုတ္တရာက "သူဌေးကြီး ... မျက်နှာအဆင်းတွေ တယ်ကြည်လင်ပါလား၊ မြတ်စွာဘုရားက တရားဟောလိုက်ပါရဲ့လား"ဟု မေးတော်မူ၏။ သူဌေးကြီးက "ဟောလိုက်ပါသည်ဘုရား။ ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင်ကျင့်ဟု ဟောလိုက်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက "ကိုယ်လည်းနာ၊ စိတ်လည်းနာဖြစ်ပုံ အဓိပ္ပါယ်ကို မြတ်စွာဘုရားထံမှာ လျှောက်ထားခဲ့ပါရဲ့လား"ဟု မေးတော်မူရာ "မလျှောက်ထားခဲ့ပါ"။ "ကိုယ်သာနာ၍ စိတ်မနာဖြစ်ပုံ အဓိပ္ပါယ်ကိုလည်း မြတ်စွာဘုရားထံမှာ လျှောက်ထားခဲ့ပါရဲ့လား"ဟု မေးတော်မူပြန်ရာ "မလျှောက်ထားခဲ့ပါ"ဟု သူဌေးကြီးက ပြန်လျှောက်ထားလေ၏။ လျှောက်ထားပြီးသောအခါ "ကိုယ်လည်းနာ၊ စိတ်လည်းနာ၊ ကိုယ်သာနာ၍ စိတ်မနာတရားကို အရှင်ဘုရားဟောကြားမှ တပည့်တော် နာရပါမည်ဘုရား" ဟု ဟောကြားတော်မူရန် လျှောက်ထားပြန်လေ၏။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက "ကိုယ်လည်းနာ၊ စိတ်လည်းနာ" ဆိုသည်မှာ ရုပ်နှင့်နာမ်မကွဲပါဘဲ ရုပ်ကိုယ်နှင့် စိတ်နာမ်ကို တပေါင်းတည်းသိမြင်ကာ (ငါ)ဟု ထင်နေသူများမှာ ကိုယ်လည်းနာ၊ စိတ်လည်းနာ ဖြစ်ကြရပေသည်။ ရုပ်ကိုယ်က နာတာနှင့်အမျှ စိတ်ကလည်း ဆင်းရဲကြပေသည်ဟုဆိုကာ အတ္တဒိဋ္ဌိ(၂၀)ကို ဟောကြားတော်မူပါသည်။

**ဆောင်ပုဒ် ။ ။ ရုပ်နာမ်ကိုပင်၊ ငါကောင်ထင်၊ စွဲလျှင်ကိုယ်စိတ်နာ။**

"ကိုယ်သာနာ၍ စိတ်မနာ" ဆိုသည်မှာ ရုပ်နာမ်တို့ဖြစ်ပေါ်ဆဲခဏမှာ ရုပ်နှင့်နာမ်ကို ကွဲပြားအောင် ရှုမှတ်ကြရပေသည်။ ရုပ်နှင့်နာမ် ကွဲပြားအောင် ရှုမှတ်နိုင်သောအခါ ရုပ်ကိုယ်ကြီးက နာကျင်ကိုက်ခဲနေသော်လည်း စိတ်က မဆင်းရဲတော့ပါဘဲ ရှုမှတ်မြဲတိုင်း ရှုမှတ်နိုင်သော ပုဂ္ဂိုလ်တို့သည် ကိုယ်ကသာနာ၍ စိတ်ကမနာသူများ ဖြစ်ကြရပေသည်။ သို့ဖြစ်၍ ကိုယ်သာနာ၍ စိတ်မနာဖြစ်ရအောင် ကျန်းမာနေခိုက် ကြိုတင်၍ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ထားကြရပေသည်။

**ဆောင်ပုဒ် ။ ။ ရုပ်နာမ်ပေါ်ဆဲ၊ ရှုမှတ်ခွဲ၊ ကိုယ်ပဲနာပါ စိတ်မနာ။**

## သေရခြင်းသဘောကို ဆင်ခြင်ပုံ

မိမိတို့ အသက်ရှင်နေခြင်းသည်မမြဲ၊ သေခြင်းကသာမြဲပေသည်။ မိမိတို့ အသက်အပိုင်းအခြားကို မိမိကိုယ်တိုင် မသိနိုင်ပေ။ သေရမည့်ရောဂါကိုလည်း မသိနိုင်ပေ။ သေရမည့် အချိန်ကာလကိုလည်း မသိနိုင်ပေ။ သေရမည့် အရပ်ဒေသကိုလည်း မသိနိုင်ပေ။ သေရမှာတော့ ဧကန်မုချပင် ဖြစ်ပေသည်။ "ယနေ့ အသက်ရှင်နေသော်လည်း နက်ဖြန်ခါ ရှင်ချင်မှ ရှင်တော့မည်" ဟု သေရခြင်းသဘောကို နီးကပ်စွာ နလုံးသွင်း၍ ဉာဏ်ထဲမှာ ထင်အောင် ဆင်ခြင်ကြရမည် ဖြစ်ပေသည်။ ဆင်ခြင်နိုင်ပါက အသက်ရှင်ခြင်းကိုမှီ၍ဖြစ်သော မာန်မာနများ ကျဆင်းသွားနိုင်ပေသည်။ သို့မှသာ မသေခင် ကြိုတင်၍ အားထုတ်ဖို့ရာ သတိရပြီး တရားအားထုတ်ဖြစ်ကြပေမည်။

http://www.dhammadownload.com



**ဆောင်ပုဒ် ။ ။ သေရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။**

မသေသေးခင် ယခုအချိန်အခါသည် လူလည်း ဖြစ်နေရသည့်အခိုက်၊ အသက်လည်း ရှင်နေရသည့်အခိုက်၊ သူတော်ကောင်းတရားများကိုလည်း နာကြားနေရသည့်အခိုက်၊ မြတ်စွာဘုရား၏ သာသနာတော်ကြီးနှင့်လည်း တွေ့ကြုံနေရသည့်အခိုက်ဖြစ်၍ အကောင်းမြတ်ဆုံးအချိန်အခါ ဖြစ်ပေသည်။ ဤကဲ့သို့ အကောင်းမြတ်ဆုံးအချိန်အခါကို ရရှိနေခိုက်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါက မသေရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားနိုင်သည်ဖြစ်၍ အဆင်ပြေလှပေသည်။

**ဆောင်ပုဒ် ။ ။ မသေသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။**

သေခြင်းသဘောတရားကို နှလုံးမသွင်း မဆင်ခြင်သောသူတို့သည် လောကီအာရုံများနှင့် ပျော်မွေ့နေကြ၍ ဒါနစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ဖို့ရာ မေ့နေတတ်ကြပေသည်။ ဝိပဿနာတရား အားထုတ်ဖို့ရာလည်း မေ့နေတတ်ကြပေသည်။ ကုသိုလ်ကောင်းမှုကလည်း နည်းပါး၊ ဝိပဿနာတရားကိုလည်း အားထုတ်ခြင်းမရှိကြသောသူတို့သည် သေခါနီးတွင် မကောင်းသောနိမိတ်များထင်၍ တွေတွေဝေဝေ ထိတ်ထိတ်လန့်လန့်နှင့် အဆင်မပြေဘဲ သေကြရပေသည်။

**ဆောင်ပုဒ် ။ ။ သေခါနီးတွင်၊ တွေဝေလျှင်၊ အဆင်မပြေပြီ။**

မကောင်းသောနိမိတ်များထင်၍ တွေတွေဝေဝေ သေကြရသောသူတို့သည် ဆင်းရဲဒုက္ခများလှသည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော ယုတ်နိမ့်ရာ အပါယ်ဘုံဘဝများသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။ ဘဝသံသရာတစ်လျှောက်လုံးမှာ ဆင်းရဲခြင်းဒုက္ခများကာ အမှားမှားအယွင်းယွင်း ဖြစ်ကြရလိမ့်မည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ သေသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။**

http://www.dhammadownload.com



သို့ဖြစ်၍ မသေသေးခင် ဗုဒ္ဓမြတ်စွာအလောင်းတော်နည်းတူ သေခြင်းသဘောတရား ကိုယ့်မှာရှိနေတာကို ဉာဏ်သက်ဝင်အောင် ဆင်ခြင်၍ သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို ပွားများအားထုတ်ကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ ဝါဆိုလပြည့်နေ့မှာ အို၊ နာ၊ သေဟူသော သံဝေဂတရားတို့ကို နာကြားရသဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာသို့ လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း ...။

သာဓု ... သာဓု ... သာဓုပါဘုရား။

သစ္စမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# လေးမျိုးတားမရ သိသင့်လှ

ယနေ့ ၁၃၅၁-ခု၊ ဝါခေါင်လဆုတ်(၈)ရက်နေ့၌ ဟောကြားရမည့် တရားတော်မှာ လေးမျိုးတားမရ သိသင့်လှတရားတော် ဖြစ်ပေသည်။

အသိဉာဏ်ပြည့်ဝကြသော ပုဂ္ဂိုလ်တိုင်း မိမိတို့မှာ ကျရောက်လာမည့် ဘေးအန္တရာယ်တို့ကို မကျရောက်မီ ကြိုတင်ကာကွယ်ကြရပေသည်။ မရှောင်သာ၍ ကျရောက်လာသည့်အခါမှာလည်း မိမိတို့၏ ကိုယ်အား၊ ဉာဏ်အား၊ စည်းစိမ်ဥစ္စာအားတို့ဖြင့် အစွမ်းကုန် ကာကွယ်ကြရပေသည်။ ကိုယ်တိုင်မကာကွယ်နိုင်သောအခါမှာလည်း ကာကွယ်ပေးနိုင်သောပုဂ္ဂိုလ်များထံမှ အကူအညီတောင်းကြရပေသည်။

ဤကဲ့သို့ စွမ်းအားရှိသလောက် ကာကွယ်ကြရာတွင် အချို့အချို့သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်လို့ရကြပေသည်။ အချို့အချို့သော ဘေးရန်အန္တရာယ်တို့ကိုမူ ကာကွယ်လို့မရနိုင်ဘဲ ဖြစ်ကြရပေသည်။ စိုးရိမ်ပူဆွေးရခြင်း = သောက၊ ငိုကြွေးရခြင်း = ပရိဒေဝတို့ ဖြစ်ကြရပေသည်။ ကာကွယ်တားဆီးလို့ မရကောင်းသော ဘေးရန်အန္တရာယ်တို့ကို ကြိုတင်၍ သိထားမှသာ တရားဖြင့် ဖြေဖျောက်နိုင်ကြမည် ဖြစ်ပေသည်။ တရားဖြင့် ကာကွယ်လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။

မည်သူမျှ တာဝန်ယူ၍ ကာကွယ်တားဆီးလို့ မရကောင်းသော တရားများမှာ -

http://www.dhammadownload.com



(၁) ဇရာဓမ္မ = အိုရခြင်းဘေး သဘောတရား။
(၂) ဗျာဓိဓမ္မ = နာရခြင်းဘေး သဘောတရား။
(၃) မရဏဓမ္မ = သေရခြင်းဘေး သဘောတရား။
(၄) ပါပကမ္မဝိပါက = မကောင်းမှုကံ၏ အကျိုးပေးဘေးဟူ၍ လေးမျိုးရှိပေသည်။ (အံ-၁/၄၉၁)

လောကထဲ၌ ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မကောင်းမှုကံ၏အကျိုးပေးကို ခံရခြင်းဟူသော ဤဘေးဆိုးကြီးလေးမျိုးကို ဘယ်ပုဂ္ဂိုလ်မှ မတွေ့လိုကြပေ၊ ဘယ်နည်းနှင့်မှလည်း ရှောင်ကွင်း၍ မရနိုင်ကြပေ။ မုချကေန် တွေ့ကြရမည်သာ ဖြစ်ပေသည်။

ဤဘေးဆိုးကြီးလေးမျိုးကို လက်မှာသို့ရောက်အောင် သွားနိုင်ရန် စီစဉ်ပေးကြသော သိပ္ပံပညာရှင်တို့ကလည်း သိပ္ပံနည်းဖြင့် ကာကွယ်တားဆီးပေးလို့ မရနိုင်ကြပေ။ ဝိဇ္ဇာမန္တန်ပညာရှင်တို့ကလည်း ဝိဇ္ဇာမန္တန်နည်းဖြင့် ကာကွယ်တားဆီးပေးလို့ မရနိုင်ကြပေ။ တန်ခိုးအဘိညာဉ်ရှင်တို့ကလည်း တန်ခိုးအဘိညာဉ်တို့ဖြင့် ကာကွယ်တားဆီးပေးလို့ မရနိုင်ကြပေ။ ဘုရားရှင်သော်မှ ကာကွယ်တားဆီးပေးလို့ မရနိုင်ကြသော ဘေးဆိုးကြီးလေးမျိုး ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ အိုနာသေမျိုး၊ မကောင်းကံကျိုး၊ လေးမျိုးတားမရ။**

လောကထဲ၌ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အလွန်အဆိပ်ပြင်းထန်သော မြွေဆိုးကြီးများရှိရာသို့ သွားနေရသကဲ့သို့ အိုနာသေဟူသော ဘေးဆိုးကြီးများဆီသို့ အမြဲသွားနေကြရပေသည်။ အလွန်အဆိပ်ပြင်းထန်သော မြွေဆိုးကြီးများရှိရာ လမ်းခရီးသို့ သွားနေကြရသောသူတို့သည် မြွေဆိုးကြီးများကို ဖယ်ရှား၍ ချမ်းသာရာသို့ သွားနိုင်ဖို့ရန် တုတ်လှံတံများကို ရှာဖွေကိုင်ဆောင်၍ သွားကြရပေသည်။

http://www.dhammadownload.com



ထို့အတူ အိုနာသေဟူသော ဘေးဆိုးကြီးများဆီသို့ နေ့စဉ်နှင့်အမျှ သွားနေကြရသော မိမိတို့နှင့်တကွ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ဘေးဆိုးကြီးများမရောက်လာမီ၊ ဘေးဆိုးကြီးများနှင့် မတွေ့ရသေးမီ တုတ်လုံတံနှင့်တူသော ဘေးဆိုးကြီးတို့မှ လွတ်မြောက်ကြောင်း တရားဓမ္မတို့ကို ရှာမှီးကြရမည် ဖြစ်ပေသည်။

## အိုရခြင်းဘေးကို ဆင်ခြင်၍ တရားရှာပုံ

လူ့ဘဝမှာ သက်တမ်းပြည့်နေရလျှင် သူတစ်ပါးတို့အကူအညီဖြင့် နေရလောက်အောင် ကိုယ့်ခန္ဓာကိုယ့်ကိစ္စကို ကိုယ်မဆောင်ရွက်နိုင်လောက်အောင် အိုရလိမ့်မည်ဟု အိုရခြင်းဘေးကို နီးကပ်စွာ ဉာဏ်ထဲမှာ ထင်မြင်လာအောင် နှလုံးသွင်းဆင်ခြင်ကြရမည် ဖြစ်ပေသည်။ ဆင်ခြင်နိုင်ပါက အရွယ်ကောင်းခြင်းကိုမှီ၍ ဖြစ်နေသော မာန်မာနများ ကျဆင်းသွားနိုင်ကြပေသည်။ သို့မှသာ အိုရမည့်ဘေး မရောက်လာမီ တရားရှာဖို့ရာ သတိရကြမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ အိုရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။**

အိုခြင်းသည် ရုပ်ကအိုခြင်းနှင့် နာမ်ကအိုခြင်းဟူ၍ (၂)မျိုးရှိပေသည်။ အသက်အရွယ်အိုမင်းလာသောအခါ ခန္ဓာကိုယ်က လေးလံထိုင်းမှိုင်းပြီး သွားရတာပင်ပန်း၊ ထိုင်ရတာပင်ပန်း၊ ထရတာပင်ပန်းနေခြင်းတို့သည် ရုပ်ကအိုခြင်းပင် ဖြစ်ပေသည်။ ပြုဖွယ်ကိစ္စများကို မေ့မေ့နေခြင်းသည် နာမ်ကအိုခြင်းပင် ဖြစ်ပေသည်။ မအိုသေးခင် ခန္ဓာကိုယ်ပေါ့ပါးသွက်လက်နိုင်ခဲ့နေခိုက်၊ သတိကောင်းနေခိုက် ငယ်ရွယ်စဉ်မှာ ဝိပဿနာတရား ဝင်ရောက်အားထုတ်ပါက တရားမြန်မြန်တွေ့၊ တရားမြန်မြန်ရ၍ အဆင်ပြေလှပေသည်။

**ဆောင်ပုဒ် ။ ။ မအိုသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။**

http://www.dhammadownload.com



အသက်အရွယ်ငယ်ရွယ်စဉ် ဝိပဿနာတရား အားထုတ်သူနှင့် အသက်အရွယ်ကြီးမှ ဝိပဿနာတရား အားထုတ်ကြသူတို့သည် တရားရပုံခြင်း ကွာခြားကြပေသည်။ အသက်(၂၀)ဝန်းကျင်ခန့်မှ အသက်(၄၀) အတွင်း နည်းမှန်လမ်းမှန် ဝိပဿနာတရား အားထုတ်ကြသောသူတို့သည် တစ်လအတွင်း၊ တစ်လခန့်မှာ ပြည့်စုံသွားကြသူ များကြပေသည်။ အသက် (၅၀)ကျော်၊ (၆၀)ဝန်းကျင်ကျမှ ဝိပဿနာတရား အားထုတ်ကြသောသူတို့သည် နှစ်လခန့်အားထုတ်မှ ပြည့်စုံကြသူ များကြပေသည်။

ငယ်ရွယ်စဉ်အခါက သမာဓိဉာဏ်အခြေခံမရှိပါဘဲ အသက်(၇၀)ကျော်၊ (၈၀)ခန့်ရှိ၍ အိုသောအခါကျမှ ရိပ်သာဝင်၍ ဝိပဿနာတရား အားထုတ်ကြသောသူတို့သည် ခန္ဓာကိုယ်ကလည်းမခိုင်ခံ့၍ ကြာကြာမထိုင်နိုင်၊ သတိကလည်း လစ်လစ်နေ၍ ပေါ်ရာပေါ်ရာ အာရုံများကို မိအောင် မမှတ်နိုင်သောကြောင့် သမာဓိမဖြစ်၊ သမာဓိမဖြစ်လျှင် ဝိပဿနာဉာဏ်လည်း မဖြစ်သဖြင့် ကိုယ်ပင်ပန်း စိတ်ပင်ပန်းသည်ကသာ များနေကြမည် ဖြစ်ပေသည်။

ကမ္မဋ္ဌာန်းဆရာများထံ တရားအစစ်ခံရာတွင် တရားမတွေ့သဖြင့် တရားတွေ့ပုံများကို လျှောက်ထားစရာမရှိ၍လည်း အဆင်မပြေ ဖြစ်ကြရပေသည်။ ကမ္မဋ္ဌာန်းဆရာများကလည်း ဒကာကြီး၊ ဒကာမကြီးတို့ တရားကို ရှိရှိသေသေရှုမှတ်ပုံမရ၊ အမှတ်တွေကျဲနေပုံရသည် စသည်ဖြင့် အပြစ်တင်ခံရ၍လည်း အဆင်မပြေ ဖြစ်ကြရပေသည်။ တရားမတွေ့ တရားမရပါဘဲ အိမ်ပြန်ရမှာလည်း ခက်နေသဖြင့် အဆင်မပြေ ဖြစ်ကြရပေသည်။ သို့ဖြစ်၍ အိုသောအခါကျမှ တရားဝင်ရောက်အားထုတ်ကြသူများသည် အဆင်မပြေ ဖြစ်ကြရပေသည်။

## ဆောင်ပုဒ် ။ ။ အိုသောခါတွင်၊ တရားဝင်၊ အဆင်မပြေပြီ။

အိုသောအခါမှ တရားလက်ဆုပ်လက်ကိုင် မရထားကြသူတို့သည် သတိက အလွန်မေ့သည်ဖြစ်၍ စားပြီးသော်လည်း မစားရသေးဟု ထင်နေခြင်း၊ ပြောပြီးသော်လည်း မပြောရသေးဟု ထင်နေခြင်း စသည်ဖြင့်

http://www.dhammadownload.com



အမှားမှားအယွင်းယွင်း ဖြစ်ကြရပေသည်။ ကလေးသူငယ်များ၏စိတ်မျိုး ဖြစ်လာတတ်ကြပေသည်။ သူငယ်ပြန်တတ်ကြပေသည်။ သို့ဖြစ်၍ မအို သေးခင် တရားရှာကြရမည် ဖြစ်ပေသည်။ ဝိပဿနာတရား အားထုတ်ကြ ရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ အိုသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။**

## နာရခြင်းဘေးကိုဆင်ခြင်၍ တရားရှာရပုံ

နာရမည့်ဘေးကိုလည်း နီးကပ်စွာ ဉာဏ်ထဲမှာ ထင်မြင်လာအောင် ဆင်ခြင်ကြရပေသည်။ များစွာသော ရောဂါဝေဒနာတို့နှင့် ဆက်ဆံနေကြ သော ဤခန္ဓာကိုယ်သည် တစ်နေ့သောအခါ ကိုယ့်ခြေကိုယ့်လက်ကိုမှ မလှုပ်နိုင် မသယ်နိုင်လောက်အောင် နာရခြင်းဘေးနှင့် မုချကေန် တွေ့ ကြရမည်ဟု နှလုံးသွင်းဆင်ခြင်နိုင်ပါက ကျန်းမာခြင်းကိုမှီ၍ ဖြစ်နေသော မာန်မာနများ ကျဆင်းသွားနိုင်ကြပေသည်။ သို့မှသာ နာရမည့်ဘေး မရောက်လာမီ ကြိုတင်၍ တရားကိုရှာဖို့ရာ၊ တရားအားထုတ်ဖို့ရာ သတိ ရကြမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ နာရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။**

နာရမည့်ဘေး မရောက်လာမီ ကျန်းမာရေးနှင့် ပြည့်စုံနေခိုက်မှာ ဝိပဿနာတရား အားထုတ်ပါက ခန္ဓာကိုယ်ခံ့ကျန်း ကျန်းမာသည်နှင့်အမျှ စိတ်တည်ငြိမ်မှု သမာဓိဖြစ်လာပေသည်။ သမာဓိအားကောင်းသည်နှင့်အမျှ ဝိပဿနာဉာဏ်များ ဖြစ်လာပေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသွားသော အခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်လာ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ နာရမည့်ဘေး မရောက်လာမီ ကြိုတင်၍ တရား ဝင် တရားအားထုတ်ရခြင်းသည် အဆင်ပြေလှပေသည်။

**ဆောင်ပုဒ် ။ ။ မနာသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။**

http://www.dhammadownload.com



အလွန်ပြင်းထန်သော သေလောက်သည့် ရောဂါဝေဒနာများ ဖြစ်လာသောအခါကျမှ တရားအားထုတ်သောသူတို့သည် ရောဂါဝေဒနာက စိတ်ကိုလွှမ်းမိုးထားသောကြောင့် စိတ်ဆင်းရဲခြင်းဖြစ်တာများ၍ စိတ်များ တုန်လှုပ်နေတတ်ကြပေသည်။ စိတ်တုန်လှုပ်နေပါက သမာဓိမဖြစ်၊ သမာဓိမဖြစ်ပါက ဝိပဿနာဉာဏ်လည်းမဖြစ်၊ ဝိပဿနာဉာဏ်မဖြစ်ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်လည်းမဖြစ်နိုင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မဖြစ်နိုင်ပါက နိဗ္ဗာန်ချမ်းသာသို့မရောက်နိုင်၊ သို့ဖြစ်၍ နာသောအခါမှ နာရခြင်းဘေးရောက်လာမှ တရားအားထုတ်ကြသောသူတို့သည် အဆင်မပြေ ဖြစ်ကြရပေသည်။

**ဆောင်ပုဒ် ။ ။ နာသောခါတွင်၊ တရားဝင်၊ အဆင်မပြေပြီ။**

မနာသေးခင် နာရမည့်ဘေးမရောက်လာမီ ကြိုတင်၍ ဒုက္ခဝေဒနာကို လွှမ်းမိုးနိုင်အောင် တရားအားထုတ်ထားကြသော ပုဂ္ဂိုလ်တို့သည် ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ကြရပေသည်။

တစ်ချိန်သောအခါ နကုလပိတာသူဌေးကြီးသည် အသက်အရွယ်အလွန်အိုမင်း၍ ရောဂါဝေဒနာက ဖိစီးလာသဖြင့် အသက်ရှင်နေခိုက်မှာ လိုက်နာကျင့်ကြံဖို့ရန် မြတ်စွာဘုရားထံသွား၍ တရားတောင်းလေ၏။ မြတ်စွာဘုရားက "သူဌေးကြီး ... ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင် ကျင့်ရမည်"ဟု ဟောကြားတော်မူလိုက်လေ၏။

သူဌေးကြီးသည် အလွန်သဘောကျ၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး လက်အုပ်ချီကာ ထွက်လာခဲ့ပြီးလျှင် အရှင်သာရိပုတ္တရာထံသွားရောက်၍ ရှိခိုးဦးချလေ၏။ အရှင်သာရိပုတ္တရာက "သူဌေးကြီး ... မျက်နှာအရည်အဆင်းတွေ တယ်ကြည်လင်ပါလား၊ မြတ်စွာဘုရားက တရားဟောလိုက်ပါရဲ့လား"ဟု မေးတော်မူ၏။ သူဌေးကြီးက "ဟောလိုက်ပါသည်ဘုရား၊ ကိုယ်သာနာပါစေ၊ စိတ်မနာပါစေနဲ့၊ စိတ်မနာအောင်ကျင့်"ဟု ဟောတော်မူလိုက်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက "ကိုယ်လည်းနာ၊ စိတ်လည်းနာဖြစ်ပုံ အဓိပ္ပါယ်ကို မြတ်စွာဘုရားထံမှာ လျှောက်ထားခဲ့ပါရဲ့လား"ဟု မေးတော်မူရာ "မလျှောက်ထားခဲ့ပါ"။ "ကိုယ်သာနာ၍ စိတ်မနာဖြစ်ပုံ အဓိပ္ပါယ်ကိုလည်း လျှောက်ထားခဲ့ပါရဲ့လား"ဟု မေးတော်မူပြန်ရာ "မလျှောက်ထားခဲ့ပါဘုရား" ဟု သူဋ္ဌေးကြီးက ပြန်လျှောက်ထားလေ၏။ လျှောက်ထားပြီးသောအခါ "ကိုယ်လည်းနာ၊ စိတ်လည်းနာ၊ ကိုယ်သာနာ၍ စိတ်မနာတရားကို အရှင်ဘုရားဟောကြားမှ တပည့်တော် နာရပါတော့မည်ဘုရား"ဟု ဟောကြားတော်မူပါရန် လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက "ကိုယ်လည်းနာ၊ စိတ်လည်းနာ"ဆိုသည်မှာ ရုပ်နှင့်နာမ်မကွဲပါဘဲ ရုပ်ကိုယ်နှင့် စိတ်နာမ်ကို တပေါင်းတည်းသိမြင်ကာ (ငါ)ဟု ထင်မြင်နေသူများမှာ ကိုယ်လည်းနာ၊ စိတ်လည်းနာ ဖြစ်ကြရပေသည်။ ရုပ်ကိုယ်က နာတာနှင့်အမျှ စိတ်ကလည်း ဆင်းရဲကြရပေသည် ဟုဆိုကာ အတ္တဒိဋ္ဌိ(၂၀)ကို ဟောကြားတော်မူပါသည်။

**ဆောင်ပုဒ် ။ ။ ရုပ်နာမ်ကိုပင်၊ ငါကောင်ထင်၊ စွဲလျှင်ကိုယ်စိတ်နာ။**

"ကိုယ်သာနာ၍ စိတ်မနာ"ဆိုသည်မှာ ရုပ်နာမ်တို့ ဖြစ်ပေါ်ဆဲခဏ၌ ရုပ်နှင့်နာမ်ကို ကွဲပြားအောင် ရှုမှတ်ကြရပေသည်။ ရုပ်နှင့်နာမ် ကွဲပြားအောင် ရှုမှတ်နိုင်သောအခါ ရုပ်ကိုယ်ကြီးက နာကျင်ကိုက်ခဲနေပါသော်လည်း စိတ်က မဆင်းရဲတော့ပါဘဲ ရှုမှတ်မြဲတိုင်း ရှုမှတ်နိုင်သော ပုဂ္ဂိုလ်တို့သည် ကိုယ်ကသာနာ၍ စိတ်ကမနာသူများ ဖြစ်ကြရပေသည်။ သို့ဖြစ်၍ ကိုယ်သာနာ၍ စိတ်မနာဖြစ်ရအောင် ကျန်းမာနေခိုက်မှာ နာရခြင်းဘေး မရောက်လာမီ ကြိုတင်၍ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ ရုပ်နာမ်ပေါ်ဆဲ၊ ရှုမှတ်ခွဲ၊ ကိုယ်ပဲနာပါ စိတ်မနာ။**

http://www.dhammadownload.com



## သေရခြင်းဘေးကို ဆင်ခြင်၍ တရားရှာရပုံ

မိမိ၏ အသက်ရှင်ခြြင်းသည် မမြဲ၊ သေရခြင်းကသာ မြဲပေသည်။ မိမိ၏ အသက်အပိုင်းအခြားကို မိမိကိုယ်တိုင် မသိနိုင်ပေ။ သေရမည့် ရောဂါကိုလည်း မသိနိုင်ပေ။ သေရမည့် အချိန်ကာလကိုလည်း မသိနိုင်ပေ။ သေရမည့် အရပ်ဒေသကိုလည်း မသိနိုင်ပေ။ သေရမှာကတော့ မုချ ကေန် ဖြစ်ပေသည်။

ကိုယ်တွင်းက (၉၆)ပါးသော ရောဂါဝေဒနာနှင့် ကိုယ်ပက ဓား၊ လှံ၊ လက်နက်၊ အဆိပ်စသည်များစွာသော သေကြောင်းစစ်သည်များ ရှိနေကြပေသည်။ ထိုစစ်သည်အများအပြားရှိနေသည့် သေခြင်းသဘောတရား ဟူသော သေမင်းနှင့် တံစိုးလက်ဆောင်ပေး၍ ချိန်းချက်ထားလို့လည်း မရနိုင်ပေ။ မိတ်ဆွေဖွဲ့၍ ချိန်းချက်ထားလို့လည်း မရနိုင်ပေ။ သေမင်းကို အနိုင်တိုက်ယူဖို့ရာ စစ်သည်ဗိုလ်ပါများ စုဆောင်းထားလို့လည်း မရနိုင်ပေ။ သို့ဖြစ်၍ ယနေ့အသက်ရှင်နေသော်လည်း နက်ဖြန်ခါ ရှင်ချင်မှရှင်တော့မည် ဟု သေခြင်းဘေးကို နီးကပ်စွာ နှလုံးသွင်း၍ ဉာဏ်ထဲမှာ သက်ဝင်အောင် ဆင်ခြင်ကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ စစ်သည်များပြား၊ သေမင်းအား၊**
**ချိန်းထားလက်ဆောင်မရှိပါ။**
**တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါပေါင်း၊**
**စုဆောင်းထားခြင်းမရှိပါ။**
**ဒါ့ကြောင့်တို့မှာ၊ နက်ဖြန်ခါ၊ ရှင်မှာကေန်မသိပါ။**
**ဒါ့ကြောင့်နောက်နေ့၊ ရက်မရွှေ့၊**
**ယနေ့ပင်လျှင်အားထုတ်ပါ။**

ဟူသော ဘဒ္ဒေကရတ္တသုတ္တန်ဒေသနာတော်လာ သေရမည့်ဘေးကို ဆင်ခြင်နိုင်ပါက အသက်ရှင်နေခြင်းကိုမှီ၍ ဖြစ်နေသော မာန်မာနများ ကျဆင်းသွားနိုင်ကြပေမည်။ သို့မှသာ သေရမည့်ဘေးမရောက်မီ ကြိုတင်၍ တရားအားထုတ်ဖို့ရာ သတိရကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## ဆောင်ပုဒ် ။ ။ သေရမည့်ဘေး၊ မရောက်သေး၊ မျှော်တွေးဆင်ခြင်ပါ။

မသေသေးခင် ယခုအချိန်အခါသည် လူလည်း ဖြစ်နေရသည့်အခိုက်၊ အသက်လည်း ရှင်နေရသည့်အခိုက်၊ သူတော်ကောင်းတရားတို့ကိုလည်း နာကြားနေရသည့်အခိုက်၊ မြတ်စွာဘုရား သာသနာတော်ကြီးနှင့်လည်း တွေ့ကြုံနေရသည့်အခိုက်ဖြစ်၍ အကောင်းမြတ်ဆုံး အချိန်အခါ ဖြစ်ပေသည်။ ဤကဲ့သို့ အကောင်းမြတ်ဆုံး အချိန်အခါကို ရရှိထားခိုက်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါက သေရခြင်းဘေးမရှိရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားနိုင်ကြသည်ဖြစ်၍ အဆင်ပြေလှပေသည်။

## ဆောင်ပုဒ် ။ ။ မသေသေးခင်၊ တရားဝင်၊ အဆင်ပြေလှသည်။

သေရခြင်းဘေးကို နလုံးမသွင်း မဆင်ခြင်သောသူတို့သည် လောကီအာရုံများနှင့် မွေ့လျော်နေကြသည်ဖြစ်၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ဖို့ရာ မေ့နေတတ်ကြပေသည်။ ဝိပဿနာတရား အားထုတ်ဖို့ရာကိုလည်း မေ့နေတတ်ကြပေသည်။ ဤကဲ့သို့ ကုသိုလ်ကောင်းမှုကလည်း နည်းပါး၊ ဝိပဿနာတရားကိုလည်း အားထုတ်ခြင်းမရှိကြသောသူတို့သည် သေခါနီးတွင် မကောင်းသောနိမိတ်များထင်၍ တွေတွေဝေဝေ ထိတ်ထိတ်လန့်လန့်နှင့် အဆင်မပြေဘဲ သေကြရမည် ဖြစ်ပေသည်။

## ဆောင်ပုဒ် ။ ။ သေခါနီးတွင်၊ တွေဝေလျှင်၊ အဆင်မပြေပြီ။

မကောင်းသော နိမိတ်များထင်၍ တွေတွေဝေဝေ သေကြရသောသူတို့သည် ဆင်းရဲဒုက္ခများလှသည့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော ယုတ်နိမ့်သည့် အပါယ်ဘုံဘဝများသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။ ဘဝသံသရာတစ်လျှောက်လုံးမှာ ဆင်းရဲခြင်းဒုက္ခများကာ အမှားမှားအယွင်းယွင်း ဖြစ်ကြရမည် ဖြစ်ပေသည်။

## ဆောင်ပုဒ် ။ ။ သေသောခါမှ၊ တရားမရ၊ မှားကြပါလိမ့်မည်။

http://www.dhammadownload.com



ဤကဲ့သို့ အိုရခြင်းဘေး၊ နာရခြင်းဘေး၊ သေရခြင်းဘေးတို့ကို ဉာဏ်ထဲမှာ သက်ဝင်ထင်မြင်လာအောင် ဆင်ခြင်၍ သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို အားထုတ်ကြမှသာ အိုဘေး၊ နာဘေး၊ သေဘေးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြရမည် ဖြစ်ပေသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတို့တွင် အိုခြင်းသဘောသည် လူဖြစ်လာပြီး မွေးဖွားလာသည်မှစ၍ အိုနေပေသည်။ နုပျိုသောရုပ်နာမ်တို့က အားကောင်းနေ၍ ငယ်ရွယ်စဉ်မှာ မထင်ရှားသေးခြင်းပင် ဖြစ်ပေသည်။ နေ့စဉ်နှင့်အမျှ အိုနေကြပေသည်။

ထိုအိုခြင်းက နာခြင်းဆီသို့ ပို့ဆောင်ပေးနေပေသည်။ နာခြင်းက သေခြင်းဆီသို့ ပို့ဆောင်ပေးနေပေသည်။ နွားကျောင်းသားသည် နွားများကို နွားစားကျက်သို့ တုတ်နှင်တံဖြင့် ရိုက်၍ရိုက်၍ မောင်းနှင်နေသကဲ့သို့ အိုခြင်း၊ နာခြင်းတို့က သေခြင်းဆီသို့ရောက်အောင် အမြဲပို့ဆောင် မောင်းနှင်နေကြပေသည်။ တရားရှုမှတ်၊ တရားအားထုတ်ကြမှသာ အိုရခြင်းဘေးဒုက္ခ၊ နာရခြင်းဘေးဒုက္ခ၊ သေရခြင်းဘေးဒုက္ခတို့မှ လွတ်မြောက်ကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။** ဖြစ်ပေါ်လာဆဲ၊ အိုခြင်းလည်း၊ အမြဲလိုက်ပါသည်။
အိုခြင်းဆောင်ပို့၊ နာခြင်းသို့၊ ရောက်ဖို့နီးလာပြီ။
နာခြင်းဆောင်ပို့၊ သေခြင်းသို့၊ ရောက်ဖို့နီးလာပြီ။
အိုနာသေရေး၊ ဒုက္ခဘေး၊ ငွေပေးမလွတ်ပြီ။
တရားရှုမှ၊ ယင်းဒုက္ခ၊ မုချလွတ်ရမည်။

အကြင်သူတစ်ယောက်သည် မိမိကိုနိုပ်စက်ကြမည့် ရန်သူတို့၏ ဝိုင်းထားခြင်းကို ခံနေရ၏။ ထိုသူအတွက် ရန်သူတို့မှလွတ်ကင်းရာ နေရာဌာနလည်း ရှိပေသည်။ ထွက်ပြေးဖို့ရာလမ်းလည်း ရှိပေ၏။ ဤကဲ့သို့ ရှိနေပါလျက် ထွက်၍မပြေးသော ထိုသူသည် အလွန်ပင် မသိမိုက်မဲရာ

http://www.dhammadownload.com



ကျပေသည်။ အသိအလိမ္မာရှိသူတို့သည် အလျင်အမြန် ထွက်ပြေးကြမည်သာ ဖြစ်ပေသည်။

ထို့အတူ အိုဘေး၊ နာဘေး၊ သေဘေးတို့နှင့် တွေ့ကြုံနေရသော မိမိတို့သည် ထိုဘေးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာလည်း ရှိနေ၏။ နိဗ္ဗာန်ချမ်းသာသို့သွားရာ မဂ္ဂင်လမ်းလည်း ရှိနေ၏။ ဤကဲ့သို့ ရှိနေပါလျက် မဂ္ဂင်လမ်းသို့မသွား၊ မဂ္ဂင်တရား မပွားများပါက အလွန်မသိမိုက်မဲရာကျပေမည်။ အလျင်အမြန် မဂ္ဂင်တရား ပွားများကြရမည် ဖြစ်ပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းဖြင့် မဂ္ဂင်တရားကို ပွားများကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ အိုဘေးနာဘေး၊ သေဘေးနှင့်ဆိုင်၊**
**သမီးနှင့်သား၊ ကုစားမနိုင်၊**
**အမိအဘ၊ ရှိကလက်မှိုင်၊**
**မဂ္ဂင်ပွား၊ တရားသူကနိုင်။**

အိုဘေး၊ နာဘေး၊ သေဘေးတို့နှင့်စပ်၍ တရားယှဉ်ဖွယ်များမှာ ဤမျှနှင့်ပင် အသင့်အတင့် ပြည့်စုံသွားပါပြီ။ မကောင်းမှုကံရဲ့ အကျိုးပေးကို ဆက်လက်၍ ဟောကြားပါမည်။

လောကထဲ၌ ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အိုရခြင်းဘေး၊ နာရခြင်းဘေး၊ သေရခြင်းဘေးတို့ကို ဘယ်ပုဂ္ဂိုလ်ကမှ မတွေ့လိုကြပေ။ ဘယ်လိုနည်းနှင့်မှလည်း ရှောင်ကွင်း၍ မရနိုင်ကြပေ။ မုချကေန် တွေ့ကြရမည်သာ ဖြစ်သကဲ့သို့ ထို့အတူ မကောင်းမှုကံ၏ အကျိုးပေးကိုလည်း ဘယ်ပုဂ္ဂိုလ်မှ မတွေ့လိုကြပေ။ ဘယ်လိုနည်းနှင့်မှလည်း ရှောင်ကွင်း၍ မရနိုင်ကြပေ။ မုချကေန် တွေ့ကြရမည်၊ ခံကြရမည်သာ ဖြစ်ပေသည်။ သောတာပန်ဖြစ်ကြသော်လည်း မကောင်းမှုကံ၏ အကျိုးပေးကို ရှောင်ကွင်း၍ မရကြပေ။ ခံကြရမည်သာ ဖြစ်ပေသည်။ ရဟန္တာပုဂ္ဂိုလ်တို့သော်မှလည်း မကောင်းမှုကံ၏ အကျိုးပေးကို ရှောင်ကွင်း၍ မရကြပေ။ ခံကြရမည်သာ ဖြစ်ပေသည်။

http://www.dhammadownload.com



သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့သည် ပါရမီနစဉ်ဘဝက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ နန်းတွင်းသူအမျိုးသမီးများ ဖြစ်ကြပေသည်။ တစ်နေ့သ၌ မြစ်ဆိပ်သို့သွားရောက်ကာ ရေချိုးကစားကြပြီး ကမ်းပေါ်သို့တက်လာသောအခါ ချမ်း၍ မြက်ချုံတစ်ချုံကို မီးရှို့ကာ မီးလှုံကြလေ၏။

မီးငြိမ်းသွားသောအခါ ပြာပုံထဲတွင် မင်းနန်းတော်၌ကြွရောက်၍ ဆွမ်းဘုဉ်းပေးသော ပစ္စေကဗုဒ္ဓကို တွေ့မြင်ကြလေ၏။ မင်းကြီးသိ၍ အပြစ်ဒဏ်ပေးမည်ကို ထိတ်လန့်ကြသောကြောင့် ပစ္စေကဗုဒ္ဓကိုယ်ကို မီးလောင်ကျွမ်းစေပြီး ပျောက်ကွယ်သွားရအောင် ပစ္စေကဗုဒ္ဓ၏ကိုယ်ပေါ်၌ ထင်းများစုပုံ၍ ထပ်မံမီးရှို့ကြလေ၏။

ဤကဲ့သို့ နောက်ထပ် ထင်းများဖြင့် မီးရှို့ခဲ့ကြသော မကောင်းမှုကံများကြောင့် အနှစ်တစ်သိန်းကျော် ငရဲသို့ကျရောက်ကာ မကောင်းမှုကံ၏ အကျိုးပေးကို ခံခဲ့ကြရပေသည်။ ငရဲမှလွတ်လာပြီးသောအခါမှာလည်း ဘဝတစ်ရာမက အိမ်မီးလောင်ရာတွင် ပါဝင်၍ မီးလောင်သေဆုံးခဲ့ကြရပေသည်။ မကောင်းမှုကံ၏ အကျိုးပေးကို ခံခဲ့ကြရပေသည်။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်သို့ ရောက်လာသောအခါ ခုဇ္ဇုတ္တရာထံမှတစ်ဆင့် မြတ်စွာဘုရား၏ တရားတော်တို့ကို နာကြားရသောကြောင့် သောတာပန်ဖြစ်သွားကြရပေသည်။ အပါယ်ဆင်းရဲမှ အပြီးတိုင်လွတ်မြောက်သွားကြရပေသည်။ သို့ပါသော်လည်း အရှင်ပစ္စေကဗုဒ္ဓကို မီးရှို့ခဲ့ကြသော မကောင်းမှုကံများ၏ အကျိုးပေးများမှတော့ မလွတ်မြောက်နိုင်ကြပေ။ ခံကြရသည်သာ ဖြစ်ပေသည်။

တစ်နေ့သ၌ အပြိုင်ဖြစ်သူ ရန်သူမာဂဏ္ဍီ၏ ညွှန်ကြားချက်ဖြင့် မာဂဏ္ဍီ၏ဦးလေး ပုဏ္ဏားကြီးသည် သာမာဝတီနှင့် အမျိုးသမီးအပေါင်းအဖော်ငါးရာတို့ နေရာအိမ်ပြာသာဒ်ကို လောင်စာဆီများဖြင့် လာ၍သုတ်လေ၏။ သာမာဝတီနှင့် အပေါင်းအဖော်တို့က မေးကြရာတွင် မင်းကြီးက

http://www.dhammadownload.com



အိမ်ပြာသာဒ်များ နိုင်ခံ့စေရန်အတွက် စေခိုင်း၍ သုတ်ပေးရခြင်း ဖြစ်ပေသည်ဟု ပြောဆိုလေ၏။ လောင်စာဆီများသုတ်ပြီးသောအခါ သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့ နေထိုင်ကြသည့် တိုက်ခန်းကို သော့ခတ်ကာ အလုံပိတ်ပြီး မီးရှို့လိုက်လေ၏။ သာမာဝတီနှင့် အပေါင်းအဖော်အမျိုးသမီးငါးရာတို့သည် မီးလောင်ကျွမ်း၍ သေဆုံးသွားကြရပေသည်။ အရှင်ပစ္စေကဗုဒ္ဓကို မီးရှို့ခဲ့ကြသော မကောင်းမှုအကုသိုလ်ကံများ၏ အကျိုးပေးကို ရှောင်ကွင်း၍မရ ခံကြရပေသည်။

## ရဟန္တာလည်း မကောင်းကံကျိုး ခံရမြဲ

အရှင်မဟာမောဂ္ဂလာန်သည် ပါရမီနစဉ်ဘဝက ဇနီးမယားဆိုး၏ စကားကြောင့် မျက်မမြင်မိဘနှစ်ပါးကို ဆွေမျိုးများထံသွားမည်ဟု လှည်းပေါ်တင်၍ ခေါ်ဆောင်သွားလေ၏။ တောအုပ်ထဲရောက်သွားသောအခါ ခိုးသားဓားပြဟန်ဆောင်၍ မျက်မမြင်မိဘနှစ်ပါးကို ကိုယ်တိုင်ရိုက်နှက်သတ်ဖြတ်ခဲ့လေသည်။ ဤကဲ့သို့ မိဘနှစ်ပါးကို သတ်ခဲ့သော မကောင်းမှုကံကြောင့် အနှစ်တစ်သိန်းကျော် ငရဲ၌ကျရောက်၍ မကောင်းမှုကံ၏ အကျိုးပေးကို ခံခဲ့ရပေသည်။ (အပဒါနဋ္ဌကထာ-နှာ-၂၇၁)

ငရဲမှလွတ်လာပြီးသောအခါ မျက်မမြင်မိဘနှစ်ပါးကို သတ်ခဲ့သည့် ကြီးလေးသော မကောင်းမှုကံများ၏ အကျိုးပေးကို ခံရပြန်လေသည်။ ဘဝတစ်ရာမက သူတစ်ပါးတို့ ညက်ညက်ကြေအောင် ရိုက်နှက်ခြင်းခံရ၍ သေဆုံးခဲ့ရပေသည်။ တန်ခိုးအရာမှာ အမြတ်ဆုံးတေဒဂ်ရ ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝ၌ပင် မျက်မမြင်မိဘနှစ်ပါးကို သတ်ခဲ့သည့် ကြီးလေးသော မကောင်းမှုကံများ၏ အကျိုးပေးကို ရှောင်ကွင်း၍မရ ခံရပေသည်။

အခါတစ်ပါး အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်အနီး ဣသိဂိလိတောင်၏နံပါး ကာလမည်သော ကျောက်ဖျာကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တိတ္ထိတို့သည် လာဘ်လာဘ၌ ဝန်တိုကြ၍ ခိုးသားငါးရာတို့ကို ငွေတစ်ထောင်ပေးကာ အရှင်မဟာမောဂ္ဂလာန်ကို သတ်ခိုင်းကြလေ၏။

http://www.dhammadownload.com



ခိုးသားငါးရာတို့သည် အရှင်မဟာမောဂ္ဂလာန်ကို သတ်ဖို့ရာ ကျောင်းကို လာဝိုင်းထားကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် သော့ပေါက်မှထွက်၍ ကြွသွားတော်မူ၏။ ဒုတိယအကြိမ် လာဝိုင်းကြပြန်သောအခါ ခေါင်မိုးအထွတ်ကထွက်၍ ကောင်းကင်မှ ကြွသွားတော်မူ၏။ တတိယအကြိမ် လာဝိုင်းကြပြန်သောအခါ ပါရမီနစဉ်ဘဝက မျက်မမြင်မိဘနှစ်ပါးကို သတ်ခဲ့သည့် မကောင်းမှုကံ၏ အကျိုးပေးမှ မလွတ်နိုင်တော့ပြီဟု သိတော်မူသောကြောင့် အမိခံလိုက်လေ၏။

ခိုးသားငါးရာတို့သည် မထေရ်မြတ်၏ခန္ဓာကိုယ်၌ အရိုးတို့ကို ဆန်ကွဲကဲ့သို့ မှုန့်မှုန့်ညက်ညက်ကြေအောင် ရိုက်ထုသတ်ဖြတ်ကြလေ၏။ အရှင်မဟာမောဂ္ဂလာန်သည် ပါရမီနစဉ်ဘဝက မျက်မမြင်မိဘနှစ်ပါးကို သတ်ခဲ့သည့် မကောင်းမှုအကုသိုလ်ကံများ၏ အကျိုးပေးကို ရှောင်လွှဲ၍ မရ၊ ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝမှာပင် ခိုးသားငါးရာတို့၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူရလေသည်။ မကောင်းမှုကံ၏ အကျိုးပေးကို ခံရပေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ကြီးလေးသော မကောင်းမှုကံများ မပြုမိအောင် အထူးသတိထား၍ ရှောင်ကြဉ်ကြရပေသည်။

ဤကဲ့သို့ လေးမျိုးတားမရ သိသင့်လုပဟူသော တရားတော်ကို နာကြားကြရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် အိုနာသေမျိုး မကောင်းကံကျိုး ဤလေးမျိုးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ပုဂ္ဂိုလ်လေးဖြာ သိဖွယ်ရာ

လောကထဲ၌ ရှိနေကြသော လူပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရှေ့ဖြစ်နောက်ဖြစ် အကြောင်းအကျိုး အကောင်းအဆိုးတို့ကိုလည်း သိလိုကြပေသည်။ မိမိတို့၏ မိသားစုနှင့် မိမိတို့နှင့် ချစ်ခင်ရင်းနှီးကြသော မိတ်ဆွေတို့၏ ရှေ့ဖြစ်နောက်ဖြစ် အကြောင်းအကျိုး အကောင်းအဆိုးတို့ကိုလည်း သိလိုကြပေသည်။ သို့ဖြစ်၍ ဗေဒင်ဆရာ၊ လက္ခဏာဆရာ၊ အကြားအမြင်ပေါက်သောဆရာများထံသို့ သွားရောက်၍ မေးမြန်းလေ့ ရှိကြပေသည်။ ကွယ်လွန်သွားသော မိဘဆွေမျိုးများ မည်သည့်ဘုံဘဝများသို့ ရောက်သွားကြသည်ကိုပင် သိလို၍ မေးမြန်းကြပေသည်။

ဤကဲ့သို့ ရှေ့ဖြစ်နောက်ဖြစ် အကြောင်းအကျိုး အကောင်းအဆိုးများကို သိလိုကြသောပုဂ္ဂိုလ်တို့အတွက် ကိန်းသေသိဖို့ရာ ပုဂ္ဂိုလ်လေးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) အမှောင်မှလာ၍ အမှောင်သို့သွားမည့်ပုဂ္ဂိုလ်၊
(၂) အမှောင်မှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်၊
(၃) အလင်းမှလာ၍ အမှောင်သို့သွားမည့်ပုဂ္ဂိုလ်၊
(၄) အလင်းမှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်လေးမျိုး ဟောကြားတော်မူပါသည်။ (သံ-၁/၉၄)

http://www.dhammadownload.com



(၁) အမှောင်မှလာ၍ အမှောင်သို့သွားမည့်ပုဂ္ဂိုလ်ဟူသည် -

ငရဲ တိရစ္ဆာန် ပြိတ္တာ၊ အသုရကာယ်တည်းဟူသော အပါယ်လေးဘုံ (အမှောင်)မှ စုတေခဲ့၍ ဤလူ့ပြည်၌ လူလာဖြစ်၏။ ဤလူ့ပြည်မှ ကွယ်လွန်စုတေသောအခါမှာလည်း အပါယ်လေးဘုံဟူသော အမှောင်သို့သွားမည့်ပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။

အပါယ်လေးဘုံဟူသော အမှောင်မှလာခဲ့သောပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ -

အကြင်သူသည် လူဖြစ်လာသောအခါ အမျိုးအားဖြင့် မုဆိုး၊ တံငါ၊ ဒွန်းစဏ္ဍား၊ သူတောင်းစားစသော ယုတ်ညံ့သောအမျိုး၌လည်းဖြစ်၏။ အမိဝမ်းတွင်းမှ မျက်စိကန်း၊ ကျောကုန်း၊ ခြေကျိုး၊ ခြေခွင်၊ လက်ကောက်၊ လက်ပြတ် စသည်ဖြင့် အဆင်းသဏ္ဌာန်ကလည်းပျက်၏။ မွေးကတည်းက ကျန်းမာသည်ဟူ၍မရှိ၊ အနာရောဂါလည်း အလွန်များ၏။ မွေးဖွားလာသည့်မှစ၍ ပစ္စည်းဥစ္စာကလည်း အလွန်ရှားပါး၏။ သူမွေးဖွားလာသောအခါ မိဘများမှာလည်း ပစ္စည်းဥစ္စာမွဲ၍ ဆင်းရဲသွားတတ်၏။ ထိုသူသည် အပါယ်လေးဘုံဟူသော အမှောင်မှလာသောပုဂ္ဂိုလ် ဖြစ်၏။

အပါယ်လေးဘုံဟူသော အမှောင်သို့သွားမည့်ပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ -

အကြင်သူသည် အတိတ်ဘဝက အပါယ်လေးဘုံဟူသော အမှောင်မှလာခဲ့ရ၍ အမျိုးယုတ်၊ အဆင်းပျက်၊ အနာရောဂါများ၊ ပစ္စည်းဥစ္စာရှားပါးသူ ဖြစ်ရ၏။ ယခုဘဝမှာလည်း သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယား သားသမီးများကို လွန်ကျူးဖျက်ဆီးခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်ခြင်းစသော ဒုစရိုက်အမှုတို့ကိုသာ ပြုလုပ်နေ၏။ ထိုသူသည် အပါယ်လေးဘုံဟူသော အမှောင်သို့ ပြန်သွားရမည့်ပုဂ္ဂိုလ် ဖြစ်၏။

အပါယ်လေးဘုံသည် ကုသိုလ် အကုသိုလ်၊ ဒုစရိုက် သုစရိုက်ဟူ၍ ခွဲခြားသိတတ်သော ဉာဏ်ပညာအလင်းရောင် မရှိသောကြောင့်လည်း

http://www.dhammadownload.com



အမှောင်ဖြစ်၏။ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခွင့်မရ၍ ချမ်းသာမရှိ၊ ဆင်းရဲ ဒုက္ခအမျိုးမျိုးတို့ကို ခံစားနေရသဖြင့် နှလုံးမသာမယာဖြစ်၍ ဒေါမနဿ၊ ဒေါသတို့သာ ဖြစ်နေရသောကြောင့်လည်း အမှောင်ဖြစ်၏။

(၂) အမှောင်မှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဟူသည် - ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ (အမှောင်)မှ စုတေခဲ့၍ ဤလူ့ပြည်သို့ လူလာဖြစ်လေ၏။ ဤလူ့ပြည်မှ ကွယ်လွန်စုတေသောအခါ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဟူသော အလင်းသို့သွားမည့်ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

အမှောင်မှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ - အကြင်သူသည် အမျိုးယုတ်ခြင်း၊ အဆင်းပျက်ခြင်း၊ အနာရောဂါ များခြင်း၊ ပစ္စည်းဥစ္စာရှားပါးခြင်းတို့ကို အကြောင်းပြု၍ ထိတ်လန့်သံဝေဂဖြစ်ကာ ဒါနကောင်းမှုပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်ခြင်းစသော သုစရိုက်အမှုတို့ကို ပြုလုပ်ကျင့်ကြံ အားထုတ်၏။ ထိုသူသည် အမှောင်မှလာ၍ အလင်းသို့သွားမည့် ပုဂ္ဂိုလ်ဖြစ်၏။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သည် ကုသိုလ် အကုသိုလ်၊ ဒုစရိုက် သုစရိုက်ဟူ၍ ခွဲခြားကာ သိတတ်သော ဉာဏ်ပညာ=အလင်းရောင် ရှိသောကြောင့်လည်း အလင်းဖြစ်၏။ ကောင်းမှုကုသိုလ်များပြုခွင့်ရ၍ ချမ်းသာစွာနေရသဖြင့် ဒုက္ခဒေါမနဿတို့ဖြစ်ရခြင်း နည်းပါးသောကြောင့်လည်း အလင်းဖြစ်၏။

(၃) အလင်းမှလာ၍ အမှောင်သို့သွားမည့်ပုဂ္ဂိုလ်ဟူသည် - လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များမှ ကွယ်လွန်စုတေခဲ့၍ ဤလူ့ပြည်သို့ လူလာဖြစ်၏။ ဤလူ့ပြည်မှ ကွယ်လွန်စုတေသွားသောအခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ အမှောင်သို့ သွားရမည့်ပုဂ္ဂိုလ် ဖြစ်ပေသည်။

http://www.dhammadownload.com



အလင်းမှလာသောပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ -

အကြင်သူသည် ဤလူ့ပြည်၌ဖြစ်လာသောအခါ မင်းမျိုး၊ သူဌေးမျိုး စသည်ဖြင့် မြင့်မြတ်သောအမျိုး၌လည်းဖြစ်၏။ ရုပ်ရည်အဆင်းကလည်း လှပတင့်တယ်၏။ အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့်လည်း ပြည့်စုံ၏။ ပစ္စည်းဥစ္စာကလည်း ပေါ်များကြွယ်ဝ၏။ ထိုသူသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဟူသော အလင်းမှလာသောပုဂ္ဂိုလ်ဖြစ်သည်။

အပါယ်လေးဘုံဟူသော အမှောင်သို့သွားမည့်ပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာ မှာ -

အကြင်သူသည် လူ့ပြည်၌ဖြစ်လာသောအခါ အမျိုးလည်းမြတ်၊ အဆင်းလည်းလှ၊ အနာလည်းကင်း။ ပစ္စည်းဥစ္စာလည်း ပေါ်များကြွယ်ဝ၏။ သို့ပါသော်လည်း ကောင်းမှုကုသိုလ်များကိုမပြု။ သူ့အသက်သတ်ခြင်း။ သူ့ဥစ္စာခိုးခြင်း။ သူတစ်ပါးသားမယား သားသမီးများကို လွန်ကျူးဖျက်ဆီးခြင်း။ လိမ်ညာလုည့်ပတ်ခြင်း။ အပျော်အပါးလိုက်စားခြင်း။ အရက်သေစာသောက် စားခြင်းစသော ဒုစရိုက်အမှုများကို ပြုလုပ်ကာနေ၏။ ထိုသူသည် အမှောင် သို့သွားမည့်ပုဂ္ဂိုလ်ဖြစ်၏။

(၄) အလင်းမှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဟူသည် -

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဟူသော အလင်းမှ ကွယ်လွန်စုတေ ခဲ့၍ ဤလူ့ပြည်၌ လူလာဖြစ်၏။ ဤလူ့ပြည်မှ ကွယ်လွန်စုတေသွားသော အခါမှာလည်း လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နိဗ္ဗာန်ဟူသော အလင်း သို့ပင် သွားမည့်ပုဂ္ဂိုလ်ဖြစ်၏။

အလင်းမှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဟု သိနိုင်ဖို့ရာမှာ -

အကြင်သူသည် ဤလူ့ပြည်၌ဖြစ်လာသောအခါ မင်းမျိုး၊ သူဌေးမျိုး စသည့် မြင့်မြတ်သောအမျိုး၌လည်းဖြစ်၏။ ရုပ်ရည်အဆင်းကလည်း လှပတင့်တယ်၏။ အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့်လည်း ပြည့်စုံ၏။ ပစ္စည်းဥစ္စာကလည်း ပေါ်များကြွယ်ဝ၏။ ပစ္စည်းဥစ္စာပေါ်များကြွယ်ဝသည့် အားလျော်စွာ ဒါနလည်းပြု၊ သီလလည်းဆောက်တည်၊ သမထ ဝိပဿနာ

http://www.dhammadownload.com



တရားတို့ကိုလည်း အားထုတ်၍ သုစရိုက်အမှုတို့ကို ပြုလုပ်ကာနေ၏။ ထိုသူသည် အလင်းမှလာ၍ အလင်းသို့သွားမည့်ပုဂ္ဂိုလ်ဖြစ်၏။

လူဖြစ်သောပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်မရောက်မီအကြား နောင်ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့တွင် အလင်းဖြစ်သော လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌သာ ဖြစ်လိုကြပေသည်။ အမျိုးလည်းမြတ်လိုကြပေသည်။ အဆင်းလည်း လှပတင့်တယ်လိုကြပေသည်။ အနာရောဂါလည်း ကင်းလိုကြပေသည်။ ပစ္စည်းဥစ္စာရတနာများလည်း ပေါများကြွယ်ဝလိုကြပေသည်။

## အမျိုးမြတ်ရန်

ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့၌ အမျိုးမြတ်လိုသောသူတို့သည် မွန်မြတ်သော နေရာထိုင်ခင်း၊ အိပ်ရာခင်းများကို ပြုလုပ်၍ လှူဒါန်းကြရပေသည်။ ရဟန်းတော် သံဃာတော်များနှင့် အသက်သိက္ခာ ဂုဏ်သိက္ခာကြီးသူတို့ကို ရှိခိုးကန်တော့ခြင်း၊ ကြိုဆိုခြင်း၊ နေရာထိုင်ခင်းများပေးခြင်းတို့ကို ပြုလုပ်ကြရပေသည်။

## အဆင်းလှရန်

ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့၌ အဆင်းလှပတင့်တယ်လိုသောသူတို့သည် -

(က) စားဖွယ်သောက်ဖွယ်များကို ကောင်းမွန်စွာ ချက်ပြုတ်စီမံ၍ ပြည့်ပြည့်စုံစုံ ကျွေးမွေးလှူဒါန်းကြရပေသည်။

(ခ) အဝတ်အထည်သင်္ကန်းများ လှူဒါန်းကြရပေသည်။ ကျောင်းဘုရားစေတီတို့၌ ဆင်မြန်းဖွယ်ရာ အသုံးအဆောင်များကို လှူဒါန်းကြရပေသည်။

(ဂ) တံမြက်လှည်းခြင်းနှင့် ကျောင်းအိပ်ရာနေရာ သန့်ရှင်းရေးတို့ကို ပြုလုပ်ကြရပေသည်။

(ဃ) ပြင်းထန်စွာ အမျက်ဒေါသထွက်ခြင်းမှ ရှောင်ကြဉ်ကြရပေသည်။

http://www.dhammadownload.com



## အနာကင်းရန်

ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့၌ အနာကင်းလိုသောသူတို့သည် -

(က) သီလကိုလုံခြုံအောင် စောင့်ထိန်းကြရပေသည်။
(ခ) သတ္တဝါများကိုလည်း ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ကြရပေသည်။
(ဂ) ဆေးပစ္စည်းများကို လှူဒါန်းကြရပေသည်။
(ဃ) ဘုရားဟောင်း ကျောင်းဟောင်းများကို ပြုပြင်ကြရပေသည်။

## ပေါ်များကြွယ်ဝရန်

ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာရတနာ ပေါ်များကြွယ်ဝလိုသောသူတို့သည် သံဃာတော်တို့အား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို လှူဒါန်းကြရပေသည်။

နောင်ဘယ်သောအခါမှ အပါယ်သံသရာအမှောင်သို့ ပြန်မရောက်နိုင်သည့် နိဗ္ဗာန်ဟူသော အလင်းစခန်းသို့ ရောက်လိုသောသူတို့သည် သတိပဋ္ဌာန်ဝိပဿနာတရားကို ပွားများအားထုတ်ကြရမည် ဖြစ်ပေသည်။

သစ္စမ္ဗရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# မြတ်နိုးဖွယ်ရာ မြတ်ပညာ

အသိဉာဏ်ပြည့်ဝသူတို့သည် ပညာကို ရတနာကဲ့သို့ နှစ်သက်ကြပေသည်။ စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြားစသော ရတနာတို့သည် နှစ်သက်စရာဖြစ်ပါသော်လည်း တစ်ခါတစ်ရံ ယင်းရတနာတို့ကြောင့် အန္တရာယ်များ ဖြစ်ကြ၍ စိတ်နှလုံးမသာမယာမှုများ ဖြစ်ကြရပေသည်။ ပညာသည် အရာရာတို့၌ ဆင်းရဲကြောင်း၊ ချမ်းသာကြောင်းတို့ကို ခွဲခြား၍ သိ၏။ ဆင်းရဲကြောင်းများကို ရှောင်ခွာ၍ ချမ်းသာကြောင်းများကို ထွန်းပြ ညွှန်းပြပေသည်။ ပညာကြောင့် နှလုံးမသာယာမှုများ မဖြစ်ကြရပေ။ နှစ်သက်ဖွယ်များသာဖြစ်ကြရပေသည်။ သို့ဖြစ်၍ ပညာသည် နှစ်သက်စရာ အကောင်းဆုံးရတနာဖြစ်ပေသည်။

အသိဉာဏ်ပြည့်ဝသူတို့သည် ပညာကို ဆရာကောင်းကဲ့သို့ မြတ်နိုးကြပေသည်။ အကျိုးရှိအောင် ဆုံးမပေးတတ်သော ဆရာတို့တွင် ပညာသည် အကောင်းဆုံးဆရာ ဖြစ်ပေသည်။ မိဘစသော ဆရာတို့သည် မျက်မှောက်မှာရှိနေခိုက်သာ ဆုံးမပေးနိုင်ကြ၏။ အရပ်တစ်ပါး မျက်ကွယ်သို့ရောက်သွားသောအခါ မဆုံးမနိုင်ကြပေ။ မိမိတို့၌ရှိသော ပညာသည် မျက်မှောက်နှင့်မျက်ကွယ် နှစ်မျိုးစလုံးတို့၌ ပြုသင့်၊ မပြုသင့် စသည်တို့ကို အမြဲဆုံးမပေးလျက် ရှိပေသည်။ သို့ဖြစ်၍ ပညာသည် မြတ်နိုးဖွယ်ရာ အကောင်းဆုံးဆရာ ဖြစ်ပေသည်။

ထိုပညာသည် -

(၁) အသက်မွေးဝမ်းကျောင်း လောကီပညာ၊
(၂) တရားဓမ္မရရှိကြောင်း လောကုတ္တရာပညာဟူ၍ (၂)မျိုးရှိပေသည်။

http://www.dhammadownload.com



လောကီပညာ -

အသက်မွေးဝမ်းကျောင်း လောကီပညာသည်လည်း -

(၁) အသက်မွေးဝမ်းကျောင်း ဝိဇ္ဇာပညာ၊

(၂) အသက်မွေးဝမ်းကျောင်း သိပ္ပံပညာဟူ၍ (၂)မျိုးရှိပြန်ပေသည်။

ရှေးခေတ်အခါက နှုတ်ဖြင့် သင်အံလေ့ကျက်အပ်သောပညာကို "ဝိဇ္ဇာပညာ"ဟု ဆိုကြပေသည်။ လက်ဖြင့် ပြုလုပ်အပ်သောပညာကို "သိပ္ပံပညာ"ဟု ဆိုကြပေသည်။

ယခုခေတ်အခါ၌ သင်ယူလေ့လာအပ်သော စာပေများ၊ သမိုင်း၊ ရာဇဝင်၊ ပထဝီ၊ ဥပဒေ၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုစသော ပညာများကို "ဝိဇ္ဇာပညာ"ဟု ဆိုကြပေသည်။ စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်၍ အကြောင်းအကျိုးမှန်တို့ဖြင့် သဘောတရားအမှန်တို့ကို ထုတ်ဖော်ရသော ဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ အင်ဂျင်နီယာ၊ သင်္ချာစသော ပညာများကို "သိပ္ပံပညာ"ဟု ဆိုကြပေသည်။

ဝိဇ္ဇာပညာရှိမှသာ မှန်ကန်သော ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်များ တည်ရှိနိုင်မည် ဖြစ်ပေသည်။ ဝိဇ္ဇာပညာမရှိပါက မှန်ကန်သော ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်များ တည်ရှိနိုင်မည် မဟုတ်ပေ။ ပျောက်ကွယ်သွားကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ဝိဇ္ဇာပညာသည် တတ်မြောက်သင့်သော ပညာတစ်ခုပင် ဖြစ်ပေသည်။

သိပ္ပံပညာရှိမှသာ သဃ်ဇာတသဘာဝဓာတ်တို့၏ သဘောမှန်တို့ကို အကြောင်းအကျိုးမှန်တို့ဖြင့် တီထွင်ဖော်ထုတ်ပြီး တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ သိပ္ပံပညာမရှိက တိုးတက်ကြီးပွားမှု ရှိကြမည်မဟုတ်ပေ။ ဆင်းရဲနွမ်းပါးကြမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ သိပ္ပံပညာသည်လည်း တတ်မြောက်သင့်သော ပညာတစ်ခုပင် ဖြစ်ပေသည်။

http://www.dhammadownload.com



ပညာသည် စိန်ရွှေငွေပတ္တမြားစသော ရတနာအပေါင်းတို့ထက် နှစ်သက်စရာအကောင်းဆုံး ရတနာဖြစ်ပေသည်။ ပညာရှိပုဂ္ဂိုလ်တို့သည် အရာရာတွင် ကောင်းကျိုးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ကြသောကြောင့် ပညာရှိပုဂ္ဂိုလ်များကို လူအများက ကြည်ညိုနှစ်သက် မြတ်နိုးကြပေသည်။ ပညာဖြင့် အသက်မွေးခြင်းသည်လည်း အကောင်းဆုံးအသက်မွေးခြင်းပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပညာရှိပုဂ္ဂိုလ်တို့သည် ပညာကို မြတ်နိုးကြပေသည်။ ဉာဏ်ပညာထက်မြက်ခြင်းကို အလိုရှိကြပေသည်။ ဖြစ်လေရာဘဝတိုင်းတို့၌ ဉာဏ်ပညာထက်မြက်လိုသောသူတို့သည် -

(က) သူတစ်ပါးတို့အား တရားဟောကြရပေသည်။
(ခ) အပြစ်မရှိသော အသက်မွေးဝမ်းကျောင်း အတတ်ပညာတို့ကို သူတစ်ပါးတို့အား သင်ပေးကြရပေသည်။
(ဂ) တရားဟောတတ်သော ဓမ္မကထိကပုဂ္ဂိုလ်တို့ကို လှူဒါန်းပူဇော်ဖွယ်တို့ဖြင့် လှူဒါန်းပူဇော်၍ တရားဟောစေကြရပေသည်။
(ဃ) နောင်အခါ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရပါလို၏ဟု ဆုတောင်းကာ အလှူဒါနအမျိုးမျိုးတို့ကို ပြုလုပ်၍ လှူဒါန်းကြရပေသည်။

လောကုတ္တရာပညာ -

တရားဓမ္မရရှိကြောင်း လောကုတ္တရာပညာသည် -

(၁) သုတမယပညာ၊
(၂) စိန္တာမယပညာ၊
(၃) ဘာဝနာမယပညာဟူ၍ (၃)မျိုးရှိပေသည်။

(၁) သုတမယပညာဟူသည် -

သုတ = ကြားနာရခြင်းဖြင့်၊ မယ = ဖြစ်ပေါ်လာသော၊ ပညာ = အသိဉာဏ်ပညာ။ သူတစ်ပါးတို့ထံမှ ကြားနာရခြင်းဖြင့် ဖြစ်ပေါ်လာသော အသိဉာဏ်ပညာ ဖြစ်ပေသည်။

http://www.dhammadownload.com



ယခုခေတ်အခါ ဆရာတော် သံဃာတော်များ ဟောကြားသော တရားပွဲများမှ နာကြား၍ ဗုဒ္ဓ၏ အဆုံးအမတရားတော်တို့ကိုသိသော အသိနှင့် ဗုဒ္ဓစာပေတို့ကို ဖတ်ရှုလေ့လာ၍ သိသောပညာတို့သည် သုတမယပညာပင် ဖြစ်ပေသည်။

ဗုဒ္ဓ၏ အဆုံးအမ စာပေဗဟုသုတမရှိသောသူတို့သည် အတွေးအခေါ် အယူအဆများ မှားယွင်းသွားနိုင်ကြပေသည်။ အယူအဆ မှားယွင်းသွားပါက ကျင့်ကြံအားထုတ်မှုလည်း လွဲမှားသွားနိုင်ကြပေသည်။ ကျင့်ကြံအားထုတ်မှု လွဲမှားက ကောင်းမြတ်ရာဘုံဘဝများသို့ ရောက်နိုင်ကြမည် မဟုတ်ပေ။ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့လည်း ရောက်နိုင်ကြမည် မဟုတ်ပေ။ သို့ဖြစ်၍ သုတမယပညာနှင့် ပြည့်စုံအောင် တရားလည်း နာကြရမည်။ ဗုဒ္ဓစာပေကောင်းများကိုလည်း ဖတ်ရှုကြရပေသည်။

(၂) စိန္တာမယပညာဟူသည် -

စိန္တာ = ကြံစည်ခြင်းဖြင့်၊ မယ = ဖြစ်ပေါ်လာသော၊ ပညာ = အသိပညာ။ မိမိဉာဏ်စွမ်းဖြင့် ကြံစည်၍ ဖြစ်ပေါ်လာသောပညာ ဖြစ်ပေသည်။

မိမိပြုလုပ်မည့်အလုပ်သည် ချမ်းသာကြောင်း ဟုတ်မဟုတ်၊ အကျိုးရှိသောအလုပ် ဟုတ်မဟုတ် စသည်ဖြင့် မိမိ၏ဉာဏ်စွမ်းဖြင့် စိစစ်ကြံစည်၍ ဟုတ်မှန်သည့်အတိုင်း သိသောဉာဏ်ပညာသည် စိန္တာမယပညာ ဖြစ်ပေသည်။

ဟုတ်မှန်ရာကို စိစစ်ကြံစည်တတ်သော ဉာဏ်ပညာမရှိပါက ချမ်းသာကြောင်းမဟုတ်သော အလုပ်ကိုလည်း ပြုလုပ်မိတတ်ကြပေသည်။ အကျိုးမရှိသော အလုပ်ကိုလည်း ပြုလုပ်မိတတ်ကြပေသည်။ မသင့်တော်သော အရပ်ဒေသများ၌လည်း ပြုလုပ်မိတတ်ကြပေသည်။ ဤကဲ့သို့ စိန္တာမယ ပညာမရှိပါက လုပ်သမျှအကျိုးမရှိ၊ အချည်းအနီးသာ ဖြစ်တတ်ကြပေသည်။ သို့ဖြစ်၍ အရာရာတွင် မိမိဉာဏ်ဖြင့် ကြံစည်စိစစ်ကြရပေသည်။

http://www.dhammadownload.com



(၃) ဘာဝနာမယပညာဟူသည် -

ဘာဝနာ = ပွားများအားထုတ်ခြင်းဖြင့်၊ မယ = ဖြစ်ပေါ်လာသော၊ ပညာ = အသိဉာဏ်ပညာ။ သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဉာဏ်ပညာ ဖြစ်ပေသည်။

နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်ခြင်းဖြင့် ရှေးဦးစွာ မိမိတို့ခန္ဓာကိုယ်၌ ရုပ်နှင့်နာမ်ကို ခွဲခြား၍ သိလာကြပေသည်။ ထို့နောက် ဆက်ကာဆက်ကာ ပွားများအားထုတ်ခြင်းဖြင့် ဘင်ဉာဏ်သို့ရောက်လာသောအခါ ရုပ်နှင့်နာမ်နှစ်ပါးလုံး အလျင်အမြန် ကုန်ပျက်ကုန်ပျက်နေတာကို တွေ့မြင်ကြရသောကြောင့် မမြဲခြင်းအနိစ္စ၊ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်းဒုက္ခ၊ ကုန်ပျက်နှိပ်စက်နေခြင်းဒုက္ခကို ဘယ်လိုမှ ကာကွယ်လို့မရ၍ အစိုးမရခြင်းအနတ္တတို့ကိုသိသော ဉာဏ်ပညာများ ဖြစ်ပေါ်လာကြပေသည်။ ယင်းအနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကိုသိသော ဉာဏ်ညာသည် ဘာဝနာမယဉာဏ်ပညာဖြစ်၏။

ဘာဝနာမယဉာဏ်ပညာဖြစ်မှ မဂ်ပညာ၊ ဖိုလ်ပညာများ ဖြစ်ကြပေသည်။ မဂ်ပညာ၊ ဖိုလ်ပညာဖြစ်မှ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြရပေသည်။ သို့ဖြစ်၍ ဘာဝနာမယပညာဖြစ်အောင် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ကြရပေသည်။

တစ်နည်းလောကုတ္တရာပညာ -

တရားဓမ္မရှိကြောင်း လောကုတ္တရာပညာသည် -

(၁) ကမ္မဿကတပညာ၊

(၂) ဝိပဿနာပညာ၊

(၃) မဂ်ပညာ၊

(၄) ဖိုလ်ပညာဟူ၍ လေးမျိုးရှိပေသည်။

(၁) ကမ္မဿကတပညာဟူသည် ကံသာလျှင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု သိသော ဉာဏ်ပညာဖြစ်ပေသည်။ မိမိတို့ တစ်သက်

http://www.dhammadownload.com



ပတ်လုံး ရှာမှီးစုဆောင်းထားသော ပစ္စည်းဥစ္စာများသည် တကယ် စင်စစ် ကိုယ်ပိုင်ပစ္စည်းဥစ္စာများ မဟုတ်ပေ။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူတို့နှင့် ဆက်ဆံနေသောကြောင့် ယခုဘဝ မှာပင် မကြာခဏ ပျက်စီးဆုံးရှုံးသွားတတ်ကြပေသည်။ နောင်ဘဝ များသို့လည်း ဘယ်လိုနည်းနှင့်မှ ယူဆောင်သွားလို့ မရကြပေ။ သို့ ဖြစ်၍ ပစ္စည်းဥစ္စာတို့သည် ကိုယ်ပိုင်ဥစ္စာများ မဟုတ်ကြပေ။ အများ ပိုင်များသာ ဖြစ်ကြပေသည်။

မိမိတို့ ပြုထားကြသော ဒါနကုသိုလ်ကံ၊ ဆောက်တည်ထားသော သီလကုသိုလ်ကံ၊ ပွားများအားထုတ်ထားသော ဘာဝနာကုသိုလ်ကံတို့သည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘဝအဆက်ဆက်တို့၌ ကောင်းကျိုးအမျိုး မျိုးတို့ကို လိုက်၍ပေးတတ်သောကြောင့် ကိုယ်ပိုင်ပစ္စည်းဥစ္စာများဖြစ်၏ဟု သိသော ဉာဏ်ပညာသည် ကမ္မဿကတပညာဖြစ်၏။

ကမ္မဿကတပညာရှိမှသာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်း မှုများကို ပြုလုပ်အားထုတ်နိုင်ကြပေမည်။ ကုသိုလ်ကောင်းမှုရှိမှ ကောင်း မြတ်သော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသို့ ရောက်ရှိကြပေမည်။ ကောင်းမြတ်သော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝများသို့ ရောက်ရှိမှသာ နိဗ္ဗာန်သို့ရောက်ကြောင်း သူတော်ကောင်းတရားများကို ကျင့်ကြံအားထုတ် နိုင်ကြပေသည်။ ကျင့်ကြံအားထုတ်မှ နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်ကြပေ မည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၌ ကမ္မဿကတပညာ ရှိကြရမည် ဖြစ်ပေသည်။

(၂) ဝိပဿနာပညာဟူသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါး ကိုသိသော ဉာဏ်ပညာဖြစ်ပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရား ကို အားထုတ်၍ ဘင်ဉာဏ်သို့ရောက်လာသောအခါ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော (၆)ဌာနတို့၌ အာရုံ(၆)ပါး လာတိုက်သောအခါတွင် မြင်တယ်၊ ကြားတယ်၊ နံ့တယ်၊ စားတယ်၊ ထိတယ်၊ စိတ်ကူးတယ်၊ ကြံစည်တယ်ဟု ရှုမှတ်လိုက်သည်ရှိသော်

http://www.dhammadownload.com



မှတ်စရာအာရုံများလည်းကုန်ပျက်၊ မှတ်သိစိတ်လည်း ကုန်ပျက်သွားတာကို တွေ့ကြရပေသည်။

ကုန်ပျက်သည်ကို တွေ့သိကြရသဖြင့် မှတ်စရာအာရုံ(၆)ပါးလည်း မမြဲခြင်းအနိစ္စ၊ မှတ်သိစိတ်လည်း မမြဲခြင်းအနိစ္စဟု သိလာကြပေသည်။ ကုန်ပျက်တာများက လျင်မြန်လှသဖြင့် နှိပ်စက်သကဲ့သို့ဖြစ်၍ ဆင်းရဲခြင်းဒုက္ခဟု သိလာကြပေသည်။ ကုန်ပျက်နှိပ်စက်နေခြင်းဒုက္ခကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေခြင်းဖြစ်၍ ကိုယ်အစိုးမရခြင်းအနတ္တဟု သိလာကြပေသည်။

ဤအနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကိုသိသော ဝိပဿနာပညာသည် ကမ္မဿကတပညာထက် ပို၍ထူးကဲလွန်မြတ်သော ပညာဖြစ်ပေသည်။ ကမ္မဿကတပညာသည် ဘုရားပွင့်သောအခါ၌လည်း ရှိပေသည်။ ဘုရားမပွင့်သောအခါ၌လည်း ရှိပေသည်။ ဝိပဿနာပညာသည် ဘုရားမပွင့်သောအခါ၌မရှိ၊ ဘုရားပွင့်သောအခါ၌သာ ရှိပေသည်။ ဝိပဿနာပညာရှိမှ အပါယ်တံခါးကို ပိတ်စေနိုင်သော မဂ်ပညာဖြစ်နိုင်သည်။ သို့ဖြစ်၍ ဝိပဿနာပညာသည် ကမ္မဿကတပညာထက် ထူးကဲလွန်မြတ်သော ပညာ ဖြစ်ပေသည်။

ဝိပဿနာပညာသည် အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်တို့ကို ဖြစ်စေနိုင်သော ပဋိသန္ဓေနေခြင်းအကျိုးကို ပေးခြင်းမရှိပေ။ အကယ်၍ ပဋိသန္ဓေအကျိုးကိုပေးခဲ့သော် (၇)ဘဝမျှလောက်ပင် အကျိုးပေး၏။ ဝိပဿနာပညာသည် သံသရာဝဋ်အမြစ်ကို ပြတ်စေတတ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဟူသော အကျိုးကိုသာပေး၏။ သို့ဖြစ်၍ သံသရာဝဋ်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်လိုကြသောသူတို့သည် ဝိပဿနာတရားကို အားထုတ်ကြရပေသည်။

(၃) မဂ်ပညာဟူသည် ဝဋ်အမြစ်ကို ဖျက်ဆီးတတ်သောပညာ ဖြစ်ပေသည်။ ဝိပဿနာတရားအားထုတ်၍ မဂ်ပညာများ ဖြစ်လာသော

http://www.dhammadownload.com



အခါ မဂ်ပညာလေးပါးတို့က မိမိတို့နှင့်ဆိုင်ရာ ဝဋ်အမြစ်တို့ကို ပယ်သတ်ဖျက်ဆီးကြပေသည်။

(က) သောတာပတ္တိမဂ်ပညာက အပါယ်လေးဘုံသို့ ကျရောက်စေတတ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးနှင့် အပါယ်သို့ကျရောက်စေတတ်သော လောဘကြမ်း၊ ဒေါသကြမ်း၊ မောဟကြမ်း ဝဋ်အမြစ်သုံးပါးတို့ကို ပယ်သတ်ဖျက်ဆီးလိုက်ပေသည်။ ယင်းကဲ့သို့ ဖျက်ဆီးလိုက်သောကြောင့် အပါယ်ဝဋ်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ကြရပေသည်။

(ခ) သကဒါဂါမိမဂ်ပညာက လူ့ပြည်၊ နတ်ပြည်(၆)ထပ် ဝဋ်ဆင်းရဲတို့၌ အကြိမ်ကြိမ်ဖြစ်စေမည့် လောဘ၊ ဒေါသ၊ မောဟဝဋ်အမြစ်တို့ကို ခေါင်းပါးသွားအောင်၊ အားနည်းသွားအောင် ပြုလုပ်ဖျက်ဆီးလိုက်၏။ ဤကဲ့သို့ ဖျက်ဆီးလိုက်သောကြောင့် လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ အကြိမ်ကြိမ်ဖြစ်ရမည့် ခံရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ရပေသည်။ တစ်ကြိမ်သာ ဖြစ်ရ၊ ခံကြရမည် ဖြစ်ပေသည်။

(ဂ) အနာဂါမိမဂ်ပညာက ကာမရာဂ၊ လောဘ၊ ဗျာပါဒ(ဒေါသ) ဝဋ်အမြစ်တို့ကို အပြီးတိုင် ပယ်သတ်ဖျက်ဆီးလိုက်ကြ၏။ ဤကဲ့သို့ ဖျက်ဆီးလိုက်သောကြောင့် လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ ဖြစ်ကြရမည့် ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဝဋ်ဆင်းရဲတို့မှ အပြီးတိုင် လွတ်မြောက်ကြရပေသည်။

(ဃ) အရဟတ္တမဂ်ပညာက ကိလေသာဝဋ်အမြစ် အားလုံးတို့ကို အပြီးတိုင် ပယ်သတ်ဖျက်ဆီးလိုက်၏။ ဤကဲ့သို့ အပြီးတိုင် ဖျက်ဆီးလိုက်သောကြောင့် ဘုံဘဝအမျိုးမျိုးတို့၌ ဖြစ်ကြရမည့် ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဝဋ်ဆင်းရဲတို့မှ အပြီးတိုင် လွတ်မြောက်ကြရပေသည်။

http://www.dhammadownload.com



(၄) ဖိုလ်ပညာဟူသည် ဘဝကို တားမြစ်သောပညာ ဖြစ်ပေသည်။ အရိယာပုဂ္ဂိုလ်တို့သည် ဖိုလ်ဝင်စားနေသောအခါ ဖိုလ်ပညာဖြင့် ဘဝအမျိုးမျိုးတို့၏ ဖြစ်ခြင်း၏အကြောင်း ကိလေသာတို့ကို ငြိမ်းစေ၏။ အကြောင်းကိလေသာတို့ ငြိမ်းခြင်းကြောင့် အကျိုးဘဝအမျိုးမျိုးတို့လည်း ငြိမ်းသွားကြပေသည်။ မဖြစ်ကြတော့ပေ။ ဤကဲ့သို့ ဘဝအမျိုးမျိုးတို့ မဖြစ်ခြင်းသည် ဖိုလ်ပညာက တားမြစ်ခြင်းပင် ဖြစ်ပေသည်။

ပစ္စည်းဥစ္စာရတနာပိုင်ရှင်တို့သည် ရန်သူမျိုးငါးပါးကြောင့် တစ်ခါတစ်ရံ ပစ္စည်းဥစ္စာများ ပျက်စီး၍ စိတ်နှလုံးမသာမယာ ဖြစ်ကြရပေသည်။ အသက်မွေးဝမ်းကျောင်း လောကီပညာတတ်မြောက်ကြသော ပညာရှင်တို့သည် ပညာရွှေအိုးလူမခိုးဆိုသည့်အတိုင်း ဘယ်ရန်သူကြောင့်မှ မပျက်စီးနိုင်၊ ဘယ်တိုင်းပြည်၊ ဘယ်မြို့ရွာဒေသသို့ရောက်ရောက် မိမိတတ်မြောက်သောပညာဖြင့် နှစ်သက်ဖွယ်ရာ ပစ္စည်းဥစ္စာများကို ရှာဖွေရရှိကြပေသည်။ ချမ်းသာစွာ အသက်မွေးနိုင်ကြပေသည်။ သို့ဖြစ်၍ ပညာကို ရတနာများထက် နှစ်သက်ကြပေသည်။

တရားမွေ့ရရှိကြောင်း လောကုတ္တရာပညာရှိသော ပုဂ္ဂိုလ်တို့သည် ကိုယ်ဖြင့် ပြုရမည့်အမှုကိစ္စ၊ နှုတ်ဖြင့် ပြောဆိုရမည့်အမှုကိစ္စ၊ စိတ်ဖြင့် ကြံစည်ရမည့် အမှုကိစ္စတို့၌ ပြုသင့်၊ မပြုသင့်၊ ပြောသင့်၊ မပြောသင့်၊ ကြံသင့်၊ မကြံသင့်များကို မိမိတို့၏ အသိဉာဏ်ပညာက အမှားအယွင်းမရှိအောင် အမြဲမပြတ် ဆုံးမပေးလျက်ရှိပေသည်။ သို့ဖြစ်၍ ပညာကို ဆရာကောင်းကဲ့သို့ မြတ်နိုးကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ကြည်နူးဖွယ်ရာ အဘိဓမ္မာအခါ

သီတင်းကျွတ်လပြည့်နေ့ကို ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများက အဘိဓမ္မာအခါတော်နေ့ဟူ၍ အတည်ပြုကာ သတ်မှတ်ကြပါသည်။ သတ်မှတ်ရခြင်း၏အကြောင်းရင်းမှာ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ (၇)ဝါမြောက်တွင် တာဝတိံသာနတ်ပြည်သို့ကြွသွားပြီး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူပါသည်။ သီတင်းကျွတ်လပြည့်နေ့မှာ ဟောကြား၍ပြီးဆုံးသွားသဖြင့် လူ့ပြည်သင်္ကဿမြို့တံခါးသို့ ပြန်ကြွတော်မူလာသောနေ့ဖြစ်သောကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟူ၍ အတည်ပြုကာ သတ်မှတ်ကြခြင်း ဖြစ်ပေသည်။

တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွလာသောအခါ နတ်ဗြဟ္မာများက မြတ်စွာဘုရားကို ထီးဖြူများဆောင်းမိုးခြင်း၊ ယပ်လေများခတ်ပေးခြင်း စသည်တို့ဖြင့် ကြည်နူးဖွယ်ရာ သိုက်မြိုက်စွာခြံရံလျက် လူ့ပြည်သို့ လိုက်ပို့ကြပေသည်။ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် လူတွေကလည်း အလွန်ကြည်နူးဖွယ်ကောင်းသည့် နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ရှိသော ဘုံဗိမာန်နှင့် နတ်ဗြဟ္မာများကို တွေ့မြင်ကြရပေသည်။ နတ်ဗြဟ္မာတွေကလည်း သောင်းသောင်းဖြဖြ ကြိုဆိုနေကြသော သိန်းသန်းကုဋေမကများပြားလှသည့်လူတွေကို တွေ့မြင်ကြရပေသည်။ မကြုံစဖူး မမြင်ဖူးသော ကြည်နူးဖွယ်ရာမြင်ကွင်းများကို တွေ့မြင်ကြရသောကြောင့် ကြည်နူးလို့မဝနိုင်အောင် ဖြစ်ကြရပေသည်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါ တော်နေ့သို့ ရောက်လာသောအခါတိုင်း အဘိဓမ္မာဒေသနာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြပေသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီး၊ ရေချမ်း၊ ပန်းနံ့သာ၊ စားသောက်ဖွယ်ရာအဖြာဖြာတို့ဖြင့် ပူဇော်ကြပေသည်။ အဘိဓမ္မာဒေသနာတော် ဖြစ်ပေါ်လာရခြင်း၏အကြောင်း အတ္ထုပ္ပတ္တိများကိုလည်း ဟောပြောကြပေသည်။ အဘိဓမ္မာ၏အဓိပ္ပါယ်မှာလည်း သိမှတ်ဖွယ်ရာ ကောင်းလှပါပေသည်။

အဘိဓမ္မာ၌ အဘိ-က တစ်ပုဒ်၊ ဓမ္မ-ကတစ်ပုဒ် ဖြစ်ပေသည်။ အဘိ-က ထူးကဲလွန်မြတ်သော၊ ဓမ္မ-က တရားတော်၊ အဘိဓမ္မာ = ထူးကဲလွန်မြတ်သောတရားတော်၊ သုတ္တန်တရားများထက် ထူးကဲလွန်မြတ်သော တရားတော်ဟု အဓိပ္ပါယ်ရပါသည်။

သုတ္တန်ဒေသနာ သုတ္တန်တရားတော်များကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါ ခန္ဓာ(၅)ပါးကို ဟောကြားတဲ့နေရာမှာ တစ်စိတ်တစ်ဒေသကိုသာ ဝေဖန်၍ ဟောကြားပါသည်။ အာယတန(၁၂)ပါးကို ဟောကြားတဲ့နေရာ၊ ဓာတ်(၁၈)ပါးကို ဟောကြားတဲ့နေရာ၊ ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားတဲ့နေရာ၊ သစ္စာ(၄)ပါးကို ဟောကြားတဲ့နေရာ၊ သတိပဋ္ဌာန်တရား(၄)ပါးကို ဟောကြားတဲ့နေရာတို့၌လည်း တစ်စိတ်တစ်ဒေသကိုသာ ဝေဖန်၍ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

အဘိဓမ္မာဒေသနာ အဘိဓမ္မာတရားတော်များကို ဟောကြားတော်မူသောအခါမှာ ခန္ဓာ(၅)ပါးကိုလည်း အကျယ်ဝေဖန်၍ ဟောကြားတော်မူပါသည်။ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာ(၄)ပါး၊ သတိပဋ္ဌာန်တရား(၄)ပါးတို့ကို ဟောကြားတော်မူတဲ့အခါမှာလည်း အကျယ်ဝေဖန်၍ ဟောကြားတော်မူပါသည်။ ဤကဲ့သို့ သုတ္တန်ဒေသနာများထက် ထူးကဲစွာ အကျယ်ဝေဖန်၍ ဟောကြားတော်မူသောကြောင့် အဘိဓမ္မာဒေသနာတော်ကို "ထူးကဲလွန်မြတ်သော တရားဒေသနာ"ဟု ဆိုရပါသည်။

http://www.dhammadownload.com



အဘိဓမ္မာဒေသနာတော် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းအတ္တုပ္ပတ္တိမှာလည်း ကြည်နူးဖွယ်ကောင်းလှပါသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး၍ (၇)ဝါမြောက်တွင် ဝါဆိုဖို့ရာအချိန် ရောက်လာသောအခါ အဘိဓမ္မာတရား ဟောကြားဖို့ရန် တာဝတိံသာနတ်ပြည်သို့ ကြွသွားပြီး ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်မှာ သီတင်းသုံးထိုင်နေတော်မူပါသည်။ ထိုအခါ တစ်သောင်းသော စကြဝဠာတိုက်မှ အဘိဓမ္မာတရားနာကြားဖို့ရာ ရောက်ရှိလာကြသော နတ်ဗြဟ္မာတို့အား မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထား၍ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူပါသည်။

အဘိဓမ္မာဒေသနာကို ဟောတော်မူတဲ့အခါမှာ အဘိဓမ္မာဒေသနာတော်က အလွန်များပြားတဲ့အတွက်ကြောင့် တောင်ကျချောင်းမှရေများ အလျှင်အမြန် စီးကျနေသကဲ့သို့ မြတ်စွာဘုရား၏နှုတ်တော်မှ အလျှင်အမြန် ထွက်ပေါ်ကာ နေ့ရောညပါ အဆက်မပြတ် ဟောကြားတော်မူပါသည်။

ထိုကဲ့သို့ ဟောကြားနေစဉ် ဆွမ်းခံကြွဖို့အချိန်ရောက်လာသောအခါ မြတ်စွာဘုရားနှင့် ပုံသဏ္ဌာန်အလုံးစုံတူသော နိမ္မိတရုပ်ပွားဘုရားတစ်ဆူကို ဖန်ဆင်းတော်မူပါသည်။ ဖန်ဆင်းပြီးသောအခါ နိမ္မိတရုပ်ပွားဘုရားသည် ဤအဘိဓမ္မာဒေသနာတော်မှ ဤအဘိဓမ္မာဒေသနာတော်တိုင်အောင် ဟောကြားစေသတည်းဟု အဓိဋ္ဌာန်ပြုကာ မြတ်စွာဘုရား လူ့ပြည် အနောတတ်ရေအိုင်သို့ ကြွဆင်းတော်မူလာပါသည်။

နိမ္မိတရုပ်ပွားဘုရားသည် သဗ္ဗညုတမြတ်စွာဘုရားနှင့် ရောင်ခြည်တော်ခြောက်သွယ်နှင့်တကွ အသွင်အပြင်အမူအရာတို့သည် တစ်ထပ်တည်းတူတော်မူ၏။ နိမ္မိတရုပ်ပွားတော်ဘုရား အဘိဓမ္မာတရား ဟောကြားနေသည်ကို တန်ခိုးနည်းသည့် အချို့သော နတ်ဗြဟ္မာများကတော့ မသိကြပေ။ တန်ခိုးကြီးသည့် နတ်ဗြဟ္မာများကတော့ သိကြပေသည်။ ယခုဟောကြားနေတာ နိမ္မိတရုပ်ပွားဘုရားဖြစ်သည်။ သဗ္ဗညုမြတ်စွာဘုရားကတော့ ဆွမ်းကိစ္စအတွက် လူ့ပြည်သို့ ကြွသွားပေပြီဟု သိကြပေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် အနောတတ်ရေအိုင်၌ ရေသပ္ပာယ်(ရေချိုး)ပြီး မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ဆွမ်းခံရာမှ ပြန်ကြွလာသော အခါ အနောတတ်ရေအိုင်မှာပင် ဆွမ်းဘုဉ်းပေးတော်မူပါသည်။ ဆွမ်းဘုဉ်း ပေးပြီးသောအခါ စန္ဒကူးတောသို့ ကြွသွား၍ နေ့သန့်စင်အနားယူတော်မူ ပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ လာရောက် ၍ ဝတ်ကြီးဝတ်ငယ်များ ပြုစုလုပ်ကျွေးပါသည်။

ဤကဲ့သို့ အရှင်သာရိပုတ္တရာက လာရောက်၍ ပြုစုလုပ်ကျွေးသော အခါ မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ ... တာဝတိံသာနတ်ပြည် ၌ ဟောကြားနေသော အဘိဓမ္မာဒေသနာတော်သည် ဤဒေသနာတော်မှ စ၍ ဤဒေသနာတော်တိုင်အောင် ဟောကြားလို့ ပြီးဆုံးသွားပြီ"ဟု နည်းပေးသောအားဖြင့် အရှင်သာရိပုတ္တရာအား ဟောကြားတော်မူလိုက် ပါသည်။ အရှင်သာရိပုတ္တရာသည် ပညာအရာတွင် အတော်ဆုံး ဧတဒဂ် ရာထူးကို ရထားသောပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ တာဝတိံသာနတ်ပြည် မှာ ဟောကြားတော်မူသည့် အဘိဓမ္မာဒေသနာတော်များကို နည်းပေါင်း စုံလင်စွာ အားလုံးသိရှိ တတ်မြောက်သွားပါသည်။

မြတ်စွာဘုရား စန္ဒကူးတောမှာ နေ့သန့်စင် သီတင်းသုံးနေတော်မူ သောအချိန်တွင် နေ့စဉ်နေ့တိုင်း အရှင်သာရိပုတ္တရာလာရောက်၍ ပြုစု လုပ်ကျွေးသောအခါ တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်များကို မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား အကျဉ်းချုပ် ဟောကြားတော်မူပါသည်။ အရှင်သာရိပုတ္တရာက အကျယ် တတ်မြောက်သွားပါသည်။ တတ်မြောက်ပြီးသော အဘိဓမ္မာဒေသနာများကို လင်းနို့ငယ်ဖြစ်စဉ်ဘဝက အဘိဓမ္မာခတ်ခံပါလာကြသော တပည့်ငါးရာကို တစ်ဆင့် သင်ကြားပို့ချပေးပါသည်။

ဤရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရားလက်ထက်တော် အခါက လိုဏ်ဂူတစ်ခုအတွင်းမှာ တွဲလောင်းဆွဲကာ ခိုကပ်၍နေကြသော

http://www.dhammadownload.com



လင်းနို့ငယ်လေးများ ဖြစ်ခဲ့ဖူးကြပေသည်။ လင်းနို့ငယ်လေးများရှိနေသည့် လိုဏ်ဂူထဲသို့ ကဿပမြတ်စွာဘုရား၏တပည့် ရဟန်းနှစ်ပါးဝင်ရောက်၍ အဘိဓမ္မာဒေသနာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။ ထိုအသံများကို ကြားနေခိုက်မှာပင် လင်းနို့ငယ်လေးများ ကွယ်လွန်စုတေသွားကြပေသည်။

လင်းနို့ငယ်ကလေးများသည် တရားတော်လား။ ကုသိုလ်လား။ အကုသိုလ်လားဟူ၍ ကွဲကွဲပြားပြားတော့ မသိကြပေ။ သာယာတဲ့အသံ တစ်ခုအနေဖြင့်သိပြီး ကွယ်လွန်သွားကြပေသည်။ အဘိဓမ္မာဒေသနာတော်၏ အစွမ်းသတ္တိကြောင့် နတ်ပြည်၌ သွားဖြစ်ကြရပေသည်။ ကဿပ မြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရား နှစ်ဆူအကြားမှာ အပါယ်ငရဲသို့ မကျရောက်ကြရပါဘဲ နတ်ပြည်မှာပင် အဖန်ဖန်အထပ်ထပ် ဖြစ်ကြရပေသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ လူ့ပြည်မှာ လူလာဖြစ်ကြပေသည်။ မြတ်စွာဘုရားပြတော်မူအပ်သော တန်ခိုးတော်များ၌ ကြည်ညိုသို၍ သာသနာဘောင်သို့ဝင်ကာ အရှင်သာရိပုတ္တရာထံမှာ ရဟန်းပြုကြပေသည်။ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံမှ နေ့စဉ်နေ့တိုင်း သင်ယူခဲ့သော အဘိဓမ္မာတရားတော်တို့ကို လင်းနို့ငယ်များဖြစ်ခဲ့ဖူးသော တပည့်ရဟန်းငါးရာတို့အား သင်ပေးပါသည်။ ရဟန်းငါးရာတို့သည် ကဿပ မြတ်စွာဘုရားလက်ထက်တော်အခါက အဘိဓမ္မာစာတပ်ခံပါလာကြသော ကြောင့် လျင်မြန်စွာ တတ်မြောက်သွားကြပေသည်။

မြတ်စွာဘုရား အဘိဓမ္မာဒေသနာတော်ကို ဟောကြား၍ ပြီးဆုံးခြင်း နှင့် ထိုရဟန်းငါးရာတို့၏ အဘိဓမ္မာ(၇)ကျမ်းကို သင်ယူ၍ ပြီးဆုံးခြင်းတို့ သည် မရှေးမနှောင်း တစ်ပြိုင်နက်လိုလိုပင် ဖြစ်ကြပေသည်။ ဤကဲ့သို့ ဝါတွင်းသုံးလကာလပတ်လုံး ဟောကြား၍ သိတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးသွားသောအခါ ကုဋေရှစ်သောင်းမျှသော နတ်ဗြဟ္မာအပေါင်းတို့ ကျွတ်တမ်းဝင်သွားကြပေသည်။ မြတ်စွာဘုရား၏ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားလည်း သောတာပန် ဖြစ်သွားရပေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာကို ဟောကြား၍ ပြီးခုံးသွားသောအခါ လူ့ပြည်သို့ ပြန်ကြွတော်မူမည့်အကြောင်း သိကြားမင်းကို မိန့်ကြားတော်မူလိုက်ပါသည်။ သိကြားမင်းက မြတ်စွာဘုရား လူ့ပြည်သို့ ကြွဆင်းဖို့ရာ မြင့်မိုရ်တောင်ထိပ်မှ သင်္ကာသမြို့တံခါးသို့ စောင်းတန်းသုံးသွယ် ဖန်ဆင်းပေးပါသည်။ လက်ယာဘက်မှ ရွှေစောင်းတန်း၊ လက်ဝဲဘက်မှ ငွေစောင်းတန်း။ အလယ်မှ ပတ္တမြားစောင်းတန်းတို့ကို ဖန်ဆင်းပေးပါသည်။

## ဆောင်ပုဒ်။ ။ လက်ယာဘက်ရွှေ၊ လက်ဝဲငွေ၊ လယ်ထွေပတ္တမြား။

မြတ်စွာဘုရားသည် ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ကို ထွက်ပေါ်စေလျက် မြင့်မိုရ်တောင်ထိပ်အလယ် ပတ္တမြားစောင်းတန်းမှ လူ့ပြည်သင်္ကာသမြို့တံခါးဝသို့ ကြွဆင်းတော်မူလာပါသည်။ လက်ယာဘက် ရွှေစောင်းတန်းမှ နတ်ပရိသတ်များက မြတ်စွာဘုရားကို ယပ်လေခတ်ပေးခြင်း၊ နတ်တို့၏ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြပေသည်။ လက်ဝဲဘက် ငွေစောင်းတန်းမှ ဗြဟ္မာကြီးများက မြတ်စွာဘုရားကို ထီးဖြူများဖြင့် ဆောင်းမိုးကာ သက်ဆင်းလိုက်ပါလာကြပေသည်။

မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အထက်သို့ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်၊ အောက်သို့ အဝီစိငရဲတိုင်အောင် အရှေ့၊ အနောက်၊ တောင်၊ မြောက် အထောင့်အရပ်လေးခုဟူသော အရပ်ရှစ်မျက်နှာတို့ စကြဝဠာတိုက် ထောင်ပေါင်းများစွာတိုင်အောင် အပိတ်အပင် အဆီးအတားမရှိပါဘဲ ဟင်းလင်းပွင့်ကာ တွေ့မြင်ကြရပေသည်။

လူတွေကလည်း အလွန်ကြည်နူးဖွယ်ကောင်းသော နတ်ဗြဟ္မာပြည်တို့၌ နတ်ဗြဟ္မာတို့၏ ဘုံဗိမာန်များနှင့် နတ်ဗြဟ္မာတို့ကို တွေ့မြင်ကြရပေသည်။ နတ်ဗြဟ္မာတွေကလည်း မြတ်စွာဘုရားကို သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည့် သိန်းသန်းကုဋေမက များပြားလှသောလူတွေကို

http://www.dhammadownload.com



တွေ့မြင်ကြရပေသည်။ ဤကဲ့သို့ မကြုံစဖူး ကြည်နူးဖွယ်ရာများကို တွေ့မြင်ကြရသောကြောင့် (၃၆)ယူဇနာအတွင်း၌ ရှိနေကြသော လူအပေါင်းတို့သည် ဘုရားဆုကို မပန်သောသူဟူ၍ မရှိကြပေ။ အားလုံးသောလူတို့သည် ဘုရားဖြစ်ရန် ဆုမွန်ကောင်းများတောင်းကာ ဆုထူးပန်ကြပေသည်။

ယခုခေတ်အခါမှာလည်း သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့သို့ ရောက်လာလျှင် မြင့်မိုရ်တောင်ထိပ်မှ နတ်ပြဿာဒ်အပေါင်း ခြံရံလျက် မြတ်စွာဘုရား လူ့ပြည်သင်္ကဿမြို့တံခါးဝသို့ ကြည်နူးဖွယ်ရာ ကြွဆင်းလာသည်ကို စိတ်ဖြင့်ရည်မှန်း၍ ဆီမီး၊ ရေချမ်း၊ ပန်းနံ့သာ၊ စားသောက်ဖွယ်ရာအမျိုးမျိုးတို့ဖြင့် တန်ခိုးကြီးဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ လှူဒါန်းပူဇော်ကြရသည်မှာ ကြည်နူးဖွယ်ရာ ကောင်းလှပါပေသည်။ ဆရာမိဘများနှင့် အသက်သိက္ခာကြီးမားသူများထံ၊ ဂုဏ်ဝါသိက္ခာကြီးမားသူများထံသို့ သွားရောက်၍ ပူဇော်ကန်တော့ကြရသည်မှာလည်း ကြည်နူးဖွယ်ရာကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# သိမ်အကြောင်း သိကောင်းစရာ

မုဒ္ဒဘာသာဝင်ပုဂ္ဂိုလ်တို့သည် သိမ်ကို အထူးအလေးဂရုပြုကြပေသည်။ အချို့သော အရပ်ဒေသများတွင် သိမ်ထဲသို့ အမျိုးသမီးများ မဝင်ရဟု တားမြစ်ကာ အလေးဂရုပြုကြပေသည်။ လွန်ကဲသော အလေးဂရုပြုခြင်းသာ ဖြစ်ပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို သိထားမှသာ မှန်ကန်သော အလေးဂရုပြုခြင်း ဖြစ်ပေမည်။

ရဟန်းတော်တို့သည် လူများထက်ပို၍ သိမ်ကို အထူးအလေးဂရုပြုကြရပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို အထူးလေ့လာကြရပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများမှာလည်း များပြားလှပေသည်။ သိမ်နှင့်စပ်၍ သိကောင်းစရာများကို အကျဉ်းချုပ်သိထားပါက သာသနာအတွက်၊ မိမိတို့အတွက် အကျိုးများကြမည် ဖြစ်ပေသည်။

သိမ်ဟူသော အမည်သည် သီမဟူသော ပါဠိမှ သက်ဆင်းဖြစ်ပေါ်လာသော အမည်ဖြစ်ပေသည်။ သီမဟူသော ပါဠိက အပိုင်းအခြားကို ဟောပါသည်။ တိုင်းပြည်၊ မြို့နယ်၊ ရပ်ရွာများ၏ နယ်ပယ်အပိုင်းအခြားကို သိရအောင် ကျောက်တိုင်စသည်တို့ဖြင့် ပိုင်းခြားသတ်မှတ်ထားသော အရပ်ဒေသကို ပါဠိလို သီမ(သိမ်)ဟု ခေါ်ရပါသည်။ ထို့အတူ ရဟန်းတော်တို့ ရဟန်းခံခြင်းစသော သံဃာ့ကိစ္စ(သံဃာ့ကံ)များ ပြုလုပ်ဖို့ရာ ပိုင်းခြားသတ်မှတ်ထားသော နေရာကို သီမ (သိမ်)ဟု ခေါ်ရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ထိုသိမ်သည် အကျဉ်းချုပ်အားဖြင့် -

(၁) နိဿယသိမ = အခြေခံမှီရာဖြစ်သောသိမ်၊

(၂) နိဿိတသိမ = အခြေခံမှီရာ သိမ်ပေါ်တွင် ဖြစ်ပေါ်လာ၍ မှီတတ်သောသိမ်ဟူ၍ နှစ်မျိုးရှိပေသည်။

(၁) နိဿယသိမ = အခြေခံမှီရာဖြစ်သောသိမ်သည် -

(က) ဂါမသိမ = မြို့ရွာအပိုင်းအခြားသိမ်၊

(ခ) အရညသိမ = တောအပိုင်းအခြားသိမ်၊

(ဂ) နဒီသိမ = မြစ်အပိုင်းအခြားသိမ်၊

(ဃ) သမုဒ္ဒသိမ = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်၊

(င) ဇာတဿရသိမ = ရေအိုင်အပိုင်းအခြားသိမ်ဟူ၍ ငါးမျိုး ရှိပေသည်။

(က) ဂါမသိမ = မြို့ရွာအပိုင်းအခြားသိမ်ဟူသည် -

အစိုးရမင်းများက အခွန်ကောက်ခံခြင်း စသည် ပြုလုပ်ရန်အတွက် မြို့ရွာနယ်မြေ သတ်မှတ်ပိုင်းခြားထားသော အရပ်ဒေသသိမ် ဖြစ်ပေသည်။ ဤဂါမသိမ = မြို့ရွာအပိုင်းအခြားသိမ်သည် မြတ်စွာဘုရားအမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ အစိုးရမင်း၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။

(ခ) အရညသိမ = တောအပိုင်းအခြားသိမ်ဟူသည် -

မြို့ရွာနယ်ပယ်မှလွတ်သော မြစ်အင်းအိုင်လည်းမဟုတ်သော ကုန်းမြေအရပ်သိမ် ဖြစ်ပေသည်။ ဤအရညသိမ = တောအပိုင်းအခြားသိမ်သည် မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

(ဂ) နဒီသိမ = မြစ်အပိုင်းအခြားသိမ်ဟူသည် -

ရေစီးရေလာရှိသော မြစ်ချောင်းအမျိုးမျိုးသိမ် ဖြစ်ပေသည်။ ဤနဒီသိမ

http://www.dhammadownload.com



= မြစ်ချောင်းအပိုင်းအခြားသိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့ဖြင့် ဖြစ်ပေါ်လာသော သိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောသိမ် ဖြစ်ပေသည်။

(ဃ) သမုဒ္ဒသိမ = ပင်လယ်သမုဒ္ဒရာအပိုင်းအခြားသိမ်ဟူသည် -

အရပ်လေးမျက်နှာ၌ရှိသော အလွန်ကျယ်ပြန့်သည့် ပင်လယ်သမုဒ္ဒရာသိမ် ဖြစ်ပေသည်။ ဤသမုဒ္ဒသိမ = ပင်လယ်သမုဒ္ဒရာအပိုင်းအခြား သိမ်သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့် အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ် နေသောသိမ် ဖြစ်ပေသည်။

(င) ဇာတဿရသိမ = ရေအိုင်အပိုင်းအခြားသိမ်ဟူသည် -

လူတို့မတူးဖော်အပ်ပါဘဲ အယုတ်ဆုံး မိုးလေးလအတွင်း ရေရှိသော ရေအိုင်သိမ် ဖြစ်ပေသည်။ ဤဇာတဿရသိမ = ရေအိုင်အပိုင်းအခြားသိမ် သည်လည်း မြတ်စွာဘုရား၏ အမိန့်အာဏာ၊ အစိုးရမင်းတို့၏ အမိန့် အာဏာတို့ဖြင့် ဖြစ်ပေါ်လာသောသိမ်မဟုတ်၊ သူ့အလိုအလျောက် ဖြစ်ပေါ် နေသောသိမ် ဖြစ်ပေသည်။

(၂) နိဿိတသိမ = အခြေခံမှီရာ သိမ်ပေါ်တွင် ဖြစ်ပေါ်လာ၍ မှီတတ် သောသိမ်သည် -

၁။ ဗဒ္ဓသိမ = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်၊

၂။ အဗဒ္ဓသိမ = ကမ္မဝါဖြင့် မသမုတ်အပ်သောသိမ်ဟူ၍ နှစ်မျိုး ရှိပေသည်။

၁။ ဗဒ္ဓသိမ = ကမ္မဝါဖြင့် သမုတ်အပ်သောသိမ်ဟူသည် -

သိမ်သမုတ်မည့် ပေ(၅၀)၊ ပေ(၁၀၀) အစရှိသော မြေကွက်ကို ရှေး ဦးစွာ ကျောက်တုံးကျောက်တိုင် စသည်တို့ဖြင့် နယ်နိမိတ်ပိုင်းခြား သတ် မှတ်ထားရပါသည်။ ထို့နောက် လေးပါး၊ လေးပါးထက်များသော ရဟန်းတော်တို့က နှစ်ထောင့်ထွာစပ်အောင်နေ၍ ကမ္မဝါရွတ်ဖတ်ကာ

http://www.dhammadownload.com



အတည်ပြု (သမုတ်)ထားသောသိမ်မျိုး ဖြစ်ပေသည်။ ဤကဲ့သို့ ကမ္မဝါဖြင့် သမုတ်ထားသောသိမ်ကို "ဗဒ္ဓသိမ်"ဟု ခေါ်ရပေသည်။

## ဗဒ္ဓသိမ်(၂)မျိုးရှိပုံ

ထိုဗဒ္ဓသိမ်သည် (၂)မျိုးရှိပေသည်။

(က) သိမ်သမုတ်ရန် သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ တောင်းခံ၍ ရရှိပြီးမှ သမုတ်အပ်သောဗဒ္ဓသိမ်၊

(ခ) သိမ်သမုတ်ရန် သီးခြားမြေကွက်ကို အစိုးရမင်းများထံမှ မတောင်းခံပါဘဲ သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ကိုယူ၍ သမုတ်ရသော ဗဒ္ဓသိမ်ဟူ၍ (၂)မျိုးရှိပေသည်။

အစိုးရမင်းများထံမှ သိမ်သမုတ်ရန် သီးခြားမြေကွက်ကို တောင်းခံ ရရှိပြီးမှ သမုတ်သောသိမ်ကို "ဝိသုံဂါမဗဒ္ဓသိမ်"ဟု ခေါ်ရပါသည်။ အစိုးရမင်းများထံမှ သီးခြားမြေကွက် တောင်းခံခြင်းမရှိပါဘဲ သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များ၏ သဘောတူညီချက်ဖြင့် သမုတ်ရသောသိမ်ကို "နယ်သိမ်းဗဒ္ဓသိမ်"ဟု ခေါ်ရပါသည်။

နယ်သိမ်းဗဒ္ဓသိမ်ကို သမုတ်လိုသောအခါ -

(က) သူကြီးတစ်ပိုင်၊ သို့မဟုတ် ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိနေကြသော ရဟန်းတော်များအားလုံး သိမ်သမုတ်မည့် မြေကွက်ထဲ နှစ်ထောင့်ထွာအတွင်းသို့ရောက်အောင် ပင့်ဆောင်ရပါသည်။

(ခ) မပင့်ဆောင်နိုင်ခဲ့သော် ထိုရဟန်းတော်များ၏ သဘောတူညီချက်ဆန္ဒကို တောင်းယူရပါသည်။

(ဂ) ဆန္ဒမပေးနိုင်ခဲ့သော် ထိုရဟန်းတော်တို့သည် မိမိတို့ကျောင်းတိုက် ဗဒ္ဓသိမ်ထဲ၌ဝင်၍ နေကြရပါသည်။

http://www.dhammadownload.com



ဤအင်္ဂါ(၃)ချက်နှင့်ညီအောင် ပြုလုပ်ပြီးသောအခါ သိမ်သမုတ်မည့် ပေ(၅၀)၊ ပေ(၁၀၀) စသည်ရှိသော မြေကွက်၌ ရှေးဦးစွာ ထုံးမှုန့်၊ ထုံးရေများဖြင့် တစ်ထောင့်ထွာခန့်အကွက်လေးများ ပြုလုပ်၍ သိမ်နွတ်ရပါသည်။ ထို့နောက် ကျောက်တိုင်စသည်တို့ဖြင့် သိမ်၏နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ရပါသည်။ ထို့နောက်မှ လေးပါး၊ လေးပါးထက်များသော ရဟန်းတော်တို့ နှစ်ထောင့်ထွာစပ်အောင်နေ၍ ကမ္မဝါစာဖတ်ကာ သိမ်သမုတ်ရပါသည်။ ဤသိမ်ကို "နယ်သိမ်းဗဒ္ဓသိမ်"ဟု ခေါ်ရပါသည်။

ဤကဲ့သို့ နယ်သိမ်းဗဒ္ဓသိမ်သမုတ်နေခိုက်တွင် ဆန္ဒပေးခြင်းစသည် မရှိသော ရဟန်းတစ်ပါးပါး ရပ်ကွက်အတွင်းသို့ ဝင်ရောက်လာပါက၊ ရပ်ကွက်အတွင်း၌ရှိနေပါက ထိုနယ်သိမ်းဗဒ္ဓသိမ်သမုတ်ခြင်း မအောင်မြင်တော့ပေ။ သို့ဖြစ်၍ ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများ၌ နယ်သိမ်းဗဒ္ဓသိမ် သမုတ်ရခြင်းသည် မလွယ်ကူကြပေ။ ခက်ခဲလှပေသည်။

ဤကဲ့သို့ ခက်ခဲမှုများမရှိအောင် အစိုးရမင်းများထံမှ ပေ(၅၀)၊ ပေ(၁၀၀)စသည်ဖြင့် သိမ်သမုတ်ရန် မြေကွက်ကို လျှောက်ထားတောင်းခံရပါသည်။ အစိုးရမင်းများထံမှ သိမ်သမုတ်ရန် မြေကွက်ကို ရပြီးသောအခါ သူကြီးတစ်ပိုင်၊ ရပ်ကွက်လူကြီးတစ်ပိုင်အတွင်း၌ ရှိကြသော ရဟန်းတော်များကို ပင့်ဆောင်ရခြင်း၊ ထိုရဟန်းတော်များ၏ သဘောတူညီချက်ဆန္ဒကို ယူရခြင်းများ မပြုလုပ်ရတော့ပါဘဲ သိမ်သမုတ်ရန် သတ်မှတ်ထားသော မြေကွက်အတွင်း၌ လေးပါး၊ လေးပါးထက်များသော ရဟန်းတော်များ နှစ်ထောင့်ထွာစပ်အောင်နေ၍ သိမ်နွတ်ကြရပါသည်။ ထို့နောက်မှ ကမ္မဝါစာဖတ်ကာ သိမ်သမုတ်ရပါသည်။ ဤသိမ်ကို "ဝိသုံဂါမဗဒ္ဓသိမ်"ဟု ခေါ်ပါသည်။

ဤကဲ့သို့ အစိုးရမင်းများထံမှ သိမ်သမုတ်ရန် သီးခြားမြေကွက်ကို တောင်းခံရပြီးမှ ဝိသုံဂါမဗဒ္ဓသိမ်သမုတ်ရခြင်းသည် ရပ်ကွက်အတွင်းရှိ ရဟန်းတော်အားလုံးကို ပင့်ဆောင်ရခြင်းလည်းမရှိ၊ ရပ်ကွက်အတွင်းရှိသော

http://www.dhammadownload.com



ရဟန်းတော်တို့၏ သဘောတူညီချက်ဆန္ဒကို တောင်းယူရခြင်းလည်း မရှိသောကြောင့် လွယ်ကူလှပေသည်။ အောင်မြင်တာလည်း များကြပေသည်။ သို့ဖြစ်၍ ဝိသုံဂါမသိမ်ကို ဆရာတော် သံဃာတော်များက နှစ်သက်တော်မူကြပေသည်။

အချို့အရပ်ဒေသများ၌ သိမ်ထဲသို့ အမျိုးသမီးများ မဝင်ကောင်း၊ မဝင်ရဟူ၍ ယူဆကာ တားမြစ်ထားခြင်းသည် သိမ်ကို အထူးအလေးဂရုပြု၍ ဝိနည်းသိက္ခာပုဒ်များ၌ တတ်သိမှုဗဟုသုတ နည်းပါးသောကြောင့် ယူဆကာ တားမြစ်ခြင်းပင် ဖြစ်ပေသည်။ သိမ်ထဲသို့ ဝင်ရောက်ကြရာတွင် ဝိနည်းတော်၌ အမျိုးသားနှင့်အမျိုးသမီး ခွဲခြားသတ်မှတ်ထားခြင်း မရှိပေ။ ကံပြုနေသောအခါ ရဟန်းတော်များ၏ နှစ်ထောင့်ထွာအတွင်းသို့ အမျိုးသား အမျိုးသမီးနှစ်ဦးလုံး မဝင်ရရုံသာ ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးသမီးများလည်း သိမ်ထဲသို့ ဝင်ကောင်းသည်မှာ ထင်ရှားလှပေသည်။

၂။ အဗဒ္ဓသိမ် = ကမ္မဝါဖြင့် မသမုတ်ရသောသိမ်သည် -

(က) သတ္တဗ္ဘန္တရသီမ = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်၊

(ခ) ဥဒကုက္ခေပသီမ = ရေတစ်ကျဖြင့် ပိုင်းခြားအပ်သောသိမ် ဟူ၍ (၂)မျိုးရှိပေသည်။

(က) သတ္တဗ္ဘန္တရသီမ = အတောင်ဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် -

တောအရပ်၌နေကြသော ရဟန်းတော်များ ချမ်းသာစွာ ကံပြုနိုင်ရေးအတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူသောသိမ် ဖြစ်ပေသည်။ ရဟန်းတော်များနေရာအရပ်မှ အဗ္ဘန္တရ(၇)ခုတို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဒေသသိမ် ဖြစ်ပါသည်။

အဗ္ဘန္တရတစ်ခုလျှင် (၂၈)တောင်ရှိပေသည်။ ရဟန်းတော်များ နေရာအရပ်မှ အရှေ့ဘက်သို့ (၁၉၆)တောင်၊ တောင်ဘက်သို့ (၁၉၆)တောင်၊

http://www.dhammadownload.com



မြောက်ဘက်သို့ (၁၉၆)တောင်၊ အနောက်ဘက်သို့ (၁၉၆)တောင်တို့ဖြင့် ပိုင်းခြားအပ်သော အရပ်ဒေသသည် သတ္တုဗ္ဗန္တရသိမ် ဖြစ်ပေသည်။ ဤသိမ်သည် အစိုးရမင်းတို့၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသော သိမ် မဟုတ်။ မြတ်စွာဘုရား၏ အမိန့်အာဏာဖြင့် ဖြစ်ပေါ်လာသောသိမ် ဖြစ်ပေသည်။

(ခ) ဥဒကုက္ခေပသီမ = ရေတစ်ကျုဖြင့် ပိုင်းခြားအပ်သောသိမ်ဟူသည် -

မြစ်ချောင်းသမုဒ္ဒရာရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ ချမ်းသာစွာ ကံပြုနိုင်ရေးအတွက် မြတ်စွာဘုရား ခွင့်ပြုတော်မူသောသိမ် ဖြစ်ပေသည်။ မြစ်ချောင်းသမုဒ္ဒရာရေအိုင်တို့၌ သွားလာနေထိုင်ကြသော ရဟန်းတော်များ နေရာအရပ်မှ လက်ဖြင့် ကော်ပက်လိုက်သောရေ၏ ကျရာအရပ်ဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။

ရဟန်းတော်များ၏ တည်ရာအရပ်မှ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်များသို့ အားအလယ်အလတ်ရှိသောယောကျ်ား ပက်လိုက်သော ရေတစ်ကျုဖြင့် ပိုင်းခြားအပ်သောသိမ် ဖြစ်ပေသည်။ ဤသိမ်ကို ရေသိမ်ဟူ၍လည်း ခေါ်ကြပေသည်။ ဤသိမ်၌ ကံပြုသောအခါ ရဟန်းတော်များ ရေထဲဆင်း၍လည်း ကံပြုနိုင်ပါသည်။ ကျောင်းငယ်များ ဆောက်လုပ်၍လည်း ကံပြုနိုင်ပါသည်။ မိုးလေးလအတွင်း ရေရှိပါက ဆောင်းဥတု နွေဥတုတို့၌ ရေမရှိသောသဲသောင်ပြင်၊ မြေပြင်တို့၌လည်း ကံပြုနိုင်ပါသည်။

မိရာသိမ်(၅)လုံးမှ မိတတ်သိမ်(၃)လုံး ဖြစ်ပေါ်လာပုံ

(က) ဂါမသီမ = မြို့ရွာသိမ်ကိုအမှီပြု၍ ကမ္မဝါဖြင့် သမုတ်အပ်သော ဗဒ္ဓသိမ် ဖြစ်ပေါ်လာပေသည်။

(ခ) အရညသီမ = တောအရပ်သိမ်ကိုအမှီပြု၍ အတောင်ဖြင့် ပိုင်းခြားအပ်သော (မိုတတ်) သတ္တဗ္ဗန္တရသိမ် ဖြစ်ပေါ်လာပေသည်။

http://www.dhammadownload.com



(ဂ) နဒီသိမ = မြစ်ချောင်းသိမ်၊
(ဃ) သမုဒ္ဒသိမ = သမုဒ္ဒရာသိမ်၊
(င) ဇာတဿရသိမ = ရေအိုင်သိမ်ကို အမှီပြု၍ ရေတစ်ကျဲဖြင့် ပိုင်းခြားအပ်သော (မှီတတ်) ဥဒကုက္ခေပ သိမ် ဖြစ်ပေါ်လာပေသည်။

ဤကဲ့သို့ နိဿယသိမ = မှီရာသိမ်(၅)လုံး၊ နိဿိတသိမ = မှီတတ်သောသိမ်(၃)လုံးပေါင်း သိမ်(၈)လုံး ဖြစ်ပေသည်။ ဤသိမ်(၈)လုံးကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များနှင့် ရဟန်းတော်များ သိထားဖွယ်ကောင်းလှပါပေသည်။

သစ္စမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# တရားစောင့်က ချမ်းသာရ

လောကထဲ၌ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါ အားလုံးတို့သည် အစောင့်အရှောက်ကို ခံယူကြရမှ ချမ်းသာကြပေသည်။ ငယ်ရွယ်စဉ်အခါ သားငယ်သမီးငယ်တို့သည် မိဘတို့၏ အစောင့်အရှောက်ကို ခံယူကြရပေသည်။ မိဘတို့သည်လည်း အိုမင်းမစွမ်းဖြစ်လာသောအခါ သားသမီးတို့၏ အစောင့်အရှောက်ကို ခံယူကြရပေသည်။ ဤကဲ့သို့ အစောင့်အရှောက်ကိုရကြသော သားသမီးနှင့်မိဘတို့သည် ချမ်းသာကြရပေသည်။ အစောင့်အရှောက်ကို မရကြသော သားသမီးနှင့်မိဘတို့သည် ဆင်းရဲဒုက္ခ ဖြစ်ကြရပေသည်။

ထိုနည်းတူစွာ တရား၏ အစောင့်အရှောက်ကို ခံယူကြရသောပုဂ္ဂိုလ်တို့သည် မျက်မှောက်နှင့်သံသရာ နှစ်ဖြာလုံး၌ ချမ်းသာကြရပေသည်။ တရား၏ အစောင့်အရှောက်ကို မခံယူကြရသောပုဂ္ဂိုလ်တို့သည် မျက်မှောက်နှင့်သံသရာ နှစ်ဖြာလုံး၌ ဆင်းရဲကြရပေသည်။ တရား၏ အစောင့်အရှောက်ကို ခံယူလိုကြသော ပုဂ္ဂိုလ်တို့သည် တရားကိုကျင့်ကြရပေသည်။ ကျင့်သင့်သောတရားကို မကျင့်က တရားကိုသတ်၍ တရားက ပြန်သတ်သောကြောင့် မျက်မှောက်နှင့်သံသရာ နှစ်ဖြာစလုံး၌ ဆင်းရဲကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် လောကထဲ၌ ပုဂ္ဂိုလ်နှစ်မျိုးရှိသည်ဟု မြတ်စွာဘုရားဟောကြားတော်မူပါသည်။

http://www.dhammadownload.com



(၁) ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ = တရားကိုကျင့်ခြင်းကြောင့် တရား၏ အစောင့်အရှောက်ကို ခံယူရရှိသောပုဂ္ဂိုလ်၊

(၂) ဓမ္မော ဟဝေ ဟတော ဟန္တိ = ကျင့်သင့်သောတရားကို မကျင့်သည်ဖြစ်၍ တရားကို သတ်သောကြောင့် တရားက ပြန်သတ်ခြင်းကို ခံရသော ပုဂ္ဂိုလ်

ဟူ၍ ပုဂ္ဂိုလ်နှစ်မျိုး ဟောကြားတော်မူခဲ့ပါသည်။

ဘုရား၏ အစောင့်အရှောက်ကို ခံယူရသောပုဂ္ဂိုလ်နှင့် တရား၏ သတ်ဖြတ်ခြင်းကိုခံရသော ပုဂ္ဂိုလ်တို့ကို သိဖို့ရာ ငါးပါးသီလကိုကျင့်ခြင်း၊ မကျင့်ခြင်းတို့ဖြင့် ထင်ရှားပေသည်။

(က) ငါးပါးသီလသိက္ခာပုဒ်တို့တွင် သူ့အသက်သတ်ခြင်း(ပါဏာတိပါတ) မှ ရှောင်ကြဉ်စောင့်ထိန်းသူတို့သည် တရားကိုကျင့်သည်ဖြစ်၍ တရားက ပြန်စောင့်ရှောက်သောကြောင့် မြင့်မြတ်သော လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်ကြရပေသည်။ ယခုဘဝနှင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အင်္ဂါကြီးငယ်ပြည့်ဖြိုးခြင်း၊ အဆင်းလှခြင်း၊ မတွေမဝေ ချမ်းသာစွာသေရခြင်း စသော အကျိုးများကို ရရှိ၍ ချမ်းသာကြရပေသည်။

သူ့အသက်သတ်ခြင်းအမှုကို ပြုလုပ်လွန်ကျူးသောသူတို့သည် ရှောင်ကြဉ်ရမည့် ပါဏာတိပါတသိက္ခာပုဒ်တရားကို ဖျက်ဆီး၍ တရားကို သတ်သောကြောင့် ယခုဘဝ၌လည်း မကောင်းကျိုးအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေသည်။ နောင်ဘဝများ၌လည်း အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ အပါယ်ငရဲမှလွတ်လာပြီးနောက် ဖြစ်လေရာဘဝတိုင်းတို့၌လည်း အသက်တိုခြင်း၊ အင်္ဂါကြီးငယ်ချို့တဲ့ခြင်း၊ အနာရောဂါများခြင်း၊ အဆင်းမလှခြင်း၊ သူတစ်ပါးပယောဂဖြင့် သေဆုံးရခြင်း၊ တွေတွေဝေဝေ ကြောက်ကြောက်

http://www.dhammadownload.com



လန့်လန့်နှင့် သေကြေရခြင်း စသောတရားက ပြန်သတ်ခြင်း အပြစ်ဒဏ်များကို ခံရ၍ ဆင်းရဲကြရပေသည်။

## ဆောင်ပုဒ်။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။

(ခ) သူတစ်ပါးဥစ္စာခိုးခြင်း(အဒိန္နာဒါန)မှ ရှောင်ကြဉ်စောင့်ထိန်းသူတို့သည် တရားကိုကျင့်သည်ဖြစ်၍ တရားက ပြန်စောင့်ရှောက်သောကြောင့် မြင့်မြတ်သော လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်ကြရပေသည်။ ယခုဘဝနှင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း ပစ္စည်းဥစ္စာရတနာ ပေါများခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိခြင်း၊ လိုအပ်သောအရာမှန်သမျှ လွယ်လွယ်နှင့်ရခြင်း၊ ရပြီးသော စည်းစိမ်ဥစ္စာများ မပျက်မစီးနိုင်မြဲစွာတည်ခြင်းစသော အကျိုးများကိုရရှိ၍ ချမ်းသာကြရပေသည်။

သူတစ်ပါးဥစ္စာကို ခိုးယူခြင်းအမှုကို ပြုလုပ်လွန်ကျူးသောသူတို့သည် အဒိန္နာဒါနသိက္ခာပုဒ်တရားကို ဖျက်ဆီး၍ တရားကို သတ်သောကြောင့် ယခုဘဝ၌လည်း မကောင်းကျိုးအမျိုးမျိုးနှင့် တွေ့ကြုံကြရပေသည်။ နောင်ဘဝများ၌လည်း အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ အပါယ်ငရဲမှ လွတ်လာပြီးနောက် ဖြစ်လေရာဘဝတိုင်းတို့၌လည်း ပစ္စည်းဥစ္စာရှားပါး အလွန်နွမ်းပါးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း၊ ဝတ်မွတ်ခေါင်းပါးခြင်းဘေးနှင့် တွေ့ကြုံရခြင်း၊ လိုအပ်သောအရာမှန်သမျှကို မရနိုင်ခြင်း၊ ရရှိလာပြီးသော ပစ္စည်းဥစ္စာများ မကြာခဏဆုံးရှုံးရခြင်းစသော တရားက ပြန်သတ်ခြင်း အပြစ်ဒဏ်များကို ခံရ၍ ဆင်းရဲကြရပေသည်။

## ဆောင်ပုဒ်။ ။ ခိုးယူတတ်ကြား၊ ပစ္စည်းရှား၊ မခိုးပေါများသည်။

(ဂ) သူတစ်ပါးသားမယား သားသမီးတို့ကို လွန်ကျူးဖျက်ဆီးခြင်း(ကာမေသုမိစ္ဆာစာရ)မှ ရှောင်ကြဉ်စောင့်ထိန်းသူတို့သည် တရားကိုကျင့်သည်ဖြစ်၍ တရားက ပြန်စောင့်ရှောက်သောကြောင့် မြင့်မြတ်သော

http://www.dhammadownload.com



လူပြည်၊ နတ်ပြည်တို့၌ ဖြစ်ကြရပေသည်။ ယခုဘဝနှင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း သူတစ်ပါးတို့ ချစ်ခင်မြတ်နိုး ကြည်ညိုကြခြင်း၊ ဘေးရန်ကင်းခြင်း၊ လာဘ်လာဘပေါ်များခြင်း၊ မြင့်မြတ်သောအမျိုးတို့၌ဖြစ်ရခြင်း၊ ဣန္ဒြေသိက္ခာနှင့်ပြည့်စုံခြင်းစသော အကျိုးများကို ရရှိ၍ ချမ်းသာကြရပေသည်။

သူတစ်ပါးသားမယား သားသမီးများကို လွန်ကျူးဖျက်ဆီးသောသူတို့သည် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်တရားကို ဖျက်ဆီး၍ တရားကို သတ်သောကြောင့် ယခုဘဝ၌လည်း မကောင်းကျိုးအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေသည်။ နောင်ဘဝများ၌လည်း အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ အပါယ်ငရဲမှ လွတ်လာပြီးနောက် ဖြစ်လေရာဘဝတိုင်းတို့၌လည်း မြင်သူတိုင်းကမချစ် မုန်းကြခြင်း၊ ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံရခြင်း၊ လာဘ်လာဘရှားပါးခြင်း၊ ယုတ်ညံ့သောအမျိုး၌ဖြစ်ရခြင်း၊ အရှက်တကွဲအကျိုးနည်းဖြစ်ရခြင်းစသော တရားက ပြန်သတ်ခြင်း အပြစ်ဒဏ်များကို ခံရ၍ ဆင်းရဲကြရပေသည်။

## ဆောင်ပုဒ်။ ။ ကာမဂုဏ်မှား၊ လူမုန်းများ၊ မမှားချစ်ခင်သည်။

(ဃ) သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် မဟုတ်မမှန် လိမ်ညာ၍ ပြောဆိုခြင်း(မုသာဝါဒ)မှ ရှောင်ကြဉ်စောင့်ထိန်းသူတို့သည် တရားကို ကျင့်သည်ဖြစ်၍ တရားက ပြန်စောင့်ရှောက်သောကြောင့် မြင့်မြတ်သော လူပြည်၊ နတ်ပြည်တို့၌ ဖြစ်ကြရပေသည်။ ယခုဘဝနှင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း မိမိစကားကို သူတစ်ပါးတို့ နားထောင်လိုကြခြင်း၊ ပါးစပ်အနံ့မွှေးကြိုင်ခြင်း၊ ဩဇာအာဏာရှိခြင်း၊ သိမ်မွေ့စွာပြောဆိုတတ်ခြင်း၊ မျက်နှာဣန္ဒြေ တည်ငြိမ်ခြင်းစသော အကျိုးများကို ရရှိ၍ ချမ်းသာကြရပေသည်။

သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် မဟုတ်မမှန် လိမ်ညာ၍ ပြောဆိုသောသူတို့သည် မုသာဝါဒသိက္ခာပုဒ်တရားကို လွန်ကျူးဖျက်ဆီး၍

http://www.dhammadownload.com



တရားကိုသတ်သောကြောင့် ယခုဘဝ၌လည်း မကောင်းကျိုးအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေသည်။ နောင်ဘဝများ၌လည်း အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ အပါယ်ငရဲမှ လွတ်လာပြီးနောက် ဖြစ်လေရာဘဝတိုင်း၌လည်း သူစကားကို သူတစ်ပါးတို့ နားမထောင်လိုကြခြင်း၊ ပါးစပ်မှ အပုပ်နံ့ထွက်ခြင်း၊ ဩဇာအာဏာမရှိခြင်း၊ ကြမ်းတမ်းစွာပြောဆိုတတ်ခြင်း၊ လျှပ်ပေါ်လော်လည်ခြင်း၊ မျက်စိမျက်နှာမတည်ငြိမ်ခြင်းစသော တရားကပြန်သတ်ခြင်း အပြစ်ဒဏ်များကို ခံရ၍ ဆင်းရဲကြရပေသည်။

## ဆောင်ပုဒ်။ ။ လိမ်လည်တတ်ဖြား၊ စကားမတည်၊ မလိမ်ဖြား၊ စကားကောင်းစွာတည်။

(င) အရက်သေစာ မူးယစ်ဆေးဝါးသောက်စားခြင်း(သုရာမေရယ)မှ ရှောင်ကြဉ်စောင့်ထိန်းသူတို့သည် တရားကိုကျင့်သည်ဖြစ်၍ တရားကပြန်စောင့်ရှောက်သောကြောင့် မြင့်မြတ်သော လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်ကြရပေသည်။ ယခုဘဝနှင့် နောင်ဖြစ်လေရာဘဝတိုင်းတို့၌လည်း သတိကောင်းခြင်း၊ မပျင်းမရိလုံ့လဝီရိယရှိခြင်း၊ သင့်မသင့်ချင့်ချိန်တတ်သော ဉာဏ်ပညာရှိခြင်း၊ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ အရှက်အကြောက်နှင့်ပြည့်စုံခြင်းစသော အကျိုးများကို ရရှိ၍ ချမ်းသာကြရပေသည်။

အရက်သေစာ မူးယစ်ဆေးဝါးသောက်စားခြင်းအမှုကို ပြုလုပ်သောသူတို့သည် သုရာမေရယသိက္ခာပုဒ်တရားကို လွန်ကျူးဖျက်ဆီး၍ တရားကို သတ်သောကြောင့် ယခုဘဝ၌လည်း မကောင်းကျိုးအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေသည်။ နောင်ဘဝများ၌လည်း အပါယ်ငရဲသို့ ကျရောက်ကြရပေသည်။ အပါယ်ငရဲမှ လွတ်လာပြီးနောက် ဖြစ်လေရာဘဝတိုင်းတို့၌လည်း သတိမေ့တတ်ခြင်း၊ ဆွံ့အရူးသွပ်ခြင်း၊ သင့်မသင့်ကို မသိတတ်ခြင်း၊ သူ့ကျေးဇူးကို မသိတတ်ခြင်း၊ အရှက်အကြောက်ကင်းမဲ့ခြင်းစသော တရားက ပြန်သတ်ခြင်း အပြစ်ဒဏ်များကို ခံရ၍ ဆင်းရဲကြရပေသည်။

http://www.dhammadownload.com



**ဆောင်ပုဒ်။ ။ အရက်သောက်စား၊ မေ့လျော့များသည်၊ မသောက်စား၊ သတိဉာဏ်ပွားသည်။**

ဤကဲ့သို့ ငါးပါးသီလတရားကို ကျင့်သောသူကို တရားက ပြန်စောင့်ရှောက်သောကြောင့် မျက်မှောက်နှင့်သံသရာ နှစ်ဖြာလုံးတို့၌ ချမ်းသာကြရပေသည်။ ကျင့်သင့်သော ငါးပါးသီလတရားကို မကျင့်ပါက တရားက ပြန်သတ်ခြင်းကို ခံကြရသောကြောင့် မျက်မှောက်နှင့်သံသရာ နှစ်ဖြာလုံး၌ ဆင်းရဲကြရပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းသင့်ကြပေသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

http://www.dhammadownload.com

# လောကီလောကုတ္တရာ အောင်မြင်ရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလုပ်နှစ်ခုကို ပြုလုပ်ကြရပေသည်။ ယခုမျက်မှောက်ဘဝမှာ ချမ်းသာဖို့ရာ စီးပွားရေး၊ ကြီးပွားရေးစသော လောကီအလုပ်များကိုလည်း ပြုလုပ်ကြရပေသည်။ အမြဲတမ်းချမ်းသာမည့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ရာ လောကုတ္တရာအလုပ်များကိုလည်း ပြုလုပ်ကြရပေသည်။

ထိုအလုပ်နှစ်ခုကို လုပ်ကိုင်ဆောင်ရွက်ပြုလုပ်ကြရာတွင် တစ်ခုနှင့်တစ်ခု မတူကြပေ။ ထူးခြားချက်များ ရှိကြပေသည်။ ယင်းမတူ ထူးခြားချက်များကို သိရှိနားလည်သဘောပေါက်ပြီး လုပ်ကိုင်ဆောင်ရွက် အားထုတ်ကြမှသာ အကျိုးသက်ရောက်ကာ အောင်မြင်မှုရရှိနိုင်ကြမည် ဖြစ်ပေသည်။

## လောကီရေးရာ

စီးပွားရေး၊ ကြီးပွားရေးစသော လောကီအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် လွန်ခဲ့သောအတိတ်က ခေတ်အမျိုးမျိုးတို့၌ ဖြစ်ပေါ်ပြောင်းလဲလာခဲ့သော ရာဇဝင်သမိုင်း စသည်တို့ကိုလည်း လေ့လာမှတ်သားခြင်းများလည်း ရှိကြရပေသည်။ နောင်အနာဂတ်အချိန်မှာ ဖြစ်ပေါ်လာမည့် ကောင်းဆိုးနှစ်တန် အခြေအနေမှန်များကိုလည်း တွေးခေါ်မှန်းဆကာ သိမြင်ထားခြင်း ရှိကြရမည် ဖြစ်ပေသည်။ ယခုမျက်မှောက်

http://www.dhammadownload.com



ပစ္စုပ္ပန်အခြေအနေမှန်ကိုလည်း သိအောင်လေ့လာထားခြင်း ရှိကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးလုံးတို့၌ အခြေအနေများကို ထောက်ရှု၍ ဆောင်ရွက်လုပ်ကိုင်နိုင်မှသာ အကျိုးသက်ရောက်ကာ အောင်မြင်မှုရရှိနိုင်ကြမည် ဖြစ်ပေသည်။

## ၈လောကုတ္တရာရေးရာ

အမြိတမ်းချမ်းသာမည့် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ရာ ဝိပဿနာအလုပ်ကို အားထုတ်ရှုမှတ်ကြရာတွင် လွန်ခဲ့သောအတိတ်ကာလက တွေ့ကြုံခဲ့သော အာရုံအမျိုးမျိုးတို့ကို ပြန်၍ဆင်ခြင်နှလုံးသွင်းမှုများကိုလည်း မပြုကြရပေ။ နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည့် အာရုံအမျိုးမျိုးတို့ကို မျှော်မှန်းတောင့်တမှုများလည်း မရှိကြရပေ။ လွန်ခဲ့ပြီးသော အတိတ်အာရုံအမျိုးမျိုးနှင့် လာလတ္တံ့သော အနာဂတ်အာရုံအမျိုးမျိုးတို့ကို စွန့်ခွာ၍ ယခုဖြစ်ဆဲပစ္စုပ္ပန်ကိုတော့ တည့်နိုင်သမျှတည့်အောင် ရှုမှတ်နိုင်မှသာ အကျိုးသက်ရောက်ကာ အောင်မြင်မှုရရှိနိုင်ကြမည် ဖြစ်ပေသည်။

မိမိတို့သန္တာန်မှာဖြစ်နေကြတဲ့ ရုပ်တရား၊ နာမ်တရားနှစ်ပါးစလုံးတို့သည် ပစ္စုပ္ပန်အခိုက်အတန့်၌သာ ရှိနေကြပေသည်။ ချုပ်ပျက်သွားပြီးသော အခါ ခန္ဓာကိုယ် ဘယ်နေရာမှာမှ မရှိကြတော့ပေ။ မဖြစ်ပေါ်လာသေးခင်ကလည်း ခန္ဓာကိုယ်ဘယ်နေရာမှာမှ ကြိုတင်၍လည်း မရှိကြပေ။ သို့ဖြစ်၍ အတိတ်နှင့် အနာဂတ်ကို စွန့်ခွာကြရပေသည်။ ပစ္စုပ္ပန်ကိုသာတည့်အောင် စူးစိုက်ကာ ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ပစ္စုပ္ပန်တည့်အောင် ရှုမှတ်နိုင်မှသာ ရုပ်နှင့်နာမ် အကြောင်းနှင့်အကျိုး အဖြစ်နှင့်အပျက်စသည်များကို တွေ့မြင်၍ တရားထူးတရားမြတ်များ ရရှိနိုင်ကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ပစ္စုပ္ပန်အာရုံများနှင့် တွေ့ကြုံရတဲ့အခါမှာလည်း မြင်ကာမျှမတ္တ၊ ကြားကာမျှမတ္တ၊ နံကာမျှမတ္တ၊ စားကာမျှမတ္တ၊ ထိကာမျှမတ္တတို့၌ တည်အောင် ကြည့်ရှုနားထောင် စားသောက်တွေ့ထိရာတို့၌ ရှုမှတ်ကာ နေထိုင်ကြရပေသည်။ ကောင်းတဲ့အာရုံ၌ လောဘ၊ မကောင်းတဲ့အာရုံ၌ ဒေါမနဿ၊ ဒေါသမဖြစ်ရအောင် ရှုမှတ်ကာ နေထိုင်ကြရပေသည်။

ယခုမျက်မှောက်ဘဝချမ်းသာရေးအတွက် စီးပွားရေး၊ ကြီးပွားရေးစသည့် လောကီအလုပ်များကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် မျက်စိဖြင့်မြင်စရာ ကြည့်ရှုစရာများကို ကျယ်ကျယ်ပြန့်ပြန့် ကြည့်တတ်ရပေသည်။ အခြားတစ်ပါးသောပုဂ္ဂိုလ်တို့ မမြင်မီ မိမိတို့က ကြိုတင်၍ မြင်နိုင်အောင် သွက်လက်စွာ ကြည့်ရှုကြရပေသည်။ ဤကဲ့သို့ သွက်လက်စွာ ကြည့်ရှုနိုင်၊ မြင်နိုင်ကြမှသာ လောကီရေးရာများ၌ အကျိုးသက်ရောက်ကာ အောင်မြင်မှုများ ရရှိနိုင်ကြရမည် ဖြစ်ပေသည်။

အမြဲတမ်းချမ်းသာမည့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖို့ရာ လောကုတ္တရာအတွက် ဝိပဿနာတရားအားထုတ်ရှုမှတ်ကြရာတွင် မိမိတို့၏ မျက်စိအမြင်ဘယ်လိုပင်ကောင်းငြားသော်လည်း မမြင်တဲ့ပုဂ္ဂိုလ်လို မြင်ကာမျှမတ္တတည်အောင် ကြည့်ရှုကြရပေသည်။

မြင်ကာမျှမတ္တတည်အောင် ကြည့်ရှုကြရမည်ဟူသည် အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည်၊ အရပ်မြင့်သည်၊ အရပ်နိမ့်သည်၊ အသားဖြူသည်၊ မည်းသည် စသည်များကို ကွဲပြားစွာမသိရအောင် ကြည့်ရှုခြင်းပင် ဖြစ်ပေသည်။ ဤကဲ့သို့ မြင်ကာမျှမတ္တမှာတည်အောင် ကြည့်ရှုတတ်မှသာ စိတ်တည်ငြိမ်မှု သမာဓိဖြစ်သည်။ သမာဓိဖြစ်မှသာ တရားသဘောများကို တွေ့သိနိုင်ကြပေသည်။

မြင်ကာမျှမတ္တတည်အောင် ကြည့်ရှုနိုင်ဖို့ရာမှာ သတိပဋ္ဌာန်တရားရှုမှတ်မှုအခြေခံမရှိသော ပုဂ္ဂိုလ်များအတွက် ခက်ခဲလှပေသည်။ သတိ

http://www.dhammadownload.com



ပဋ္ဌာန်တရား ရှုမှတ်မှုအခြေခံရှိသော ပုဂ္ဂိုလ်များအတွက်မှာမူ မခက်လှပေ။ မြင်ကာမျှမတ္တမှာတည်အောင် ကြည့်ရှုလို့ ရကြပေသည်။

ဥပမာ - သတိပဋ္ဌာန်ဝိပဿနာတရားရှုမှတ်မှု အခြေခံရှိသော ယောဂီပုဂ္ဂိုလ်တစ်ယောက် စင်္ကြံလျှောက် ရှုမှတ်နေရာတွင် ကြွတယ်ဟု ရှုမှတ်လိုက်သောအခါ အဆင့်ဆင့်ပေါ့ပေါ့ပြီး အပေါ်သို့ ရွေ့ရွေ့သွားတာ၊ လှမ်းတယ်ဟု ရှုမှတ်လိုက်သောအခါ အဆင့်ဆင့်ပေါ့ပေါ့ပြီး ရှေ့သို့ ရွေ့ ရွေ့သွားတာ၊ ချတယ်ဟု ရှုမှတ်လိုက်သောအခါ အဆင့်ဆင့်အောက်သို့ လေးလေးကျသွားတာများကို တွေ့သိနေသော ယောဂီပုဂ္ဂိုလ်၏ အနီးအနား မှာ လူတစ်ယောက် လျှောက်သွားခဲ့သော် "အမျိုးသားလေလော၊ အမျိုး သမီးလေလော"ဟု မကွဲပြားဘဲ မြင်ကာမျှမတ္တမှာ တည်သွားတာကို သတိ ပဋ္ဌာန် ရှုမှတ်မှုအခြေခံရှိသော ယောဂီပုဂ္ဂိုလ်များကိုယ်တိုင် တွေ့သိကြရ ပေသည်။

ဤကဲ့သို့ စင်္ကြံလျှောက်ကာ ရှုမှတ်နေရာတွင် မြင်ကာမျှမတ္တမှာ တည်အောင် ကြည့်လို့ရသွားသော ယောဂီပုဂ္ဂိုလ်တို့သည် ရပ်ခြင်း၊ ထိုင် ခြင်း၊ လျောင်းခြင်းစသော ဣရိယာပုထ်များ၌လည်း မြင်ကာမျှမတ္တမှာ တည်အောင် ကြည့်ရှုလို့ ရသွားကြပေသည်။ မြင်ကာမျှမတ္တတည်အောင် ကြည့်ရှုလို့ရသွားတတ်ပါက ထူးထူးခြားခြား စိတ်တည်ငြိမ်မှု သမာဓိဖြစ် လာတတ်ပါသည်။ သမာဓိဖြစ်သည်နှင့်အမျှ ဝိပဿနာဉာဏ်လည်း ဖြစ် လာတတ်ပါသည်။ ထူးထူးခြားခြား သဘောတရားများကို တွေ့သွားတတ် ပါသည်။ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ ရရှိသွားတတ်ကြ ပေသည်။

ရှေးအခါက ကုရုတိုင်းကာခေါ်တဲ့ လိုဏ်ဂူ၌ ဝါတော်(၆၀)ရ စိတ္တဂုတ္တ အမည်ရှိသော မထေရ်ကြီးတစ်ပါး တရားအားထုတ်နေ၏။ ထိုမထေရ် ကြီးသည် မြင်ကာမျှမတ္တမှာတည်အောင် မျက်စိကို အထူးစောင့်ရှောက်၏။ လိုဏ်ဂူနံပါးတွင် ရေးထားသည့် ဝိပဿီစသော ဘုရား(၇)ဆူတို့၏

http://www.dhammadownload.com



စိတ်ဝင်စားဖွယ် ပန်းချီကားများကိုလည်း တစ်ခါမျှ မော်မကြည့်၊ လိုဏ်ဂူဝ၌ရှိသော ကံ့ကော်ပင်ကိုလည်း တစ်ခါမျှ မော်မကြည့်ဘဲ နေလေ၏။

ထိုမထေရ်ကြီး၏သတင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသိသောအခါ ဖူးမြင်လို၍ သုံးကြိမ်တိုင်တိုင် နန်းတော်သို့ ပင့်သော်လည်း မကြွလာဘဲ နေတော်မူ၏။ မင်းကြီးသည် နန်းတော်အနီးရွာကြီး၌ နို့စို့ကလေးငယ်ရှိသော အမျိုးသမီးများကို ဆင့်ခေါ်၍ ရင်လွှမ်းတဘက်ကို ရင်၌ရစ်ပတ်စေပြီးလျှင် ချိပ်ပိတ်ကာ မင်းတံဆိပ်နှိပ်ထားလေ၏။ "စိတ္တဂုတ္တမထေရ်ကြီးကြွလာမှ ထိုရင်လွှမ်းတဘက်ကို ဖွင့်ရမည်။ မကြွလာလျှင် မဖွင့်ရ"ဟု အမိန့်ထုတ်ထားလေ၏။

မထေရ်ကြီးသည် နို့မသောက်စို့ရသော ကလေးများကို သနား၍ ကြွလာတော်မူ၏။ မင်းကြီးသည် နန်းတော်သို့ပင့်ပြီး ဆွမ်းကပ်လှူကာ တရားဓမ္မများနာကြား၏။ နန်းတော်မှ မထေရ်ကြီးပြန်ကြွသွားသောအခါ မင်းကြီးက မထေရ်ကြီးရှေ့မှောက်သို့ဝင်ရောက်ကာ ရှိခိုးကန်တော့၏။ ထို့နောက် မိဖုရားကြီးက ဝင်၍ကန်တော့၏။

ဤကဲ့သို့ ကန်တော့ကြရာတွင် မင်းကြီးလာကန်တော့သည့်အခါမှာလည်း "မင်းကြီးကျန်းမာပါစေ မင်းကြီးချမ်းသာပါစေ"ဟု ဆုပေး၏။ မိဖုရားကြီးလာကန်တော့သည့်အခါမှာလည်း "မင်းကြီးကျန်းမာပါစေ မင်းကြီးချမ်းသာပါစေ"ဟုပင် ဆုပေးတော်မူ၏။ မြင်ကာမျှမတ္တမှာတည်အောင် ရှုမှတ်ထား၍ အမျိုးသားလေလော၊ အမျိုးသမီးလေလောဟု ကွဲပြားစွာ မသိခြင်းပင် ဖြစ်ပေသည်။

နေ့စဉ်နေ့တိုင်း (၇)ရက်တိုင်တိုင် မထေရ်ကြီးနန်းတော်မှ ပြန်ကြွရာတွင် မင်းကြီးလာကန်တော့တဲ့အခါမှာလည်း "မင်းကြီးကျန်းမာပါစေ မင်းကြီးချမ်းသာပါစေ"ဟု ဆုပေးတော်မူ၏။ မိဖုရားကြီးလာကန်တော့တဲ့အခါမှာလည်း "မင်းကြီးကျန်းမာပါစေ မင်းကြီးချမ်းသာပါစေ"ဟု ဆုပေးတော်မူ၏။

http://www.dhammadownload.com



ဤကဲ့သို့ ဆုပေးနေသည်ကို သိ၍ မင်းကြီးက "မြို့ရှာ နန်းတော်ထဲမှာ သီတင်းသုံးနေထိုင်ရခြင်းဖြင့် မထေရ်ကြီးမှာ ဣန္ဒြေကို အထူးစောင့်စည်း နေရပေသည်" ဟုဆိုကာ လိုဏ်ဂူသို့ပြန်ပို့စေလိုက်၏။

မထေရ်ကြီးသည် လိုဏ်ဂူသို့ပြန်ရောက်သောအခါ တရားရှုမှတ်ရာတွင် ရှေ့ကထက် တရားသဘောများ ပိုထင်ရှားသဖြင့် ညဦးယံမှစ၍ သန်းခေါင်ယံကျော်လွန်ကာ မိုးလင်းဘက်ရောက်သည်အထိ ဆက်လက်၍ အားထုတ်တော်မူ၏။ မိုးလင်းဘက်အချိန်သို့ရောက်သောအခါ ရဟန္တာဖြစ် သွားလေ၏။

ဤစိတ္တဂုတ္တမထေရ်ကြီးသည် ဝါတော်(၆၀)တိုင်အောင် တရားအား ထုတ်သော်လည်း ရဟန္တာမဖြစ်ပါဘဲ မင်းနန်းတော်မှ ပြန်ကြွလာသောည ကျမှ ရဟန္တာဖြစ်သွားရခြင်းသည် ထူးခြားချက်ပင် ဖြစ်ပေသည်။

မင်းနန်းတော်၌ သီတင်းသုံးနေထိုင်ရာတွင် နန်းတော်တွင်းရှိ အမျိုး သား၊ အမျိုးသမီးအာရုံတို့သည် အလွန်ကြည့်ချင်ဖွယ်ကောင်းသော အာရုံ တို့ပင် ဖြစ်ပေသည်။ ထိုအလွန်ကြည့်ချင်ဖွယ်ကောင်းသော အာရုံတို့ကိုပင် မကြည့်မိအောင် မြင်ကာမျှမတ္တမှာတည်အောင် အထူးသတိထားရပေသည်။ ထို့ကြောင့် အမှတ်သတိ ပို၍ကောင်းလာပေသည်။

အမှတ်သတိပိုကောင်းလာသောကြောင့် ပေါ်ရာပေါ်ရာ အာရုံများကို မလွတ်အောင် ရှုမှတ်နိုင်၏။ မလွတ်အောင် ရှုမှတ်နိုင်သောကြောင့် စိတ် တည်ငြိမ်မှုသမာဓိ ပိုဖြစ်လာပါသည်။ သမာဓိပိုဖြစ်လာသောကြောင့် ဝိပဿနာဉာဏ်များ ပို၍အားရှိလာပေသည်။ ဝိပဿနာဉာဏ်များ ပို၍ အားရှိလာသောကြောင့် ရုပ်တရားနာမ်တရားတို့ကို ခွဲခြား၍သိခြင်း၊ အကြောင်းအကျိုးကိုသိခြင်း၊ အဖြစ်အပျက်ကိုသိခြင်း စသည်များ ပိုမိုထင် ရှားလာသည်။ ပို၍ထင်ရှားလာသောကြောင့် စိတ္တဂုတ္တမထေရ်ကြီးသည် အချိန်သတ်မှတ်ပိုင်းခြားခြင်းမရှိတော့ပါဘဲ ဆက်လက်၍ ရှုမှတ်သွားသော ကြောင့် ရဟန္တာဖြစ်သွားရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ဝိပဿနာတရားအားထုတ်ကြသော ပုဂ္ဂိုလ်များ နည်းယူမှတ်သား ဖွယ်ရာ ဖြစ်ပေသည်။ ဝိပဿနာတရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ကြည့်ရှုစရာအာရုံအမျိုးမျိုးတို့ကို မြင်ကာမျှမတ္တမှာတည်အောင် ကြည့်တတ်ပါက သတိပိုကောင်းလာတတ်ပါသည်။ သတိကောင်းတာနှင့်အမျှ သမာဓိ ပိုဖြစ်လာတတ်ပါသည်။ သမာဓိဖြစ်တာနှင့်အမျှ ဝိပဿနာဉာဏ်များ ဖြစ်လာကြပါသည်။ ဝိပဿနာဉာဏ်များပြည့်စုံသောအခါ မိမိတို့၏ ပါရမီအား လျော်စွာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟူသော တရားထူးတရားမြတ်များ ရရှိသွား ကြမည် ဖြစ်ပေသည်။ နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် ရောက်သွားကြရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ လောကုတ္တရာအတွက် ဝိပဿနာတရားအားထုတ် ကြရာတွင် မြင်ကာမျှမတ္တမှာတည်အောင် ကြည့်ကြမှသာ တရားထူးတရား မြတ်များ ရရှိခြင်းဟူသော အောင်မြင်မှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# လိုက်နာဖွယ်ရာ ဩဝါဒကထာ

ယခုခေတ်အခါမှာ ကျောင်းဘုရားစေတီ ရိပ်သာများ၌ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့များ ဖွဲ့စည်းကာ အရှည်တည်တံ့အောင် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်လျက် ရှိကြပေသည်။ နောင်လာမည့် အနာဂတ်သာသနာအတွက် ကောင်းသောအလားအလာ လက္ခဏာပင် ဖြစ်ပါပေသည်။

ယင်းဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့တို့၌ မြတ်စွာဘုရား အဆုံးအမ သာသနာတော်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ညွှန်ကြား ပြသ အဆုံးအမပေးနိုင်သည့် အသက်သိက္ခာ ဂုဏ်သိက္ခာကြီးမားသော ဆရာတော် သံဃာတော်များကို ဩဝါဒါစရိယအဖြစ်ဖြင့် တင်မြှောက်ထား ကြရပေသည်။ ဩဝါဒါစရိယဆရာတော်များက နစ်ပတ်လည်အစည်းအဝေး စသည်များ၌ သင့်လျော်သော ဩဝါဒစကားများကို မိန့်ကြားကြရပေသည်။

ရန်ကုန်မြို့၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ဧယျာဓမာလမ်းတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံ သဒ္ဓမ္မရံသီရိပ်သာ၌လည်း ဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းကာ ပဋိပတ္တိသာသနာ အရှည်တည်တံ့အောင်၊ စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်လျက် ရှိကြပေသည်။ ထိုဝေယျာဝစ္စအဖွဲ့ က သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကို ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့် တင်မြှောက်၍ အဆုံးအမ ဩဝါဒခံယူကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်က မြတ်စွာဘုရား၏ သာသနာတော် နှင့်လျော်ညီစွာ ဆောင်ရွက်နိုင်ဖို့ရန်အတွက် (၆)လတစ်ကြိမ်၊ (၁)နှစ် တစ်ကြိမ်စသည်ဖြင့် ဩဝါဒမိန့်ခွန်းစကား ပြောကြားခဲ့ပါသည်။

http://www.dhammadownload.com



ယခုနှစ် သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ၁၃၅၀-ပြည့်နှစ်၊ တပို့တွဲလဆန်း(၆)ရက်၊ (၁၁-၂-၈၉) စနေနေ့၊ နေ့လယ်(၁း၀၀)နာရီအချိန်တွင် ကျင်းပကြပါသည်။ အစည်းအဝေး အစီအစဉ်အရ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ထံ၌ ငါးပါးသီလခံယူပြီးသောအခါ သဒ္ဓမ္မရံသီရိပ်သာဆရာတော်က ဩဝါဒစကား မိန့်ကြားပါသည်။

နှစ်စဉ်နှစ်တိုင်း ဝေယျာဝစ္စအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးများ၌ ဩဝါဒစကား ပြောကြားခဲ့ပါသည်။ ယခုနှစ်လည်း ဝေယျာဝစ္စ အဖွဲ့သူ အဖွဲ့သားများ လိုက်နာဖွယ်ရာ ဩဝါဒစကားကို အတိုချုပ် ပြောကြားပါမည်။ ဩဝါဒစကားကို ခေါင်းစဉ်လေးခုထား၍ ပြောကြားပါမည်။

၁။ ဝေယျာဝစ္စ၏အဓိပ္ပါယ်၊
၂။ အဖွဲ့သူအဖွဲ့သားများ ဆောင်ရွက်ရမည့် ကောင်းခြင်း(၃)ပါး၊
၃။ အဖွဲ့သူအဖွဲ့သားများ လိုက်နာရမည့်တရား(၄)ပါး၊
၄။ ဆရာတော်ဖြစ်စေလိုသော အလိုဆန္ဒ(၄)ပါးဟူ၍ (၄)ခုဖြစ်ပါသည်။

၁။ ဝေယျာဝစ္စ၏အဓိပ္ပါယ်မှာ -

ဝေယျာဝစ္စဟူသည် ရတနာသုံးပါး၊ အရောမိဘစသော ပုဂ္ဂိုလ်တို့၏ အမှုကြီးငယ်တို့ကို လုံ့လစိုက်၊ ကြောင့်ကြစိုက်၍ ဆောင်ရွက်ပေးခြင်းဟူ၍ အဓိပ္ပါယ်ရပါသည်။

သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအဖွဲ့အနေဖြင့် သဒ္ဓမ္မရံသီရိပ်သာ၌ သီတင်းသုံးနေထိုင်ကြသော ဆရာတော် သံဃာတော်များ၊ ဝိပဿနာတရား လာရောက်အားထုတ်ကြသော သူတော်ကောင်းများနှင့် လှူဒါန်းဖွယ်ပစ္စည်းများ လာရောက်လှူဒါန်းကြသော အလှူရှင်များ ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် အားထုတ်နိုင်ဖို့ရာ၊ လှူဒါန်းနိုင်ဖို့ရာ လုံ့လစိုက်၊ ကြောင့်ကြစိုက်၍ ဆောင်ရွက်ပေးခြင်းဟူ၍ အဓိပ္ပါယ် ရရှိပါသည်။

http://www.dhammadownload.com



၂။ သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများ ဆောင်ရွက်ရမည့် ကောင်းခြင်း(၃)ပါးမှာ -

မြတ်စွာဘုရား တရားဟောကြားသောအခါ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းဟူသော ကောင်းခြင်း(၃)ပါးနှင့် ပြည့်စုံအောင် ဟောကြားတော်မူသကဲ့သို့ မြတ်စွာဘုရားသာသနာတော်အတွက် ဆောင်ရွက်ကြသော ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည်လည်း ရိပ်သာအတွက် ဆောင်ရွက်ကြသောအခါမှာ (က) အစ၏ကောင်းခြင်း၊ (ခ) အလယ်၏ကောင်းခြင်း၊ (ဂ) အဆုံး၏ကောင်းခြင်းဟူသော ကောင်းခြင်း(၃)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

(က) အစ၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည်ဟူသည်မှာ - တရားအားထုတ်ကြမည့် ယောဂီများနှင့် အလှူရှင်များ ရိပ်သာသို့ ရောက်လာသောအခါ ရှေးဦးစွာ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိအောင် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပေသည်။

ဥပမာ - ဆွမ်းအလှူရှင်များ ရိပ်သာသို့ ရောက်လာသောအခါ သံဃာတော်များနှင့် ယောဂီများ ဤမျှလောက် ရှိပါသည်၊ အရုဏ်ဆွမ်းလှူဒါန်းလိုလျှင် ဤမျှလောက် ကုန်ကျပါမည်၊ နေ့ဆွမ်း လှူဒါန်းလိုလျှင် ဤမျှလောက် ကုန်ကျပါမည် စသည်ဖြင့် အလှူရှင်များ စိတ်ချမ်းသာအောင် ပြောဆိုကာ အလှူလက်ခံလိုက်ခြင်းသည် အစ၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည်။

(ခ) အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ရမည်ဟူသည်မှာ - အလှူရှင်များ ကျွေးမွေးလှူဒါန်းလိုသော ဆွမ်းခဲဖွယ်ဘောဇဉ်များကို ကောင်းမွန်သန့်ရှင်းသော ပစ္စည်းများဖြစ်အောင်၊ အလေအလွင့်များ မရှိရအောင်၊ အလွန်အလွန့်ပိုခြင်း၊ လိုခြင်းမရှိရအောင် စီမံဆောင်ရွက်ပေးခြင်းသည် အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



(ဂ) အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ရမည်ဟူသည်မှာ - ကျွေးမွေးလှူဒါန်းပြီးသောအခါ ဆွမ်းနှင့်ဆွမ်းဟင်းအတွက်က ဤမျှလောက် ကုန်ကျပါသည်၊ အချိုပွဲအတွက်က ဤမျှလောက် ကုန်ကျပါသည် စသည်ဖြင့် အလှူရှင်များ ကျေနပ်ဖွယ်ဖြစ်အောင်၊ စိတ်ချမ်းသာဖွယ်ဖြစ်အောင် တိကျမှန်ကန်သော အလှူစာရင်းကို အလှူရှင်များအား တင်ပြနိုင်ခြင်းသည် အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံအောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပေသည်။

ကျောင်းအလှူရှင်များအတွက်လည်း ထိုနည်းတူစွာ အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းများနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

**ဆောင်ပုဒ် ။ ။ စလယ်ဆုံးပါ၊ သုံးပါးမှာ၊ ကောင်းတာဖြစ်စေမည်။**

၃။ အဖွဲ့သူအဖွဲ့သားများ လိုက်နာရမည့် တရား(၄)ပါးမှာ -

(က) ဒါန = အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦး ပေးကမ်းလှူဒါန်းခြင်း ရှိကြရမည် ဖြစ်ပေသည်။

(ခ) ပေယျဝဇ္ဇ = အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးချင်း ပြောဆိုသောအခါ၌လည်းကောင်း၊ အစည်းအဝေး၌ ပြောဆိုသောအခါ၌လည်းကောင်း မေတ္တာရှေ့ထား၍ ယဉ်ကျေးသိမ်မွေ့စွာ ချိုသာသော စကားတို့ဖြင့် ပြောဆိုကြရမည် ဖြစ်ပေသည်။

(ဂ) အတ္ထစရိယာ = အဖွဲ့သူအဖွဲ့သားတို့သည် တစ်ဦးကိုတစ်ဦး မျက်မှောက်သံသရာ နှစ်ဖြာလုံး၌ အကျိုးရှိအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။

(ဃ) သမာနတ္တတာ = အဖွဲ့သူအဖွဲ့သားတို့သည် သွားအတူ၊ လာအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ နေထိုင်ကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ဆောင်ပုဒ် ။ ။ ပေးလှူခြင်းနှင့်၊ ပြောခြင်းချိုသာ၊
ကျိုးရှိရာကျင့်၊ ကိုယ်နှင့်တူထား။
ဤလေးပါး၊ ပြုပြားချီးမြှောက်မည်။

အဖွဲ့သူအဖွဲ့သားတို့သည် ဤတရားလေးပါးကို လိုက်နာပြီး ဆောင်ရွက်ကြပါလျှင် အစဉ်ထာဝရ ညီညွတ်ကြပါလိမ့်မည်။ အစဉ်ထာဝရ ချမ်းသာစွာ ကာသိုလ်ဖြစ်အောင် ဆောင်ရွက်နိုင်ကြပါလိမ့်မည်။ သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားစည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မည်။

၄။ ဆရာတော်၏အလိုဆန္ဒ(၄)ပါးမှာ -

(က) ဤသဒ္ဓမ္မရံသီရိပ်သာသို့ ရောက်လာကြသော အလှူရှင်ပုဂ္ဂိုလ်တို့သည် ဤရိပ်သာ၌ ဝေယျာဝစ္စဆောင်ရွက်နေကြသော ပုဂ္ဂိုလ်တို့၏ မေတ္တာ၊ စေတနာရှေ့ထားကာ ဆောင်ရွက်၍နေကြခြင်းနှင့် တရားအားထုတ်နေကြသော ယောဂီပုဂ္ဂိုလ်တို့၏ မပြတ်မလပ် ရှုမှတ်နေကြခြင်းတို့ကို တွေ့မြင်ရသောကြောင့် ပစ္စည်းဥစ္စာတို့၌ တွယ်တာနေသော လောဘများ ကင်းပျောက်၍ လှူဒါန်းလိုသော စေတနာ၊ ဆန္ဒများ ဖြစ်သွားစေချင်ပါသည်။

ဆောင်ပုဒ် ။ ။ လောဘကိုပယ်၊ ဒါနနယ်၊ ဖြစ်ဖွယ်ဤရိပ်သာ။

(ခ) ဤရိပ်သာ၌ ဝေယျာဝစ္စ ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များနှင့် ဤရိပ်သာသို့ ရောက်ရှိလာကြသော သူတော်စင်အပေါင်းတို့သည် မိမိနှင့် သူတစ်ပါးအား ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော ဒေါသကို ပယ်ဖျောက်နိုင်ကြပြီးလျှင် မိမိနှင့် သူတစ်ပါးတို့အား ချမ်းသာခြင်းကို ဖြစ်စေတတ်သော မေတ္တာဖြင့်သာ အရာရာတွင် ဆောင်ရွက်စေချင်ပါသည်။

ဆောင်ပုဒ် ။ ။ ဒေါသကိုပယ်၊ မေတ္တာနယ်၊ ဖြစ်ဖွယ်ဤရိပ်သာ။

http://www.dhammadownload.com



(ဂ) ဤရိပ်သာ၌ ဝေယျာဝစ္စ ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များနှင့် ဤရိပ်သာသို့ ရောက်ရှိလာကြသော သူတော်စင်အပေါင်းတို့သည် တစ်ဦး၏ အမှားအယွင်းကို တစ်ဦးက အပြစ်ယူကာ အငြိုးထားခြင်းအာဃာတကို ပယ်ဖျောက်နိုင်ကြပြီးလျှင် ဘုရားလောင်းစသော ရှေးသူတော်ကောင်းတို့၏ ကောင်းမြတ်သော အကျင့်လမ်းစဉ်ဖြစ်သည့် ခန္တီတရားဖြင့်သာ အရာရာတွင် ဆောင်ရွက်စေချင်ပါသည်။

**ဆောင်ပုဒ်။ ။ အာဃာတပယ်၊ ခန္တီနယ်၊ ဖြစ်ဖွယ်ဤရိပ်သာ။**

(ဃ) ကလေးသူငယ်များမှစ၍ ဤရိပ်သာသို့ ရောက်ရှိလာကြသည့် လောက၊ ဓမ္မနှစ်ဌာနတို့၌ မသိမလိမ္မာကြသေးသော ပုဂ္ဂိုလ်တို့အား မသိမလိမ္မာ တွေဝေမိုက်မဲခြင်း မောဟများ ကင်းပျောက်သွားအောင် ဆောင်ရွက်ပေးစေချင်ပါသည်။ အသိအလိမ္မာဉာဏ်ပညာများ ဖြစ်ပေါ်လာအောင် ဝိပဿနာဉာဏ်ပညာများနှင့် ပြည့်စုံသွားအောင် ဟောပြောသင်ပြပေးစေချင်ပါသည်။

**ဆောင်ပုဒ်။ ။ မောဟကိုပယ်၊ သိဉာဏ်နယ်၊ ဖြစ်ဖွယ်ဤရိပ်သာ။**

ဆရာတော်၏ ဩဝါဒမိန့်ခွန်းစကားမှာ ဤမျှဖြင့်ပင် အသင့်အတင့် ပြည့်စုံသွားပါပြီ။

နိဂုံး -

ယခုဟောကြားခဲ့သော -

၁။ ဝေယျာဝစ္စ၏အဓိပ္ပါယ်၊

၂။ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများ ဆောင်ရွက်ရမည့် ကောင်းခြင်း (၃)ပါး။

၃။ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားများ လိုက်နာရမည့်တရား(၄)ပါး။

၄။ ဆရာတော်ဖြစ်စေချင်သော အလိုဆန္ဒ(၄)ပါးတို့ကို နာကြားရသဖြင့် နာကြားရသောအတိုင်း သာသနာတော်ကြီး အရှည်

http://www.dhammadownload.com



တည်တံ့အောင်၊ တိုးတက်ကြီးပွား စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေ၊ မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူးတရားမြတ်တို့ကိုလည်း လျင်မြန်စွာ ရရှိနိုင်ကြပါစေ။ ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သစ္စမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# တန်ဆောင်မုန်းလ မြတ်နိုးကြ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလ၌ စိတ်ကြည်နူးမှုကို ရရှိကြ၍ တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။ တန်ဆောင်မုန်းလသို့ ရောက်လာသောအခါ မိုးအခါကာလကုန်ခါနီးပြီဖြစ်၍ မိုးကောင်းကင်၌ မိုးတိမ်များကင်းစင်ကာ သန့်ရှင်းကြည်လင်နေပေသည်။ သန့်ရှင်းကြည်လင်သောမိုးကောင်းကင်ကို မြင်ကြရသောသူတို့သည် စိတ်ကြည်နူးမှုများဖြစ်ကာ တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလသို့ ရောက်လာသောအခါ မိမိတို့ကိုးကွယ်ကြသော ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဝမ်းမြောက်ဝမ်းသာ ကထိန်သင်္ကန်း အလှူဒါနကို ပြုလုပ်လေ့ရှိကြပေသည်။ ထိုသို့ပြုလုပ်ကြရသောကြောင့် စိတ်ကြည်နူးမှုများဖြစ်ကာ တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။

ကထိန်အလှူဒါနကို မြတ်စွာဘုရား အမိန့်တော်အရ တစ်နှစ်မှာ တစ်ကြိမ်သာ လှူဒါန်းခွင့်ရကြပေသည်။ တစ်ကြိမ်မှာလည်း တစ်လအတွင်းမှာသာ လှူဒါန်းခွင့်ရကြပေသည်။ တစ်လအတွင်းမှာလည်း ကျောင်းတိုက်တစ်ခုမှာ တစ်နေ့တည်းသာ လှူဒါန်းခွင့်ရကြပေသည်။ ဗုဒ္ဓဘာသာဝင် ကထိန်သင်္ကန်းအလှူရှင်တို့သည် မွန်မြတ်သော စားဖွယ်သောက်ဖွယ်တို့ကို အထူးစီမံ၍ လှူဒါန်းကျွေးမွေးလေ့ ရှိကြပေသည်။ လူမျိုးမရွေး ပုဂ္ဂိုလ်မရွေး စေတနာဒီသာကဲ့သို့ ကျွေးမွေးလေ့ ရှိကြပေသည်။ သို့ဖြစ်၍ ကထိန်အလှူဒါနကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အလွန်မြတ်နိုးကြပေသည်။

http://www.dhammadownload.com



ကထိန်အလှူဒါနကို မြတ်နိုးကြသကဲ့သို့ ကထိန်အလှူဒါနပြုလုပ်ရာ တန်ဆောင်မုန်းလကိုလည်း အလွန်မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်လာသောအခါ တန်ခိုးကြီးဘုရားများနှင့် မိမိတို့ကိုးကွယ်ကြသော ကျောင်းဘုရားစေတီများသို့ သွားရောက်၍ မီးထွန်းကာ ပူဇော်လေ့ရှိကြပေသည်။ မိမိတို့နေထိုင်ရာ ရပ်ကွက်များ၌လည်း လှလှပပ ကြည်နူးဖွယ်ဖြစ်အောင် မီးထွန်းပူဇော်ပွဲများ ပြုလုပ်လေ့ ရှိကြပေသည်။ မီးထွန်းပွဲများပြုလုပ်ကာ ကောင်းမှုကုသိုလ်များ ပြုကြပေသည်။ ဤကဲ့သို့ ကြည်နူးဖွယ်ရာ မီးထွန်းပူဇော်ကြရာလဖြစ်သောကြောင့်လည်း တန်ဆောင်မုန်းလကို မြတ်နိုးကြပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ မြတ်နိုးကြသည့် တန်ဆောင်မုန်းလ၏ သိကောင်းစရာများမှာ -

(၁) တန်ဆောင်မုန်းဟု ခေါ်ရခြင်းအကြောင်း။
(၂) မီးထွန်းရခြင်း၏ အကြောင်းများမှာ သိဖွယ်ရာ ကောင်းလှပါပေသည်။

(၁) တန်ဆောင်မုန်းဟု ခေါ်ရခြင်းအကြောင်းမှာ -
တန်ဆောင်မုန်းဟူသော မြန်မာစကားကို ပုဂံခေတ်က (တန်ဆောင်မှုန်း)ဟု ပာထိုးသံဖြင့် သုံးနှုန်းခေါ်ဝေါ်ကြပေသည်။

တန်ဆောင်မှုန်း(မုန်း)ဟူသော မြန်မာစကား၌ တန်-က တစ်ပုဒ်၊ ဆောင်က တစ်ပုဒ်၊ မှုန်း(မုန်း)-က တစ်ပုဒ်ဟူ၍ သုံးပုဒ်ဖြစ်ပေသည်။

(က) တန်က တန်ခိုးအရောင်ကဲ့သို့ မီးအရောင်ကို ဟောပါသည်။
(ခ) ဆောင်က ဆောင်ယူခြင်းအနက်ကို ဟောပါသည်။
(ဂ) မှုန်း(မုန်း)က အမှောင်ကို ချေမှုန်းခြင်း၊ ပယ်ဖျောက်ခြင်း၊ ထွန်းလင်းစေခြင်းအနက်ကို ဟောပါသည်။

http://www.dhammadownload.com



တန်ဆောင်မှုန်း(မုန်း) = မီးအရောင်ကိုဆောင်ယူ၍ အမှောင်ကို ပယ်ဖျောက်ကာ လင်းစေသောလဟူ၍ အဓိပ္ပါယ်ရပါသည်။

ဤကဲ့သို့ တန်+ဆောင်+မှုန်း(မုန်း)၌ အသီးသီး တစ်ပုဒ်စီ အနက်ကို ဖော်ထုတ်ရသောကြောင့် "တန်ဆောင်မှုန်း"ဟု ခေါ်ဝေါ်ရခြင်းသည် သဘာဝယုတ္တိအားဖြင့် သင့်လျော်လှပေသည်။

(၂) မီးထွန်းရခြင်း၏ အကြောင်းမှာ -

ရှေးခေတ်အခါက နက္ခတ်အတတ်ပညာ တတ်ကျွမ်းကြသောပုဂ္ဂိုလ်တို့သည် နက္ခတ်တို့ကို စောင့်ရှောက်ကြသော နတ်များကိုပါ လေ့လာကြ၍ နက္ခတ်စောင့်နတ်များကိုလည်း သိကြပေသည်။ ထိုတန်ဆောင်မုန်းလတွင် စန်းနှင့်ယှဉ်သော ကြတ္တိကာနက္ခတ်ကို မီးနတ်သားစောင့်၏။ ကြတ္တိကာနက္ခတ်စောင့် မီးနတ်သားသည် တစ်နှစ်တစ်ကြိမ် တန်ဆောင်မုန်းလ၌ လူ့ပြည်သို့ သက်ဆင်းလာသည်ဟု ဆိုကြပေသည်။ ဤကဲ့သို့ မီးနတ်သား လူ့ပြည်သို့ သက်ဆင်းလာသောအခါ တိုင်းပြည်အုပ်ချုပ်သော မင်းကြီးနှင့်တကွ တိုင်းသူပြည်သားလူအများက မီးနတ်သားကို ဆီမီးများ ညှိထွန်းကာ ပူဇော်ကြသော အစဉ်အလာ ရှိခဲ့ကြပေသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့၌ မီးထွန်းပွဲများပြုလုပ်ကာ မီးနတ်သားကို ပူဇော်ကြခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

ယခုခေတ်အခါမှာမူ သာသနာရေး ဘာသာရေးတို့၌ တတ်သိလိမ္မာသူ ပညာရှိပုဂ္ဂိုလ်တို့က မီးနတ်သားကို မီးထွန်း၍ ပူဇော်ရခြင်းထက် မြတ်စွာဘုရား၏ စေတီတော်များကို ရည်မှန်း၍ မီးထွန်းကာ ပူဇော်ရခြင်းက ပို၍အကျိုးများလှပေသည်ဟု ညွှန်ပြပေးကြသဖြင့် တန်ဆောင်မုန်းလပြည့်နေ့၌ မီးထွန်းပွဲများကျင်းပကာ စေတီတော်များကို ရည်မှန်း၍ မီးထွန်းပူဇော်ကြရခြင်း ဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့အတွက် အကျိုးများကြ၍ မြတ်နိုးဖွယ်ကောင်းလှပါပေသည်။

http://www.dhammadownload.com



စေတီများကိုရည်မှန်း၍ မီးထွန်းပူဇော်ကြရာတွင် နတ်ပြည် ဗြဟ္မာပြည်တို့၌ သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်၏ စေတီနှစ်ဆူ ရှိပေသည်။

(က) တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော်၊
(ခ) အကနိဋ္ဌဗြဟ္မာပြည်၌ ဒုဿစေတီတော်ဟူ၍ စေတီတော်နှစ်ဆူ ရှိကြပေသည်။

(က) တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော် တည်ရှိပုံမှာ -

သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် မင်းသားငယ်၏ မင်းစည်းစိမ်ကို (၁၆)နှစ်၊ မင်းကြီး၏ မင်းစည်းစိမ်ကို (၁၃)နှစ် စံစားပြီး၍ သက်တော်(၂၉)နှစ်မြောက်မှာ တစ်နေ့သ၌ မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ ညဥ့်သန်းခေါင်ယံအချိန်တွင် တောထွက်တော်မူခဲ့လေသည်။

အနော်မာမြစ် တစ်ဘက်ကမ်းသို့ရောက်သောအခါ ရဟန်းပြုရန်အတွက် ဆံထုံးတော်ကို သံလျက်ဓားဖြင့်ဖြတ်၍ မကိုဋ်နှင့်တကွ ဆံထုံးတော်ကို အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ မြှောက်တင်လိုက်လေ၏။ "မိမိသည် စင်စစ်ကေန် ဘုရားဖြစ်မည့်သူမှန်ခဲ့ပါလျှင် မကိုဋ်နှင့်တကွ ဆံထုံးတော်သည် ကောင်းကင်၌ ချိတ်ဆွဲထားသကဲ့သို့ တည်ပါစေ၊ ဘုရားဖြစ်နိုင်သူမဟုတ်ပါက မြေပြင်သို့ ပြန်ကျလာပါစေ"ဟု အဓိဋ္ဌာန်ပြုကာ မြှောက်တင်လိုက်ရာ တစ်ယူဇနာခန့်မြင့်သော ကောင်းကင်၌ တည်နေလေ၏။

သိကြားမင်းသည် နတ်တို့၏မျက်စိ(ဒိဗ္ဗစက္ခု)ဖြင့် မြင်၍ မကိုဋ်နှင့်တကွ ဆံထုံးတော်ကို ရွှေပန်းတောင်းဖြင့် ဆောင်ယူကာ တာဝတိံသာနတ်ပြည်၌ မကိုဋ်တော်နှင့်တကွ ဆံထုံးတော်ကို ဗြာပနာသွင်းကာ အလွန်နှစ်သက်ဖွယ်ရာကောင်းလှသော ရတနာ(၇)ပါးတို့ဖြင့် ခြယ်စီကာ စေတီတော်ကို တည်ထားလေ၏။

http://www.dhammadownload.com



စေတီတော်၏ဉာဏ်တော်အမြင့် ပမာဏမှာ (၃)ယူဇနာ မြင့်ပေသည်။ တစ်ယူဇနာလျှင် (၈)မိုင်နှုန်းဖြင့် တိုင်းတာခဲ့သော် (၂၄)မိုင်ဉာဏ်တော် မြင့်ပေသည်။ မကိုဋ်တော်နှင့်တကွ ဆံထုံးတော်ကို ဌာပနာထည့်သွင်းထားသောကြောင့် "စူဠာမဏိစေတီ"ဟု ခေါ်ကြပေသည်။

**ဆောင်ပုဒ်။ ။ စူဠာမဏိ၊ အမည်ရှိ၊ တည်ဘိဝတိံသာ။ ဉာဏ်တော်ပမာ၊ သုံးယူဇနာ၊ မှန်စွာမြင့်ပေသည်။**

ဤစူဠာမဏိစေတီတော်ကို ရည်မှန်း၍ တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများထွန်းညှိကာ ပူဇော်ကြရခြင်း ဖြစ်ပေသည်။

(ခ) အကနိဋ္ဌဗြဟ္မာပြည် ဒုဿစေတီတော် တည်ရှိနေပုံမှာ -

ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက သိဒ္ဓတ္ထမင်းသားဘုရားအလောင်းတော်နှင့် အလွန်ချစ်ခင်ရင်းနှီးသော ဃဋိကာရဗြဟ္မာကြီးသည် သိဒ္ဓတ္ထမင်းသားဘုရားအလောင်းတော် ဆံထုံးကိုဖြတ်၍ ရဟန်းပြုတော့မည့်အဖြစ်ကို မြင်သောကြောင့် တိစီဝရိတ် = သင်္ကန်းသုံးထည်၊ သပိတ်၊ ဓား၊ အပ်နှင့်အပ်ချည်၊ ခါးပန်း၊ ရေစစ်ဟူသော ပရိက္ခရာရှစ်ပါးကို ယူဆောင်လာ၍ ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်းလေ၏။ အလောင်းတော်သည် ဝတ်လဲတော် ပုဆိုးကိုချွတ်၍ ပရိက္ခရာရှစ်ပါးကို နေရာတကျ ကြည်ညိုဖွယ်ဖြစ်အောင် ဝတ်ရုံလိုက်လေ၏။

**ဆောင်ပုဒ်။ ။ တိစီဝရိတ်၊ သပိတ်ဓားအပ်၊ ခါးပန်းရေစစ်၊ ရှစ်ခုဖြစ်၊ စင်စစ်ပရိက္ခရာ။**

ဃဋိကာရဗြဟ္မာကြီးသည် အလောင်းတော်၏ ဝတ်လဲတော်ပုဆိုးကို ယူဆောင်၍ ရူပါဝစရဗြဟ္မာပြည်တွင် အမြင့်ဆုံး အကနိဋ္ဌဗြဟ္မာဘုံ၌ ဝတ်လဲတော်ပုဆိုးကို ဌာပနာသွင်း၍ အလွန်နှစ်သက်စရာကောင်းသော ရတနာတို့ဖြင့် ခြယ်စီကာ စေတီတော်ကို တည်ထားလေ၏။

http://www.dhammadownload.com



စေတီတော်၏ ဉာဏ်တော်ပမာဏမှာ (၁၂)ယူနော မြင့်ပေသည်။ တစ်ယူနောလျှင် (၈)မိုင်နှုန်းဖြင့် တိုင်းတာခဲ့သော် (၉၆)မိုင်ဉာဏ်တော် အမြင့် ရှိပေသည်။ ဝတ်လဲတော်ပုဆိုးကို ဌာပနာထည့်သွင်းထားသော ကြောင့် "ဒုဿစေတီ"ဟု ခေါ်ကြပေသည်။

**ဆောင်ပုဒ် ။ ။ ဒုဿမည်ရှိ၊ စေတီ၏၊ တည်ရှိကနိဋ္ဌာ။**
**ဉာဏ်တော်ပမာ၊ ဆယ့်နှစ်ဇာ၊ မှန်စွာမြင့်ပေသည်။**

ဤဒုဿစေတီတော်ကို ရည်မှန်း၍လည်း တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများညှိထွန်းကာ ပူဇော်ကြရခြင်း ဖြစ်ပေသည်။

ဤတန်ဆောင်မုန်းလပြည့်နေ့မှာ လူ့ပြည်၌ရှိသော စေတီတော်များကိုလည်း ရည်မှန်း၍ ဆီမီးများညှိထွန်းကာ ပူဇော်ကြရပေသည်။ လူ့ပြည်၌ ရှိနေကြသော စေတီတို့သည် သုံးမျိုးရှိပေသည်။

၁။ မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်၊ ဆံတော် စသည်များသည် သာရီရိကစေတီမည်၏။
၂။ မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော ကျောင်းတော်၊ ပလ္လင်တော်၊ သလွန်တော်၊ ဗောဓိပင်၊ ပရိက္ခရာစသည်များသည် ပရိဘောဂစေတီမည်၏။
၃။ မြတ်စွာဘုရား၏ကိုယ်စား ပြုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုစသော ရုပ်ပွားတော်များသည် ဥဒ္ဒိဿကစေတီမည်၏။

တစ်နည်း စေတီငါးမျိုး -
၁။ မြတ်စွာဘုရား၏ အသုံးအဆောင် ပရိက္ခရာများကို ဌာပနာသွင်း၍ တည်ထားသောစေတီသည် ပရိဘောဂစေတီမည်၏။

http://www.dhammadownload.com



၂။ မြတ်စွာဘုရား၏ကိုယ်စား ပြုလုပ်ထားသော ကျောက်ဆင်းတု၊ ကြေးဆင်းတုစသော ရုပ်ပွားတော်များသည် ဥဒ္ဒိဿကစေတီ မည်၏။

၃။ မြတ်စွာဘုရား၏ သွားတော်၊ စွယ်တော်၊ ဆံတော် စသည်များကို ဌာပနာသွင်း၍ တည်ထားသောစေတီသည် ဓာတုစေတီ မည်၏။

၄။ မြတ်စွာဘုရား ဟောကြားတော်မူသော ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဓမ္မစကြာတရားတော် စသည်များကို ကြေးပြား၊ ရွှေပြား စသည်တို့၌ ရေးသားကာ ဌာပနာသွင်း၍ တည်ထားသောစေတီသည် ဓမ္မစေတီမည်၏။

၅။ ကျောက်တုံးကျောက်ဖျာ စသည်များ၌ မြတ်စွာဘုရား နင်းချတော်မူထားသော ခြေတော်ရာများသည် ပါဒစေတီမည်၏။

ဤစေတီ(၃)မျိုး၊ စေတီ(၅)မျိုးတို့သည် လူ့ပြည်၌ ရှိနေကြပေသည်။ လူ့ပြည်၌ ရှိနေကြသော ဤစေတီ(၃)မျိုး၊ စေတီ(၅)မျိုးတို့ကို ရည်မှန်း၍လည်း တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးများဖြင့် ပူဇော်ကြရပေသည်။

ဤကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့မှာ လူ့ပြည်၌ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ရှိနေကြသော စေတီများကို ရည်မှန်း၍ ဆီမီးပူဇော်ကြရာတွင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ ကြည်ညိုသော စိတ်ဓာတ်များဖြစ်အောင် နှလုံးသွင်း၍ ပူဇော်ကြရပေသည်။

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ ကြည်ညိုသော စိတ်ဓာတ်များဖြစ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြသောအခါ ထိုဝမ်းမြောက်ဝမ်းသာ ဖြစ်နေသောစိတ်ကို ဝမ်းသာတယ်၊ ဝမ်းသာတယ်ဟု ဝိပဿနာရှုကြရပေသည်။

ရှုမှတ်လိုက်သောအခါ နာမရူပပရိစ္ဆေဒဉာဏ်အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် "ဝမ်းသာနေသည်ကတစ်ခြား၊ ထိုင်နေတဲ့

http://www.dhammadownload.com



ရုပ်ကိုယ်ကြီးကတစ်ခြား"ဟု သိသွားကြမည် ဖြစ်ပေသည်။ "ထိုင်နေတဲ့ ကိုယ်ကြီးက ဘာမှမသိတတ်တဲ့ ရုပ်တရား၊ ဝမ်းသာနေသောစိတ်က သိတတ်တဲ့ နာမ်တရား"ဟု ရုပ်နှင့်နာမ်ကွဲ၍ သိသွားကြမည် ဖြစ်ပေသည်။

ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် "ဝမ်းသာတယ်၊ ဝမ်းသာတယ်"ဟု ရှုမှတ်လိုက်သောအခါ ဝမ်းသာမှုကလေးများက ရှေ့က ပေါ်ပေါ်နေ၍ မှတ်သိစိတ်က နောက်မှ မှတ်နေရတာပဲ"ဟု သိသွားကြမည် ဖြစ်ပေသည်။ "ရှေ့က ပေါ်ပေးနေသည့် ဝမ်းသာမှုကလေးများက အကြောင်းတရား၊ နောက်မှ မှတ်သိနေတာက အကျိုးတရား"ဟု အကြောင်းနှင့်အကျိုးကို သိသွားကြမည် ဖြစ်ပေသည်။

သမ္မသနဉာဏ်အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် "ဝမ်းသာတယ်၊ ဝမ်းသာတယ်"ဟု ရှုမှတ်လိုက်သောအခါ ဝမ်းသာမှုများသည် တိုး၍တိုး၍ ဝမ်းသာသွားသည်နှင့် ပြန်၍ပြန်၍ လျော့လျော့သွားသည်များကို တွေ့ကြရမည် ဖြစ်ပေသည်။ ဤကဲ့သို့ "တိုးလိုက်လျော့လိုက် ဖြစ်နေခြင်းသည် မမြဲခြင်း အနိစ္စသဘောပင်"ဟု သုံးသပ်ကာ သိသွားကြမည် ဖြစ်ပေသည်။

ဥဒယဗ္ဗယဉာဏ်အဆင့်သို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်ဖြစ်လျှင် "ဝမ်းသာတယ်၊ ဝမ်းသာတယ်"ဟု ရှုမှတ်လိုက်သောအခါ ဝမ်းသာနေသော စိတ်များသည် အလျှင်အမြန် ဖြစ်ပေါ်လာပြီးလျှင် အလျှင်အမြန် ပျက်သွားကြသည်ကို တွေ့ကြရမည် ဖြစ်ပေသည်။ ဝမ်းသာမှုများသည် မမြဲခြင်းအနိစ္စ၊ ဖြစ်ပျက်မှုများက အလွန်လျှင်မြန်သဖြင့် နှိပ်စက်နေသကဲ့သို့ ဖြစ်၍ ဆင်းရဲခြင်းဒုက္ခ၊ အလျှင်အမြန် ဖြစ်ပျက်နှိပ်စက်နေခြင်းဟူသော ဆင်းရဲခြင်းဒုက္ခကို ဘယ်လိုမှကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ဖြစ်ပျက်နှိပ်စက်နေခြင်းဖြစ်၍ အစိုးမရခြင်းအနတ္တဟု သိမြင်ကြပြီးလျှင် မိမိတို့ ပါရမီအားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်သို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့၌ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့တွင် ရှိနေကြသည့် စေတီများကို ရည်မှန်း၍ ဆီမီးပူဇော်ပြီးသော အခါ ဝမ်းမြောက်ဝမ်းသာဖြစ်သောစိတ်ကို ဝိပဿနာရှုမှတ်ပါက မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိသွားနိုင်ကြမည် ဖြစ်သောကြောင့် တန်ဆောင်မုန်းလသည် မြတ်နိုးဖွယ်ရာ ကောင်းလှပါပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ဘဝကူးပြောင်း သိကောင်းစရာ

အသိဉာဏ် ပြည့်ဝကြသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ယခု မျက်မှောက်ဘဝ ကောင်းစားရေးအတွက် စီးပွားရေး၊ ကြီးပွားရေးတို့ကို ပြုလုပ်အားထုတ်ကြသကဲ့သို့ နောင်ဘဝကောင်းစားရေး၊ ဘဝကူးကောင်း ရေးတို့ကိုလည်း ပြုလုပ်ကြ အားထုတ်ကြရပေသည်။ အသက်အရွယ်ကြီး ရင့်လာသောအခါ ယခုမျက်မှောက်ဘဝ ကောင်းစားရေး၊ စီးပွားရေး၊ ကြီးပွားရေးတို့ထက် နောင်ဘဝကောင်းစားရေး၊ ဘဝကူးကောင်းရေး၊ ဘဝ သံသရာမှ လွတ်မြောက်ရေးတို့အတွက် ကုသိုလ်ကောင်းမှုများကို ပို၍ ပြုလုပ်အားထုတ်ကြရပေသည်။ အလှူဒါနလည်း ပြုလုပ်ကြရပေသည်။ သီလလည်း ဆောက်တည်ကြရပေသည်။ သမထ ဝိပဿနာတရားများကို လည်း အားထုတ်ကြရပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဘဝကူးကောင်းရေးအတွက် အထူး ပင် ကြိုတင်၍ ပြင်ဆင်ကြရပေသည်။ ဘဝကူးကောင်းမှသာ သံသရာဘဝ တွင် ချမ်းသာစွာ ကျင်လည်ကြရမည် ဖြစ်ပေသည်။ ဘဝကူးမကောင်းပါ က ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြရမည် ဖြစ်ပေသည်။ ဘဝကူးကောင်း မှသာ မြင့်မြတ်ရာဘုံဘဝများ၌ ကုသိုလ်ပါရမီအထူးတို့ကို ဆည်းပူး၍ အမြင့်မြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရမည်ဟု ရည် ရွယ်ကာ ကောင်းမှုအထူးများကို ပြုလုပ်လေ့ ရှိကြပေသည်။

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အားလုံးသောပုဂ္ဂိုလ်တို့သည် ယခုမျက်မှောက်ဘဝမှ နောင်ဘဝများသို့ ကူးပြောင်းကြရမည့် ပုဂ္ဂိုလ်များသာ ဖြစ်ကြပေသည်။ ဘဝတစ်ပါးသို့ ကူးပြောင်းခါနီးတွင် နိမိတ်သုံးပါး ထင်လာတတ်ကြပေသည်။

(၁) ကံနိမိတ်
(၂) ကမ္မနိမိတ်
(၃) ဂတိနိမိတ်ဟူ၍ နိမိတ်သုံးပါး ထင်လာကြရပေသည်။

ဒါန၊ သီလစသော ကောင်းမှုကုသိုလ်များကို များများဆည်းပူး အားထုတ်ထားကြသော ပုဂ္ဂိုလ်တို့မှာ များသောအားဖြင့် ကွယ်လွန်ခါနီးတွင် ကောင်းသော ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်လာတတ်ကြပေသည်။ သူ့အသက်သတ်ခြင်းစသော မကောင်းမှုအကုသိုလ် ဒုစရိုက်များကို ပြုလုပ်မှုများကြသော ပုဂ္ဂိုလ်တို့မှာ ကွယ်လွန်ခါနီးတွင် များသောအားဖြင့် မကောင်းသော ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်မြင်လာတတ်ကြပေသည်။

(၁) ကံနိမိတ်ဆိုသည်မှာ အသက်ရှင်နေခိုက် မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံနှင့် အကုသိုလ်ကံများပင် ဖြစ်ကြပေသည်။
(၂) ကမ္မနိမိတ်ဆိုသည်မှာ အသက်ရှင်နေခိုက် မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ ပြုလုပ်ခဲ့ပုံ အခြင်းအရာများပင် ဖြစ်ကြပေသည်။
(၃) ဂတိနိမိတ်ဆိုသည်မှာ ဒုတိယဘဝတွင် မိမိတို့ ရောက်သွားကြရမည့် ကောင်းသောဘုံဘဝ၊ မကောင်းသောဘုံဘဝဟူသော ဖြစ်ရာဌာနများပင် ဖြစ်ကြပေသည်။

## ကုသိုလ်ကံနိမိတ်ထင်ပုံ

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့တွင် ကောင်းမှုကုသိုလ်ကံများကြသော ပုဂ္ဂိုလ်တို့၌ ကွယ်လွန်ခါနီးတွင် အသက်ရှင်

http://www.dhammadownload.com



နေစဉ်က မိမိတို့ပြုလုပ်ခဲ့သော ဒါနကုသိုလ်ကံ၊ သီလကုသိုလ်ကံ၊ ဘာဝနာ ကုသိုလ်ကံတို့သည် စိတ်ထဲတွင် အလိုလိုဖြစ်ပေါ်လာသကဲ့သို့ ထင်မြင်လာကြပေသည်။ "ဤကဲ့သို့ မိမိတို့ပြုလုပ်ခဲ့သော ကုသိုလ်ကံများ ထင်မြင်လာခြင်းကိုပင် ကံနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

## ကုသိုလ်ကမ္မနိမိတ်ထင်ပုံ

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့တွင် ကောင်းမှုကုသိုလ်ကံများကြသော ပုဂ္ဂိုလ်တို့၌ ကွယ်လွန်ခါနီးတွင် အသက်ရှင်နေစဉ်က မိမိတို့ပြုလုပ်ခဲ့သည့် သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းပုံအခြင်းအရာ၊ ကျောင်းလှူဒါန်း၍ ရေစက်ချပုံအခြင်းအရာ၊ အပေါင်းအဖော်များနှင့် ဥပုသ်သီလ ဆောက်တည်ခဲ့ပုံအခြင်းအရာ၊ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ပုံအခြင်းအရာတို့သည် စိတ်ထဲတွင် အလိုလိုဖြစ်လာသကဲ့သို့ ထင်မြင်လာကြပေသည်။ "ဤကဲ့သို့ ကုသိုလ်ပြုလုပ်ခဲ့ပုံအခြင်းအရာများ ထင်မြင်လာခြင်းကို ကုသိုလ်ကမ္မနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

## ကုသိုလ်ဂတိနိမိတ်ထင်ပုံ

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့တွင် ကောင်းမှုကုသိုလ်ကံများကြသော ပုဂ္ဂိုလ်တို့သည် ကွယ်လွန်ခါနီး၌ နောက်ဘဝများတွင် မိမိတို့ရောက်သွားကြရမည့် ဘုံဘဝ၏ သာယာဖွယ် အဆောက်အအုံ၊ သာယာဖွယ် ဥယျာဉ်ဗိမာန်၊ ရေကန် စသည်များ ထင်မြင်လာတတ်ကြပေသည်။ "ဤကဲ့သို့ မိမိတို့ရောက်သွားရမည့် ဘုံဘဝ၏ သာယာဖွယ် ရောက်ရာဌာနအာရုံများ ထင်မြင်လာခြင်းကို ကုသိုလ်ဂတိနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

## အကုသိုလ်ကံနိမိတ်ထင်ပုံ

သူ့အသက်သတ်ခြင်းစသော မကောင်းမှုဒုစရိုက် အကုသိုလ်ကံများကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကွယ်လွန်ခါနီးတွင် အသက်ရှင်နေစဉ်က

http://www.dhammadownload.com



မိမိတို့ပြုလုပ်ခဲ့သော သတ်မှု၊ ခိုးမှု၊ လိမ်ညာမှု၊ ပြစ်မှားမှုစသော အကုသိုလ်ကံတို့သည် စိတ်ထဲတွင် အလိုလိုဖြစ်လာသကဲ့သို့ ထင်မြင်လာကြပေသည်။ "ဤကဲ့သို့ မကောင်းမှုအကုသိုလ်ကံများ ထင်မြင်လာခြင်းကို အကုသိုလ်ကံနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

## အကုသိုလ်ကမ္မနိမိတ်ထင်ပုံ

သူ့အသက်သတ်ခြင်းစသော မကောင်းမှုအကုသိုလ်ကံများကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကွယ်လွန်ခါနီးတွင် အသက်ရှင်နေစဉ်က မိမိတို့ပြုလုပ်ခဲ့သော သူတစ်ပါးအသက်ကို သတ်နေပုံအခြင်းအရာ၊ သူတစ်ပါးပစ္စည်းကို ခိုးနေပုံအခြင်းအရာ စသည်များ စိတ်ထဲတွင် အလိုလိုဖြစ်လာကြသကဲ့သို့ ထင်မြင်လာတတ်ကြပေသည်။ "ဤကဲ့သို့ မကောင်းမှုအကုသိုလ်ကံများ ပြုလုပ်ခဲ့ပုံအခြင်းအရာများ ထင်မြင်လာခြင်းကို အကုသိုလ်ကမ္မနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

## အကုသိုလ်ဂတိနိမိတ်ထင်ပုံ

သူ့အသက်သတ်ခြင်းစသော မကောင်းမှုဒုစရိုက် အကုသိုလ်ကံများကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် နောက်ဘဝများတွင် မိမိတို့ရောက်သွားကြရမည့် ဘုံဘဝများ၏ မနှစ်သက်ဖွယ်ရာ၊ ကြောက်မက်ဖွယ်ရာများ ထင်မြင်လာကြပေသည်။

ငရဲကျရမည့်သူများမှာ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီးစသည့် နိမိတ်များ ထင်မြင်လာကြပေသည်။ ပြိတ္တာဖြစ်ရမည့်သူများမှာ ပြိတ္တာတို့၏နေရာ၊ အရပ်ဒေသ စသည်များ ထင်မြင်လာကြပေသည်။ တိရစ္ဆာန်ဖြစ်ရမည့်သူများမှာ တိရစ္ဆာန်တို့၏နေရာအရပ်၊ တိရစ္ဆာန်မိခင်စသည်များ ထင်မြင်လာကြပေသည်။

"ဤကဲ့သို့ ကြောက်မက်ဖွယ်ရာဌာနအာရုံများ ထင်မြင်လာခြင်းကို အကုသိုလ်ဂတိနိမိတ်ထင်သည်"ဟု ဆိုရပေသည်။

http://www.dhammadownload.com



တစ်ချိန်သောအခါ သောဏာတောင်ခြေ အစေလကျောင်း၌ ဓမ္မကထိက သောဏမည်သောမထေရ် သီတင်းသုံးနေထိုင်၏။ ထိုမထေရ်၏ ဖခင်သည် ခွေးမုဆိုးအလုပ်ဖြင့် အသက်မွေး၏။ အသက်အရွယ်ကြီးရင့်လာသောအခါ သောဏမထေရ်က ဖခင်မုဆိုးကြီးကို ရဟန်းပြုပေးလိုက်လေသည်။ တစ်နေ့သ၌ ရဟန်းအိုကြီးတွင် ပျံလွန်တော်မူမည့်ရောဂါ စွဲကပ်လာ၏။ ကုတင်ပေါ်တွင် လဲလျောင်းနေစဉ် "ချစ်သားသောဏ ငါ့ကို ကိုက်တော့မည့် ခွေးကြီးတွေကို မောင်းပါဦး"ဟု ကြောက်လန့်သော အသံဖြင့် အော်လေ၏။

အရှင်သောဏမထေရ်သည် ဖခင်ဦးဇင်းကြီး ငရဲဂတိနိမိတ်ထင်လာသည်ကို သိသဖြင့် ကိုရင်ငယ်များကို ပန်းများဆွတ်ခူးစေ၍ စေတီ၌ ပူဇော်ထားစေသည်။ ပန်းအခင်းများကို စေတီရင်ပြင်၌ ခင်းထားစေ၏။ ထို့နောက် ဖခင်ဦးဇင်းကြီးကို ကုတင်နှင့်တကွ စေတီရင်ပြင်သို့ မ,တင်စေ၏။ စေတီရင်ပြင်ပေါ်သို့ ရောက်သောအခါ "ဦးဇင်းကြီး မျက်စိဖွင့်ကြည့်ပါဦး။ ဦးဇင်းကြီးအတွက် ပန်းများပူဇော်ထားပါသည်၊ ဘုရားကို ကြည်ညိုသောစိတ်ဖြင့် ပူဇော်ကန်တော့ပါ"ဟုဆိုကာ ပူဇော်စေ၏။

ရှိခိုးပူဇော်ပြီးသောအခါ တစ်ခဏမျှ မေ့မြောသွားလေ၏။ ထို့နောက် ကောင်းသော ဂတိနိမိတ်များထင်၍ ပြန်သတိရလာပြီးလျှင် "ကိုရင်တို့၊ သောဏတို့ ဖယ်ပေးကြ၊ သင်တို့မိခင်များ လာနေကြသည်"ဟု ပြောဆိုပြီး ပျံလွန်တော်မူသွားလေ၏။ ကောင်းသောနတ်ပြည် ဂတိနိမိတ်များထင်၍ နတ်ပြည်သို့ ရောက်သွားလေ၏။

## သသာတဒိဋ္ဌိဖြစ်ပုံ

ပုဂ္ဂိုလ်သတ္တဝါတစ်ယောက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားရာ၌ အယူအဆလွဲပါလျှင် သဿတဒိဋ္ဌိ ဖြစ်နိုင်ပေသည်။ မိမိတို့ မိဘရိုးရာ ဘာသာဝါဒအားလျော်စွာ ဘဝကူးရာမှာ အမျိုးမျိုးယူဆလျက် ရှိကြပေသည်။ "လူတစ်ယောက် ကွယ်လွန်သွားသောအခါ ဤဘဝဟောင်းမှ

http://www.dhammadownload.com



ရုပ်ခန္ဓာကိုယ်ကြီးသည် အသုဘာသူသေကောင်အဖြစ်ဖြင့် ဤဘဝမှာ ကျန်ရစ်ခဲ့ပေသည်။ နာမ်ဝိညာဉ်ကတော့ ဘဝသစ်သို့ ကူးပြောင်းသွားပြီး ဘဝသစ်၌ ဖြစ်သည်"ဟု ယူဆလျက် ရှိကြပေသည်။ ဤကဲ့သို့ ယူဆလျှင် "သတ္တဝါတို့၏ နာမ်ဝိညာဉ်မြဲသည်"ဟု ယူဆရာရောက်သောကြောင့် သဿတဒိဋ္ဌိ ဖြစ်ပေသည်။

## ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ

"လူတစ်ယောက် ကွယ်လွန်သွားသောအခါ ဤဘဝဟောင်း ရုပ်ခန္ဓာကိုယ်နှင့် နာမ်ဝိညာဉ် နှစ်ပါးစလုံးသည် ဤဘဝဟောင်းမှာပင် အပြီးတိုင် ချုပ်ပြတ်သွားကြပေသည်။ နောက်ဘဝ၌ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါသည် အသစ်တစ်ယောက်ဖြစ်ပေသည်"ဟု ယူဆလျက် ရှိကြပေသည်။ ဤကဲ့သို့ ယူဆလျှင် "သတ္တဝါတို့သည် ဘဝချုပ်ပြတ်သည်"ဟု ယူဆရာ ရောက်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပေသည်။

## သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ လွတ်ကင်းပုံ

ပုဂ္ဂိုလ်သတ္တဝါတို့၏ ယခုဘဝမှကွယ်လွန်၍ နောက်ဘဝများ၌ သွားရောက်ဖြစ်ကြရခြင်း ပဋိစ္စသမုပ္ပါဒ်တရားဒေသနာတော်အရ အကြောင်းနှင့် အကျိုး ဆက်စပ်၍ ဖြစ်ရခြင်းပင် ဖြစ်ပေသည်။ ယခုမျက်မှောက်ဘဝမှ ကံစသော အကြောင်းများကြောင့် နောက်ဘဝများ၌ သွားရောက်၍ ဖြစ်ကြရပေသည်။ ပဋိသန္ဓေ နေကြရပေသည်။

ဥပမာ - တောတောင်လိုဏ်ခေါင်းများအတွင်း၌ ဟေ-ဝေဟူ၍ အော်လိုက်သောအခါ ဟေ-ဝေဟူသော ပဲ့တင်သံများကို ပြန်ကြားရပေသည်။ ယင်းပဲ့တင်သံသည် မူလအော်လိုက်သောအသံလည်း မဟုတ်ပေ။ မူလအော်လိုက်သောအသံနှင့် ကင်း၍လည်း မဖြစ်နိုင်ပေ။ မူလအသံကြောင့် ဖြစ်ပေါ်လာသော ပဲ့တင်သံကဲ့သို့ ယခုဘဝမှ ကံစသော အကြောင်းများကြောင့် နောင်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



မူလအော်လိုက်သောအသံနှင့် ယခုဘဝမှ ကံစသော အကြောင်းများနှင့် တူပေသည်။ ပဲ့တင်သံနှင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းနှင့် တူပေသည်။

နောက်ဥပမာတစ်ခုမှာ - ကိုယ်လုံးပေါ်မှန်ရှေ့၌ လူတစ်ယောက် သွားရောက်၍ ရပ်လိုက်သောအခါ ထိုလူ၏အရိပ်သည် မှန်ထဲ၌ သွားရောက်ထင်လေသည်။ မှန်ထဲ၌ထင်သောအရိပ်သည် ရပ်နေသောလူလည်း မဟုတ်ပေ၊ ထိုလူနှင့်ကင်း၍လည်း မဖြစ်နိုင်ပေ၊ ရပ်နေသောလူကြောင့် ဖြစ်ပေါ်လာသော အရိပ်ကဲ့သို့ ယခုဘဝမှ ကံစသော အကြောင်းများကြောင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းပင် ဖြစ်ပေသည်။

မှန်ရှေ့၌ရပ်နေသောသူနှင့် ယခုဘဝမှ ကံစသော အကြောင်းများနှင့် တူပေသည်။ မှန်ထဲ၌ရှိသော အရိပ်နှင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းနှင့် တူပေသည်။

နောက်ဥပမာတစ်ခုမှာ - ရှေးဦးစွာထွန်းထားသော မီးတိုင်မှ ဒုတိယ မီးတိုင်ကို ထွန်းညှိယူလိုက်သောအခါ ဒုတိယမီးတိုင်၌ ရရှိသွားသောမီးသည် ပထမမီးတိုင်မှ မီးလည်း မဟုတ်ပေ။ ပထမမီးတိုင်မှမီးနှင့် ကင်း၍လည်း မဖြစ်နိုင်ပေ။ ပထမမီးတိုင်မှမီးကြောင့် ရရှိသွားသောမီးပင် ဖြစ်သကဲ့သို့ ယခုဘဝမှ ကံစသော အကြောင်းများကြောင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းပင် ဖြစ်ပေသည်။

ပထမမီးတိုင်မှ မီးနှင့် ယခုဘဝမှ ကံစသော အကြောင်းများနှင့် တူပေသည်။ ဒုတိယမီးတိုင်မှ မီးနှင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းနှင့် တူပေသည်။

နောက်ဥပမာတစ်ခုမှာ - တံဆိပ်တုံး၌ မင်သုတ်၍ စာရွက်ပေါ်တွင် ရိုက်ချလိုက်သောအခါ စာရွက်၌ စာလုံးများ ထင်သွားပေသည်။ ထိုစာရွက်မှ စာလုံးများသည် တံဆိပ်တုံးထဲမှ စာလုံးများလည်း မဟုတ်ပေ။ တံဆိပ်

http://www.dhammadownload.com



တုံးမှ စာလုံးများနှင့်ကင်း၍လည်း မဖြစ်နိုင်ပေ၊ တံဆိပ်တုံးထဲမှ စာလုံးများကြောင့် စာရွက်ပေါ်တွင် စာလုံးများ ထင်လာသကဲ့သို့ ယခုဘဝမှ ကံစသော အကြောင်းများကြောင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းပင် ဖြစ်ပေသည်။

တံဆိပ်တုံးထဲမှ စာလုံးများနှင့် ယခုဘဝမှ ကံစသော အကြောင်းများနှင့် တူပေသည်။ စာရွက်ပေါ်၌ထင်လာသော စာလုံးများနှင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရခြင်းနှင့် တူပေသည်။

**ဆောင်ပုဒ် ။ ။ ပွဲတင်အရိပ်၊ မီးတံဆိပ်၊ ခတ်နိုပ်သန္ဓေတူပေသည်။**

"ဤကဲ့သို့ ယခုဘဝဟောင်းမှ ကံစသော အကြောင်းများကြောင့် နောက်ဘဝသစ်၌ ပဋိသန္ဓေနေရ၊ ဖြစ်ရသည်"ဟု ယူဆခဲ့သော် "တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းရာတွင် အကြောင်းအကျိုး ဆက်စပ်၍ ကူးပြောင်းရသည်"ဟု မှန်ကန်သော သမ္မာဒိဋ္ဌိအယူမှန် ဖြစ်လာပေသည်။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူမှားများမှ လွတ်ကင်းကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အိပ်မက်အကြောင်း သိကောင်းစရာ

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး အားလုံးသော လူပုဂ္ဂိုလ်တို့သည် အိပ်မက် မြင်မက်တတ်ကြပေသည်။ တစ်ခါတစ်ရံ ကောင်းသောအိပ်မက်ကို မြင်မက်တတ်ကြပေသည်။ တစ်ခါတစ်ရံ မကောင်းသောအိပ်မက်ကို မြင်မက်တတ်ကြပေသည်။ ကောင်းသောအိပ်မက်ကို မြင်မက်သောအခါ "ကောင်းကျိုးများဖြစ်လာလိမ့်မည်"ဟု သာယာနှစ်သက်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်။ မကောင်းသောအိပ်မက်ကို မြင်မက်သောအခါ "မကောင်းကျိုးများ၊ မကောင်းသော အပြစ်ဘေးဒဏ်များ တွေ့ကြရတော့မည်"ဟု စိတ်နှလုံးမသာမယာ ဖြစ်ကြရပေသည်။ ကြီးကဲသူ ဗဟုသုတရှိသူများကို မေးမြန်းကြရပေသည်။ ကြီးကဲသူ ဗဟုသုတရှိသူများကလည်း မိမိတို့ တတ်သိနားလည်သလောက်သာ ပြောပြနိုင်ကြပေသည်။

ရှေးအခါက ဘုရားအလောင်းတော်၏မယ်တော်၊ ဘုရားအလောင်းတော်နှင့် ကောသလမင်းကြီးစသော ပုဂ္ဂိုလ်တို့လည်း အိပ်မက်ကို မြင်မက်ကြပေသည်။ ပုဏ္ဏားပညာရှိတို့က ကောင်းကျိုးများ ရရှိနိုင်တဲ့အကြောင်း၊ မကောင်းကျိုးများ ရရှိနိုင်တဲ့အကြောင်းများကို ဖြေရှင်း ပြောပြကြရပေသည်။ ယခုခေတ်အခါမှာမူ အိပ်မက်၏ ကောင်းကျိုး၊ မကောင်းကျိုးများ ရရှိနိုင်တဲ့အကြောင်းကို အတိအကျ ပြောပြနိုင်သော ပညာရှင်များ မရှိသလောက်ပင် ဖြစ်နေပေသည်။ စာအုပ်များ ဖတ်ရှု၍သာ အိပ်မက်၏ ကောင်းကျိုး၊ မကောင်းကျိုးများကို သိကြရပေသည်။

http://www.dhammadownload.com



အင်္ဂုတ္တိုရ်ပါဠိတော် မဟာသုပိနသုတ္တန်ကို အဋ္ဌကထာဆရာများက ဖွင့်ပြကြရာတွင် "အိပ်မက်မြင်မက်ခြင်းသည် (၄)ပါးသော အကြောင်းတို့ ကြောင့် မြင်မက်ရသည်"ဟု ဖွင့်ပြ ဖော်ပြကြပေသည်။

(၁) ဓာတုက္ခောဘတော = ဓာတ်ချောက်ချားခြင်းကြောင့် အိပ်မက်ခြင်း။

(၂) အနုဘူတ ပုဗ္ဗတော = ရှေးက လေ့ကျက်ခံစားခဲ့ဖူးသောကြောင့် အိပ်မက်ခြင်း။

(၃) ဒေဝတောပသံဟာရတော = နတ်တို့ဆောင်ပြကာ လှည့်စားသောကြောင့် အိပ်မက်ခြင်း။

(၄) ပုဗ္ဗနိမိတ္တတော = ဖြစ်လာမည့် ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်းဟူသော ဤအကြောင်း (၄) ပါးတို့ကြောင့် "အိပ်မက်မြင်မက်သည်" ဟု ဖွင့်ပြ ဖော်ပြကြပေသည်။

(၁) ဓာတ်ချောက်ချားခြင်းကြောင့် အိပ်မက်ခြင်းဟူသည် -

သည်းခြေစသော ဓာတ်များချောက်ချားသောကြောင့် ကြောက်လန့်ဖွယ်ဖြစ်သော မကောင်းသော အိပ်မက်ဆိုးများကို မြင်မက်တတ်ကြပေသည်။ တောင်ကုန်းပေါ်မှ တောင်အောက်သို့ လိမ့်ကျသကဲ့သို့၊ ကောင်းကင်၌ ပျံဝဲပြီး ထိတ်ထိတ်လန့်လန့်သွားနေရသကဲ့သို့၊ ဆင်ဆိုး၊ မြင်းဆိုး၊ ခြင်္သေ့၊ သစ်၊ ကျား သားရဲဆိုးများက မိမိနောက်က လိုက်နေသကဲ့သို့၊ လူဆိုးများက မိမိကို လိုက်ဖမ်းနေသကဲ့သို့ ကြောက်လန့်ဖွယ် မြင်မက်ခြင်းမျိုးပင် ဖြစ်ပေသည်။

ဤဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော အိပ်မက်မျိုးသည် မြင်မက်သည့်အတိုင်း နောင်အခါ ကြောက်လန့်ဖွယ်များ မဖြစ်နိုင်သောကြောင့် မမှန်ကန်သော အိပ်မက်မျိုးပင် ဖြစ်ပေသည်။

http://www.dhammadownload.com



(၂) ရှေးက လေ့ကျက်ခံစားခဲ့ဖူးသောကြောင့် အိပ်မက်ခြင်းဟူသည် -

မိမိတို့ ရှေးက မြင်ခဲ့ဖူးသည့် လှပတင့်တယ်သော အဆင်းအမျိုးမျိုး၊ မတင့်မတယ် ကြောက်လန့်ဖွယ်ကောင်းသော အဆင်းအမျိုးမျိုး၊ မိမိတို့ ရှေးက ကြားခဲ့ဖူးသည့် သာယာကြည်နူးဖွယ်ကောင်းသော အသံအမျိုးမျိုး၊ ကြောက်လန့်ဖွယ်ကောင်းသော အသံအမျိုးမျိုး၊ မိမိတို့ရှေးက စားသောက်ခံစားခဲ့ဖူးသော အရသာအမျိုးမျိုးတို့ကို ပြန်၍မြင်ရ၊ ကြားရ၊ စားသောက်ခံစားရသကဲ့သို့ မြင်မက်သော အိပ်မက်မျိုး ဖြစ်ပေသည်။

ဤအိပ်မက်မျိုးသည် ရှေးက လေ့ကျက်ခံစားခဲ့ဖူးသော အာရုံအမျိုးမျိုးတို့ကို ကြံစည်စိတ်ကူးယဉ်ကာ ပြန်သတိရသကဲ့သို့ဖြစ်၍ နောင်အခါ ပြန်မဖြစ်နိုင်သောကြောင့် မမှန်ကန်သော အိပ်မက်မျိုးပင် ဖြစ်ပေသည်။

(၃) နတ်တို့ကဆောင်ပြကာ လှည့်စားသောကြောင့် အိပ်မက်ခြင်းဟူသည် -

နတ်များက ချစ်၍ အကျိုးကိုလိုလားသောကြောင့် ကောင်းကျိုးများ၊ ကောင်းသောအာရုံများကို မြင်မက်စေကြ၏။ နတ်များက အမျက်ထွက်ကာ မုန်း၍ လှည့်ပတ်ကာ မကောင်းကျိုးများ၊ မကောင်းသောအာရုံများကို မြင်မက်စေကြ၏။ ဤကဲ့သို့ နတ်များက ကောင်းကျိုး၊ မကောင်းကျိုးများ ဖြစ်အောင် ဆောင်ပြ၍ မြင်မက်သော အိပ်မက်မျိုး ဖြစ်ပေသည်။

ဤအိပ်မက်မျိုးသည် နတ်များက ချစ်ခြင်း၊ မုန်းခြင်းရှိ၍ မြင်မက်စေသောကြောင့် မှန်သည်လည်းရှိ၏။ မမှန်သည်လည်းရှိ၏။ ချစ်သောကြောင့် မြင်မက်စေရာ၌ မှန်၏။ မုန်းသောကြောင့် မြင်မက်စေရာ၌ မမှန်ဘဲဖြစ်၏။

ဤအိပ်မက်မျိုးကို မမြင်မက်လိုသော ပုဂ္ဂိုလ်တို့သည် ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ အာရာမ်စောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်

http://www.dhammadownload.com



နတ်တို့မှစ၍ အရပ်ဆယ်မျက်နှာ၌ ရှိကြကုန်သော အားလုံးသောသတ္တဝါတို့အား မေတ္တာပွား၍ အိပ်ကြရမည် ဖြစ်ပေသည်။

## နတ်များက အမျက်ထွက်၍ အကျိုးမဲ့ဖြစ်အောင် လှည့်စားပုံ

ရှေးအခါက သီဟိုဠ်ကျွန်းတွင် ရောဟနအရပ်၊ နာဂကျောင်း၌ သီတင်းသုံးနေထိုင်သော မထေရ်ကြီးတစ်ပါးသည် ရဟန်းသံဃာတို့ကို မပန်ကြားဘဲ ကံ့ကော်ပင်ကြီးတစ်ပင်ကို ခုတ်လှဲစေ၏။ ကံကော်ပင်စောင့် ရုက္ခစိုးနတ်သည် အမျက်ထွက်ကာ မထေရ်ကြီးအား ပထမတစ်ကြိမ် မှန်ကန်သောအိပ်မက်ကို ပေး၍ ယုံကြည်စေ၏။

ဒုတိယတစ်ကြိမ် အိပ်မက်ပေးရာတွင် မထေရ်ကြီး အကျိုးမဲ့ဖြစ်အောင် လှည့်ပတ်၍ အိပ်မက်ပေးလေ၏။ "ဤနေ့မှ နောက်(၇)ရက်မြောက်၌ အရှင်ဘုရား၏ ဒကာမင်းကြီး နတ်ရွာစံလိမ့်မည်"ဟု အိပ်မက်၌ ပြောကြားလေ၏။ မထေရ်ကြီးသည် မြင်မက်သည့်အတိုင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ကာ နန်းတွင်းသူများကို ပြောကြားလေ၏။ နန်းတွင်းသူတို့သည် ကြားသည်နှင့်တစ်ပြိုင်နက် မင်းကြီးအတွက် သောကများဖြစ်၍ စိုးရိမ်ပူဆွေး ငိုကြွေးကြလေ၏။

မင်းကြီးက ငိုကြွေးရခြင်းအကြောင်းကို မေးသောအခါ "ယနေ့မှ နောက်(၇)ရက်မြောက်၌ မင်းကြီးနတ်ရွာစံလိမ့်မည်ဟု မထေရ်ကြီးပြောသောစကားကြောင့် ငိုကြွေးကြရပါသည်"ဟူ၍ ဖြေကြားကြလေ၏။ မင်းကြီးသည် ရက်ကိုရေတွက်၍ (၇)ရက်ပြည့်သောအခါ မင်းကြီးနတ်ရွာမစံသဖြင့် "မထေရ်ကြီးသည် လွဲလွဲမှားမှား ထိတ်ထိတ်လန့်လန့်ဖြစ်အောင် ပြောကြားသည်"ဟုဆိုကာ မထေရ်ကြီး၏ လက်ခြေတို့ကို ဖြတ်စေ၏။ နတ်၏ လှည့်ပတ်၍ ပေးသောအိပ်မက်ကြောင့် မထေရ်ကြီး အကျိုးမဲ့ဖြစ်ရလေသည်။

http://www.dhammadownload.com



(၄) ဖြစ်လာမည့် ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်းဟူသည် -

ကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် ကောင်းကျိုးများ ရရှိလာမည့် ရှေ့ပြေး ပုဗ္ဗနိမိတ်အားဖြင့်လည်း မြင်မက်တတ်ပေသည်။ အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် မကောင်းကျိုးများ၊ မကောင်းသောအပြစ်ဒဏ်များ ရရှိလာမည့် ရှေ့ပြေး ပုဗ္ဗနိမိတ်အားဖြင့်လည်း မြင်မက်တတ်ပေသည်။ ဤကဲ့သို့ ကောင်းကျိုး၊ မကောင်းကျိုးများ ဖြစ်ပေါ်လာမည်ကို ရှေ့ပြေးအနေဖြင့် မြင်မက်လာသော အိပ်မက်မျိုးပင် ဖြစ်ပေသည်။

ဤအိပ်မက်မျိုးသည် ကုသိုလ်ကံကြောင့် ကောင်းကျိုးရရှိမည်မှာ ကေန်စင်စစ် မှန်ပေသည်။ အကုသိုလ်ကံကြောင့် မကောင်းကျိုး၊ မကောင်းသောအပြစ်ဒဏ်များ ခံရမည်မှာ ကေန်စင်စစ် မှန်ပေသည်။ သို့ဖြစ်၍ ဤပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်းသည် မြင်မက်သည့်အတိုင်း ကေန်မုချ မှန်သည်သာ ဖြစ်ပေသည်။

“မဟာသက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လဆန်း(၁၄)ရက်နေ့ ညသန်းခေါင်ကျော် မိုးလင်းခါနီး လင်းအားကြီးအချိန်၌ ဘုရားအလောင်းတော်သည် မြင့်မိုရ်တောင်ကို ခေါင်းအုံးပြုကာ၊ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကိုထားကာ၊ အနောက်သမုဒ္ဒရာ၌ လက်ယာလက်ကိုထားကာ၊ တောင်သမုဒ္ဒရာ၌ ခြေနှစ်ဖက်ကိုထားကာ အိပ်စက်ရသည်”ဟု မြင်မက်တော်မူသည်။ ဘုရားအလောင်းတော်၏ ဤအိပ်မက်သည် သန်းခေါင်ကျော် လင်းအားကြီးအချိန်၌ မြင်မက်သည်ဖြစ်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ အမှန်စင်စစ်ဘုရားဖြစ်ရန် ပုဗ္ဗနိမိတ်ဖြစ်သောကြောင့် မြင်မက်သည့်အတိုင်း မှန်ကန်သောအိပ်မက်မျိုး ဖြစ်ပေသည်။

ဤအိပ်မက်(၄)မျိုးတို့ကို မြင်မက်သောအခါ အချိန်အားဖြင့် မှန်သည်၊ မမှန်သည်ကို သိနိုင်ကြပေသည်။ နေ့အခါ မြင်မက်သောအိပ်မက်၊ ညဦးယံ မြင်မက်သောအိပ်မက်၊ သန်းခေါင်ယံ မြင်မက်သောအိပ်မက်၊ မိုးသောက်ယံ (၃)နာရီလောက်မှာ မြင်မက်သောအိပ်မက်တို့သည်

http://www.dhammadownload.com



များသောအားဖြင့် မမှန်ကြပေ။ လင်းခါနီးအရုဏ်တက်ချိန်၌ မြင်မက်သော အိပ်မက်များသည်သာ မှန်ကန်ပေသည်။

ဤအိပ်မက်(၄)မျိုးတို့ကို ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သာ မြင်မက်ကြပေသည်။ ရဟန္တာပုဂ္ဂိုလ်တို့မှာ မမြင်မက်ကြတော့ပေ။ တရားရှုမှတ်၍ အိပ်ကြသော ပုဂ္ဂိုလ်တို့မှာ (၁)(၂)(၃) မကောင်းသော အိပ်မက်မျိုး မြင်မက်ခြင်းများ နည်းပါးသွားကြမည် ဖြစ်ပေသည်။

သို့ဖြစ်၍ မကောင်းသောအိပ်မက်ဆိုးများ မမြင်မက်လိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အိပ်ရာသို့ ဝင်ရောက်၍ အိပ်သောအခါ အာနာပါနရှုမှတ်လေ့ရှိကြသောသူများက ဝင်လေ၊ ထွက်လေတို့ကို ဝင်တယ်၊ ထွက်တယ် စသည်ဖြင့် ရှုမှတ်၍ အိပ်ကြရမည် ဖြစ်ပေသည်။ ဖောင်းတာ၊ ပိန်တာ ရှုမှတ်လေ့ရှိကြသောသူများက ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ရှုမှတ်၍ အိပ်ကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# မြိတ်မြို့တစ်နေရာ သာသနာ

မြိတ်မြို့ လေးကျွန်းဆီမီး စေတီတော်ကြီး၏ တရားပွဲစီစဉ်ရေးအဖွဲ့နှင့် မြိတ်မြို့ ဗုဒ္ဓသာသနာ့ရိပ်သာ ဂေါပကအဖွဲ့မှ တရားဟော၊ တရားပြ ပင့်လျှောက်သဖြင့် (၁၉၇၃)ခုနှစ်မှစ၍ မြိတ်မြို့သို့ တစ်နှစ်တစ်ခေါက် ဆရာတော်ကြွခဲ့ရပါသည်။ ယခုနှစ်လည်း ပင့်လျှောက်သဖြင့် ၁၃၅၁-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၄-ရက် (၂၆-၁၁-၈၉) တနင်္ဂနွေနေ့ နေ့လယ် ၂-နာရီ လေယာဉ်ဖြင့် ကြွခဲ့ရပါသည်။ လေးကျွန်းဆီမီး စေတီတော်ကြီး ရင်ပြင်တော်အနီးတွင် ကျောင်းအမကြီး ဒေါ်သီးမေ၏အဘိုး ဦးရွှေအီ (အေ၊တီ၊အမ်) ဆောက်လုပ်လှူဒါန်းထားသောကျောင်း၌ နေထိုင်၍ တရားဟော၊ တရားပြ ဆောင်ရွက်ရပါသည်။

(၂၇-၁၁-၈၉) တနင်္လာနေ့ နံနက်တွင် ကျောင်းအမကြီး ဒေါ်သီးမေ ဆရာတော်တည်းခိုရာကျောင်းသို့ ရောက်လာပါသည်။ မိမိတို့ အဘိုးအဘွား လက်ထက်က ဆောက်လုပ်လှူဒါန်းခဲ့သည့် မိုလ်ထောင်တောရကျောင်းသို့ ကြွရောက်၍ ကြည့်ရှုလေ့လာပါရန် လျှောက်ထားသဖြင့် (၂၈-၁၁-၈၉)ရက်နေ့ နံနက်(၇)နာရီအချိန်တွင် မိုလ်ထောင်တောရကျောင်း ဝေယျာဝစ္စအဖွဲ့ ဒကာ၊ ဒကာမများက မိုလ်ထောင်တောရကျောင်းသို့ လိုက်ပို့ပေးကြပါသည်။ တောရကျောင်းသို့ ရောက်သောအခါ နာယကဆရာတော် ဦးသုဒဿနာဘိဝံသနှင့် စာချဘုန်းကြီး ဦးကာရုည၊ ဦးကုသလတို့က ကြိုဆိုကာ ကျောင်းအဆောက်အအုံများနှင့် သဘာဝအလျောက် ရေထွက်နေသည့် ရေထွက်တွင်းနှင့် ရေလှောင်ကန်များကို လိုက်ပြကြပါသည်။

http://www.dhammadownload.com



မိုလ်ထောင်တောရကျောင်းမှာ မြိတ်မြို့မှ (၅)မိုင်ခန့်ကွာဝေးပြီး မြိတ်မြို့၏ အရှေ့ဘက်တွင် မိုလ်ထောင်ဟုခေါ်ဆိုသည့် တောင်ကုန်းတစ်ခု ရှိပေသည်။ ထိုတောင်ကုန်း၏ တောင်ကမ်းပါးယံနံပါး၌ တည်ရှိပေသည်။ တောရကျောင်းသို့ရောက်အောင် ကားလမ်းများကို ပြုပြင်ဖောက်လုပ်ထားသဖြင့် သွားလာရေး လွယ်ကူလှပေသည်။

လွန်ခဲ့သော အနှစ်တစ်ရာခန့်က ဒေါ်သီးမေ၏အဘိုး ဦးရွှေအီ (အေ၊ တီ၊ အမ်) တည်ထောင်ဆောက်လုပ်လှူဒါန်းထားသည့် တောရကျောင်းဖြစ်သည်ဟု သိရပါသည်။ ပဋိပတ္တိသာသနာ ဝိပဿနာဓုရကို အလေးပြုကြသော မထေရ်မြတ်တို့အတွက် မွေ့လျော်ဖွယ်ကောင်းသော တောရကျောင်းတစ်ခု ဖြစ်ပါသည်။ ဆိတ်ငြိမ်ရာအရပ်ကို လိုလားကြသော ပရိယတ္တိသာသနာ ဂန္ထဓုရကို အလေးပြုကြသော စာသင်စာချအရှင်မြတ်တို့အတွက်လည်း မွေ့လျော်ဖွယ် ကောင်းလှပါပေသည်။

ဆရာတော်တို့ ရောက်သွားသောအချိန်တွင် မိုလ်ထောင်တောရကျောင်း၌ စာသင်စာချ သံဃာတော် (၃၆)ပါးရှိနေပါသည်။ ယခင်ရှေးအခါက မိုလ်ထောင်တောရကျောင်း၌ ယခုကဲ့သို့ သံဃာတော်များများ မရှိခဲ့ဖူးကြသဖြင့် ယခုအခါ သံဃာတော်(၃၆)ပါးဖြင့် စည်စည်ကားကား ရှိနေသည်ကို ကျောင်းအမကြီး ဒေါ်သီးမေနှင့်တကွ မြိတ်မြို့ ဒကာ၊ ဒကာမများက အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်ကို တွေ့မြင်ခဲ့ရပေသည်။

ဤမိုလ်ထောင်တောရကျောင်းသည် တောကျောင်းအင်္ဂါ(၅)ပါးနှင့်ပြည့်စုံသော တောရကျောင်းတစ်ကျောင်း ဖြစ်ပေသည်။ တောရကျောင်းအင်္ဂါ(၅)ပါးမှာ -

(၁) မြို့ရွာများနှင့် အလွန်မဝေး အလွန်မနီးခြင်း။
(၂) လူသူများကင်းရှင်း၍ အသံတိတ်ဆိတ်နေခြင်း။
(၃) မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်းတို့၏ ရန်နည်းပါးခြင်း။
(၄) သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးရလွယ်ခြင်း၊

http://www.dhammadownload.com



(၅) တရားဟော၊ တရားပြပေးနိုင်သော ဆရာကောင်းရှိခြင်းဟူသော အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသော တောရကျောင်း ဖြစ်ပေသည်။

ယခုအခါ မိုလ်ထောင်တောရကျောင်းသည် သံဃာတော်(၃၆)ပါး ရှိပြီး စည်စည်ကားကားဖြင့် မြိတ်မြို့နယ်သာသနာအတွက် အားတက်ဖွယ်ရာ အခြေအနေမှာ တည်ရှိပေသည်။ နာယကဆရာတော် ဦးသုဒဿနာဘိဝံသ၏ ဆောင်ရွက်ချက်ကြောင့် ယခုလို မြိတ်မြို့နယ်သာသနာအတွက် အားတက်ဖွယ်ရာ အခြေအနေမှာ တည်ရှိလာခြင်းဖြစ်သည်ဟု သိရပေသည်။

မိုလ်ထောင်တောရ နာယကဆရာတော် ဦးသုဒဿနာဘိဝံသသည် သက်တော်(၃၉)နှစ်၊ ဝါတော်(၁၉)ဝါရှိပြီး ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို နှံ့စပ်အောင် သင်ကြားပို့ချပေးနိုင်သော ဆရာတော်တစ်ပါး ဖြစ်ပေသည်။ ဆရာတော်ဦးသုဒဿနာဘိဝံသ၏ ရည်ရွယ်ချက်မှာ မြိတ်မြို့နယ် ပရိယတ္တိသာသနာအတွက် အားတက်ဖွယ်ကောင်းလှပါပေသည်။

ဆရာတော်ဦးသုဒဿနာဘိဝံသ၏ လျှောက်ထားတင်ပြသော ရည်ရွယ်ချက်မှာ "တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် ရဟန်း၊ သာမဏေငယ်တို့အား ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို နှစ်-လတိုတိုဖြင့် ပေါက်ရောက်တတ်မြောက်ကာ စာချပုဂ္ဂိုလ်များဖြစ်ကြပြီး တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၌ ပရိယတ္တိသာသနာ အမြန်တိုးတက်ထွန်းလင်းလာစေရန် ရည်ရွယ်ချက် ရှိပါသည်ဘုရား"ဟု ဆရာတော်(စာရေးသူ)အား လျှောက်ထားတင်ပြပါသည်။

ထို့နောက် ဆရာတော်ဦးသုဒဿနာဘိဝံသက စာသင်စာချ ရဟန်း၊ သာမဏေများကို ဒေါ်သီးမေကျောင်းဆောင်၌ စုဝေးစေ၍ ဆရာတော်ဘုရား(စာရေးသူ)နှင့် ကြုံကြိုက်သောအခါ ဩဝါဒစကား မိန့်ကြားပေးပါရန် လျှောက်ထားသဖြင့် သင့်လျော်သော ဩဝါဒစကားများကို မိန့်ကြားခဲ့ရပါသည်။

http://www.dhammadownload.com



ပရိယတ္တိသာသနာ စာပေကျမ်းဂန်တို့ကို သင်ကြားပို့ချကြသော ရဟန်းသာမဏေတို့သည် မိမိတို့ရည်မှန်းချက်အတိုင်း ပရိယတ္တိစာပေ ကျမ်းဂန်တို့ကို နှစ်-လအချိန်တိုတိုဖြင့် တတ်မြောက်နိုင်ဖို့ရာ သင့်တော် လျောက်ပတ်ခြင်း သပ္ပါယ(၄)မျိုး ရှိကြရမည် ဖြစ်ပေသည်။

၁။ အာဝါသသပ္ပါယ =သင့်လျော်သော ကျောင်းအဆောက်အအုံကို ရရှိခြင်း။

၂။ ဘောဇနသပ္ပါယ =သင့်လျော်သော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ကို ရရှိခြင်း။

၃။ ပုဂ္ဂလသပ္ပါယ =အတူနေပုဂ္ဂိုလ် အချင်းချင်း ညီညွတ်မှုကို ရရှိခြင်း။

၄။ ဓမ္မဿဝနသပ္ပါယ =သင့်လျော်သော အဆုံးအမတရားကို နာကြားရရှိခြင်း။

ဤလေးပါးသော သင့်တော်လျောက်ပတ်ခြင်း သပ္ပါယကို ရရှိကြပါက မိမိတို့ရည်မှန်းသည့်အတိုင်း ပရိယတ္တိစာပေကျမ်းဂန်တို့ကို နှစ်-လ တိုတိုနှင့် တတ်မြောက်ကြမည် ဖြစ်ပေသည်။

ယခုအချိန်အခါမှာ ဤဗိုလ်ထောင်တောရကျောင်း၌ သင့်တော် လျောက်ပတ်ခြင်း သပ္ပါယ(၄)ပါးကို ရရှိနေကြသည်ကို တွေ့နေရပေသည်။

၁။ ဗိုလ်ထောင်တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြသော စာသင် စာချသံဃာတော်တို့သည် သင့်လျော်သော သစ်ပင်အရိပ်အာဝါသ များ၌ ချမ်းသာစွာ နေထိုင်ကြရပေသည်။ သင့်လျော်သော သဘာဝ တွင်းထွက်ရေများကို ချမ်းချမ်းသာသာ အသုံးပြုနေကြရပေသည်။ ရေးက ဦးရွှေအိ (အေ၊ တီ၊ အမ်)နှင့် သမီး ဒေါ်မြ+ဦးဖိုးညွန့် မိသား စုတို့ ဆောက်လုပ်ထားသည့် သင့်လျော်သော ကျောင်းအဆောက် အအုံများ၌ နေထိုင်ကြရပေသည်။ သို့ဖြစ်၍ သင့်လျော်သော အာဝါသ သပ္ပါယကို ရရှိထားကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

http://www.dhammadownload.com



၂။ ဗိုလ်ထောင်တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြသော စာသင် စာချသံဃာတော်တို့သည် မြိတ်မြို့သူမြို့သား ဒကာ၊ ဒကာမများက ဆွမ်းဆန်တော်နှင့် ဆွမ်းဟင်းအတွက် အလှူငွေများကို အထူး ထောက်ပံ့ လှူဒါန်းလျက် ရှိကြပေသည်။ "တစ်လလျှင် ဆွမ်းဆန် တော် (၁၆)အိတ်၊ ဆွမ်းဟင်းအတွက် နဝကမ္မဝတ္ထုငွေ (၇၀၀၀) ကျပ်ခန့် လှူဒါန်းလျက်ရှိသည်"ဟု သိရသဖြင့် သင့်လျော်သော ဘောဇနေသပ္ပါယကိုလည်း ရရှိထားကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပေ သည်။

၃။ ဗိုလ်ထောင်တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြသော စာသင် စာချသံဃာတော်တို့သည် အချင်းချင်းညီညွတ်ခြင်း=ပုဂ္ဂလသပ္ပါယ ဖြစ်ဖို့ရာမှာ အထူးပင် အရေးကြီးလှပေသည်။ အချင်းချင်းညီညွတ် ခြင်း။ ပုဂ္ဂလသပ္ပါယဖြစ်ဖို့ရာမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော ထောက်ပံ့ချီးမြှင့်ခြင်းတရား (၄)ပါးဖြင့် နေထိုင်ကြရမည် ဖြစ် ပေသည်။

(က) ဒါန = အတူတကွ နေထိုင်ကြသော ရဟန်းသာမဏေ တို့သည် တစ်ဦးကိုတစ်ဦး ပေးကမ်းလှူဒါန်းခြင်း ပြုကြရမည် ဖြစ်ပေသည်။

(ခ) ပေယျဝဇ္ဇ = တစ်ဦးကိုတစ်ဦးက ပြောဆိုသည့်အခါမှာ ချိုချိုသာ သာ ချစ်ခင်ဖွယ်ရာစကားဖြင့် ပြောဆိုကြရမည် ဖြစ် ပေသည်။

(ဂ) အတ္ထစရိယာ = တစ်ဦးကိုတစ်ဦးက အကျိုးရှိအောင် ဆောင်ရွက် ပေးကြရမည် ဖြစ်ပေသည်။

(ဃ) သမာနတ္တတာ = သွားအတူ၊ လာအတူ၊ စားအတူ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ နေထိုင်ကြရမည် ဖြစ်ပေသည်။ ဤ ထောက်ပံ့ချီးမြှင့်ခြင်း တရား(၄)ပါးဖြင့် နေထိုင်ကြ

http://www.dhammadownload.com



ပါလျှင် ပုဂ္ဂလသပ္ပါယ=ပုဂ္ဂိုလ်အချင်းချင်း သင့်တင့်ညီညွတ်ခြင်းကို ရရှိကြမည် ဖြစ်ပေသည်။

(၄) ဓမ္မသဝနသပ္ပါယ = မိုလ်ထောင်တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြသော ရဟန်းသာမဏေတို့သည် သင့်လျော်သော တရားဓမ္မနာကြားခြင်းကိုလည်း ရရှိနေကြပေသည်။ နာယကဆရာတော် ဦးသုဒဿနာဘိဝံသ၏ အဆုံးအမဩဝါဒတရားကို နေ့စဉ်လည်း နာကြားကြရပေသည်။ (၈)ရက်၊ လပြည့်၊ လကွယ်-ဥပုသ်နေ့များ၌လည်း အထူးနာကြားရသောကြောင့် ဓမ္မသဝနသပ္ပါယကိုလည်း ရရှိနေကြသည် ဖြစ်ပေသည်။

သို့ဖြစ်၍ မြိတ်မြို့နယ် မိုလ်ထောင်တောရကျောင်း၌ သီတင်းသုံး နေထိုင်ကြသော ရဟန်းသာမဏေတို့သည် သင့်လျော်သော သပ္ပါယ(၄)ပါးကို အမှီရရှိထားသောကြောင့် မိမိတို့၏ လုံ့လဝီရိယအားလျော်စွာ ပရိယတ္တိစာပေကျမ်းဂန်များကို အချိန်တိုတိုနှင့် တတ်မြောက်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။ တတ်မြောက်အောင် အားထုတ်နိုင်ကြ၍ သာသနာတော်ကြီးတိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဩဝါဒစကား မိန့်ကြားနာယူပြီးသောအခါ မြိတ်မြို့ မိုလ်ထောင်တောရဒကာ၊ ဒကာမများက ဘူးသီးကြော်၊ မြန်မာမုန့်မျိုးစုံတို့ဖြင့် ကျောင်းရှိသံဃာနှင့် ဆရာတော်တို့အား ကြားဆွမ်း ဆက်ကပ်လှူဒါန်းကြပေသည်။

ကြားဆွမ်းဘုဉ်းပေးပြီး၍ မြိတ်မြို့ လေးကျွန်းဆိမီး စေတီတော်ကြီးသို့ ပြန်ကြွသည့်အခါ ဆရာတော်ဦးသုဒဿနာဘိဝံသနှင့် စာချဘုန်းကြီးဦးကာရညာ၊ ဦးကုသလတို့သည် ကားပေါ်ရောက်သည်အထိ လိုက်ပို့ကာဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြပေသည်။

http://www.dhammadownload.com



မြိတ်မြို့ လေးကျွန်းဆီမီး စေတီတော်ကြီးသို့ ကားဖြင့် ပြန်ကြွခဲ့စဉ် လမ်းခရီးတွင် မိုလ်ထောင်တောရကျောင်း နာယကဆရာတော် ဦးသုဒဿနာဘိဝံသ လျှောက်ထားတင်ပြသည့် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် ပရိယတ္တိသာသနာ အမြန်ပွင့်လင်းတိုးတက်ပြန့်ပွားရန်ဟူသော လျှောက်ထားတင်ပြချက်ကို အဖန်ဖန်သတိရကာ သာသနာအတွက် အလွန်နှစ်သက် အားရသော ပီတိများ ဖြစ်ခဲ့ရပေသည်။

"မိုလ်ထောင်တောရကျောင်းသည် မြိတ်မြို့နယ် တစ်နေရာအနေဖြင့် သာသနာထွန်းကားရာဌာန ဖြစ်လာလိမ့်မည်"ဟု မျှော်လင့်ယုံကြည်မိပေသည်။ "မိုလ်ထောင်တောရကျောင်းသည် မြိတ်မြို့နယ်၌ သာသနာထွန်းကားရာဌာနတစ်ခု ဖြစ်နိုင်ပါစေ"ဟု ဆုတောင်းပတ္ထနာပြုရင်း လေးကျွန်းဆီမီး စေတီတော်ကြီး ရင်ပြင်တော်အနီး ကျောင်းအစ်မကြီး ဒေါ်သီးမေ၏ကျောင်းသို့ ပြန်ရောက်ခဲ့ရပေသည်။

သစ္စမွရုံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# တရားရဖွယ် ကြောင်းလေးသွယ်

"ယခုအချိန်အခါသည် သာသနာနှစ် နှစ်ထောင့်ငါးရာ ကျော်သွားပြီဖြစ်၍ သောတာပန်စသော အရိယာပုဂ္ဂိုလ်များ မဖြစ်နိုင်တော့ပေ၊ တရားထူးတရားမြတ်များ မရနိုင်တော့ပေ"ဟု အချို့ပုဂ္ဂိုလ်များက ယူဆလျက်ရှိကြပေသည်၊ အချို့သောပုဂ္ဂိုလ်များက "သာသနာနှစ် နှစ်ထောင့်ငါးရာပင် ကျော်သော်လည်း သောတာပန်စသော အရိယာပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပေသည်။ တရားထူးတရားမြတ်များ ရရှိနိုင်ကြပေသည်"ဟု ယူဆလျက်ရှိကြပေသည်။ ဤအယူအဆနှစ်မျိုးတို့တွင် မည်သည့်အယူအဆက မှန်ကန်သည်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်အရ သိကြရပေသည်။

"တရားထူးတရားမြတ်များ ရနိုင်သည်"ဟု သိဖို့ရာ ခဲယဉ်းခြင်းတရားလေးပါး မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ ကိစ္ဆော မနုဿပဋိလာဘော = အလွန်ခဲယဉ်းသော လူအဖြစ်ကို ရရှိထားခြင်း။

၂။ ကိစ္ဆံ မစ္စာနဇီဝိတံ = အလွန်ခဲယဉ်းသော အသက်ရှင်နေခြင်းကို ရရှိထားခြင်း။

၃။ ကိစ္ဆံ သဒ္ဓမ္မဿဝနံ = အလွန်ခဲယဉ်းသော သူတော်ကောင်းတရားတို့ကို နာကြားရခြင်း။

http://www.dhammadownload.com



၄။ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ = အလွန်ခဲယဉ်းသော မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ သာသနာတော်နှင့် တွေ့ကြုံနေရခြင်းဟူသော ဤခဲယဉ်းခြင်းတရားလေးပါး ရှိနေသည့်အခါဖြစ်၍ သောတာပန်စသော အရိယာပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပေသည်၊ တရားထူးတရားမြတ်များ ရရှိနိုင်ကြပေသည်။

၁။ အလွန်ခဲယဉ်းသော လူ့အဖြစ်ကို ရရှိထားခြင်း -

အခါတစ်ပါး မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တစ်နေ့သ၌ လက်သည်းပေါ်မှာ မြေမှုန့်များတင်ထားပြီးလျှင် ရဟန်းတို့ကို မိန့်ကြားတော်မူလေ၏။ "ငါဘုရား လက်သည်းပေါ်၌ တင်ထားသည့်မြေမှုန့်နှင့် မဟာပထဝီမြေကြီးပေါ်မှာ ရှိနေသည့်မြေမှုန့်ဟူ၍ နှစ်မျိုးရှိရာတွင် ဘယ်မြေမှုန့်က ပိုများသနည်း"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

ရဟန်းတော်များက "မြတ်စွာဘုရား လက်သည်းပေါ်၌ တင်ထားသည့် မြေမှုန့်မှာ အလွန်ပင် နည်းပါးလှပါသည်ဘုရား၊ မဟာပထဝီမြေကြီးပေါ်၌ရှိသော မြေမှုန့်များက အလွန်ပင် များပြားလှပါသည်ဘုရား"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ... လူ့ဘဝမှ ကွယ်လွန်စုတေသွားပြီး လူ့ဘုံဘဝ၌ လူပြန်ဖြစ်ကြသောသူတို့သည် ငါဘုရားလက်သည်းပေါ်၌တင်ထားသော မြေမှုန့်လောက်ပင် နည်းပါးလှပေသည်။ လူ့ဘဝက ကွယ်လွန်စုတေသွားပြီး ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်လေးဘုံသို့ ကျရောက်သွားကြရသူများမှာ မဟာပထဝီမြေကြီးပေါ်၌ရှိသော မြေမှုန့်များလောက်ပင် များပြားလှပေသည်။ သင်တို့ရရှိထားသော လူ့ဘဝသည် ငါဘုရားလက်သည်းပေါ်က မြေမှုန့်မျှလောက်ပင် ရှိပေသည်"ဟု လူ့အဖြစ်ခဲယဉ်းပုံကို ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



ယခု မိမိတို့ရရှိထားကြသော လူ့အဖြစ်သည် မြတ်စွာဘုရား လက်သည်းပေါ်မှာတင်ထားသော မြေမှုန့်မျှလောက်သာဖြစ်၍ အလွန်ခဲယဉ်းလှပေသည်။ ဤကဲ့သို့ အလွန်ခဲယဉ်းသောလူ့အဖြစ်ကို ရရှိထားခြင်းသည်လည်း ယခုဘဝမှာ တရားထူးတရားမြတ်များ ရရှိဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

၂။ အလွန်ခဲယဉ်းသော အသက်ရှင်နေခြင်းကို ရရှိထားခြင်း -

မြတ်စွာဘုရား၏ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါ "လူတစ်ယောက် အသက်ရှင်နေဖို့ရာ အလွန်ခဲယဉ်းသည်"ဟု မြင်တော်မူပါသည်။ မိမိတို့ဉာဏ်ဖြင့် ဆင်ခြင်ကြည့်သောအခါ၌လည်း လူတစ်ယောက် အသက်ရှင်ဖို့ရာ အလွန်ခဲယဉ်းပုံကို တွေ့မြင်နိုင်ကြပေသည်။ အချို့သောသူတို့သည် အကြောင်းမညီညွတ်၍ အမိဝမ်းတွင်းမှာပင် ကွယ်လွန်သွားကြသူများလည်း မြောက်မြားစွာ ရှိပေသည်။ လသား၊ ရက်သားမျှဖြင့် ကွယ်လွန်သွားကြသူများလည်း မြောက်မြားစွာ ရှိပေသည်။ ကလေးသူငယ်တစ်ယောက် အသက်ရှင်ဖို့ရာ အလွန်ခဲယဉ်းပုံကို မိဘဖြစ်သူများ ကိုယ်တိုင်ပင် သိကြရပေသည်။ အသက်(၇၀)ကျော် (၈၀)ပိုင်းသို့ ရောက်လာသောအခါ လူတစ်ယောက်အသက်ရှင်နေဖို့ရာ ခဲယဉ်းပုံကို ပို၍ သိလာကြပေသည်။

မိမိတို့ကိုယ်တိုင်လည်း အသက်ရှင်နေဖို့ရာ နေ့စဉ်နှင့်အမျှ ကြောင့်ကြစိုက်မှု၊ လှုံ့လပြုနေကြရပေသည်။ ဤအသက်ကလေး ရှင်နေရအောင်ပင် သင့်လျော်သော အစာအာဟာရများကို ရှာမှီး၍ မှီဝဲသုံးဆောင်ကြရပေသည်။ အပူအအေးခံနိုင်ရအောင် သင့်လျော်သော အဝတ်အထည်များကို ရှာမှီး၍ ဝတ်ဆင်ကြရပေသည်။ သင့်လျော်သော အိမ်ယာများကို ဆောက်လုပ်၍ နေထိုင်ကြရပေသည်။ သင့်လျော်သော ဆေးဝါးများကို ရှာမှီး၍ မှီဝဲသုံးဆောင်ကြရပေသည်။ နေ့စဉ်နှင့်အမျှ ကြောင့်ကြစိုက်ကာ ပြုပြင်ပေးနေကြရပေသည်။ ဤကဲ့သို့ အလွန်ခဲယဉ်းသော အသက်ရှင်နေ

http://www.dhammadownload.com



ခြင်းကို ရရှိထားခြင်းသည်လည်း ဤဘဝမှာ တရားထူးတရားမြတ်များ ရရှိဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

၃။ အလွန်ခဲယဉ်းသော သူတော်ကောင်းတရားတို့ကို နာကြားရခြင်း -

ဒါနတရား၊ သီလတရား၊ သမထတရားဟူသော သူတော်ကောင်းတရားတို့ကို နာကြားဖို့ရာမှာ အလွန်မခဲယဉ်းလှပေ။ ဘုရားမပွင့်သော သာသနာပအခါမှာ လူဖြစ်ခဲ့ရသည့် အတိတ်ဘဝများ၌လည်း ဒါနတရား၊ သီလတရား၊ သမထတရားတို့ကို နာကြားခဲ့ဖူးကြပေသည်။ သတိပဋ္ဌာန်ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို သာသနာပအခါ၌ လုံးဝမနာကြားကြရပေ။ သို့ဖြစ်၍ သတိပဋ္ဌာန်ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို နာကြားဖို့ရာမှာ အလွန်ပင် ခဲယဉ်းလှပေသည်။

ဘုရားပွင့်တော်မူသော သာသနာတွင်းအခါပင် ဖြစ်ပါသော်လည်း သတိပဋ္ဌာန်ဝိပဿနာတရား မထွန်းကားသည့် ဒါနခေတ်၊ သီလခေတ်အခါများ၌ ဒါနတရား၊ သီလတရားမျှကိုသာ နာကြားခဲ့ကြရပေသည်။ မဂ်ရောက်ဖိုလ်ရောက် သတိပဋ္ဌာန်ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို နာကြားဖို့ရာမှာ အလွန်ပင် ခဲယဉ်းလှပေသည်။

ယခုအချိန်အခါ မိမိတို့ နာကြားနေရသည်မှာလည်း အကြောင်းအဆက်ဆက်တို့နှင့် ပြည့်စုံနေ၍သာ နာကြားနေရခြင်း ဖြစ်ပေသည်။ အအေးအပူမျှတသည့် မြန်မာပြည်ကဲ့သို့ သင့်တော်သော အရပ်ဒေသ၌ နေထိုင်ရခြင်း၊ သင့်တော်သော အစာအာဟာရများကို ရရှိမှီဝဲသုံးဆောင်ရခြင်းတို့ကြောင့် အသင့်အတင့် ကျန်းမာခြင်းတို့နှင့် ပြည့်စုံနေကြရပေသည်။ ခန္ဓာကိုယ်ကျန်းမာခြင်းကြောင့် စိတ်တည်ငြိမ်မှု သမာဓိနှင့်လည်း ပြည့်စုံကြရပေသည်။ စိတ်တည်ငြိမ်မှု သမာဓိရှိသောကြောင့် ဉာဏ်ပညာနှင့်လည်း ပြည့်စုံကြရပေသည်။ ဉာဏ်ပညာနှင့်ပြည့်စုံသောကြောင့် ရုပ်နာမ်ဓမ္မတို့ကို ထိုးထွင်း၍သိနိုင်သော အလွန်သိမ်မွေ့နက်နဲသည့် သတိပဋ္ဌာန်ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို နာကြားနိုင် အားထုတ်နိုင်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ထိုသို့နာကြားနိုင်သည့် အကြောင်းအဆက်ဆက်တို့နှင့် ပြည့်စုံဖို့ရာမှာလည်း အလွန်ပင် ခဲယဉ်းလှပေသည်။ ဤကဲ့သို့ နာကြားဖို့ရာ အလွန်ခဲယဉ်းသော သတိပဋ္ဌာန်ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို နာကြားရခြင်းသည်လည်း ယခုဘဝမှာ တရားထူးတရားမြတ်များ ရရှိဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

၄။ အလွန်ခဲယဉ်းသော မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ သာသနာတော်နှင့် တွေ့ကြုံနေရခြင်း -

မြတ်စွာဘုရား အဆုံးအမသာသနာတော်သည် ဘုရားပွင့်သည့်အခါမှသာ ရှိပေသည်။ ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ရာမှာလည်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း စသည်ဖြင့် ကမ္ဘာအသင်္ချေနှင့်အမျှ အသက်နှင့်ခန္ဓာ မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်ကြပေသည်။ ပါရမီပြည့်လာသောအခါမှ ဘုရားပွင့်တော်မူလာပေသည်။ ဘုရားပွင့်တော်မူလာမှသာ သာသနာရှိလာပေသည်။ သာသနာရှိသောကမ္ဘာနှင့် သာသနာမရှိသော ကမ္ဘာတို့တွင် သာသနာမရှိသောကမ္ဘာက များလှပေသည်။ သို့ဖြစ်၍ ဘုရားပွင့်တော်မူလာသောအခါ သာသနာနှင့် တွေ့ကြုံဖို့ရာမှာလည်း အလွန်ပင် ခဲယဉ်းလှပေသည်။ ဤကဲ့သို့ တွေ့ကြုံဖို့ရာ ခဲယဉ်းလှသော သာသနာတော်ကြီးနှင့် တွေ့ကြုံနေရခြင်းသည်လည်း ယခုဘဝမှာ တရားထူးတရားမြတ် ရရှိဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

ဘုရားပွင့်တော်မူလာသောအခါ မြတ်စွာဘုရား အဆုံးအမသာသနာကို အဋ္ဌကထာဆရာများက ဗုဒ္ဓုပ္ပါဒနဝမခဏဟူ၍ ဖွင့်ပြကြပေသည်။ ဗုဒ္ဓုပ္ပါဒနဝမခဏ၌ ဗုဒ္ဓက မြတ်စွာဘုရား။ ဥပ္ပါဒက ပွင့်တော်မူလာသော၊ နဝမက ကိုးခုမြောက်၊ ခဏက တရားထူးတရားမြတ်ရဖို့ရာ အခွင့်ကောင်းအခွင့်သာ သာသနာတော်ကြီးဟု ဖွင့်ပြကြပေသည်။

http://www.dhammadownload.com



ဗုဒ္ဓုပ္ပါဒနဝမခဏ မကောင်းသော အခွင့်အခါဆိုးကြီး ရှစ်မျိုးကို လွန်မြောက်၍ ဘုရားပွင့်တော်မူလာသည့် ကိုးခုမြောက် တရားထူးတရားမြတ်များ ရရှိဖို့ရာ အခွင့်ကောင်းအခွင့်သာ သာသနာတော်ကြီးဟူ၍ အဓိပ္ပါယ်ရပေသည်။ ဤသာသနာတော်ကြီး ရှိနေသည့်အခိုက်အတန့်မှာ မိမိတို့ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ ရရှိနိုင်သည်ဟု ဆိုလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

သာသနာတော်ကြီးတည်းဟူသော ကိုးခုမြောက် အခွင့်ကောင်း အခွင့်သာ၏ အောက်၌ရှိနေသော အခွင့်အခါရှစ်မျိုးကို အက္ခဏ=အခွင့်ဆိုး အခါဆိုးကြီးများဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) နိရယ ဥပပန္န =ငရဲဘုံ ငရဲဘဝ၌ ဖြစ်နေရသည့်အခါ၊

(၂) တိရစ္ဆာနယောနိ =တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝ၌ ဖြစ်နေရသည့်အခါ၊

(၃) ပေတ္တိဝိသယ ဥပပန္န =ပြိတ္တာဘုံ ပြိတ္တာဘဝ၌ ဖြစ်နေရသည့်အခါ၊

(၄) အသညဒေဝနိကာယ=ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ်ဘုံဘဝ၌ ဖြစ်နေရသောအခါ၊

(၅) ပစ္စန္တိမဇာတ =ပစ္စန္တရာဇ်အရပ်၌ လူဖြစ်ရသောအခါ၊

(၆) မိစ္ဆာဒိဋ္ဌိက =မိစ္ဆာဒိဋ္ဌိ ဖြစ်ရသောအခါ၊

(၇) ဠေမူဂ =ဆွံ့အချို့တဲ့ ပညာမဲ့သူ ဖြစ်ရသောအခါ၊

(၈) ဗုဒ္ဓနုပ္ပန္န =ဘုရားမပွင့်၍ သာသနာပမှာ လူဖြစ်ရသောအခါဟူသော ဤအခွင့်ဆိုးအခါဆိုးကြီး ရှစ်မျိုးထဲသို့ ရောက်နေကြသူတို့သည် တရားထူးတရားမြတ်များ မရနိုင်ကြပေ။ အပါယ်တံခါး မပိတ်သေးသောသူတို့ ဖြစ်ကြရပေသည်။ ဤအခွင့်ဆိုးအခါဆိုးကြီး ရှစ်မျိုးကို လွန်မြောက်၍ ဘုရားပွင့်သောအခါ ကိုးခုမြောက် အခွင့်ကောင်းအခွင့်သာ သာသနာတော်ကြီးနှင့် တွေ့ကြုံဖို့ရာမှာလည်း အလွန်ပင် ခဲယဉ်းလှပေသည်။

http://www.dhammadownload.com



- ယခုအချိန်အခါ မိမိတို့ ရရှိထားသော လူ့ဘဝသည် အလွန်ခဲယဉ်းသော လူ့အဖြစ်ကို ရရှိထားခြင်းတည်းဟူသောအကြောင်း။
- အလွန်ရှင်နိုင်ခဲသော အသက်ရှင်နေခြင်းကို ရထားခြင်းတည်းဟူသောအကြောင်း။
- အလွန်ကြားနာရခဲသော သတိပဋ္ဌာန်ဝိပဿနာ သူတော်ကောင်းတရားတို့ကို နာကြားနေရခြင်းတည်းဟူသောအကြောင်း။
- အလွန်တွေ့ကြုံနိုင်ခဲသော သာသနာတော်ကြီးနှင့် တွေ့ကြုံနေရခြင်းတည်းဟူသောအကြောင်း။ ဤအကြောင်းလေးပါးတို့ကို ရရှိထားသော လူ့ဘဝ ဖြစ်ပေသည်။

ဤအကြောင်းလေးဖြာ ရရှိထားသော ဤလူ့ဘဝ၌ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်ကြပြီး တရားထူးတရားမြတ်များ ရရှိကြမည် ဖြစ်ပေသည်။ အပါယ်တံခါး ပိတ်သွားကြရမည် ဖြစ်ပေသည်။

သစ္စာမွေ့ရုံးဆိုရိုးသာသနာရာဧတော်

http://www.dhammadownload.com

# သစ္စမွရံသီရိပ်သာဆရာတော်၏ ဩဝါဒကထာ

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် အကြီးအကဲဖြစ်သူများ၏ နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ အကြီးအကဲဖြစ်သူများ၏ နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြပါလျှင် မိမိတို့အတွက်လည်း ဆောင်ရွက်သမျှ ကုသိုလ်အကျိုးတရားများ တိုးပွားရရှိကြမည် ဖြစ်ပေသည်။ အတူတကွ ဆောင်ရွက်ကြသော အဖွဲ့သူအဖွဲ့သားများလည်း ကုသိုလ်အကျိုးတရားများ တိုးပွားရရှိကြမည် ဖြစ်ပေသည်။ မိမိတို့ရိပ်သာသို့ လာရောက်၍ ဝိပဿနာ တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်များလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် အားထုတ်ကြရသည်ဖြစ်၍ တရားမြန်မြန်ရကြမည် ဖြစ်ပေသည်။ မိမိတို့ရိပ်သာသို့ လာရောက်လှူဒါန်းကြသော ပုဂ္ဂိုလ်တို့သည်လည်း စိတ်ချမ်းသာကိုယ်ချမ်းသာဖြင့် လှူဒါန်းကြရသည်ဖြစ်၍ သဒ္ဓါတရား ထက်သန်ကာ အကျိုးများကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံအောင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

နာယကဂုဏ်(၆)ပါးမှာ -

၁။ ခမာ = သည်းခံခြင်း။

၂။ ဇာဂရိယ = နိုးကြားခြင်း။

http://www.dhammadownload.com



၃။ ဥဋ္ဌာန = ထကြွလုံ့လရှိခြင်း။
၄။ သံဝိဘာဂ = ခွဲခြမ်းဝေဖန်ခြင်း။
၅။ ဒယာ = သနားကြင်နာခြင်း။
၆။ ဣက္ခဏာ = အရာရာ၌ ဉာဏ်မြင့်ဆင်ခြင် ရှုကြည့်ခြင်းဟူသော (၆)ပါးပင် ဖြစ်ပေသည်။

၁။ ခမာ = သည်းခံခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ရိပ်သာအတွက် မည်သည့်အရာတွင်မဆို သည်းခံနိုင်ကြရမည် ဖြစ်ပေသည်။ "သည်းခံခြင်းသည် အမြတ်ဆုံး အကျင့်တရားဖြစ်သည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်ကို နှလုံးသွင်း၍ မသိမလိမ္မာသူများနှင့် ငယ်ရွယ်သူများက မကောင်းသော ကိုယ်အမှုအရာ နှုတ်အမှုအရာတို့ဖြင့် ပြောဆိုဆက်ဆံလာသည်ကိုပင် သည်းခံ၍ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။ ပြောဆိုဖွယ် ပြုလုပ်ဖွယ် ကိစ္စများရှိပါသော်လည်း အချိန်ကာလမသင့်သေးပါက သည်းခံ၍ အချိန်ကာလကို စောင့်ဆိုင်းကြရမည် ဖြစ်ပေသည်။ အခိုက်အတန့်အားလျော်စွာ မိမိတို့အတွက် ရရှိသော နေရာထိုင်ခင်း၊ စားဖွယ်သောက်ဖွယ်များ မပြည့်စုံခြင်းကိုလည်း သည်းခံကြရမည် ဖြစ်ပေသည်။ သည်းခံခြင်းသည် ရဟန်းတော်များနှင့် သာသနာတော် တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များအတွက် အကြီးဆုံးသော အင်အားတစ်ခုဖြစ်သည်ဟု နှလုံးသွင်းကာ "အရာရာတွင် သည်းခံကြရမည်"ဟု ဆိုလိုရင်း ဖြစ်ပေသည်။

သည်းခံတတ်သော ပုဂ္ဂိုလ်တို့သည် အကျိုးငါးမျိုး ရရှိနိုင်ကြပေသည်။

၁။ သူတစ်ပါးတို့ ချစ်ခင်ကြခြင်း။
၂။ ရန်သူရန်ဘက်များ မရှိခြင်း။
၃။ (ပြဿနာ) အပြစ်နည်းပါးခြင်း။

http://www.dhammadownload.com



၄။ ကောင်းသောအာရုံတို့ကို မြင်၍ မတွေ့မဝေသေရခြင်း။
၅။ သေပြီးသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ရခြင်းဟူသော ဤအကျိုးငါးမျိုးကို ရရှိနိုင်ပေသည်။

ဆောင်ပုဒ် ။ ။ ချစ်ခင်ရန်ရှင်း။ အပြစ်ကင်းကွာ၊ မတွေ့ပါ၊ သေခါနတ်ပြည် ရောက်ရသည်။

၂။ ဇာဂရိယ = နိုးကြားခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ရိပ်သာ၏ ကိစ္စဟူသမျှတို့၌ နိုးနိုးကြားကြားရှိ၍ မိမိတို့က ရှေ့သွားပြုလျက် အခြားသော ပုဂ္ဂိုလ်များကို နှိုးဆော်ကာ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ အရာရာတွင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မရှိကြပါဘဲ ရိပ်သာတိုးတက်ရေးနှင့် မိမိတို့ ကုသိုလ်ရရှိရေးတို့အတွက် အရာရာတွင် နိုးနိုးကြားကြား တက်တက်ကြွကြွ ရှိကြရမည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၃။ ဥဋ္ဌာန = ထကြွလုံ့လရှိခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ရိပ်သာ၏ ကိစ္စဟူသမျှတို့၌ ပျင်းရိဖင့်နွဲ့မှုမရှိပါဘဲ တက်ကြွသော လုံ့လဝီရိယတို့ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ရိပ်သာ၌ လုပ်ကိုင်ဖွယ်ကိစ္စရှိလျှင် မိမိကိုယ်တိုင် လုပ်ကိုင်နိုင်သော ကိစ္စများကို ကိုယ်တိုင်ပြီးအောင် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ကိုယ်တိုင်မလုပ်နိုင်သော ကိစ္စများကို လုပ်ကိုင်နိုင်သော ပုဂ္ဂိုလ်တို့အား တိုက်တွန်းအားပေး၍ လုပ်ကိုင်ဆောင်ရွက်စေရမည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၄။ သံဝိဘာဂ = ခွဲခြမ်းဝေဖန်ခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ရိပ်သာ၏ ကိစ္စဟူသမျှတို့၌ သင့်တော်အောင် ခွဲခြမ်းဝေဖန်၍

http://www.dhammadownload.com



ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ဆွမ်းကွမ်းကိစ္စများ၌ ကျွမ်းကျင်သူများကို ဆွမ်းကွမ်းကိစ္စများ၌ ဆောင်ရွက်စေရမည်။ အဆောက်အအုံကိစ္စများ၌ ကျွမ်းကျင်သူများကို အဆောက်အအုံကိစ္စများ၌ ဆောင်ရွက်စေရမည်။ စာရင်းအင်းကိစ္စများ၌ ကျွမ်းကျင်သူများကို စာရင်းအင်းကိစ္စများ၌ ဆောင်ရွက်စေရမည်။ ပစ္စည်းအသုံးအဆောင် ဝယ်ယူခြင်းကိစ္စများ၌ ကျွမ်းကျင်သူများကို ပစ္စည်းအသုံးအဆောင် ဝယ်ယူခြင်းကိစ္စများ၌ ဆောင်ရွက်စေရမည်။ ဤကဲ့သို့ ကျွမ်းကျင်သူတို့ကို ခွဲခြမ်းဝေဖန်၍ ဆောင်ရွက်စေရမည် ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၅။ ဒယာ = သနားကြင်နာခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ရိပ်သာ၏ ကိစ္စဟူသမျှတို့ကို ဆောင်ရွက်ကြရာတွင် တစ်ဦးအပေါ် တစ်ဦး သနားကြင်နာသောစိတ် ရှိကြရမည် ဖြစ်ပေသည်။ အထူးသဖြင့် ငယ်ရွယ်သူ၊ အသက်အရွယ်ကြီးသူများနှင့် မရှိနွမ်းပါး ဆင်းရဲသူများအပေါ်၌ သနားကြင်နာသောစိတ် ရှိကြရမည် ဖြစ်ပေသည်။ မိမိတို့ရိပ်သာသို့ ဆင်းရဲနွမ်းပါးသူများ လာရောက်၍ အားထုတ်ကြသောအခါ သနားကြင်နာစွာဖြင့် ထောက်ပံ့ကူညီကြရမည် ဖြစ်ပေသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။

၆။ ဣက္ခဏာ = အရာရာ၌ ဉာဏ်ဖြင့်ဆင်ခြင်ရှုကြည့်ခြင်းဟူသည် -

အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် မိမိတို့၏ရိပ်သာ တိုးတက်ရာတိုးတက်ကြောင်း ဆုတ်ယုတ်ရာဆုတ်ယုတ်ကြောင်းတို့ကို အမြဲတမ်း ဉာဏ်ဖြင့်ရှုကြည့်ဆင်ခြင်ကြရမည် ဖြစ်ပေသည်။ ရိပ်သာ ဆုတ်ယုတ်သွားမည့်အကြောင်းများကို မြင်ခဲ့သော် ကြိုတင်၍ ပြုပြင်ကြရမည်၊ ကာကွယ်ကြရမည် ဖြစ်ပေသည်။ တိုးတက်ရာတိုးတက်ကြောင်းတို့ကို မြင်ခဲ့သော် မိမိတို့ စွမ်းအားရှိသလောက် ဖြစ်မြောက်အောင် ဆောင်ရွက်ကြရမည်ဟု ဆိုလိုရင်းဖြစ်သည်။

http://www.dhammadownload.com



အမှုဆောင်လူကြီးများနှင့်တကွ ဝေယျာဝစ္စ အဖွဲ့သူအဖွဲ့သားတို့သည် ဤနာယကဂုဏ်(၆)ပါးတို့နှင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# ကံအကြောင်း သိကောင်းစရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကံကို အထူးယုံကြည်အား ကိုးကြပေသည်။ ယုံကြည်အားကိုးနေကြသည့် ကုသိုလ်ကံများမှာ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်အပ်သော ကုသိုလ်ကံနှင့် လွန်ခဲ့ပြီးသော အတိတ်ဘဝများက ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကံဟူ၍ (၂)မျိုးရှိပေသည်။ ထိုကုသိုလ်ကံ(၂)မျိုးတို့တွင် အတိတ်ဘဝများက ပြုလုပ်ခဲ့ဖူးသော ကုသိုလ် ကံများထက် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ရသော ကုသိုလ်ကံ ကို ယုံကြည်အားကိုးခြင်းက ပို၍ အကျိုးများပေသည်။

လွန်ခဲ့ပြီးသော အတိတ်ဘဝများက ပြုလုပ်ခဲ့သော ကုသိုလ်ကံများ ကို မမြင်နိုင်ကြတော့ပေ။ ဘယ်အချိန်မှာ အကျိုးပေးမည်ဟူ၍လည်း မသိ နိုင်ကြပေ။ မိမိတို့အလိုရှိတဲ့အချိန်မှာ အကျိုးပေးရအောင် ပြုပြင်ဖန်တီး၍ လည်း မရနိုင်ကြပေ။ သို့ဖြစ်၍ အတိတ်ဘဝများက ပြုလုပ်ခဲ့ဖူးသော ကုသိုလ်ကံများ၏ အကျိုးပေးများကို မျှော်လင့်တောင့်တကာ ယုံကြည် အားကိုးနေခြင်းသည် ယခုမျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ကုသိုလ်ကံများ ပြုလုပ် ဖို့ရာ လုံ့လဝီရိယကို လျော့နည်းစေသည်။ ပြုလုပ်ရမည့် အချိန်ကောင်း များကိုလည်း ကုန်လွန်စေလေသည်။ သို့ဖြစ်၍ အတိတ်ဘဝများက ပြုလုပ် ခဲ့ဖူးသော ကုသိုလ်ကံများ၏ အကျိုးပေးများကို မျှော်လင့်တောင့်တကာ ယုံကြည်အားကိုးနေခြင်းသည် အကျိုးမများပေ၊ ဆုတ်ယုတ်ဖွယ်ရာ ရှိပေ သည်။

http://www.dhammadownload.com



ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ဖြင့် ပြုလုပ်အပ်သော ကုသိုလ်ကံများကို မိမိတို့ကိုယ်တိုင် တွေ့သိကြရပေသည်။ အကျိုးပေး ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ဖန်တီးလို့ ရကြပေသည်။ အချိန်ကာလအားလျော်စွာ ကောင်းကျိုးများ ပေးမည်မှာလည်း ကေန်မုချ ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ပြုလုပ်ရမည့် ကုသိုလ်ကံများကိုသာ ပို၍ ယုံကြည်အားကိုးကာ ပြုရမည်သင့်ကြပေသည်။

ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ဒါနစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သောအခါ ကုသိုလ်ဇောစိတ်တို့သည် များသောအားဖြင့် (၇)ကြိမ် ဖြစ်ကြပေသည်။ ထိုဇောစိတ်များနှင့် ကုသိုလ်စေတနာတို့လည်း အတူတကွ ဖြစ်ကြပေသည်။ ကုသိုလ်စေတနာများကို (ကမ္မ)ကံဟု ခေါ်ကြရပါသည်။ ထိုကံတို့သည် အကျိုးပေးရာတွင် အချိန်ကာလအားဖြင့် (၄)မျိုးကွဲပြား၍ အကျိုးပေးကြပါသည်။

၁။ ပထမဇော ကုသိုလ်စေတနာကံသည် ယခုဘဝမှာပင် အကျိုးပေးပါသည်။
၂။ သတ္တမဇော ကုသိုလ်စေတနာကံသည် ဒုတိယဘဝမှာ အကျိုးပေးပါသည်။
၃။ အလယ်ဇော ၅-ခု ကုသိုလ်စေတနာကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေးပါသည်။
၄။ အကျိုးပေးခြင်းမရှိသော အဟောသိကံဟူ၍ (၄)မျိုးကွဲပြားကာ အကျိုးပေးပါသည်။

၁။ ပထမဇော ကုသိုလ်စေတနာကံသည် ဇော(၇)ကြိမ်တို့တွင် ရှေးဦးစွာဖြစ်ရ၍ အားနည်းသောကြောင့် ယခုဘဝမှာပင် အကျိုးပေးပါသော်လည်း ကုသိုလ်ကောင်းမှုရှင်များ၏ အကျိုးခံစားရရှိခြင်းမှာ မထင်မရှားပင် ဖြစ်ပေသည်။ အကျိုးပေးတာတော့ အမှန်ပင် ဖြစ်ပေသည်။ ပထမဇော ကုသိုလ်စေတနာကံသည် ကုသိုလ်ကောင်း

http://www.dhammadownload.com



မှုရှင် ဒေါအန္တရာယ်မှ လွတ်ကင်းသွားရအောင်၊ ကုသိုလ်ကောင်းမှု ရှင် ပြုလုပ်လိုသော အလုပ်ကိစ္စများ လွယ်လွယ်ကူကူနှင့် ပြီးမြောက် သွားရအောင်၊ ကုသိုလ်ကောင်းမှုရှင် အလိုရှိသော အကျိုးများ အချိန် မီ လွယ်လွယ်ကူကူနှင့် ရရှိသွားအောင် မထင်မရှား အကျိုးပေးပါ သည်။

သို့ပါသော်လည်း အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော ပဌမဇော ကုသိုလ် စေတနာကဲဖြစ်ပါက ယခုမျက်မှောက်ဘဝ၌ ထင်ထင်ရှားရှား အကျိုးပေး ပါသည်။

(က) အလှူခံပုဂ္ဂိုလ်ကလည်း မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်ခြင်း။
(ခ) အချိန်ကာလကလည်း ဖြူစင်သော အချိန်ကာလဖြစ်ခြင်း။
(ဂ) လှူဖွယ်ပစ္စည်းကလည်း တရားသဖြင့် ရှာဖွေလို့ရသော လှူ ဖွယ်ပစ္စည်းဖြစ်ခြင်း။
(ဃ) စေတနာကလည်း ထက်သန်ရှင်လန်းခြင်း။

ဤအင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော ပဌမဇော ကုသိုလ်စေတနာကံသည် ယခုဘဝမှာပင် ဆင်းရဲသားဘဝမှ သူဌေးကြီးဘဝရောက်အောင် အကျိုးပေး ပါသည်။

၂။ သတ္တမဇော ကုသိုလ်စေတနာကံသည် ဇော(၇)ကြိမ်တို့တွင် နောက် ဆုံးဖြစ်၍ အားနည်းသောကြောင့် တတိယဘဝ၊ စတုတ္ထဘဝ စသည် တို့၌ အကျိုးမပေးနိုင်၊ ဒုတိယဘဝ၌သာ အကျိုးပေးနိုင်သည်။

၃။ အလယ်ဇော(၅)ခု ကုသိုလ်စေတနာကံသည် ရှေ့ရှေ့သော ဇောများ မှ (အနန္တရပစ္စည်း) အစွမ်းသတ္တိများကို ရရှိကြသည်ဖြစ်၍ အားရှိ သောကြောင့် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည်အထိ အကျိုး ပေးနိုင်ကြပေသည်။

http://www.dhammadownload.com



၄။ အကျိုးပေးခြင်းမရှိသော အဟောသိကံဟူသည် -

ပထမဇော ကုသိုလ်စေတနာကံသည် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့်မရရှိခဲ့သော် နောင်ဘဝများအတွက် အကျိုးမပေးနိုင်တော့ပေ။ အကျိုးပေးခြင်းမရှိသော အဟောသိကံ ဖြစ်သွားရပေသည်။

သတ္တမဇော ကုသိုလ်စေတနာကံသည် ဒုတိယဘဝ၌ အကျိုးပေးခွင့် မရရှိခဲ့သော် တတိယဘဝ၊ စတုတ္ထဘဝ စသည်တို့၌ အကျိုးမပေးနိုင်တော့ပေ။ အကျိုးပေးခြင်းမရှိသော အဟောသိကံ ဖြစ်သွားရပေသည်။

မရေတွက်နိုင်သော အတိတ်ဘဝပေါင်းများစွာက ပြုလုပ်ခဲ့မိသော အပါယ်သို့ကျရောက်စေနိုင်သည့် အကုသိုလ်ကံဟူသမျှတို့သည် ဝိပဿနာတရားအားထုတ်၍ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားသောအခါ အကျိုးပေးခွင့် မရကြတော့ပေ။ အကျိုးပေးခြင်းမရှိသော အဟောသိကံများ ဖြစ်သွားကြရပေသည်။

မရေတွက်နိုင်သော အတိတ်ဘဝပေါင်းများစွာက ပြုလုပ်ခဲ့ဖူးသော အလယ်ဇော(၅)ခု ကုသိုလ်ကံနှင့်အကုသိုလ်ကံတို့သည် ဝိပဿနာတရားအားထုတ်၍ ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားသောအခါ ကောင်းကျိုး မကောင်းကျိုးတို့ကို မပေးနိုင်ကြတော့ပေ။ အကျိုးပေးခြင်းမရှိသော အဟောသိကံများ ဖြစ်သွားကြရပေသည်။

ပထမဇော ကုသိုလ်စေတနာကံက မျက်မှောက်မှာ အကျိုးပေးပုံ၊ သတ္တမဇော ကုသိုလ်စေတနာကံက ဒုတိယဘဝမှာ အကျိုးပေးပုံ၊ အလယ်ဇော ကုသိုလ်စေတနာကံ(၅)ခုက တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေးပုံ၊ အကျိုးပေးခြင်းမရှိသော အဟောသိကံများဖြစ်ပုံတို့ကို အရှင်အနုရုဒ္ဓအလောင်း အန္နဘာရ၏ ဆွမ်းအလှူဖြင့် ထင်ရှားစွာ သိနိုင်ကြပေသည်။

http://www.dhammadownload.com



အရှင်အနုရုဒ္ဓအလောင်းသည် ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားနှစ်ဆူတို့၏အကြား တစ်ခုသောဘဝ၌ သုမနသူဌေးအိမ်မှာ ခိုကပ်၍ နေရသော မြက်ထမ်းသမားဆင်းရဲသား ဖြစ်ရလေသည်။ သူ့ကို (အန္နဘာရ)ဟု ခေါ်ကြပေသည်။

အန္နဘာရသည် တစ်နေ့သောအခါ တောအရပ်မှ မြက်ထုံးထမ်း၍ ပြန်လာ၏။ လမ်းတွင် နိရောဓသမာပတ်မှထကာ ဆွမ်းခံကြွလာသော ဥပရိဋ္ဌအမည်ရှိသော ပစ္စေကဗုဒ္ဓကို ဖူးတွေ့ရ၍ ဆွမ်းတစ်နပ်စာ လှူဒါန်းလိုက်လေ၏။ လှူဒါန်းပြီးသောအခါ နောင်ဖြစ်လေရာ ဘဝတိုင်းတို့၌ ဆင်းရဲသား မဖြစ်ရပါလို၏၊ မရှိဟူသောစကားကို မကြားရ မသိရပါလို၏ ဘုရားဟူ၍ ဆုတောင်းလေ၏။

အန္နဘာရ ဆွမ်းလှူကာ ဆုတောင်းသောအသံကို ကြားသိ၍ သုမနသူဌေးအိမ်မှနတ်၏ သာဓုခေါ်သံကြောင့် အန္နဘာရဆင်းရဲသား၏ အကျိုးကြီးသော ဆွမ်းအလှူကို သုမနသူဌေး သိသွားလေ၏။ ထို့ကြောင့် အန္နဘာရ၏ ဆွမ်းအလှူကို တစ်ကျပ်မှစ၍ တစ်ထောင်ထိအောင်ပေးကာ ဝယ်လေ၏။ အန္နဘာရက "မရောင်းနိုင်"ဟု ပြောလေ၏။ သုမနသူဌေးက "မရောင်းနိုင်လျှင် အမျှဝေပါ"ဟု ဆိုသဖြင့် အန္နဘာရက အမျှပေးဝေလေ၏။ သုမနသူဌေးက ငွေတစ်ထောင်ပေး၍ "အန္နဘာရ ဒီနေ့ကစ၍ ဘာအလုပ်မှ မလုပ်ပါနှင့်တော့၊ သင့်အတွက် အကျွန်ုပ် အားလုံးပေးမည်" ဟု ပြောကြားလေသည်။

သုမနသူဌေးသည် အန္နဘာရကို မင်းကြီးထံသို့လည်း ခေါ်သွားလေ၏။ မင်းကြီးကလည်း အန္နဘာရဆွမ်းအလှူအကြောင်းကို ကြားရသဖြင့် ငွေတစ်ထောင်ပေးလေ၏။ ထို့နောက် မင်းကြီးက အန္နဘာရအတွက် အိမ်ဆောက်ဖို့ မြေနေရာကို ရှင်းလင်းခိုင်းလေသည်။ မြေနေရာကို ရှင်းလင်းရာ၌ ရွှေအိုးများ ထွက်ပေါ်လာ၏။ ရွှေအိုးတို့ကို မင်းကြီးယူ၍မရ၊ အန္နဘာရကို ပေးရလေ၏။ အန္နဘာရအား သူဌေးကြီးဘွဲ့ထူးကိုလည်း ပေးလိုက်လေ၏။

http://www.dhammadownload.com



အနန္တာရသည် တစ်သက်ပတ်လုံး ကောင်းမှုကုသိုလ်များကို ပြု လုပ်ကာ သက်တမ်းကို ကုန်လွန်စေ၏။ ကွယ်လွန်သောအခါ လူ့ပြည် ထက် အဆပေါင်းများစွာ ချမ်းသာသည့် နတ်ပြည်၌ ဖြစ်ရလေ၏။ စည်းစိမ် ဥစ္စာများ ကြွယ်ဝချမ်းသာသော လူ့ပြည် နတ်ပြည်တို့၌ အကြိမ်ကြိမ်ဖြစ်ရ လေ၏။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်လာသောအခါ မရှိဟူသော စကားကိုမသိ၊ ထမင်းချက်သည့်နေရာကိုပင် မသိအောင် ကြွယ်ဝချမ်းသာသော (ဓောတောနေ) မင်းကြီး၏ အငယ်ဆုံးသား ဖြစ်ရ လေ၏။ "အနုရုဒ္ဓ"ဟု အမည်ပေးကြလေသည်။ အရွယ်ရောက်လာသော အခါ သာသနာ့ဘောင်ဝင်၍ ရှင်ရဟန်းပြုကာ တရားအားထုတ်လေ၏။ ဒိဗ္ဗ စက္ခုအဘိညာဉ်အရာ၌ အထူးမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကိုရရှိကာ ရဟန္တာ ဖြစ်၍ နိဗ္ဗာန်သို့ စံဝင်သွားရလေသည်။

အရှင်အနုရုဒ္ဓအလောင်း အနန္တာရဆင်းရဲသားဘဝက ဆွမ်းအလှူ သည် -

(က) ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓ ရဟန္တာဖြစ်ခြင်း။
(ခ) နိရောဓသမာပတ်မှထ၍ ဖြူစင်ကြယ်သော အချိန်ကာလဖြစ် ခြင်း။
(ဂ) မြက်ထမ်း၍ တရားသဖြင့်ရသော တစ်နပ်စာ ဆွမ်းလှူဖွယ် ပစ္စည်းဖြစ်ခြင်း။
(ဃ) အနန္တာရ၏ စေတနာထက်သန် ရှင်လန်းခြင်း -
ဤအင်္ဂါ(၄)ပါးနှင့် ပြည့်စုံသော ဆွမ်းအလှူ ဖြစ်ပေသည်။

ထို့ကြောင့် -

(၁) ပဌမဇော ကုသိုလ်စေတနာကံက ယခုမျက်မှောက်ဘဝ၌ပင် အနန္တ ာရဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်အောင် အကျိုးပေးလိုက်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



(၂) အနုဘာရ လှူပြည့်မှ ကွယ်လွန်သွားသောအခါ လှူပြည့်ထက် အဆပေါင်းများစွာ ကြွယ်ဝချမ်းသာသော နတ်ပြည်၌ ဖြစ်ရခြင်းသည် အနုဘာရဆွမ်းအလှူ သတ္တမဇော ကုသိုလ်စေတနာကံက ဒုတိယဘဝမှာ အကျိုးပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

(၃) မရှိဟူသောစကားကို မကြားမသိရခြင်း။ ထမင်းချက်သည့် နေရာကိုပင် မသိအောင် ကြွယ်ဝချမ်းသာခြင်းအကျိုး။ ဒိဗ္ဗစက္ခုအဘိညာဉ်အရာမှာ အတော်ဆုံးအမြတ်ဆုံး တောဒဂ်ရ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ နိဗ္ဗာန်သို့ စံဝင်ရသည့်အထိ ရရှိသောအကျိုးတို့သည် အနုဘာရဘဝနှင့် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါမှစ၍ ဘဝါဘဝတို့၌ ပြုလုပ်ခဲ့သော အလယ်ဇော(၅)ခု ကုသိုလ်စေတနာကံများက အကျိုးပေးခြင်းပင် ဖြစ်ပေသည်။

(၄) အကျိုးပေးခွင့်မရကြသော ပထမဇော ကုသိုလ်စေတနာကံ၊ သတ္တမဇော ကုသိုလ်စေတနာကံ၊ အလယ်ဇော(၅)ခု ကုသိုလ်စေတနာကံတို့သည် အဟောသိကံများ ဖြစ်သွားကြရပေသည်။

သို့ဖြစ်၍ ဒါနကုသိုလ်ကောင်းမှုကို ပြုလုပ်သောအခါ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့ကို မရနိုင်ပြားသော်လည်း -

(က) သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ကို ရအောင်ရှာဖွေ၍ လှူဒါန်းကြရပေသည်။
(ခ) အမှတ်သတိဖြင့်နေ၍ လောဘ၊ ဒေါသ၊ မောဟ စသည့် ကိလေသာကင်းစင်နေသော အချိန်ကာလကို ရွေးချယ်ကာ လှူဒါန်းကြရပေသည်။
(ဂ) တရားသဖြင့် ရှာဖွေ၍ ရရှိသော ပစ္စည်းများကိုသာ လှူဒါန်းကြရပေသည်။
(ဃ) စေတနာထက်သန်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြရပေသည်။

http://www.dhammadownload.com



ဤအင်္ဂါ(၄)ပါးနှင့်ပြည့်စုံအောင် လှူဒါန်းသော ဒါနကုသိုလ်ကံသည် ယခုမျက်မှောက်ဘဝမှာပင် ပထမဇောစေတနာကံက အကျိုးပေးမည် ဖြစ်ပေသည်။ သတ္တမဇောစေတနာကံက ဒုတိယဘဝ၌ လူပြည်၊ နတ်ပြည် (၆)ထပ်တို့၌ ဖြစ်ရအောင် အကျိုးပေးမည် ဖြစ်ပေသည်။ အလယ်ဇော(၅)ခု စေတနာကံက တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေးမည် ဖြစ်ပေသည်။ အကျိုးပေးခွင့်မရကြသော စေတနာကံတို့သည် အဟောသိကံများ ဖြစ်သွားကြမည် ဖြစ်ပေသည်။

ဤကဲ့သို့ ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပြုလုပ်သော ကုသိုလ်ကံတို့သည် အကျိုးပေးရာကာလအားဖြင့် (၄)မျိုးကွဲပြား၍ ကေန်မုချ အကျိုးပေးကြသည်ဖြစ်သောကြောင့် ပစ္စုပ္ပန်ကံများကိုသာ ယုံကြည်အားကိုးကာ ဒါနစသော ကုသိုလ်ကောင်းမှုများကို ပြုသင့်ကြပေသည်။

သစ္စမွဲရုံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# အမြတ်ဆုံးလေးသွယ် ရယူဖွယ်

ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး လောကထဲ၌ ရှိနေကြသော အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် မိမိတို့အတွက် ရယူဖွယ်များကို ရယူလိုကြပေသည်။ ထိုရယူဖွယ်များမှာ အယုတ်၊ အလတ်၊ အမြတ်ဟူ၍ (၃)မျိုးရှိရာတွင် အမြတ်ဆုံးကိုသာ ရယူလိုကြပေသည်။ ရယူပိုင်ခွင့်ရှိလာသောအခါမှာလည်း အမြတ်ဆုံးကိုသာ ရွေးချယ်၍ ယူကြပေသည်။ မိမိတို့အတွက် အမြတ်ဆုံးဖြစ်သည်ဟု ထင်မြင်၍ ရယူလိုက်ပါသော်လည်း အယုတ်၊ အလတ်များ ဖြစ်နေတတ်ကြပေသည်။ သို့ဖြစ်၍ အမြတ်ဆုံးတရားလေးပါးကို သိကြားမင်းလျှောက်ထား၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ အလှူဒါနတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။
၂။ အရသာတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။
၃။ ပျော်မွေ့ဖွယ်တို့တွင် တရားဖြင့်ပျော်မွေ့ခြင်းသည် အမြတ်ဆုံးဖြစ်၏။
၄။ ချမ်းသာတို့တွင် တဏှာကုန်စင်သွားသော အရဟတ္တဖိုလ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏ဟူ၍ အမြတ်ဆုံးတရားလေးပါးကို ဟောကြားတော်မူခဲ့ပါသည်။

၁။ အလှူဒါနတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏ဟူသည် -

အကြွင်သူတို့သည် ဒါန၏ အကျိုးတရားကို မနာကြားရလျှင် ဒါနကို မပြုလုပ်နိုင်ကြပေ၊ သီလ၏ အကျိုးတရားကို မနာကြားရလျှင် သီလကို မဆောက်တည်နိုင်ကြပေ၊ သမထ ဝိပဿနာတရားတို့၏ အကျိုး

http://www.dhammadownload.com



တရားကို မနာကြားရလျှင် သမထ ဝိပဿနာတရားတို့ကို အားမထုတ်နိုင်ကြပေ။ ဒါန၊ သီလ၊ သမထ ဝိပဿနာတရားတို့ကို မပြုလုပ်၊ မဆောက်တည်၊ မပွားများ အားမထုတ်ပါက လောကချမ်းသာအမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာတို့ကို မရရှိနိုင်ကြပေ။ ထိုသူတို့အား လောကချမ်းသာအမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာတို့ကို ရရှိကြောင်းဖြစ်သော အလှူဒါန၏ အကျိုးတရားရရှိပုံ၊ သီလ၏ အကျိုးတရားရရှိပုံ၊ သမထ ဝိပဿနာတရားတို့၏ အကျိုးတရား ရရှိပုံတို့ကို ဟောကြားခြင်း ဓမ္မဒါန ပြုလုပ်ကြရပေသည်။

ထိုသို့ တရားဟောပြောပေးသဖြင့် တရားနာကြရသောသူတို့သည် အလှူဒါနလည်း ပြုလုပ်နိုင်၊ သီလကိုလည်း ဖုံးခြုံအောင် စောင့်ထိန်းနိုင်၊ သမထ ဝိပဿနာတရားတို့ကိုလည်း အချိန်ရသမျှ အားထုတ်နိုင်ကြပြီးလျှင် လောကချမ်းသာအမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာတိုင်အောင် ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်။ ထိုသို့ နိဗ္ဗာန်ချမ်းသာတိုင်အောင် ရရှိသွားနိုင်ကြသောကြောင့် တရားဟောပြောခြင်း ဓမ္မဒါနအလှူသည် အလုံးစုံသော အလှူတို့တွင် အမြတ်ဆုံးအလှူဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## ဆောင်ပုဒ် ။ ။ လုံးစုံလှူတွင်၊ တရားလှူင်၊ မှန်ပင်မြတ်ဆုံးဖြစ်ပေသည်။

တရားဟောပြောခြင်း ဓမ္မဒါနအလှူဆိုသည်မှာ ပရိသတ် ရာထောင်စသည်များစွာရှိသော တရားပွဲကြီးများ၌ တရားဟောမှသာ တရားဟောခြင်း မည်သည်ဟု မဆိုရပေ။ ပါဠိမဖတ်တတ်သူများကို ပရိတ်ကြီး၊ ပဋ္ဌာန်း၊ ဓမ္မစကြာစသော ပါဠိတော်များကို ဖတ်တတ်အောင် သင်ပေးခြင်း၊ အဆင့်မြင့် မြန်မာဗုဒ္ဓစာပေ မဖတ်တတ်သူများကို ဖတ်တတ်အောင် သင်ပေးခြင်း၊ ဝိပဿနာမရှုမှတ်တတ်သူများကို ရှုမှတ်တတ်အောင် သင်ပေးခြင်း၊ တရားဟောရန် စီစဉ်ပေးခြင်း၊ တရားနာဖိတ်ကြားခြင်း၊ ကလေးသူငယ်တို့အား ငါးပါးသီလ၏ အကျိုးအပြစ်တို့ကို ပြောပြသင်ပေးခြင်း စသည်တို့ကို

http://www.dhammadownload.com



ပြုလုပ်ခြင်းသည်လည်း တရားဟောခြင်း ဓမ္မဒါနအလှူပင် ဖြစ်ပေသည်။ နိဗ္ဗာန်အလှူပင် ဖြစ်ပေသည်။

၂။ အရသာတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏ဟူသည် -

လောကထဲမှာ လူအများတို့ သုံးစွဲစားသောက်နေကြသည့် အကြွင် ချိုသောအရသာ၊ ဆိမ့်သောအရသာ၊ မွှေးကြိုင်သည့် အနံ့ရှိသောအရသာ၊ လူသာမန်တို့ မခံစားနိုင် နတ်တို့သာ ခံစားနိုင်သော နတ်သုဓာအရသာများ ရှိကြပေသည်။ ထိုအရသာ အမျိုးမျိုးတို့ကို သုံးဆောင်ခံစားခြင်းတို့ဖြင့် သံသရာဝဋ်၌ ကျရောက်၍ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြရမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ ထိုအရသာအမျိုးမျိုးတို့သည် အမြတ်ဆုံးအရသာများ မဟုတ်ကြပေ။ အညံ့စားအရသာတို့သာ ဖြစ်ကြပေသည်။

အကြွင် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတည်းဟူသော သတိပဋ္ဌာန်တရားလေးပါးတို့ဖြင့် ဝိပဿနာတရားကို အားထုတ်၍ မဂ္ဂင်တရားတို့ကို ပွားများခြင်း၊ ဗောဇ္ဈင်တရားတို့ကို ပွားများခြင်းတို့ကြောင့် ရရှိအပ်သည့် လောဘ၊ ဒေါသ၊ မောဟာစသော ကိလေသာအပူတို့မှ ငြိမ်းအေးလွတ်မြောက်ခြင်းတရား၏ အရသာထူးတို့သည် ရှိကြပေ၏။ ထိုတရား၏ အရသာတို့သည် ဝဋ်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ ဝိမုတ္တိရသ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ ဖြစ်သော ကြောင့် တရားအရသာသည် အမြတ်ဆုံးအရသာဖြစ်၏ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ ရသာတို့တွင်၊ တရားလျှစ်၊**
**မုန်ပင်မြတ်ဆုံးဖြစ်ပေသည်။**

၃။ ပျော်မွေ့ဖွယ်တို့တွင် တရားဖြင့်ပျော်မွေ့ခြင်းသည် အမြတ်ဆုံးဖြစ်၏ဟူသည် -

http://www.dhammadownload.com



လောကဌ် လူအများတို့ ပျော်မွေ့နေကြသည့် အကြင်သားသမီးများနှင့် ပျော်မွေ့ခြင်း၊ ပစ္စည်းဥစ္စာရတနာများဖြင့် ပျော်မွေ့ခြင်း၊ လင်ယောက်ျား ဇနီးမယားတို့နှင့် ပျော်မွေ့ခြင်း၊ ကာခုန်သီဆိုတီးမှုတ်ခြင်း စသည်တို့ဖြင့် ပျော်မွေ့ခြင်းတို့ ရှိကြပေသည်။ ထိုပျော်မွေ့ခြင်းတို့သည် သံသရာဝဋ်၌ ကျရောက်၍ ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြရဖို့သာ ဖြစ်ပေသည်။ ထို့ကြောင့် ယင်းပျော်မွေ့ခြင်းတို့သည် အမြတ်ဆုံးပျော်မွေ့ခြင်းမျိုး မဟုတ်ကြပေ၊ မမြတ်သော ပျော်မွေ့ခြင်းများသာ ဖြစ်ကြပေသည်။

အကြင်တရားဟောပြောသောသူတို့၏ တရား၌ပျော်မွေ့ခြင်း၊ တရားနာသောသူတို့၏ တရား၌ပျော်မွေ့ခြင်း၊ ဗုဒ္ဓစာပေကျမ်းဂန်တို့ကို သင်ကြားပို့ချသောသူတို့၏ တရား၌ပျော်မွေ့ခြင်း၊ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်သောသူတို့၏ လူသာမန် နတ်သာမန်တို့ မခံစားမတွေ့သိနိုင်သော ဝိပဿနာ ပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းဟူသော တရားဖြင့် ပျော်မွေ့ခြင်းတို့သည် ရှိကြကုန်၏။ ထိုတရားဖြင့် ပျော်မွေ့ခြင်းတို့သည် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာ အရဟတ္တဖိုလ်ချမ်းသာတိုင်အောင် ရောက်ရှိသွားနိုင်သောကြောင့် အမြတ်ဆုံးပျော်မွေ့ခြင်းဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

**ဆောင်ပုဒ်။ ။ ပျော်မွေ့ဖွယ်တွင်၊ တရားလျှင်၊ မှန်ပင်မြတ်ဆုံးဖြစ်ပေသည်။**

၄။ ချမ်းသာတို့တွင် တဏှာကုန်စင်သွားသော အရဟတ္တဖိုလ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏ဟူသည် -

တဏှာသည် ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းသမုဒယသစ္စာ ဖြစ်၏။ တဏှာသမုဒယသစ္စာ များသည်နှင့်အမျှ ဆင်းရဲဒုက္ခလည်း များကြပေသည်။ တဏှာသမုဒယသစ္စာ နည်းပါးသွားသည်နှင့်အမျှ ဆင်းရဲဒုက္ခလည်း နည်းပါးသွားကြရပေသည်။ အကြင်တဏှာသမုဒယသစ္စာ ရှိနေသမျှကာလပတ်လုံး ဆင်းရဲဒုက္ခနှင့် ဧကန်မုချ တွေ့ကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ထိုတဏှာသမုဒယသစ္စာ ကုန်သွားသည်နှင့်တစ်ပြိုင်နက် အလုံးစုံသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာ အမြတ်ဆုံး အရဟတ္တဖိုလ်ချမ်းသာကို ရရှိကြမည်ဖြစ်သောကြောင့် တဏှာကုန်စင်သွားသော အရဟတ္တဖိုလ်ချမ်းသာသည် အမြတ်ဆုံးဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## ဆောင်ပုဒ်။ ။ တဏှာကုန်စင်၊ ရဟတ္တဖိုလ်ပင်၊ မှန်ပင်မြတ်ဆုံးဖြစ်ပေသည်။

တဏှာကုန်စင်အောင် သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ကြရပေသည်။ နည်းမှန်လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်လိုက်သောအခါ မိမိတို့၏ ပါရမီအလျောက် ရေးဦးစွာ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိကြမည် ဖြစ်ပေသည်။ ရရှိသည်နှင့် တစ်ပြိုင်နက် အပါယ်ကျစေနိုင်သည့် တဏှာများ ကုန်သွားပေသည်။ ထို့ကြောင့် အပါယ်ဝင်ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ကြ၍ ချမ်းသာခွင့်ကို ရရှိကြမည် ဖြစ်ပေသည်။

ဆက်လက်၍ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခဲ့သည်ရှိသော် သကဒါဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိကြမည် ဖြစ်ပေသည်။ ရရှိသည်နှင့်တစ်ပြိုင်နက် လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ အကြိမ်များစွာ ဖြစ်စေနိုင်သော တဏှာများ ကုန်သွားကြပေသည်။ ထို့ကြောင့် လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ ဖြစ်ရခြင်း ဆင်းရဲဒုက္ခကို တစ်ကြိမ်သာ ခံရ၍ နောင်ဘဝများအတွက် ချမ်းသာခွင့်ကို ရရှိကြမည် ဖြစ်ပေသည်။

ဆက်လက်၍ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခဲ့သည်ရှိသော် အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိကြမည် ဖြစ်ပေသည်။ ရရှိသည်နှင့်တစ်ပြိုင်နက် လူ့ပြည်၊ နတ်ပြည်(၆)ထပ်တို့၌ ဖြစ်စေနိုင်သော တဏှာများ အကြွင်းမဲ့ ကုန်သွားကြပေသည်။ ထို့ကြောင့် လူ့ပြည်၊ နတ်ပြည်

http://www.dhammadownload.com



(၆)ထပ်တို့၌ ဖြစ်ရခြင်း ဆင်းရဲဒုက္ခတို့မှ အပြီးတိုင် လွတ်မြောက်၍ ချမ်းသာခွင့် ရရှိကြမည် ဖြစ်ပေသည်။

ဆက်လက်၍ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခဲ့သည်ရှိသော် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်တို့ကို ရရှိကြမည် ဖြစ်ပေသည်။ ရရှိလိုက်သည်နှင့်တစ်ပြိုင်နက် (၃၁)ဘုံတို့၌ ဖြစ်စေနိုင်သော အလုံးစုံသောတဏှာတို့သည် ကုန်သွားကြပေသည်။ ထို့ကြောင့် (၃၁)ဘုံ၌ ဖြစ်ရခြင်း ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်၍ အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိကြမည် ဖြစ်ပေသည်။

အမြတ်ဆုံး တရားလေးပါးကို ရယူလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အလွန်ရခဲသည့် လူ့ဘဝကို ရရှိထားသော အခိုက်မှာ တရားဓမ္မဟောပြခြင်း၊ တရားနာကြားခြင်း၊ တရားစာများကို ဖတ်ရှုလေ့လာခြင်း၊ မြတ်စွာဘုရား ဟောကြားသော ပရိတ်ကြီး၊ ဓမ္မစကြာစသော ပါဠိတော်များကို အချိန်မှန်မှန် ဝတ်ထား၍ ရွတ်ဆိုခြင်း၊ ဝိပဿနာတရားအားထုတ်ခြင်းတို့ဖြင့် အမြတ်ဆုံး တရားလေးပါးကို ရယူနိုင်ကြမည် ဖြစ်ပေသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

http://www.dhammadownload.com

## ဘုရားဖြစ်ရန် အမျိုးသမီးများ ဆုတောင်းပန်

အချို့သော အမျိုးသမီးတို့သည် မိမိတို့၏ အမျိုးသမီးဘဝကို နိမ့်ကျသောဘဝဟု ထင်မြင်ယူဆကြပေသည်။ အရာရာတွင် အမျိုးသားများ၏ နောက်လိုက်သာ ဖြစ်ကြရပေသည်။ အလွန်မြင့်မြတ်သော ဘုရားအဖြစ်ကို မရနိုင်ကြပေ၊ ဘုရားဖြစ်ရန်ဆုတောင်းကိုပင် မပန်နိုင်ကြပေဟု ထင်မြင်ယူဆလျက် ရှိကြပေသည်။ ဤကဲ့သို့ ထင်မြင်ယူဆကြပါသော်လည်း ထင်မြင်ယူဆသည့်အတိုင်း မဟုတ်ပေ။ အမျိုးသားများနှင့်တန်းတူ ဆောင်ရွက်နိုင်သော အခွင့်အရေးများလည်း ရှိကြပေသည်။ ဘုရားဖြစ်ရန် ဆုတောင်းများကိုလည်း ပန်ဆင်နိုင်ကြပေသည်။

မြတ်စွာဘုရား လက်ထက်တော်အခါက အမျိုးသမီးများ ဘုရားဆုတောင်းကြသည့်သာဓကများ ရှိခဲ့ကြပေသည်။ မြတ်စွာဘုရား (၇)ဝါမြောက် ဝါဆိုခါနီးတွင် တာဝတိံသာနတ်ပြည်သို့ ကြွသွား၍ အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ဝါကျွတ်သောအခါ အဘိဓမ္မာတရား ဟောကြား၍ ပြီးဆုံးသောကြောင့် လူ့ပြည်သို့ ပြန်ကြွဆင်းတော်မူလာပါသည်။

လူ့ပြည်သို့ ကြွဆင်းလာသောအခါ အလွန်ကြည်ညိုဖွယ်ရာကောင်းသည်ကို ဖူးမြင်ကြရပေသည်။ လက်ယာဘက်ရွှေစောင်းတန်းမှ နတ်ပရိသတ်များက နတ်တို့၏ တူရိယာများကို တီးမှုတ်ပူဇော်၍ လိုက်ပါလာကြပေသည်။ လက်ဝဲဘက်ငွေစောင်းတန်းမှ ဗြဟ္မာကြီးများက မြတ်စွာဘုရားကို ထီးဖြူများဖြင့်ဆောင်းမိုး၍ လိုက်ပါလာကြပေသည်။ မြတ်စွာဘုရား၏

http://www.dhammadownload.com



တန်ခိုးတော်ကြောင့် အထက်သို့ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အောက်သို့ အဝီစိငရဲတိုင်အောင် ဟင်းလင်းပြင်ဖြစ်ကာ လူတွေကလည်း နတ်ဗြဟ္မာတို့ကို တွေ့မြင်ကြရပေသည်။ နတ်ဗြဟ္မာတို့ကလည်း လူတို့ကို တွေ့မြင်ကြရပေသည်။ မြတ်စွာဘုရားကိုယ်တော်မှ ရောင်ခြည်တော် (၆)သွယ်တို့ ထွက်တော်မူနေသည်ကိုလည်း ဖူးမြင်ကြရပေသည်။

ဤကဲ့သို့ မြတ်စွာဘုရား၏ ဘုန်းတန်ခိုးအာနုဘော် အသရေတော်တို့ကို ဖူးမြင်ကြရသောအခါ (၃၆)ယူဇနာရှိသော ပရိသတ်တို့တွင် တစ်ယောက်သောသူမျှ ဘုရားအဖြစ်ကို ဆုမတောင်းသောသူဟူ၍ မရှိပေ။ အမျိုးသား အမျိုးသမီးဟူ၍ ခွဲခြားခြင်းမရှိ၊ အားလုံးသောသူတို့သည် ဘုရားအဖြစ်ကို ဆုတောင်းကြကုန်၏ဟု အဋ္ဌကထာဆရာများ ဖွင့်ပြသည်ကို ထောက်ထား၍ အမျိုးသမီးများလည်း ဘုရားဖြစ်ရန် ဆုထူးပန်နိုင်ကြသည်ကို သိကြရပေသည်။

(ဓမ္မပဒ-ဋ္ဌ ၂/၁၄၆)

ဘုရားအဖြစ်ကို ဆုတောင်းကြသော အမျိုးသမီးတို့သည် အမျိုးသမီးဘဝဖြင့်တော့ ဘုရားအဖြစ်ကို မရရှိနိုင်ကြပေ။ ယောက်ျားကောင်းစင်စစ်ဖြစ်မှသာ ဘုရားအဖြစ်သို့ ရရှိနိုင်ကြပေသည်။ ထို့ကြောင့် ဘုရားဆုတောင်းကြသော အမျိုးသမီးတို့သည် အမျိုးသားဖြစ်ကြောင်း တရားတို့ကို လိုက်နာကျင့်ကြံကြရမည် ဖြစ်ပေသည်။

အမျိုးသားယောက်ျားကောင်းဖြစ်ဖို့ရန် အမျိုးသမီးများ လိုက်နာကျင့်ကြံရမည့် တရားများမှာ -

၁။ ရတနာသုံးပါးတို့၌ ကြည်ညိုခြင်း။
၂။ ငါးပါးသီလကို ဖြည့်ကျင့်ခြင်း။
၃။ အမျိုးသမီးအဖြစ် မိန်းမအဖြစ်ကို မနှစ်သက်ခြင်း။
၄။ အမျိုးသားအဖြစ် ယောက်ျားအဖြစ်ကို နှစ်သက်ခြင်းဟူသော ဤတရားလေးပါးကို လိုက်နာကျင့်ကြံကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



၁။ ရတနာသုံးပါးတို့၌ ကြည်ညိုခြင်းဟူသည် -

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ကြည်ညိုခြင်းသည် အသံကောင်းခြင်း၊ အဆင်းလှခြင်းစသော အသွင်အပြင်အမူအရာတို့ကို ကြည်ညိုခြင်းနှင့် ရတနာသုံးပါးတို့၏ ဂုဏ်တော်များ၌ ဉာဏ်သက်ဝင်ကာ ယုံကြည်၍ ကြည်ညိုခြင်းဟူ၍ နှစ်မျိုးရှိပေသည်။ ထိုနှစ်မျိုးတို့တွင် ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာဂုဏ်တော်(၉)ပါးတို့၌ ဉာဏ်သက်ဝင်ကာ ယုံကြည်၍ ကြည်ညိုခြင်းကိုသာ ယူရမည် ဖြစ်ပေသည်။

ဤကဲ့သို့ မြတ်စွာဘုရား၏ ဂုဏ်တော်၊ တရားတော်၏ ဂုဏ်တော်၊ သံဃာတော်၏ ဂုဏ်တော်တို့၌ ယုံကြည်၍ ကြည်ညိုခြင်းသည် အမျိုးသမီးများ၏ အမျိုးသားယောက်ျားဖြစ်ဖို့ရန် အကြောင်းတရားတစ်ပါးပင် ဖြစ်ပေသည်။

၂။ ငါးပါးသီလကို ဖြည့်ကျင့်ခြင်းဟူသည် -

ငါးပါးသီလ၏ အကျိုးနှင့်အပြစ်တို့ကိုသိ၍ လုံခြုံအောင် စောင့်ထိန်းလျက် ဖြည့်ကျင့်ရခြင်းပင် ဖြစ်ပေသည်။

## အကျိုးအပြစ်သိပုံ

(က) သူ့အသက်ကို သတ်သောသူတို့သည် အပါယ်ငရဲသို့ ကျရောက်ရသည့်အပြင် ဖြစ်လေရာဘဝတိုင်းတို့၌ သူတစ်ပါးတို့သတ်၍ သေရခြင်း၊ အသက်တိုခြင်းစသည့် မကောင်းသောအပြစ်ဒဏ်များကို ခံကြရပေသည်။ သူ့အသက်ကို မသတ်သောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်းစသည့် ကောင်းကျိုးများကို နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ် ။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊
မသတ်အသက်ရှည်။

http://www.dhammadownload.com



(ခ) သူတစ်ပါးပစ္စည်းကို ခိုးယူသောသူတို့သည် အပါယ်ငရဲသို့ ကျရောက်ရသည့်အပြင် ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာ အလွန်နွမ်းပါးရှားပါးခြင်းစသည့် မကောင်းသောအပြစ်ဒဏ်များကို ခံကြရပေသည်။ သူ့ဥစ္စာကို မခိုးသောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာ ပေါ်များကြွယ်ဝခြင်းစသည့် ကောင်းကျိုးများကို နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ရရှိနိုင်ကြပေသည်။

**ဆောင်ပုဒ် ။ ။ ခိုးယူတတ်ငြား၊ ပစ္စည်းရှား၊ မခိုးပေါ်များသည်။**

(ဂ) သူတစ်ပါး လင်ယောက်ျားတို့ကို လွန်ကျူးဖျက်ဆီးသောသူတို့သည် အပါယ်ငရဲသို့ကျရောက်ရသည့်အပြင် ဖြစ်လေရာဘဝတိုင်းတို့၌ သူတစ်ပါးတို့ မချစ်ခင်ခြင်း၊ အမုန်းခံရခြင်းစသည့် မကောင်းသောအပြစ်ဒဏ်များကို ခံကြရပေသည်။ သူတစ်ပါးသား လင်ယောက်ျားများကို မလွန်ကျူး မဖျက်ဆီးသောသူတို့သည် သူတစ်ပါးတို့ ချစ်ခင်ခြင်း၊ ကြည်ညိုခြင်းစသည့် ကောင်းကျိုးများကို နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ရရှိနိုင်ကြပေသည်။

**ဆောင်ပုဒ် ။ ။ ကာမဂုဏ်မှား၊ လူမုန်းများ၊ မမှားချစ်ခင်သည်။**

(ဃ) သူတစ်ပါးတို့ အကျိုးဆုတ်ယုတ်သွားအောင် လိမ်ညာပြောသောသူတို့သည် အပါယ်ငရဲသို့ ကျရောက်ကြရသည့်အပြင် ဖြစ်လေရာဘဝတိုင်းတို့၌ ကောင်းစွာပြောသော မိမိစကားကိုပင် သူတစ်ပါးတို့ နားမထောင်လိုကြ၊ ဆန့်ကျင်ဘက်ပြုလုပ်ခြင်းစသည့် မကောင်းသော အပြစ်ဒဏ်များကို ခံကြရပေသည်။ မလိမ်ညာဘဲ မှန်ကန်စွာ ပြောသောသူတို့သည် မိမိပြောသောစကားကို သူတစ်ပါးတို့ နားထောင်လိုကြခြင်း၊ ရိုသေစွာ လိုက်နာကြခြင်းစသည့် ကောင်းကျိုးများကို နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ရရှိနိုင်ကြပေသည်။

http://www.dhammadownload.com



**ဆောင်ပုဒ် ။ ။ လိမ်လည်တတ်ပြား၊ စကားမတည်၊**
**မလိမ်ပြား၊ စကားကောင်းစွာတည်၊**

(င) မကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ဖြစ်စေတတ်သည့် အရက်သေစာသောက်စားသူတို့သည် အပါယ်ငရဲသို့ ကျရောက်ရသည့်အပြင် ဖြစ်လေရာဘဝတိုင်းတို့၌ ဆွံ့အချို့တဲ့၊ ပညာမဲ့သူ၊ ရူးသွပ်သူများ ဖြစ်ရခြင်း၊ သတိမေ့သူ ဖြစ်ရခြင်းစသည့် မကောင်းသော အပြစ်ဒဏ်များကို ခံကြရပေသည်။ အရက်သေစာ မသောက်စားသူတို့သည် ဉာဏ်ပညာထက်မြက်ခြင်း၊ သတိကောင်းခြင်းစသည့် ကောင်းကျိုးများကို နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ရရှိနိုင်ကြပေသည်။

**ဆောင်ပုဒ် ။ ။ အရက်သောက်စား၊ မေ့လျော့များသည်၊**
**မသောက်စား၊ သတိဉာဏ်ပွားသည်၊**

ဤကဲ့သို့ ငါးပါးသီလ၏ အကျိုးနှင့်အပြစ်တို့ကိုသိ၍ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းလျက် ဖြည့်ကျင့်ခြင်းသည် အမျိုးကောင်းသမီးများ၏ အမျိုးသားယောက်ျားဖြစ်ဖို့ရန် အကြောင်းတရားတစ်ပါးပင် ဖြစ်ပေသည်။

၃။ အမျိုးသမီးအဖြစ် မိန်းမအဖြစ်ကို မနှစ်သက်ခြင်းဟူသည် -

အကြင်အမျိုးသမီးအဖြစ် မိန်းမအဖြစ်၌ တည်ရှိသောသူတို့သည် မွန်မြတ်သော စကြဝတေးမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်တို့ကို မရရှိနိုင် မခံစားနိုင်ကြပေ။ ပစ္စေကဗုဒ္ဓ၊ သမ္ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့လည်း မရောက်ရှိနိုင်ကြပေ။ ထိုမွန်မြတ်သော ဘုရားအဖြစ် စသည်ကို မရရှိနိုင်သည့် အမျိုးသမီးအဖြစ် မိန်းမအဖြစ်ကို မလိုချင်မတောင့်တခြင်း မနှစ်သက်ခြင်းမျိုးပင် ဖြစ်ပေသည်။

http://www.dhammadownload.com



တစ်နည်း - အကြင်အမျိုးသမီးအဖြစ် မိန်းမအဖြစ်၌ တည်ရှိသော သူတို့သည် -

(က) လင်ယောက်ျားအိမ်သို့ လိုက်သွားရ၍ မိဘဆွေမျိုးတို့နှင့် ခွဲခွာရခြင်း ဆင်းရဲ၊
(ခ) မိန်းမတို့၏ ဓမ္မတာ ဥတုလာရခြင်း ဆင်းရဲ၊
(ဂ) ကိုယ်ဝန်ဆောင်ရခြင်း ဆင်းရဲ၊
(ဃ) ကိုယ်ဝန်မွေးဖွားရခြင်း ဆင်းရဲ၊
(င) ယောက်ျား၏ အလုပ်အကျွေး ဖြစ်ရခြင်း ဆင်းရဲဟူသော အမျိုးသမီးများနှင့်သာ သက်ဆိုင်သည့် (အာဝေဏိက) ဆင်းရဲ ဒုက္ခများ ရှိကြပေသည်။ ထို(အာဝေဏိက) ဆင်းရဲခြင်းဒုက္ခတို့ ရှိနေသော အမျိုးသမီးအဖြစ် မိန်းမအဖြစ်ကို မနှစ်သက်ခြင်းပင် ဖြစ်ပေသည်။

(သံ -၂/၄၃၇)

ဤကဲ့သို့ အမျိုးသမီးအဖြစ် မိန်းမအဖြစ်ကို မလိုချင် မတောင့်တ မနှစ်သက်ခြင်းသည်လည်း အမျိုးသမီးများ၏ အမျိုးသားယောက်ျားဖြစ်ဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

၄။ အမျိုးသားယောက်ျားအဖြစ်ကို နှစ်သက်ခြင်းဟူသည် -

အကြင်အမျိုးသားယောက်ျားအဖြစ်၌ တည်ရှိသောသူတို့သည် မွန်မြတ်သော စကြဝတေးမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားနိုင်ကြပေသည်။ ပစ္စေကဗုဒ္ဓ၊ သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့လည်း ရောက်ရှိနိုင်ကြပေသည်။ ထိုမွန်မြတ်သော ဘုရားအဖြစ်ကို ရရှိနိုင်သော အမျိုးသားယောက်ျားအဖြစ်ကို လိုချင်တောင့်တခြင်း၊ နှစ်သက်ခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



ဤကဲ့သို့ အမျိုးသားယောကျ်ားအဖြစ်ကို လိုချင်တောင့်တ နှစ်သက်ခြင်းသည်လည်း အမျိုးသမီးများ၏ အမျိုးသားယောကျ်ားဖြစ်ဖို့ရာ အကြောင်းတစ်ပါးပင် ဖြစ်ပေသည်။

မြတ်စွာဘုရား လက်ထက်တော်အခါက ဤအမျိုးသားယောကျ်ားဖြစ်ကြောင်း တရားလေးပါးကို လိုက်နာကျင့်ကြံ၍ ဒုတိယဘဝ၌ အမျိုးသမီးအဖြစ်မှ အမျိုးသားယောကျ်ားအဖြစ်သို့ ရောက်ရှိသွားသော သာဓကများ ရှိခဲ့ပေသည်။

အခါတစ်ပါး ကပိလဝတ်ပြည်သူ ဂေါပီကာအမည်ရှိသော သာကီဝင်မင်းသမီးသည် ဘုရား တရား သံဃာတို့၌ အလွန်ကြည်ညိုသောစိတ်ရှိ၏။ ငါးပါးသီလကိုလည်း လုံခြုံအောင် စောင့်ထိန်း၍နေ၏။ အမျိုးသမီးအဖြစ်ကို မနှစ်သက်၊ အမျိုးသားယောကျ်ားအဖြစ်ကိုသာ နှစ်သက်သည်ဖြစ်၍ ရဟန်းတော်(၃)ပါးကို ပြုစုလုပ်ကျွေးလျက်နေ၏။ ထိုသာကီဝင်မင်းသမီး ဂေါပီကာသည် ကွယ်လွန်သောအခါ ဒုတိယဘဝတွင် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သားတော် ဂေါပကနတ်သား ယောကျ်ားဖြစ်ရလေ၏။

ထိုသာဓကကိုထောက်ထား၍ အမျိုးသမီးတို့သည် ဤတရားလေးပါးကို ပြည့်စုံအောင် ကျင့်ကြံနိုင်ခဲ့သော် ဒုတိယဘဝ၌ ယောကျ်ားကောင်းစင်စစ် ဖြစ်နိုင်သည်ကို သိကြရပေသည်။ ယောကျ်ားဖြစ်ပြီးသောအခါ အမျိုးသမီး မိန်းမဘဝကတောင်းခဲ့သော ဘုရားဆုပြည့်ကြောင်း ပါရမီတို့ကို ဖြည့်ကျင့်ပါက ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။ သို့ဖြစ်၍ အမျိုးသမီးများလည်း ဘုရားဖြစ်ရန် ဆုတောင်းပန်နိုင်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com

# လောကီနယ်ဝယ် ချမ်းသာမွယ်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်သည် လောကီ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ထက် သာလွန်မွန်မြတ်သော လောကုတ္တရာ နိဗ္ဗာန်ချမ်းသာကို အမြန်ရောက်လိုကြပေသည်။ ဒါန၊ သီလစသော ကောင်းမှုများကို ပြုလုပ်တိုင်း "နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ရောက်ရပါလို၏"ဟု ဆုတောင်းပတ္ထနာ ပြုကြပေသည်။ လောကုတ္တရာ နိဗ္ဗာန်ချမ်းသာသို့ မရောက်မီ လောကီနယ်ထဲ၌ နေကြရသည့် အခိုက်အတန့်မှာလည်း ချမ်းသာစွာ နေလိုကြပေသည်။ လောကီနယ်ထဲ၌ ချမ်းသာစွာ နေလိုကြသော ပုဂ္ဂိုလ်တို့သည် မေတ္တာတရားကို အများဆုံး ပွားများကြရမည် ဖြစ်ပေသည်။ မေတ္တာတရားသည် လောကီနယ်ထဲ၌ နေထိုင်ကြသူများအတွက် အကောင်းဆုံးချမ်းသာခြင်း၏ အကြောင်းတရား ဖြစ်ပေသည်။

မေတ္တာတရားပွားများ၍ မေတ္တာစေတ်နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် အယုတ်၊ အလတ်၊ အမြတ် အမျိုးမျိုးဖြစ်ကြသော ပုဂ္ဂိုလ်သတ္တဝါများနှင့် တွေ့မြင်ရတိုင်း ကုသိုလ်တရားများ ဖြစ်ကြရပေသည်။ မိမိတို့အောက် နိမ့်ကျဆင်းရဲနွမ်းပါးသူတို့နှင့် ဒုက္ခဝေဒနာများ ခံစားနေကြရသူတို့ကို တွေ့မြင်ကြရသောအခါမှာ စိတ်နှလုံးမသာယာမှုများ မဖြစ်ကြပါဘဲ ကယ်တင်လိုသော ကရုဏာတရားများသာ ဖြစ်ကြရပေသည်။ ကရုဏာနှင့်ယှဉ်သော ကုသိုလ်တရားများကို ရရှိကြပေသည်။

http://www.dhammadownload.com



အလယ်အလတ်ဖြစ်သောသူများကို တွေ့မြင်ကြရသောအခါမှာ ဂုဏ်ပြိုင်လိုသော မာန်မာနများ မဖြစ်ကြပါဘဲ မိမိတို့ကဲ့သို့ပင် ချမ်းသာပါစေဟူသော မေတ္တာတရားများ ဖြစ်ကြရပေသည်။ မေတ္တာနှင့်ယှဉ်သော ကုသိုလ်တရားများကို ရရှိကြပေသည်။ မိမိတို့ထက် မြင့်မြတ်ပြည့်စုံသူတို့ကို တွေ့မြင်ရသောအခါမှာလည်း မြင့်မြတ်မှု သူ့စည်းစိမ်ကို ငြူစူမှုများ မဖြစ်ကြပါဘဲ ဝမ်းမြောက်ခြင်း မုဒိတာတရားများသာ ဖြစ်ကြရပေသည်။ မုဒိတာနှင့်ယှဉ်သော ကုသိုလ်တရားများကို ရရှိကြပေသည်။ ဤကဲ့သို့ မေတ္တာစာတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် တွေ့မြင်ရသမျှ ပုဂ္ဂိုလ်သတ္တဝါတို့နှင့်စပ်၍ ကုသိုလ်တရားများသာ ရရှိကြပေသည်။ သို့ဖြစ်၍ မေတ္တာတရားကို ပွားများသင့်ကြပေသည်။

မေတ္တာတရားပွားများ၍ အောင်မြင်သည်နှင့်အမျှ မိမိလည်းချမ်းသာ၊ မိမိတို့နှင့် တွေ့ကြုံရသမျှ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့လည်း ချမ်းသာကြရမည် ဖြစ်ပေသည်။ မေတ္တာတရားပွားများ အောင်မြင်ဖို့ရာမှာ သူတစ်ပါးတို့အား ပစ္စည်းဥစ္စာ ပေးကမ်းလိုသောသူသည် မိမိမှာ ပစ္စည်းဥစ္စာ များများ ရှိနေဖို့ရာ လိုအပ်သကဲ့သို့ မိမိတို့သန္တာန်မှာ မေတ္တာတရား များများရှိကြဖို့ လိုအပ်ကြပေသည်။ မေတ္တာတရား များများရှိဖို့ရာမှာလည်း မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သည့် ဒေါသ ကင်းနိုင်သမျှကင်းအောင် နေကြရမည် ဖြစ်ပေသည်။

မိမိတို့သန္တာန်မှာ ဒေါသကင်းအောင် နေနိုင်ဖို့ရာမှာလည်း သည်းခံခြင်းခန္တီကို လက်ကိုင်ထားကြရမည် ဖြစ်ပေသည်။ မိမိတို့ မနှစ်သက်ဖွယ်ဖြစ်သည့် ဆန့်ကျင်ဘက်စကားတို့ကို ကြားရသောအခါ၊ မိမိတို့ မနှစ်သက်ဖွယ်ဖြစ်သည့် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို တွေ့မြင်ကြားသိရသောအခါ၊ မိမိတို့ စိမ်ခန့်ခွဲလိုက်သည့်အတိုင်း မဖြစ်လာသောအခါတို့၌ စိတ်ဆိုး အမျက်ထွက်ခြင်း ဒေါသများ အလျှင်အမြန် ဖြစ်လာတတ်ကြပေသည်။ ဤကဲ့သို့ ဒေါသများ ဖြစ်လာသောအခါ ဒေါသ၏ အကျိုးမဲ့ကို ဖြစ်စေတတ်သည့်အပြစ်၊ ခန္တီ၏ ချမ်းသာကို ဖြစ်စေတတ်သော အကျိုး

http://www.dhammadownload.com



တို့ကို ဆင်ခြင်နှလုံးသွင်း၍ သည်းခံခြင်းခန္တီပါရမီတရားတို့ကို ဖြည့်ကျင့်ကြရမည် ဖြစ်ပေသည်။ ဝိပဿနာရှုမှတ်တတ်ပါက ဝိပဿနာရှုမှတ်၍လည်း သည်းခံကြရမည် ဖြစ်ပေသည်။

သည်းခံခြင်းခန္တီတရား မိမိတို့သန္တာန်မှာ ပြည့်စုံလာသောအခါ သူတစ်ပါးတို့ ချစ်ခင်ခြင်း၊ ရန်သူရန်ဘက်တို့ မရှိခြင်းတို့ကြောင့် ချမ်းသာစွာ နေရသည်ကို ကိုယ်တိုင်တွေ့သိကြရမည် ဖြစ်ပေသည်။ မိမိသည်းခံခြင်းခန္တီ အားကောင်းသည်နှင့်အမျှ ချမ်းသာမှုများ ပိုမိုရရှိကြမည် ဖြစ်ပေသည်။ မိမိတို့ကိုယ်တိုင် ချမ်းသာစွာနေရသောသူတို့သည် သူတစ်ပါးတို့ကိုလည်း ချမ်းသာစေချင်သော မေတ္တာစိတ်များ ဖြစ်လာကြရပေသည်။ ဤကဲ့သို့ မေတ္တာစိတ်များ ဖြစ်လာသောအခါ မိမိတို့လည်း ချမ်းသာကြောင်း သူတစ်ပါးတို့လည်း ချမ်းသာကြောင်းဖြစ်သော မေတ္တာတရားကို ပွားများနိုင်ကြမည် ဖြစ်ပေသည်။

မေတ္တာပွားများခြင်းသည် -

၁။ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်း။

၂။ ဈာန်ရအောင် မေတ္တာပွားများခြင်းဟူ၍ နှစ်မျိုးရှိပေသည်။

၁။ ကုသိုလ်ပါရမီဖြစ် မေတ္တာပွားများခြင်းဟူသည် -

(က) ကာယကံမေတ္တာ ပွားများခြင်း။

(ခ) ဝစီကံမေတ္တာ ပွားများခြင်း။

(ဂ) မနောကံမေတ္တာ ပွားများခြင်းဟူ၍ (၃)မျိုးဖြစ်ပေသည်။

(က) ကာယကံမေတ္တာ ပွားများခြင်းဟူသည် -

မိမိတို့၏ ကိုယ်အမူအရာ ကိုယ်အမူတို့ဖြင့် သူတစ်ပါးတို့အား ချမ်းသာအောင် ပြုပေးခြင်းပင် ဖြစ်ပေသည်။ မိမိတို့နှင့် တွေ့ကြုံရသည့် ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေးပါဘဲ ချမ်းသာအောင် ကိုယ်ဖြင့် ချမ်းသာကြောင်းများကို ကြုံကြိုက်တိုင်း ကြုံကြိုက်တိုင်း ပြုလုပ်ပေးခြင်းများပင် ဖြစ်ပေသည်။

http://www.dhammadownload.com



မိမိတို့မြို့ရွာ အိမ်ယာတိုက်တာများ၌ ပြုဖွယ်ကိစ္စများ ရှိလာသော အခါ တစ်ဦး၏ကိစ္စကို တစ်ဦးက ကူညီ၍ ပြုလုပ်ပေးခြင်း၊ မိမိတို့မြို့ရွာ အိမ်ကျောင်း ဌာနများသို့ ရောက်ရှိလာကြသော ဧည့်သည်များနှင့် ရဟန်းတော် သံဃာတော်များကို ကြိုဆိုခြင်း၊ နေရာထိုင်ခင်းများပေးခြင်း၊ အရိုအသေပြုခြင်း၊ ရဟန်းတော်များဖြစ်လျှင် ရှိခိုးဦးချခြင်း၊ သင့်လျော်သော စားဖွယ်သောက်ဖွယ်များကို စီမံ၍ ရိုသေစွာ ပေးကမ်းလှူဒါန်းခြင်း၊ သီလရှင်များနှင့် မရှိနွမ်းပါးသူတို့အား ရိုသေစွာ ပေးကမ်းလှူဒါန်းခြင်း စသည်တို့ကို ပြုလုပ်ခြင်းတို့သည် ကာယကံမေတ္တာ ပွားများခြင်းပင် ဖြစ်ပေသည်။

မြန်မာမြည်သူပြည်သားတို့သည် ကာယကံမေတ္တာ ပွားများခြင်းအမှုကို မိဘဘိုးဘွား ရိုးရာအစဉ်အဆက်မှစ၍ ယနေ့တိုင်အောင် ပြုလုပ်လျက် ရှိကြပေသည်။ အလွန်ကောင်းမြတ်သော ရိုးရာအစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပေသည်။ အနာဂတ်ကာလတွင် သားစဉ်မြေးဆက်တို့အတွက် ကြီးပွားချမ်းသာကြောင်း ရိုးရာအစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပေသည်။ ဤရိုးရာအစဉ်အလာကောင်းများ မပျက်စီး မပျောက်ကွယ်သွားရအောင် အထူးပင် စောင့်ရှောက်ထိန်းသိမ်းသင့်ကြပေသည်။

(ခ) ဝစီကံမေတ္တာ ပွားများခြင်းဟူသည် -

မိမိတို့၏ နှုတ်အမူအရာ၊ နှုတ်အမူတို့ဖြင့် သူတစ်ပါးတို့အား ချမ်းသာအောင် ပြောဆိုပေးခြင်းပင် ဖြစ်ပေသည်။ မိမိတို့နှင့် တွေ့ကြုံရသည့် ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေးပါဘဲ ချမ်းသာအောင် နှုတ်ဖြင့် ကြုံကြိုက်တိုင်း ကြုံကြိုက်တိုင်း ပြောဆိုညွှန်ပြပေးခြင်းပင် ဖြစ်ပေသည်။

ပြောဆိုဖွယ်ကိစ္စများ ရှိလာသောအခါ တစ်ဦးကိုတစ်ဦးက အကျိုးရှိရာ အကျိုးရှိကြောင်း ချမ်းသာကြောင်း စကားတို့ကိုသာ ပြောဆိုပေးခြင်း၊ ရေဆိပ်၊ လေဆိပ်၊ အလုပ်ရုံ၊ လမ်းခရီးတို့၌ တွေ့ဆုံကြသောအခါ ချမ်းသာကြောင်း စကားတို့ဖြင့် လမ်းခရီးကို ညွှန်ပြပေးခြင်း၊ ပြုဖွယ်ကိစ္စများကို

http://www.dhammadownload.com



အမှန်အတိုင်းသိအောင် ညွှန်ပြပေးခြင်း စသည်တို့ဖြင့် ပြောဆိုပေးခြင်းများ သည် ဝစီကံမေတ္တာ ပွားများခြင်းပင် ဖြစ်သည်။

အချင်းချင်း စကားပြောကြရာတွင် စကားနိုင်မပြောခြင်း၊ တစ်ဖက်သား မခံချင်ဖွယ်ရာ စကားတို့ကို မပြောခြင်း၊ ကြမ်းတမ်းသော စကားတို့ကို မပြောခြင်း၊ သိမ်မွေ့နူးညံ့ယဉ်ကျေးသော စကားတို့ကို ပြောဆိုခြင်း၊ အဘိုးအဘွားအရွယ်ရှိသူတို့ကို အဘိုးအဘွား၊ ဦးကြီးဦးလေး အဒေါ်ကြီး အဒေါ်လေး အရွယ်ရှိသူတို့ကို ဦးကြီးဦးလေး အဒေါ်ကြီးအဒေါ်လေး စသည်တို့ဖြင့် ခေါ်ဝေါ်ပြောဆိုခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်းတို့ သည် ဝစီကံမေတ္တာပင် ဖြစ်ပေသည်။

မြန်မာပြည်သူပြည်သားတို့သည် ဝစီကံမေတ္တာဖြင့် ပြောဆိုခြင်းကို လည်း မိဘဘိုးဘွား ရိုးရာအစဉ်အဆက်မှစ၍ ယနေ့တိုင်အောင် ပြောဆို လျက် ရှိကြပေသည်။ အလွန်ကောင်းမြတ်သော ရိုးရာအစဉ်အလာ ကောင်းတစ်ခုပင် ဖြစ်ပေသည်။ အနာဂတ်ကာလတွင် သားစဉ်မြေးဆက် တို့အတွက် ကြီးပွားချမ်းသာကြောင်း ရိုးရာအစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဤဝစီကံမေတ္တာဖြင့် ပြောဆိုခြင်း ရိုးရာအစဉ်အလာ ကောင်းများ မပျက်စီး မပျောက်ကွယ်သွားရအောင် အထူးပင် စောင့်ရှောက် ထိန်းသိမ်းသင့်ကြပေသည်။

ဝစီကံမေတ္တာ ပွားများခြင်းဖြစ်အောင် ပြောဆိုဖို့ရာ စကားကောင်း အင်္ဂါ(၅)ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

၁။ အချိန်ကာလအားလျော်စွာ ပြောဆိုခြင်း။
၂။ မှန်ကန်သောစကားကို ပြောဆိုခြင်း။
၃။ သိမ်မွေ့သောစကားတို့ဖြင့် ပြောဆိုခြင်း။
၄။ အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုခြင်း။
၅။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်း ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံအောင်

http://www.dhammadownload.com



ပြောဆိုသောစကားသည် ပြောသူလည်းချမ်းသာ၊ နာကြားရသူလည်း ချမ်းသာကြောင်း ဖြစ်သောကြောင့် ဝစီကံမေတ္တာ ပွားများခြင်းပင် ဖြစ်ပေသည်။

(ဂ) မနောကံမေတ္တာ ပွားများခြင်းဟူသည် -

အနီးအဝေး စသည်တို့၌ ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့ကို စိတ်ဖြင့် အာရုံပြု၍ အယုတ်၊ အလတ်၊ အမြတ်ဖြစ်ကြသည့် အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု နှလုံးသွင်းကာ ပွားများခြင်းပင် ဖြစ်ပေသည်။

သူတစ်ပါးတို့ အကျိုးစီးပွားကို လိုလားကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏သန္တာန်၌ ဖြစ်နေကြသည့် တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက လိုလားတောင့်တခြင်း၊ ပေးကမ်းလှူဒါန်းလိုခြင်း၊ စားဖွယ်သောက်ဖွယ်များကို စားသောက်စေလိုခြင်း၊ တစ်ဦး၏ အလုပ်အကိုင်အကြံအစည်များကို တစ်ဦးက အောင်မြင်ထမြောက်စေလိုခြင်း၊ စီးပွားဉစ္စာများ တိုးပွားရရှိစေလိုခြင်းစသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏သန္တာန်၌ ဖြစ်နေခြင်းသဘောသည် မနောကံမေတ္တာ ပွားများခြင်းပင် ဖြစ်ပေသည်။

## မေတ္တာက ကျန်ဗြဟ္မစိုရ်တရား သုံးပါးကို ကျေးဇူးပြုပုံ

ဤမေတ္တာပွားများခြင်း သုံးမျိုးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မေတ္တာက ကျေးဇူးပြုသဖြင့် သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာတရားတို့လည်း ဖြစ်ပေါ်လာတတ်ကြပေသည်။

သူတစ်ပါးတို့အား အကျိုးစီးပွားလိုလားသောအားဖြင့် ချမ်းသာစေလိုသော မေတ္တာစိတ်နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် ဆင်းရဲခြင်း

http://www.dhammadownload.com



ဒုက္ခဝေဒနာ ခံနေရသူများ၊ ဆင်းရဲနွမ်းပါးသူများကို မြင်ရသောအခါ ဆင်းရဲဒုက္ခတို့မှ ကယ်တင်လိုသော သနားခြင်းကရုဏာများ ဖြစ်လာကြပေသည်။ မိမိတို့ထက် အဖက်ဖက်က ပြည့်စုံကြွယ်ဝချမ်းသာသူများကို မြင်ရသောအခါ ဝမ်းမြောက်ခြင်းမုဒိတာများ ဖြစ်လာတတ်ကြပေသည်။ ဆင်းရဲဒုက္ခရောက်နေသူများနှင့် ကြွယ်ဝချမ်းသာသူများကို မြင်ရသောအခါ၌ ဆင်းရဲဒုက္ခရောက်နေသူ၌လည်း အလွန်သနား၍ စိတ်နလုံး မသာယာမှုလည်း မဖြစ်၊ ကြွယ်ဝချမ်းသာသူ၌လည်း အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ သာယာတပ်မက်မှုလည်း မဖြစ်ပါဘဲ လျစ်လျူရှုခြင်း ဉပေက္ခာဖြစ်လာတတ်ကြပေသည်။ မေတ္တာတရားက ကျေးဇူးပြု၍ပင် ဖြစ်ပေသည်။

၂။ ချာန်ရအောင် မေတ္တာပွားများခြင်းဟူသည် -

ချာန်ရအောင် မေတ္တာပွားများလိုကြသော ပုဂ္ဂိုလ်တို့သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ကြာကြာထိုင်နိုင်သော ဣရိယာပုထ်ဖြင့် ဒူးတုပ်၍ဖြစ်စေ၊ တင်ပလ္လင်ခွေ၍ဖြစ်စေ ထိုင်ကြရမည် ဖြစ်ပေသည်။ ခေါင်းနှင့် ကိုယ်တို့ကို တည့်တည့်မတ်မတ်ထားကာ မိမိကိုယ်ကစ၍ မေတ္တာပွားများကြရပေသည်။

မေတ္တာပွားရမည့် ပုဂ္ဂိုလ်များမှာ -

၁။ အချစ်ခင်အပ်ဆုံးဖြစ်သည့် မိမိကိုယ်၊
၂။ ချစ်ခင်အပ်သော ဆရာမိဘစသောပုဂ္ဂိုလ်၊
၃။ မချစ်လွန်းမမုန်းလွန်း အလယ်အလတ်၌ဖြစ်သောပုဂ္ဂိုလ်၊
၄။ ရန်သူဖြစ်သောပုဂ္ဂိုလ်ဟူ၍ (၄)မျိုးရှိပေသည်။ ထိုပုဂ္ဂိုလ်(၄)မျိုးတို့ကို အစဉ်အတိုင်း ပွားများကြရပေသည်။

၁။ ရှေးဦးစွာ မိမိကိုယ်ကို အာရုံပြု၍ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေဟု ပွားများရပေသည်။

http://www.dhammadownload.com



(မိမိကိုယ်ကို မေတ္တာပွားခြင်းဖြင့် ချာန်မရနိုင်၊ မေတ္တာစာတ် ထူထောင်ခြင်းပင် ဖြစ်ပေသည်။)

၂။ ထို့နောက် ချစ်ခင်အပ်သော ဆရာမိဘတို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု ပွားများရပေသည်။

၃။ ထို့နောက် မချစ်လွန်းမမုန်းလွန်း အလယ်အလတ်၌ဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု ပွားများရပေသည်။

၄။ ထို့နောက် ရန်သူဖြစ်သော ပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေဟု ပွားများရပေသည်။

ယခုပြထားသောအစဉ်သည် ပွားများရမည့်ပုဂ္ဂိုလ်တို့ ရှေ့နောက်အစဉ်ကိုသာ ပြထားခြင်း ဖြစ်ပေသည်။ ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့၌ ချာန်ရအောင်ပွားပြီးမှ နောက်နောက်ပုဂ္ဂိုလ်တို့ကို ပြောင်း၍ပွားရမည် ဖြစ်ပေသည်။ မေတ္တာပွားများ၍ ချာန်ရသွားသောပုဂ္ဂိုလ်တို့သည် လောကီနယ်တွင် အချမ်းသာဆုံးဖြင့်နေရသောပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။

## "နိဂုံး"

ပါဠိတော်၊ အဋ္ဌကထာများမှလာသော တရားတော်များ၏ အနှစ်သာရများကို ထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော ဤ"သိကောင်းစရာ ဓမ္မပဒေသာ" စာအုပ်ကို ကြည့်ရှုလေ့လာကြ၍ ကြည့်ရှုလေ့လာကြရသည့်အတိုင်း လိုက်နာကျင့်ကြံ အားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်း

http://www.dhammadownload.com



ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

"သိကောင်းစရာ ဓမ္မပဒေသာ"

ဒုတိယတွဲ ပြီးပါပြီ။

သစ္စမ္မရံသီရိပ်သာဆရာတော်